www.linhtet.com




www.linhtet.com

www.linhtet.com

ဖြန့်ချိရေး

ပန်းမျိုးတစ်ရာ စာပေ
တိုက်(၉)၊ အခန်း(၂၀၃၊ ၂၀၄)၊
ပုဇွန်တောင်ဥယျာဉ်အိမ်ယာ၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း–၂၀၂၃၇၂

www.linhtet.com

**စာမူခွင့်ပြုချက်အမှတ်**
၄၀၀၇၁၇၀၇၀၈
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၄၀၀၈၀၂၀၈၀၈

**ထုတ်ဝေသည့်ကာလ**
၂၀၀၈-ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်
**စောင်ရေ**
၁၀၀၀

**မျက်နှာဖုံးပန်းချီ**
အံ့ဘွယ်(နိဒါန်းသစ်)
**အတွင်းဖလင်**
ထွန်းထွန်း
**စာအုပ်ချုပ်**
ကိုမြင့်

**မျက်နှာဖုံးနှင့်  အတွင်းပုံနှိပ်**
ရာပြည့်အော့ဖ်စက် (၀၅၉၀၁)
၁၉၉၊ လမ်း-၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဒေါ်မော်မော်၊ ပန်းမျိုးတစ်ရာ စာပေ (၀၃၉၆၉)
တိုက်-၉၊ အခန်း ၂၀၃-၂၀၄၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၂၀၀၀ ကျပ်

www.linhtet.com

ဆရာချစ်စံဝင်း၏ ( ၁၃၃ ) အုပ်မြောက် စာအုပ်

# အေးဂျင့်ရယ်၊ ပွဲစားရယ် မလေးရှားရယ်

ချစ်စံဝင်း

မလေးရှားသို့သွား၍
ပြည်ပအလုပ်အကိုင်ရှာဖွေလုပ်ကိုင်လိုသူတိုင်း
လေ့လာဖတ်ရှုစရာစာအုပ်

( အေးဂျင့်နှင့်ပွဲစားကြားတွင် ဘဝမဆုံးဖို့လို )

www.linhtet.com

## ဒို့တာဝန်အရေးသုံးပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး - ဒို့အရေး
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး - ဒို့အရေး
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး - ဒို့အရေး

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ❖ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ❖ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ❖ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ❖ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.linhtet.com

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|

## အပိုင်း (၁)

### ၂၀၀၇ ခုနှစ် မလေးရှားခရီးသွားအတွေ့အကြုံ

| | | |
|---|---|---|
| **အခန်း (၁)** | မလေးရှားသို့ဆယ်ခေါက် ဆယ်ကြိမ် | ၁ |
| **အခန်း (၂)** | ပုတ္တရားယားအဝေးပြေးကားဂိတ်ကြီးမှာ | ၁၁ |
| **အခန်း (၃)** | ပုတ္တရားယားမှ ငပလီသို့ | ၁၉ |
| **အခန်း (၄)** | ဂျလန်စီလန်းတစ်လျှောက်မှ မြန်မာဆိုင်တွေ | ၃၃ |
| **အခန်း (၅)** | မလေးရှားမှာလည်း ကြိမ်ဒဏ်ရှိတယ်၊ သတိထားမှကွယ် | ၄၇ |
| **အခန်း (၆)** | ဒုက္ခရောက်သူများကို ကူညီမည် | ၆၃ |
| **အခန်း (၇)** | မလေးရှားမှဖြစ်စဉ်သတင်းများ | ၇၇ |

www.linhtet.com

## အပိုင်း (၂)

## မလေးရှားသို့တရားဝင် အလုပ်အကိုင်သွားရောက်ရှာဖွေ လုပ်ကိုင်ရေးအတွက်သိစရာများ

**အခန်း (၈)** မလေးရှားသို့တရားဝင်
ဘယ်လိုသွားကြမလဲ? (၁) ၉၇

**အခန်း (၉)** မလေးရှားသို့တရားဝင်
ဘယ်လိုသွားကြမလဲ? (၂) ၁၁၁

**အခန်း (၁၀)** နှစ်ဖက်ငွေကြေးဆိုင်ရာ
တာဝန်ယူမှုနှင့်သိသင့်သော အခြားကိစ္စများ ၁၂၃

**အခန်း (၁၁)** မလေးရှားမှာနေပြီး (၂)နှစ်အကြာ ပြဿနာ ၁၃၉

**အခန်း (၁၂)** ပြည်ပအလုပ်အကိုင်ရှာဖွေရေးအတွက်
အရေးတကြီး လိုအပ်ချက်ကိစ္စများ ၁၅၃

**အခန်း (၁၃)** အခြားသိသင့်တာတစ်ခုအကြောင်း ၁၇၁

## အပိုင်း (၃)

## ပြေလည်တဲ့ သူလည်းရှိတယ်

**အခန်း (၁၄)** ပြည်ပအလုပ်အကိုင်ရှာဖွေရေးဘဝ၊
ဖြတ်သန်းခဲ့ရ ခရီးအသွယ်သွယ် ၁၇၉

www.linhtet.com

**အခန်း (၁၅)** ဘုရားတရားဂုဏ်၊ ရိုးသားတဲ့ဂုဏ် ၁၈၇
(မယဉ်ကျေးမ၏ဖြစ်ရပ်)

## အပိုင်း (၄)

## မပြေလည်တဲ့ သူတွေလည်းရှိတယ်

**အခန်း (၁၆)** ဘင်္ဂလားပင်လယ်အော်ကို ဖြတ်ကျော်၍ ၂၀၃
**အခန်း (၁၇)** ရန်ကုန်မှ ဗန်ကောက်ကိုဖြတ်၍ KL သို့ ၂၁၁
**အခန်း (၁၈)** အမျိုးမျိုးအဖုံဖုံ အကောင်း၊ အဆိုး အစုံစုံ ၂၂၁
**အခန်း (၁၉)** မလေးရှားမှာ အလုပ်လုပ်သည်ဆိုရာဝယ် ၂၃၁
**အခန်း (၂၀)** ဖားရိုက်သူရိုက်၊ကန်ဘောင်လျှောက်သူလျှောက် ၂၄၁
**အခန်း (၂၁)** ထိုင်းနယ်စပ်မယ် ပြေးဟယ်လွှားဟယ် ၂၄၉

## အပိုင်း (၅)

## မလေးရှားမှ ထောင်သားဘဝအတွေ့အကြုံ

**အခန်း (၂၂)** ထောင်နန်းစံရသူ၏ အပြန်လမ်း (၁) ၂၆၅
**အခန်း (၂၃)** ထောင်နန်းစံရသူ၏ အပြန်လမ်း (၂) ၂၇၉
**အခန်း (၂၄)** ထောင်နန်းစံရသူ၏ အပြန်လမ်း (၃) ၂၉၃

www.linhtet.com

ဤစာအုပ်သည် မလေးရှားသို့မသွားဖို့ ရည်ညွှန်းရေးသားသောစာအုပ် မဟုတ်။ သွားပါက သတိထားရမည့်ကိစ္စများကို တဖွဖွမှာကြားသောစာအုပ် ဖြစ်ပါသည်။

ပန်းမျိုးတစ်ရာစာပေ

www.linhtet.com

- မလေးရှားဆိုတာ ပန်းခင်းသောလမ်းမဟုတ်၊
  စွန့်စားပြီး တန်ရာတန်ကြေးပေးရတာ
- မလေးရှားဆိုတာ အချောင်ရတာမဟုတ်၊
  စွန့်နိုင်မှ စားရသောနေရာ

ပန်းမျိုးတစ်ရာစာပေ

www.linhtet.com

# မလေးရှားနိုင်ငံရှိရွှေမြန်မာပိုင်
# ထမင်းဆိုင်၊စားသောက်ဆိုင်များ၏
# ခေတ်ပုံမှတ်တမ်း

ပန်းမျိုးတစ်ရာစာပေ

www.linhtet.com





နာမည်ကြီး ကိုတာရာယာပတ်ဝန်းကျင်ရှိ မြန်မာဆိုင်များ



မလေးရှားနိုင်ငံ၊ ရာဝမ်းရှိ ရွှေဒေါင်းမြန်မာထမင်းဆိုင်

www.linhtet.com

(ခ)



မလေးရှိမြန်မာပိုင်စားသောက်ဆိုင်တစ်ဆိုင်



မြန်မာအလုပ်သမားများရှိသော
ဂျလန်အာလော့ ၂၄ နာရီဖွင့်သော စားသောက်ဆိုင်များ

ပန်းမျိုးတစ်ရာစာပေ

(၈)



မြန်မာအလုပ်သမားများကို ရုံးပိတ်ရက်၌ မြန်မာစားသောက်ဆိုင်များတွင် တွေ့ရစဉ်




မြန်မာပိုင်ဂန္ဓဝင်စားသောက်ဆိုင်

www.linhtet.com

(ဃ)



ပီနန်ကျွန်း ဂျော့တောင်းပြည်နယ်တွင်ရှိသော
ဝင်းစန္ဒာမြန်မာစားသောက်ဆိုင်



မာမူကြီးစတိုးနှင့် အောင်ရတနာမြန်မာစတိုးဆိုင်

ပန်းမျိုးတစ်ရာစာပေ

www.linhtet.com

(ဂ)



မြန်မာဆိုင်များရှိရာ ကွာလာလမ်ပူမှ မြန်မာတန်း




မြန်မာအလုပ်သမားများ ခြေချင်းလိမ်နေသော
ကွာလာလမ်ပူရှိ တရုတ်တန်း

ပန်းမျိုးတစ်ရာစာပေ

www.linhtet.com





သူတစ်ပါးနိုင်ငံတွင် သေဆုံးပြီဆိုတော့လည်း ဆွေမျိုး ညီအစ်ကိုမောင်နှမမိဘတို့ရှိကြသည်မဟုတ်။ မြန်မာအလုပ်သမား အချင်းချင်းကပင် မြေကျရန်စီစဉ်ကြရသည်။ ချရပ်သုသာန်တွင် ဓမ္မဝိဟာရဆရာတော်က သေဆုံးသူ မြန်မာအလုပ်သမားတစ်ဦးအတွက် တရားဟောကြားစဉ်

www.linhtet.com





အလုပ်ခွင်တွင် မီးလောင်ပြီးသေဆုံးခဲ့ရှာသူ
မြန်မာအလုပ်သမားတစ်ဦးအတွက် သူတစ်ပါးနိုင်ငံ၌
အလောင်းမြေကျရန်နှင့် နစ်နာကြေးရရှိရန် ဘဝတူအလုပ်သမားများက
သူဌေးသို့တင်ပြရေးအတွက် ဆွေးနွေးနေကြစဉ်

www.linhtet.com

(၉)

# ပြည်ပသို့အလုပ်အကိုင်ရှာဖွေနိုင်ရန်အတွက် လိုအပ်မည့် စာရွက်စာတမ်းများ

FEPA SDN BHD ( 305827 - W )

SALARY FOR JULY ' 08
NAME : TRINH VAN GIANG
PASSPORT : A 0389970 A

PAY DATE :
DEPT : OPERATOR

| ************ EARNINGS ************ | | RM |
|---|---|---|
| WORKING DAYS | 26 Days x RM 20.00 | 520.00 |
| T / ALLOWANCE | 26 Days x RM 5.00 | 130.00 |
| OVERTIME | 104.50 hrs x RM 4.00 | 418.00 |
| GROSS PAY | | 1,068.00 |

| **********DEDUCTIONS*********** | RM |
|---|---|
| ADVANCE | 100.00 |
| LEVY | 100.00 |
| MEDICAL ( FOMEMA ) | 15.00 |
| FEPA | 100.00 |
| TOTAL DEDUCTION | 315.00 |
| NET PAY | 753.00 |

Received By,

**အခြားမြန်မာအလုပ်သမားတစ်ဦး၏ လစာနှင့် အဖြတ်ခံရငွေ**

**၁။ လစာနှင့် အချိန်ပိုကြေး - ၁၀၆၈.၀၀**

**၂။ ပြန်လည်ပေးသွင်းရငွေ - ၃၁၅.၀၀**

**တစ်လဝင်ငွေ - ၇၅၃.၀၀**

**(မလေးငွေ ၂၅၀ သည် မြန်မာငွေတစ်သိန်းခန့်ရှိသည်)**

ပန်းမျိုးတစ်ရာစာပေ

(၈)



Ministry of Labour
Department of Labour
Overseas Employment Serv[ice]
Temporary Service Agent Li[cence]

Licence No.111/2006 RENEWED Date: 8th August, 2007

The Department of Labour of the Ministry of Labour, Union of Myanmar issues the Licence under section(14) of the Law Relating to Overseas Employment.

| | | | |
|---|---|---|---|
| 1. | Name of Licencee (Myanmar) | : | ဒေါ်ခင်မမ |
| | (English) | : | DAW KHIN MA MA |
| 2. | Name, Registration No, and Address of Company | : | SHWE MANDALAR HAY SERVICE CO., LTD NO(8), BLDG(12), HNIN SI STREET, MINGALAR TAUNG NYUNT TOWNSHIP, YANGON. |
| 3. | National/Citizen Registration No | : | 9/MA HTA LA(NAING)045060 |
| 4. | Date of Birth (Age) | : | 4-8-1957(50 YEARS) |
| 5. | Educational Qualification | : | B.A (History) |
| 6. | Father's Name | : | U BA DIN |
| 7. | Address | : | NO(8), BLDG(12), HNIN SI STREET, MINGALAR TAUNG NYUNT TOWNSHIP, YANGON. |
| 8. | Period of Validity of Licence | : | SIX MONTHS |
| 9. | Date of Issue of Licence | : | 2ND August, 2007 |
| 10. | Licence Valid up to | : | 1ST February, 2008 |
| 11. | Place where Service Agency Business will be carried out | : | NO(8), BLDG(12), HNIN SI STREET, MINGALAR TAUNG NYUNT TOWNSHIP, YANGON. |

The holder of the Service Agent Licence shall perform overseas employment service in accordance with the Law Relating to Overseas Employment, Rules made under it, as well as Orders, Directives and service Licence Regulations issued by the Department of Labour.

Office Seal

Signature
Name U Chit Shein
Director General

Remarks: This Licence will be revoked, if within three months of the date of issue, the service

**ပြည်ပသို့အလုပ်အကိုင်ရှာဖွေရန် အေးဂျင့်တစ်ခုနှင့်ဆက်သွယ်လိုပါက**
**မိမိဆက်သွယ်သောအေးဂျင့်သည် အလုပ်သမားဝန်ကြီးဌာနမှ**
**ထုတ်ပေးသော လိုင်စင်ရအေးဂျင့် ဟုတ်/မဟုတ် ပထမစစ်ဆေးပါ။**
**ဤကဲ့သို့သော လိုင်စင်မရှိသူနှင့် မဆက်သွယ်ပါနှင့်။**

ပန်းမျိုးတစ်ရာစာပေ

(၂၁)


MINISTRY OF HEALTH MALAYSIA
Medical Report for Foreign Worker

Ref. No. PKQ-0707024
Date 23/May/07

Part I : Personal Information
(This part is to be completed by the applicant)

1. FULL NAME (FIRST NAME) MAUNG THAN LWIN OO
(FATHER'S NAME) U HLA HTWE
2. MALE /FEMALE MALE 3.AGE 18 D.O.B 4/Feb/89
4. PASSPORT NO. 800032
5. TYPE OF JOB APPLIED GENERAL WORKER
6. RESIDENCE IN COUNTRY OF ORIGIN
DISTRICT YANGON
PROVINCE YANGON
COUNTRY MYANMAR
7. NAME OF EMPLOYER / RECRUITING AGENCY
8. ADDRESS OF EMPLOYER / RECRUITING AGENCY

I HAVE EXAMINED THE ABOVE AND FOUND:-
1. HE/SHE IS FREE FROM THE FOLLOWING DISEASES :-

| | YES | NO |
|---|---|---|
| HIV / AIDS | ✓ | |
| TB | ✓ | |
| MALARIA | ✓ | |
| LEPROSY | ✓ | |
| STDS | ✓ | |
| HEPATITIS B | ✓ | |
| HEPATITIS C | ✓ | |
| FILARIASIS | | |
| LEISHMANIASIS | ✓ | |
| (For workers from Nepal, Bangladesh, India, Pakistan & Sri Lanka) MAJOR PSYCHIATRIC DISORDERS (Schizophrenia, Bipolar Affective Disorder, Major Depression, Delusional Disorder and other Psychosis) | ✓ | |
| FREE FROM OTHER CHRONIC DISEASES AS ANNEX 2 | ✓ | |

FIT

2. HIS / HER URINE IS FOUND NOT TO CONTAIN OPIATE / CANNABIS / AMPHETAMINE
3. SHE IS NOT PREGNANT
4. HE / SHE IS FIT / NOT FIT TO WORK
5. I THEREFORE RECOMMEND THAT HE / SHE BE CONSIDERED / NOT CONSIDERED FOR EMPLOYMENT
(IF NOT CONSIDERED FOR EMPLOYMENT PLEASE STATE THE REASON)

SIGNATURE AND NAME OF THE DOCTOR
DR THEIN ZAN AUNG
QUALIFICATION OF THE DOCTOR
M.B.,B.S(Ygn) , SAMA - 12657

ADDRESS OF DOCTOR
TIGER MEDICAL CENTER
NO.(TIGER), SHWEGONDAING STREET
PANSODAN TOWNSHIP , YANGON
MYANMAR

ပြည်ပသို့အလုပ်အကိုင်ရှာဖွေလိုသူများအတွက် အရေးကြီးကိစ္စတစ်ရပ်မှာ
ဆေးအောင်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင်နှစ်ကြိမ်
မလေးရှားနိုင်ငံတွင်တစ်ကြိမ် ဆေးစစ်ခံရမည်ဖြစ်ရာ
မိမိကျန်းမာရေးပြည့်စုံမှ ပြည်ပတွင် အလုပ်လုပ်ဖို့ စိတ်ကူးပါ။
ကျန်းမာရေး မပြည့်စုံသူများမသွားနိုင်ပါ။

ပန်းမျိုးတစ်ရာစာပေ

www.linhtet.com

(၄)


uen Seang Photo Instruments Trading (JB) Sdn. Bhd.

lary Voucher : December 2005

y To: Mr. Hla Maung

Date : 06.01.2006

A/C No:

| | | |
|---|---|---|
| EARNINGS | Basic Pay ( Rm 20.00 / day) | 580.00 |
| | Overtime | 206.25 |
| | | |
| | Sunday : 3 days | 60.00 |
| | (A) Gross Pay | 846.25 |
| DEDUCTIONS | | |
| | Permit | 100.00 |
| | Advance 20.12.2005 | 300.00 |
| | (B) Total Deductions | 400.00 |
| ADDITIONS | Reimbursement | |
| | (C) Total Additions | |
| | Nett Pay ( A - B + C ) RM | 446.25 |

| | |
|---|---|
| Pay Day : | 29 |
| Overtime Hours : | 55 |
| Rate Per Hours : | 1.5 |

| Employer's Contribution | |
|---|---|
| EPF : | |
| Socso : | |
| Total : | 0.00 |

Prepared By :

Approved By :

Employee's Signature

မြန်မာအလုပ်သမားတစ်ဦး၏ လစာထုတ်ပြေစာ

၁။ လစာနှင့် အချိန်ပိုကြေး - ၈၄၆.၂၅

၂။ အလုပ်သမားကပေးသွင်းရငွေ - ၄၀၀.၀၀

တစ်လအသားတင်ရငွေ - ၄၄၆.၂၅

(မလေးငွေ ၅၀၀ သည် မြန်မာငွေနှစ်သိန်းခန့်ရှိသည်)

www.linhtet.com



MAR. 02 2006 04:48PM P1

8-3-06

YUEN SEANG PHOTO INSTRUMENTS TRADING(JB) SDN. BHD

NO. 43 JALAN SERUJA 47, TAMAN JOHOR JAYA, 81100 JOHOR BAHRU, JOHOR

Date: 2 March 2006

To: MR U KO LAY

Re: **LETTER OF DEMAND FOR THREE(3) MYANMARIST WORKERS**

We the company mention above wishes to employee 3 (three) Myanmar general worker. Worker recruited shall be subjected to the following main term and conditions.

| | |
|---|---|
| 1. Quantity Required | : 3 Male |
| 2. Job Category | : General Workers |
| 3. Age Range | : Between 21 to 35 |
| 4. Basic Salary | : RM 18.50/day |
| 5. Working Days | : Monday to Saturday |
| 6. Rest day | : Sunday |
| 7. Working Hour | : 8 hours per day / 48 hours per week ( rest & meal shall not be included ) |
| 8. Over Time | : According to Malaysia Labor Law |
| 9. Allowance | : Non. *Approximately gross salary RM 700/month |
| 10. Leave per annum | : As per Malaysia Labor Law |
| 11. Accommodation | : Provided with basic cooking facilities, furniture and with electricity, water supply. |
| 12. Medical Benefit | : Free medical treatment provided by employer's panel doctor. |
| 13. Security Bond/ Insurance | : To be covered by employer. |
| 14. Government Levy | : Payable advance by employer. Deductible on monthly income over 12 installments. *RM 100/ month |

Could you kindly sent the biodata to us for our selection.

Thank you.

Yours faithfully,

TAN WEE HOW
Managing Director

မလေးအလုပ်ရှင်သူဌေးက မြန်မာအလုပ်သမားအလိုရှိကြောင်း
မြန်မာအေးဂျင့်သို့ဆက်သွယ်သောစာ

ပန်းမျိုးတစ်ရာစာပေ

www.linhtet.com

(၃)



A 185236

MALAYSIA

MAJLIS LATIHAN VOKASIONAL KEBANGSAAN

*NATIONAL VOCATIONAL TRAINING COUNCIL*

*CERTIFICATE OF ELIGIBILITY*

*This is to certify that*

KYI KHAING

863249

*has successfully completed the Induction Course for Foreign Worker conducted at*

INDUCTION COURSE TRAINING CENTRE NO (7)

TECHNICAL HIGH SCHOOL, NATMAUK ROAD BAHAN TOWNSHIP YANGON

11 November 2006

*Director General*

S1000B2-MYN0007-21 November 2006
7OMU95NKCU

**မလေးနိုင်ငံသို့သွားရောက် အလုပ်လုပ်ရန် အရည်အချင်းပြည့်မီကြောင်း ထောက်ခံစာ စာရွက်**

ပန်းမျိုးတစ်ရာစာပေ

www.linhtet.com

(ပ)



**STEELAND PRODUCTS MANUFACTURING SDN BHD**

[illegible]

[illegible] November 2007

**Mr. U Ko Lay**

Dear Sir,

**RE: DEMAND LETTER FOR RECRUITMENT OF WORKERS FROM MYANMAR**

We hereby appoint your company to recruit Myanmar male workers for employment with our company and liase with the relevant authorities concerning recruitment.

Our recruitment terms and conditions are as follows :-

| | | |
|---|---|---|
| 1. | **Number of Workers** | 5 workers |
| 2. | **Language Skill Required** | ENGLISH - a bit of speaking & understanding |
| 3. | **Job category** | Male Production Operators<br>- Metal Stamping<br>- Store keeping<br>- Quality Control |
| 4. | **Age** | 21-30 years old |
| 5. | **Contract Period** | 3 years |
| 6. | **Salary** | |
| | **Basic monthly salary** | = RM481.00 |
| | **Allowance :** | |
| | **a) Attendance** | = RM |
| | **b) Food** | = RM |
| | **c) Transport** | = RM |
| | **d) Shift** | = RM |
| | **e) Overtime** (as CD's rule) | = RM269.88 |
| | Total | = RM750.88 |
| 7. | **Working days** | Monday to Saturday |
| 8. | **Normal Working Hours** | 8 hours per day, 48 hours per week |
| 9. | **Overtime** | In accordance with Malaysian Labour Law |
| 10. | **Workmen Compensation** | In accordance with Malaysian Labour Law |
| 11. | **Accommodation** | Provided by the Employer |
| 12. | **Transportation** | No transportation provided as the distance from Employee's hostel to workplace is nearby |
| 13. | **Government Levy and Immigration** | The employer shall advance to the employee a sum of RM1,200.00 as payment for levy. This amount shall be deducted from the employee's salary through 12 months installment. |
| 14. | **Annual Leave, Sick Leave and Public Holidays** | In accordance with local employment act |
| 15. | **Return air ticket** | Single journey would be provided upon completion of the Employment Contract |
| 16. | **Yearly Medical** | Yearly medical examination will be arranged as required by the Immigration Department of Malaysia |

**မြန်မာနိုင်ငံမှ အလုပ်သမားအလိုရှိကြောင်း**
**မလေးစက်ရုံအလုပ်ရုံလုပ်ငန်းဌာနများက မြန်မာဘက်မှ အေးဂျင့်များထံ**
**ပေးပို့သည့် Demand Letter**

ပန်းမျိုးတစ်ရာစာပေ

www.linhtet.com





**S.H.A. HUP-AIK SDN. BHD.**

(Formerly known as S.H.A. HUP-AIK PALLETS SDN. BHD.)

Date: 15th Dec 2007

**Employment Contract**

This Employment Contract is made and entered into on this day ____________ between **S.H.A. HUP- AIK SDN BHD at Lot 936, Jalan Sellathevan, Batu 4, Kampung Jawa, 40460 Shah Alam, Selangor D.E.** ( referred in this agreement as THE EMPLOYER ) represented by the contract by **SHWE MANDALAR MAY SERVICE ENTERPRISE LTD** a license recruiting agency **111/2006** which shall be joint and severally responsible for compliance herewith, Employee________________________ of passport No.____________ ( referred in this agreement as THE EMPLOYEE ).

Both of whom bind themselves to the following terms and conditions:-

Basic terms and conditions of contract:-

1. EMPLOYEE'S JOB TITLE OR POSITION: Factory Worker
2. BASIC MONTHLY SALARY:

| | |
|---|---|
| Basic monthly salary: RM18.50/day | = RM481.00/month |
| Attendance allowance | = nil |
| Food Allowance | = nil |
| Shift Allowance | = nil |
| 3hrs OT/day | = RM269.00 / month |
| **Minimum Monthly Salary** | = RM750.00 |

3. DURATION OF CONTRACT : 3 years.
4. TRAVELING EXPENSES:
   The traveling expenses from Yangon, Myanmar to Kuala Lumpur International Airport shall be borne by the Employee and the expenses of his air passage from Kuala Lumpur International Airport to Yangon, Myanmar shall be borne by the Employer upon successful completion of working contract.
5. ACCOMMODATION:
   The employer shall provide free accommodation complete with electricity, water supply during the period of employment.
6. FOOD:
   Worker self.
7. WORKING DAYS AND WORKING HOURS:
   6 working day's per week. 8 hours per day and 48 hours per week.

မလေးရှားနိုင်ငံသို့ သွားရောက်၍
ပြည်ပအလုပ်အကိုင်ရှာဖွေလုပ်ဆောင်မည့်
မြန်မာအလုပ်သမားများနှင့်မလေးအလုပ်ရှင်တို့ ချုပ်ဆိုရမည့်စာချုပ်။
မြန်မာအလုပ်သမားများ ဤစာချုပ်ကို သိရှိလိုက်နာကြရပါမည်။

ပန်းမျိုးတစ်ရာစာပေ

www.linhtet.com



合 益 木 架 有 限 公 司

**S.H.A. HUP-AIK PALLETS SDN. BHD.**

Lot 935, Jln. Sallathevan, Bt. 4, Kg. Jawa, 40460 Shah Alam, Selangor D. E.
Tel: 03-5161 1742, 5161 1332 Fax: 03-5161 7689
Tel: 03-5161 8407, 5161 8408, 5162 7582 Fax: 03-5161 8409
http://www.shahupaik.com Email: sales@shahupaik.com
http://www.shahupaik.com.my Email: sales@shahupaik.com.my

8. **OVERTIME:**
In accordance with the Malaysian Labour Law.

9. **ANNUAL LEAVE, SICK LEAVE AND PUBLIC HOLIDAYS:**
Annual leaves are 8 days per year after confirmation of service. Employee is entitled to paid sick leave which he has obtained the certificate from a registered medical practitioner or a dental surgeon.

10. **MEDICAL TREATMENT:**
Employees will receive medical treatment at the expenses of the employer. Annual medical examination fee in connection with the renewal of worker permit will be borne by the employer.

11. **YEARLY MEDICAL:**
Yearly medical examination will be arranged as required by the Immigration Department of Malaysia and cost incurred will be borne by Employer.

12. **INSURANCE:**
Foreign Workers Compensation Scheme (FWCS) Policy Provided by Employer.

13. **DECEASED**
In the event of any employee dies in the cause of his employment the employer shall be responsible to arrange for the body of deceased to the repatriated to his next of kin in Myanmar and necessary repatriated expenses shall be borne by the employer.

14. **GOVERNMENT LEVY AND IMMIGRATION:**
The employer shall advance to the employee a sum of RM1,200.00 as payment for immigration levy. This amount shall be deducted from the employee's salary through 12 months installment.

15. **AGE:**
From 21 to 35 years and physically and mentally healthy.

16. **RESTRICTION:**

a. That the Employee shall not marry with any Malaysian and shall not participate in any political activities and activities of those connected with Trade Union in Malaysia.

မလေးရှားနိုင်ငံသို့ သွားရောက်၍
ပြည်ပအလုပ်အကိုင်ရှာဖွေလုပ်ဆောင်မည့်
မြန်မာအလုပ်သမားများနှင့်မလေးအလုပ်ရှင်တို့ ချုပ်ဆိုရမည့်စာချုပ်။
မြန်မာအလုပ်သမားများ ဤစာချုပ်ကို သိရှိလိုက်နာကြရပါမည်။

ပန်းမျိုးတစ်ရာစာပေ

www.linhtet.com

(ထ)

## မလေးရှားသွားမယ်ဆိုရင်

၁။ သားမယား၊ မိဘနဲ့ ၃နှစ်ခွဲပြီး နေနိုင်ရဲ့လား ?

၂။ ရင်းနှီးငွေ ၁၂သိန်းမှ ၁၅သိန်း ရှိရဲ့လား ?
(အတိုးကြီးကြီးနှင့် ယူသွားတာ၊ အိမ်ပေါင်ပြီးသွားတာ အားမပေးပါ။)

၃။ တစ်နေ့မှာ ၁၂နာရီ အလုပ်လုပ်နိုင်ရဲ့လား ?

၄။ မသောက်မစား အပိုမကြွားဘဲ နေနိုင်ရဲ့လား ?

၅။ မဝါမကြွားပေါ်ပင်မလိုက်ဘဲ စုစုဆောင်းဆောင်း နေနိုင်ရဲ့လား?

၆။ မိမိပေးဆောင်ရမယ့်ဘဲ အခွန်အခ မှန်မှန်ပေးဆောင်နိုင် မှဖြစ်မှာ

၇။ သတိဝီရိယနှင့်နေနိုင်မှ သူများနိုင်ငံမှာနေရသမျှ တရားဝင် ဥပဒေနှင့်အညီ နေနိုင်မှဖြစ်မှာ

၈။ ခိုက်ရန်မပွားဘဲ၊ အများနှင့်ချစ်ချစ်ခင်ခင်နေနိုင်တဲ့ စရိုက်ရော ရှိရဲ့လား၊ မရှိရင်မသွားပါနှင့်

၉။ မလေးရှားကိုသွားတယ်ဆိုတာ မိမိဘဝကိုရင်းရတာ

၁၀။ ကျန်းမာရေးမကောင်းရင် စိတ်ဓာတ်မကြံ့ခိုင်ရင်မသွားတာအကောင်းဆုံး

www.linhtet.com



## မြန်မာအလုပ်သမားများရသောလစာ

မြန်မာအလုပ်သမားများ မလေးရှားနိုင်ငံတွင် ဒုက္ခရောက်ရသည့် အဓိကအချက်မှာ စတုတ်တိုက် ပေးထားသော လစာကြောင့်ဖြစ်သည်။ မြန်မာအလုပ်သမားတစ်ဦးရရှိသော ပျမ်းမျှလစာသည် မလေးရှားငွေ ၇၅၀ RM ဖြစ်သည်။

| | | |
|---|---|---|
| (က) | မြန်မာပြည်ကထွက်လာစဉ်ကယူခဲ့သော အတိုးပေးရသည့်ငွေ | ၁၀၀RM |
| (ခ) | မဖြစ်မနေကုန်ကျရမည့် တစ်လထမင်းဖိုးငွေ | ၁၀၀RM |
| (ဂ) | မလေးရှားအစိုးရကို ပေးရသောလဲဗီကြေးတစ်လ | ၁၀၀RM |
| (ဃ) | ကိုယ့်သံရုံးကို ပေးရသောအခွန်တစ်လစာ | ၅၀RM |
| (င) | တစ်လအခြားအသေးသုံးငွေ | ၅၀RM |
| (စ) | မိဘထံပို့ရငွေ | ၃၅၀RM |
| | **စုစုပေါင်း** | **၇၅၀RM** |

ကွက်တိဖြစ်နေ၏။ လူပ်၍မရ။ နည်းနည်းလှုပ်တာနှင့် မြုပ်ရုံသာရှိ၏။ မြန်မာအလုပ်သမားက သူရရှိသော စတုတ်တိုက် လစာ၊ ရေပေါ်ရုံဖြစ်နေသော လှေဖြင့်နိုင်ငံတကာရေပြင် ကို ဖြတ်ကူးရတာ၊ မိမိကလှုပ်လျှင်လည်း မြုပ်သည်။ လှိုင်းလှုပ်ရုံနှင့်လည်းမြုပ်သည်။ ဘေးနားက လှေတစ်စင်းဖြတ်သွား၍ ထိုလှေမှ လှိုင်းပုတ်လျှင် လည်းမြုပ်သည်။

မြန်မာအလုပ်သမားတစ်ယောက်သည် ပြည်ပအလုပ် အကိုင်ရှာဖွေရေးအလုပ်ကို လုပ်ရတာက ရေပေါ်ရုံသာရှိသော မြုပ်လုလု လှေကိုလှော်၍ တစ်ဖက်ကမ်းသို့ ကူးခတ်ရသည့် သဘောရှိ၏။ မလေးအလုပ်ရှင် ကလည်း ခိုင်း၍ရရုံပေးထားသော လစာဖြစ်၏။

သို့သော်မြန်မာအလုပ်သမားများသည် ထိုလစာနှင့်ပင် လုပ်ကြရပါသည်။

ပန်းမျိုးတစ်ရာစာပေ

www.linhtet.com

## အရက်မသောက်၊ ဖားမရိုက်ပဲနေပါမှ

'မလေးရှားမှာ အလုပ်သွားလုပ်တယ်ဆိုတာ ဒုက္ခတွေတာ တော့မှန်ပါတယ်။ ဒါပေမယ့်သွားကြသူတွေ အားလုံးဒုက္ခရောက်ကြတာမဟုတ်။ လိမ္မာလျှင်၊ အသုံးအဖြုန်းမရှိလျှင်၊ သံရုံးခွန်မှန်မှန် ပေးဆောင်ပြီး အရက်မသောက်၊ ဖားမရိုက်ဘဲစနစ် ဇယားနဲ့နေပြီး အေးဂျင့်ကောင်းကောင်းနဲ့တွေ့ရင် တစ်လကို နှစ်သိန်းလောက် စုမိဖို့ လမ်းစရှိပါတယ်။ ဒီလမ်းစကြောင့်ပဲ သွားနေကြတာဖြစ်တယ့် အဲဒီ လမ်းစကိုမိမိရရ ဆုပ်ကိုင်နိုင်မှသွားပါ။'

ပန်းမျိုးတစ်ရာစာပေ

www.linhtet.com

(န)

## မလေးရှားဆိုတာ သက်စွန့်ဆံဖျား

‘နောက်ဆုံးညသန်းခေါင်ကျော်တစ်ချက်တီးလောက်မှာ ပီနန်နဲ့မနီးမဝေး လူသူရှင်းတဲ့ကမ်းခြေတွင် စက်လှေကပ်ဖို့လုပ်တော့ လှေကသောင်တင်ပြန်ပါရော။ ဒါကို သောင်ပေါ်ကလှေကိုထိုးချ၊ ဆွဲချပြီး ကမ်းခြေပြန်ကပ်ရပါတယ်။

ကမ်းနဲ့ဝါး လေးငါးရိုက်လောက်ရောက်တော့စက်လှေပေါ်မှာပါတဲ့ လူတွေကို ဝါးဆစ်ပိုင်း၊ ပလတ်စတစ်ပုံးတွေပေးပြီးရေထဲခုန်ချကာ ကမ်းအရောက်ကူးကြဖို့ စက်လှေဆလင်ကပြောတော့ သူ့ထက်ငါအရင် ခုန်ဆင်းကြတာ၊ ရေစီးသန်သန်မှာ ဝါးဆစ်ပိုင်းနဲ့ ပလတ်စတစ်ပုံးနဲ့လူတစ်ခြားစီဖြစ်ပြီး ရေနစ်သူနစ်နဲ့ အနည်းဆုံးလူဆယ်ယောက်လောက် သေသွားတယ်လို့ ထင်တာပါပဲ။

ဒီလိုကူးနေတုန်း မလေးရှား ပီနန်ကမ်းခြေစောင့်ကင်းလှည့်တဲ့သင်္ဘောက မနီးမဝေးမှာဘွားကနဲရောက်လာ၊ မီးမောင်းထိုးပြီးသေနတ်နဲ့လှမ်းပစ်တော့တာပဲတဲ့။ ဘေးနားကလူ သေနတ်မှန်သံကြားပေမယ့်ကိုယ်လွတ်ရုန်းပြေးရတာကြောင့်ပြန်လှည့် မကြည့် နိုင်ဘဲကိုယ်လွတ်ရုန်းပြီး ကမ်းပေါ်အပြေး တက်ရပါတယ်ကမ်း ရောက်တော့လည်း တောင်သုံးလုံးလောက်ကျော်အောင်ပြေးရတော့ ဆူးခြစ်ရာ၊ ဒူးပြဲ၊ ပေါင်စုတ်နဲ့ အဝတ်တွေ ပါစုတ်ပြတ်တဲ့အထိဖြစ်ပြီးတဲ့နောက်တစ်နေရာမှာ ဝမ်းလျားမှောက်ပြီး ပုန်းနေကြရပါတယ်။’

ပန်းမျိုးတစ်ရာစာပေ

www.linhtet.com

(ပ)

## မလေး အချုပ်ခန်း

'အချုပ်ခန်းထဲမှာ လူဘယ်လောက်များသလဲဆိုတော့ ကျောတစ်ခင်းစာနေရာရဖို့ မလွယ်ပါဘူး။ အချုပ်သားတွေနဲ့ အိုက်လှောင်ပြီး အသက်ရှူမဝဖြစ်ရတဲ့အထိပါပဲ။ အိမ်သာကလည်း အဲဒီအချုပ်ခန်းထဲမှာပဲရှိတာမို့ အိမ်သာနံ့က တငွေ့ငွေ့နဲ့လှိုက်ပြီး နံစော်နေပါသေးတယ်။ လူများတော့အသံများ၊ အသံများလို့ဆိုပြီးနား ပိတ်ထားလို့လည်း မရပါဘူး။ ပြဿနာအမျိုးမျိုးပဲကြုံရပါတယ်'

'ဒုက္ခသည်အချင်းချင်းအပေါ်အနိုင်ကျင့်ချင်တဲ့ သူကလည်း မရှားပါဘူး။ မိုက်ကန်းကန်းနဲ့နေရာချဲ့ယူထားပြီး ဗိုလ်ကျတဲ့သူကလည်းရှိပါတယ်။ အမျိုးမျိုးကို စိတ်ညစ်ဖို့ကောင်းပါတယ်။ အေးအေးဆေးဆေး အိပ်ချင်လို့လည်းမအိပ်ရ၊ ထိုင်လို့လည်းမကောင်း၊ ထလို့လည်းမကောင်းနဲ့ အတော်နေရထိုင်ရခက်တဲ့အချုပ်ပါပဲ။ ကျွန်တော့်မှာဆောင့်ကြောင့်ထိုင်ပြီး မျက်လုံးအစုံကမျက်ရည်တစ်ပေါက်ချင်း ကျလာပါတယ်။ အမေ့ကိုရော သားသမီးတွေ၊ ဇနီးကိုပါသတိရနေပါတယ်။ ကိုယ့်တိုင်းပြည်ကိုလည်း သတိရပါတယ်။

ထမင်းစားချိန်ကျတော့ ထမင်းမလောက်မင၊ ဟင်းမလောက်မငပါတဲ့လက်သီးဆုပ်လောက်ရှိတဲ့ ထမင်းထုပ်ပေါက်စလေးတွေကို လာပေးပါတယ်။ အဆာလွန်နေတဲ့ ကျွန်တော်တို့ဟာ ထမင်းထုပ်ကို အငမ်းမရ ဖြေစားပြီး ရေအဝသောက်လိုက်ပါတယ်။ သောက်ရေက သီးခြားပေးထားတာမရှိပါဘူး။ အိမ်သာနားက ရေဘုံဘိုင်ကရေကိုပဲ သောက်ရ၊ ဆေးရတာပါ'

ပန်းမျိုးတစ်ရာစာပေ

www.linhtet.com

## ပေါက်တူးရိုးလောက်ရှိတဲ့ တုတ်နဲ့ရိုက်

‘ညနေစောင်းတော့ ထိုင်းရဲတွေက အချုပ်ခန်းထဲကလူတွေအားလုံးကို ယာယီထောင်ပို့မယ်ဆိုပြီး အချုပ်ကားကြီးနဲ့ ထောင်ကိုခေါ်သွားပြန်ပါတယ်။ ထောင်ဖူးဝရောက်တော့ အကုန်လုံးကိုဆောင့်ကြောင့်ထိုင်ခိုင်း ထားပါတယ်။ ဒီအချိန်မှာပေါက်တူးရိုးလောက်ရှိတဲ့ တုတ်ကြီးနဲ့ကိုင်ထားတဲ့ ထောင်ပုလိပ်နှစ်ယောက် ဒေါ်နဲ့မောနဲ့ရောက်လာပါတယ်’

‘ပြီးတော့သံခြေချင်းခတ်ထားတဲ့ သူတွေကို တစ်ယောက်ချင်းခေါ်ထုတ်ပြီး ကျွဲ၊ နွားကိုရိုက်တဲ့အတိုင်းပဲ တုတ်နဲ့တအားလွှဲပြီးနှစ်ချက်စီရိုက်တာ မမြင်ရက်စရာပါပဲ။ တချို့ဆိုရင် သတိမေ့ပြီးထတောင်မထနိုင်ဘူး။ ကျွန်တော်တို့လည်း ကိုယ့်အလှည့် ကျလာမှာစိုးလို့ဆတ်ဆတ်တုန်အောင် ကြောက်နေတာ ပေါ့ဆရာရယ်’

ပန်းမျိုးတစ်ရာစာပေ

www.linhtet.com

(၉)

## အော်ပရာစီဆိုတာ

ကိုတာရာယားတစ်ဝိုက်တွင် တစ်ခါတစ်ရံ စီမံချက်ပြု၍ မြန်မာများ၊ နိုင်ငံခြားအလုပ်သမားများကို လမ်းများပိတ်ဆို့ဖမ်းဆီးသည်။ ထိုသို့ဖမ်းဆီးသောအခါ တရားဝင်၊ တရားမဝင်မခွဲခြား၊ အားလုံးကားပေါ်တင် ဖမ်းဆီးကာ နောက်မှတရားဝင်သူများကို လွှတ်ပေး၍ တရားမဝင်သူများကို ရုံးတင်တရားစွဲ၊ ပြစ်ဒဏ်ချမှတ်ခြင်း ဖြစ်သည်။ ထိုကဲ့သို့စီမံချက်ဖြင့်လူဝင်မှုကြီးကြပ်ရေးဌာန၊ ရဲအဖွဲ့၊ စည်ပင်စသည်တို့ပူးပေါင်းဆောင်ရွက်သောအဖွဲ့ကို အော်ပရာစီဟုခေါ် သည်။ မလေးရှားတွင် တရားမဝင် နေထိုင်သူများကို စီမံချက် ပြုလုပ်ဖမ်းဆီးသောအဖွဲ့ဖြစ်သည်။ အော်ပရာစီ ဟုခေါ်သည်။

အော်ပရာစီကို မြန်မာတို့က ကြောချမ်းအောင် ကြောက်သည်။ အဖေထက်ပင်ကြောက်သည် ဟုဆိုရပါမည်။ မြန်မာတို့ကလည်း အကြောင်းအမျိုးမျိုးဖြင့် တရားမဝင်နေထိုင်ကြသူများရှိသည်။

www.linhtet.com

(ဘ)

## သက်စွန့်ဆံဖျား၊ မိဝေးဖဝေး၊ နိုင်ငံဝေးတွင်နေပြီး ရှာဖွေကာပို့ပေးသောငွေကို မဖြုန်းတီးပစ်ပါနှင့်

'ပြည်ပသို့သွားရောက်၍ မြန်မာလူငယ်များ အလုပ်လုပ်ကြရာတွင် မြန်မာနိုင်ငံရှိ မိဘ၊ ညီအစ်ကို မောင်နှမ၊ ဇနီးမယားသားသမီးတို့ဖြင့် အဆက်အသွယ်မပြတ်ရန်လိုအပ်ပါသည်။ ငွေပို့နိုင်ရန် ကြိုးစားပါ။ ငွေမပို့နိုင်သည်တိုင် တယ်လီဖုန်းဆက်ခြင်း၊စာပို့ခြင်းဖြင့်ဇနီးမယား၊ အမေတို့နှင့်ဆက်သွယ်ပါ။

မြန်မာနိုင်ငံရှိ မိဘများကလည်း သက်စွန့်ဆံဖျားအလုပ်လုပ်ငွေရှာရာမှရရှိသော သားသမီးတို့ကအဝေးမှပို့ပေးသည့် ချွေးစွန်းသောငွေ၊ သွေးစွန်းသောငွေများကို ဖြုန်းမပစ်ပါနှင့်။ အလဟဿသုံးမပစ်ပါနှင့်။ စုဆောင်းထားပါ။ မဆုံးရှုံးအောင် ကာကွယ်ပါ။ တိုးပွားအောင်လုပ်ဆောင်ပါဟု မှာကြားလိုပါသည်။

ပန်းမျိုးတစ်ရာစာပေ

www.linhtet.com

(မ)

## ဖားရိုက်ပြီး မလိုင်စားမယ် လိုက်ကြမလားကွယ်

'ဖားရိုက်တယ်ဆိုတာက ဖိလစ်ပိုင်မနဲ့တွဲတာ၊ မလိုင်စားတယ်ဆိုတာက မလေးမနဲ့ငြိတာ၊ အစ်မနဲ့စာသင်တယ်ဆိုတာက အင်ဒိုနီးရှားမနဲ့တတွဲတွဲလုပ်တာ၊ ကံဘောင်လျှောက်တယ်ဆိုတာက ကမ္ဘောဒီယားမနဲ့လျှောက်လည်တာ၊ ယိုးဒယားက ကတယ်ဆိုတာ ယိုးဒယားမနဲ့ ညမှာနိုက်ကလပ်သွားတာ၊ ရွှေတူးတယ်ဆိုတာက မြန်မာမကို မြန်မာပြည်ရောက်ရင်ယူပါ့မယ်လို့ပြောပြီး တတွဲတွဲလုပ်တာ။

ပြောမယ့်သာပြောတာ လူတွေက ရွှေတူးရမှာ အကြောက်ဆုံးပဲ။ ရွှေတူးမိရင် ငှက်ဖျားမိတယ်။ ပြဿနာများတယ်။ မြန်မာပြည်ရောက်တဲ့အထိ ပြဿနာကမဆုံးဘူး ဟုဆိုကြသည်။'

ပန်းမျိုးတစ်ရာစာပေ

www.linhtet.com



## သူများနိုင်ငံဆိုတာဗျာ

'လူတစ်ယောက်ဟာ သူ့နိုင်ငံက ထွက်လာတာနဲ့သူဟာ ကြက်မပဲ၊ သူ့နိုင်ငံမှာ သူဟာကြက်ဖ ဖြစ်ချင်ဖြစ်မယ်၊ သူတစ်ပါး နိုင်ငံမှာ ကြက်ဖလုပ်လို့မရဘူး။ မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ လေဆိပ်ကနေ ထွက်လာလို့ မိနစ်၄၀အကြာ ထိုင်းလေဆိပ်ရောက်ရင်ပဲ ဒီလူက သုံးနှစ်သားအရွယ်ကလေးဖြစ်သွားရော။ တစ်ဦးဦးက ဦးမ ဆောင်ရင် သူဘာမှမလုပ်တတ်ဘူး။ ကိုယ့်နိုင်ငံမှာ ကိုယ့်အခွင့်အရေး တွေရှိနေတယ်။ သူတစ်ပါးနိုင်ငံမှာ အဲဒီအခွင့်အရေးတွေမရဘူး။ ကိုယ့်နိုင်ငံမှာ နေဖင်ထိုးမှထလည်းရတယ်။ သူတစ်ပါးနိုင်ငံမှာ မရ ဘူး။ ကိုယ့်နိုင်ငံမှာ လက်ဖက်ရည်ဆိုင် တစ်နေ့လုံးထိုင်နေလို့တယ်။ သူတစ်ပါးနိုင်ငံမှာ မရဘူး။ အမေ့ရွာမှာ သူကဆိုးလို့ရတယ်။ သူ တစ်ပါးနိုင်ငံမှာမရဘူး။

ကိုယ့်နိုင်ငံက မြေကြီးကကိုယ့်အတွက် ခိုင်မာတယ်၊ သူတစ်ပါးနိုင်ငံမှာ ကိုယ့်အတွက် သူ့မြေကြီးကလှုပ်နေတယ်။ သူ့ မြေကြီးကို နင်းရတာ သူ့လေကိုရှူရတာ ဘာမှခိုင်ခိုင်မာမာမရှိဘူး'

'သူတစ်ပါးနိုင်ငံမှာ အနိုင်ကျင့်ခံရလည်း ပြန်ပြောခွင့် မရှိဘူး'

'ကိုယ့်နိုင်ငံမှာ ပြန်ပြောနိုင်တယ်'

'နိုင်ငံခြားမှာ လူတစ်ယောက်သေရတာကလည်း ခွေးသေ ဝက်သေပဲ၊ ကိုယ့်နိုင်ငံမှာက မချမ်းသာရင်နေပါစေ နေဖို့နဲ့စားဖို့တော့ စိတ်ချရသေးတယ်'

ပန်းမျိုးတစ်ရာစာပေ

www.linhtet.com

(၇)

## အေးဂျင့်ကဘယ်အထိ တာဝန်ရှိသလဲ?

'ပြည်ပအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းကို လုပ်ဆောင်သူ မြန်မာအေးဂျင့်များအနေနှင့် သတိထားဖို့အချက်မှာ မိမိတို့လုပ်ဆောင်သောလုပ်ငန်းသည် မြန်မာနိုင်ငံ၏ အင်အားပြည့်ဖြိုးသော တက်သစ်စလူစွမ်းအားအရင်းအမြစ်များကိုကိုင်တွယ် လုပ်ဆောင်ရသော အလုပ်ဖြစ်သည်ဆိုသောအချက်ကို ဘယ်တော့မှ မမေ့ရန်လိုပါသည်'

မိမိသည် အေးဂျင့်များသည် သူတို့ပြည်ပခရီးပို့နေတာတွေက သစ်လုံးတွေပို့နေတာမဟုတ်။ ငရုတ်သီး၊ ကြက်သွန်၊ ပဲအမျိုးမျိုးပို့နေသော ကုမ္ပဏီမဟုတ်။ သားငါးပုဇွန်ကို နိုင်ငံခြားပို့ဆောင်သည့်ကုမ္ပဏီအေးဂျင်စီမဟုတ်။ ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေးဂျင့်ဆိုတာက မြန်မာနိုင်ငံ၏ တက်သစ်စ လူငယ်လူစွမ်းအားအရင်းအမြစ်များကို ပို့ဆောင်နေခြင်းဖြစ်သည်။ ထို့ကြောင့်ဂုဏ်ယူစရာဖြစ်သလို စေတနာနှင့်လည်း လုပ်ဆောင်ရန်လိုအပ်သည်။

ပန်းမျိုးတစ်ရာစာပေ

www.linhtet.com



စေတနာနည်းပါးပြီး စေ့စပ်သေချာမှုမရှိ၊ FOB စနစ်နှင့်လေယာဉ်ပျံပေါ်တင်ပေးလိုက်လျှင်ပြီးစတမ်း သဘောထားပါက မြန်မာနိုင်ငံ၏ လူသား အရင်းအမြစ်ဖြစ်သည့် မြန်မာများဒုက္ခရောက်နိုင်သည်။ ကိုယ်လက်အင်္ဂါဆုံးရှုံးနိုင်သည်။ အသက်ပါဆုံးရှုံးနိုင်သည်။ ထိုသို့ ဆုံးရှုံးသွားသူ၊ သေဆုံးသွားသူသည် လူတွေဖြစ်သည်။

အေးဂျင့်တစ်ခုမှ ပို့လိုက်သည့် မြန်မာအလုပ်သမားသည် မလေးအလုပ်ရှင်နှင့်ချုပ်ဆိုသော ပထမစာချုပ်သက်တမ်း ၃နှစ်ကာလအတွင်း တစ်စုံတစ်ရာ ထိခိုက်မှုနစ်နာရမှုရှိပါက ပို့ပေးသော နှစ်ဖက်စလုံးသော အေးဂျင့်တွင်လည်း တာဝန်ရှိသည်။ မိမိအဖိုးအခယူဆောင်ရွက်ပေးသော စာချုပ်သက်တမ်း တစ်လျှောက်လုံး တာဝန်ရှိနေသည် ဟုမှတ်ယူသင့်ပါသည်။

www.linhtet.com

ဤစာအုပ်ပါနာမည်များသည် ကာယကံရှင်များ
မထိခိုက်စေရန် အမည်မှန်အတိုင်း မဟုတ်ဘဲ
ပြောင်းလဲဖော်ပြထားပါသည်။

ပန်းမျိုးတစ်ရာစာပေ

www.linhtet.com

# အပိုင်း (၁)

## ၂၀၀၇ ခုနှစ် မလေးရှားခရီးသွားအတွေ့အကြုံ

အခန်း (၁) မလေးရှားသို့ဆယ်ခေါက် ဆယ်ကြိမ်
အခန်း (၂) ပုတ္တရားယားအဝေးပြေးကားဂိတ်ကြီးမှာ
အခန်း (၃) ပုတ္တရားယားမှ ငပလီသို့
အခန်း (၄) ဂျလန်စီလန်းတစ်လျှောက်မှ မြန်မာဆိုင်တွေ ဆိုင်တွေ
အခန်း (၅) မလေးရှားမှာလည်း ကြိမ်ဒဏ်ရှိတယ်၊ သတိထားမှကွယ်
အခန်း (၆) ဒုက္ခရောက်သူများကို ကူညီမည်
အခန်း (၇) မလေးရှားမှဖြစ်စဉ်သတင်းများ

ပန်းမျိုးတစ်ရာစာပေ

www.linhtet.com

# အခန်း (၁)

## မလေးရှားသို့ ဆယ်ခေါက် ဆယ်ကြိမ်

မလေးရှားနိုင်ငံသို့ ၁၉၉၀ပြည့်နှစ်မှ ယခုအထိ ကျွန်တော်သည် အကြိမ်(၁၀)ကြိမ်မျှ သွားရောက် လည်ပတ်ဖူးသည်။ အဓိက အားဖြင့် ပီနန်ကျွန်း၊ ဂျော့တောင်းမြို့သို့ သွားရောက်ခြင်းဖြစ်သည်။ ပီနန်တွင် ကျွန်တော်နှင့်ရင်းနှီးသူ မိတ်ဆွေတို့ ပေါများပါသည်။

ပီနန်ကျွန်းရှိ ဓမ္မိကာရာမမြန်မာဘုန်းတော်ကြီးကျောင်းသို့ မြန်မာမှုပန်းပုလက်ရာအမျိုးမျိုး၊ ကျောက်ဆစ်လက်ရာများမှအစ လိုအပ်သမျှကို တင်ပို့ပေးသော လုပ်ငန်းတွင် ကျွန်တော်ပါဝင်ခဲ့သည်။

ပထမအကြိမ် မလေးသို့ရောက်စဉ်ကပင် ကျွန်တော်သည် ကွာလာလမ်ပူမြို့သို့ရောက်ခဲ့သည်။ ထိုအချိန်က ကွာလာလမ်ပူသို့ ကျွန်တော်ရောက်ပုံရောက်နည်းက ဆင်ကန်းတောတိုးနိုင်လှသည်။

ပီနန်သို့ပထမအကြိမ် ဇန်ကောက်မှတစ်ဆင့် ရောက်လာပြီး လျှောက်လည်ပတ်စဉ် အဝေးပြေးအဲယား ကွန်းကားလှလှကြီးတစ်စင်း

www.linhtet.com

www.foreverspace.com.mm



ရပ်ထားသည်ကိုတွေ့ရာ "ဒီကားကြီးက ဘယ်သွားမှာလဲ" ဟုဆိုတော့

"ကေအယ်လ်ကိုသွားမှာ" ဟုဆိုသည်။

"ကေအယ်လ်ဆိုတာဘာလဲ" ဟု ကျွန်တော်ကမေးတော့ "တော်တော်အူတဲ့လူ" ပဲဆိုပြီး အမေးခံရသူက "ကေအယ်လ်ဆိုတာ ကွာလာလမ်ပူ" ဟု စိတ်ပျက်လက်ပျက်နှင့်ရှင်းပြသည်။

ကျွန်တော်ကဆက်ပြီး ပီနန်မှ ကေအယ်လ်ကိုကားခက ဘယ်လောက်လဲဆိုတော့ မလေးရှားငွေ ၁၈-ဒေါ်လာ (၁၈ RM)ဟုဆို၏။ မလေးငွေကို ရင်းဂစ်ဟုခေါ်သည်။

"ဒီကားက KL ကိုဘယ်တော့ထွက်မှာလဲ"

"ဒီနေ့ ညခုနစ်နာရီထွက်မယ်"

"ဒါဆိုရင်ကျွန်တော့်အတွက် လက်မှတ်တစ်စောင်ပေးပါ" ဟုမအူမလည်နှင့် ဘတ်စ်ကားလက်မှတ်ဝယ်ပြီး လိုက်ခဲ့ရာ ဒါလောက်ဝေးသောခရီး ဒါလောက်ကောင်းသောဇိမ်ခံကားကြီးဖြင့် တစ်ခါမှ မစီးဖူး။ မကြာမီပီနန်တံတားကြီးကိုဖြတ်တော့ မီးတွေထိန်ထိန်လင်းပြီး ဒီလောက်ရှည်သော တံတားကြီးတွင် ထိန်ထိန်ညီးနေသော လျှပ်စစ်မီးများကိုလည်း တစ်ခါမှမမြင်ဖူးပါ။

ကားကြီးကတော့ ဇိမ်ခံကားကြီးဟုဆိုရမည်ဖြစ်ပါသည်။

သို့သော် ကျွန်တော်စီးလာသော အဝေးပြေးကားကြီးက ည ၁၁နာရီလောက်ကြတော့ သတ္တိပြလာ၏။ အဲယားကွန်းက တအား လွှတ်ထားသည်။ ညနက်လာလေလေ ကားထဲမှာနေရတာ ပိုအေးလေဖြစ်သည်။ အဝေးပြေးဘတ်စ်ကားကြီးလို့မထင်ရတော့ဘဲ ရေခဲတုံးကြီးလို့ ထင်ရလောက်အောင်အေးသည်။ ကျွန်တော်စီးလာ သောကားကြီးက ရေခဲတုံးဖြစ်နေတော့ ကျွန်တော်လည်း ရေခဲတုံးတစ်တုံးလို အေးစက်နေပါသည်။

www.linhtet.com



www.foreverspace.com.mm



ကွာလာလမ်ပူ၏အဓိကရလမ်းမကြီးနှင့်အဓိကရ အဆောက်အအုံကြီး နှစ်ခုဖြစ်သည်။

ကျွန်တော့်တွင်စောင်၊ အနွေးထည်မပါ။ အဝတ်အစားလေး နှစ်စုံသာပါသည်။

ခြေအိတ်ထူထူနှင့် ရှူးဖိနပ်နှင့်မို့သာ တော်ပါသေးသည်။

ခိုက်ခိုက်တုန်တုန်ချမ်းချမ်းစီးစီးနှင့် တစ်ညလုံးစီးလာခဲ့ရာ နံနက်မိုးမလင်းတလင်းကျတော့ ကွာလာလမ်ပူသို့ရောက်ပြီ ဟုဆိုပါသည်။

ကွာလာလမ်ပူသို့ရောက်တော့ ကျွန်တော် ရေခဲတုံးကြီးထဲမှ ထွက်ခွင့်ရလိုက်သည်။ အပြင်ဘက်၌ ကွာလာလမ်ပူ ရာသီဥတုက မီးစနှင့်အထိုးခံလိုက်ရသလိုရှိသည်။

www.linhtet.com



www.foreverspace.com.mm

မှောင်တုန်းရှိသေးသည်။

ကျွန်တော့်တွင် နာရီမရှိ။

ကျွန်တော်သည် တစ်သက်လုံးနာရီပတ်တာက နည်းသည်။

ဒီတော့အထုပ်ကလေးနှင့်ကားဘေးမှ ဦးတည့်ရာဆီထွက်ပြီး လမ်းဘေးအုတ်ခုံလေးတစ်ခုပေါ်တွင် ထိုင်နေရသည်။ ကျွန်တော့် ကိုယ် ကျွန်တော် ကွာလာလမ်ပူ၏ ဘယ်နေရာတွင် ထိုင်နေမိသည် ကိုမသိ။

ကျွန်တော်ဆင်းလာသောဘတ်စ်ကားဂိတ်ကြီးက အပြည် ပြည်ဆိုင်ရာ ပုတုရာယားအဝေးပြေးကားဂိတ်ကြီးဟု နောက်မှသိရ သည်။ ဤကားဂိတ်ကြီးမှ မလေးရှားတစ်နိုင်ငံလုံးသို့ သာမက စင်ကာပူသို့ပါ ၂၄နာရီပတ်လုံး ကားတွေသွားနေကြောင်း သိရသည်။ ကျွန်တော်ထိုင်နေသောနေရာက ထိုကားဂိတ်ကြီးအနီးမှ အုတ်ခုံ တစ်ခုပေါ်တွင်ဖြစ်သည်။

မိုးလင်းခဲ့သည်။

အုတ်ခုံလေးပေါ်ထိုင်ရင်း ခုအေးလိုက်၊ ခုပူလိုက် အပူအအေး အပြောင်းအလဲကြောင့်လားမသိ ကျွန်တော်ခေါင်းနည်းနည်းမူးလာ သည်။ ထို့ကြောင့် ကျွန်တော်ထိုင်နေသော နေရာမှမြင်နေရသည့် ညလုံးပေါက် အရောင်းဆိုင်လေးသို့သွားကာ ချောကလက်တစ်ပြားနှင့် လစ်ပိုနှစ်ပုလင်း ဝယ်သောက်ရာ မလေးငွေ ၆ဒေါ်လာ ပေးရသည်။ အချိုစားလိုက်ရင် ခေါင်းပူတာ ခေါင်းမူးတာပျောက်သွားမည်ဟု ထင်၍ဝယ်စားခြင်းဖြစ်သည်။

ကျွန်တော်သည် ထိုဆိုင်၏လှေကားထစ်တွင်ပင်ထိုင်၍ ချောကလက်စားလိုက်၊ လစ်ပိုသောက်လိုက် ပြုလုပ်နေရာမှ ရင်ပူလာ ၍ရေတစ်ပုလင်းထပ်ဝယ်ကာ ရေသောက်ရင်း ကွာလာလမ်ပူ၏မိုး အလင်းကို စောင့်နေရင်း …။

www.linhtet.com



www.foreverspace.com.mm

ထိုနေ့က ၁၉၉၀ ပြည့်နှစ်၊ ဧပြီလ ၁၇ရက်ဖြစ်သည်။

ကျွန်တော်သည်မြို့ပြအခင်းအကျင်းနှင့် ကျွန်တော်တို့နေသော နေရာကိုမသိသေးခင်မလှုပ်ရှားရဲဘဲဖြစ်သည်။ ကျွန်တော်တစ်ယောက် တည်းထွက်လာမိတာမှားပြီဟုလည်း တွေးထင်နေမိသည်။ ပုတုရာယား ကားဂိတ်ကြီးဘက်တွင် ကားမီးရောင်တွေ လူတွေကို ခပ်လှမ်းလှမ်းက တွေ့နေရသည်။ အဲဒီမီးရောင်များဘက်သို့လည်း မသွားရဲ။

မိုးကတစ်စ တစ်စလင်းလာသည်။

တစတစရောက်ရှိလာသော အလင်းရောင်လေးဖြင့် ကျွန်တော်သည်မတော်တဆကျွန်တော်ဘေးမှ အဆောက်အအုံကြီး တစ်ခုကိုကြည့်မိရာ ထိုအဆောက်အအုံကြီးက ဧရာမအဆောက် အအုံကြီးဖြစ်သည်။

ကျွန်တော်သည် ထိုအဆောက်အအုံကြီးမည်မျှ မြင့်သည် ကိုကြည့်ရာ ကျွန်တော်မျက်စိနှလုံးက မိုးထိုးနေသည့်တိုင် အဆောက် အအုံကြီးကမဆုံးသေးပဲရှိသည်။ နောက်သိရသည်က ထိုအဆောက် အအုံကြီးသည် MAY BANK ဖြစ်နေပါသည်။

မိုးကတစ၊ တစပို၍လင်းလာသည်။

ပတ်ဝန်းကျင်ကို ကျွန်တော်သည် လင်းလင်းချင်းချင်းမြင် လာရသည်။ ကျွန်တော်ထိုင်နေသောနေရာ၏ လေးဘက်လေးတန်မှ အဆောက်အဦအားလုံးသည် မိုးထိုးအဆောက်အဦများချည်းဖြစ်သည်။

အဆောက်အဦကြီးများက ကြီးမားခိုင်ခံ့ပြီးထုနှင့်ထည်နှင့် ချည်းဖြစ်သည်။

ဒီးဇိုင်းများက လှသည်။ အရောင်အသွေးက ကျွန်တော်တို့ မျက်စိနှင့် ဆန်းသစ်သည်။ မှန်ရောင်စုံများ၊ အလူမီနီယံများ၊ ငွေရောင် အမိုးအကာများနှင့် အဆောက်အဦများအားလုံး ပြောင်လက်နေ ပါသည်။

www.linhtet.com

www.foreverspace.com.mm



ဗိသုကာဒီဇိုင်းလက်ရာတို့က ဆန်းသစ်သည်။

မလေးရိုးရာဗိသုကာနှင့် ခေတ်မီဗိသုကာအတတ်ပညာရော ယှက်လျက်ရှိသည်။ မလေးသည် မွတ်ဆလင် အမျိုးသားနိုင်ငံဖြစ်၍ အာရေဗျအသွေးအမွေးအသွင်သဏ္ဌာန်များ လွှမ်းခြုံထားသည့် အဆောက်အဦများက ကျွန်တော့်မှာ ရှုမခန်း၊ အံ့မခန်းဖြစ်ရသည်။

ကွာလာလမ်ပူမြို့၏ဗိသုကာအသွေးအမွေးမှာ အခြား အာရှ ဘယ်နိုင်ငံနှင့်မှမတူ၊ တစ်မူထူးခြားသော အသွေးအမွေးရှိသည်။

ကွာလာလမ်ပူသည် ကျွန်တော်တို့ငယ်ငယ်ကဖတ်ဖူးသော အာလာဒင်နှင့်မီးခွက်စောင့်ဘီလူးကြီး ပုံပြင်ထဲက ဘီးလူကြီးဖန်ဆင်းထားသောမြို့ကြီးနှင့်တူသည်။

စိတ်ကူးရသမျှ၊ တီထွင်မှု၊ ဆန်းသစ်မှုတို့ဖြင့် အဆန်းဆန်း အပြားပြားမြို့ကြီးဖြစ်သည်။ ကွာလာလမ်ပူမြို့ကြီးသည် ပုံပြင်ထဲက ထက်လည်း ပိုမိုဆန်းသစ်၍ တီထွင်မှုအားကောင်းသည်။

ကွာလာလမ်ပူသည် မလေးဗိသုကာ၊ အာရပ်မွမ်းမံမှု၊ အစ္စလာမ်မစ် ဟန်ပန်တို့ဖြင့် အရှေ့တိုင်းအသွေး အမွေးများနှင့် နတ်ဘုံနတ်နန်း ဖြစ်နေသောမြို့ကြီးဖြစ်၏။

ကျွန်တော်မှတ်မိသလောက် အထပ် ၆၀ကျော်ရှိသော Arab Malaysion Tower , UBN နှင့် MUI အဆောက်အဦ အဝိုင်း၊ အလုံး၊ လေးထောင့်နှင့် သုံးမြှောင့်ပုံရှိသော ဆန်းသစ်ထည်ဝါသော အဆောက်အဦ အမျိုးမျိုး၊ SPK အဆောက်အဦး၊ Hotel Equatorial နှင့် Shargrila ဟိုတယ်အဆောက်အဦတို့မှာလည်း ဆန်းသစ်လှပါသည်။ ထိုစဉ် KLCC အဆောက်အဦကြီး မရှိသေး။ ယခု KLCC ကို ဆောက်ပြီး သောအခါ မလေးရှားနိုင်ငံ၏အလှသည် ထိပ်သို့ရောက်သွားသည်။

www.linhtet.com

www.foreverspace.com.mm





မလေးရှားဂီတနှင့်မလေးရှားအလှ

မိုး ပို၍လင်းလာတော့ လူတွေလည်းစည်ကားလာသည်။

ကျွန်တော်လည်း နံနက်ခင်းအလင်းရောင်အားကိုးဖြင့် သတ္တိရှိလာသည်။ ကွာလာလမ်ပူမြို့ကြီးကို ဆက်ကြည့်သည်။

လမ်းတွေနှင့် လှသောမြို့။

ပန်းတွေနှင့် လှသောမြို့။

လူတွေနှင့် စည်ကားသောမြို့။

ကားတွေနှင့်ခန့်ညားသောမြို့၊

မြို့၏နေရာတကာတွင် ပန်းမန်သစ်ပင်များကိုတွေ့ရ၏။

မိုးထိုးတိုက်တွေကနေရာအနှံ့။

ဆန်းသစ်သောဗလီကြီးများကနေရာအနှံ့။

ဗလီကြီးတစ်ခုက မဂျစ်နီဂါရာဟုဆို၏။

ပန်းမျိုးတစ်ရာစာပေ

www.linhtet.com



www.foreverspace.com.mm

ကွာလာလမ်ပူမြို့ပေါ်ရှိ ဗလီကြီးများက မလေးနိုင်ငံ၏ အစ္စလာမ်ဘာသာအခြေခိုင်မှုကို ပြသလျက်ရှိပါ၏။

မဂျစ်နီဂါရာဗလီကြီးသည် အကျယ်အဝန်း ၅ဟက်တာ ကျော်ရှိ၍ မြက်ခင်းများ၊ ရေအိုင်၊ ရေကန်၊ ရေပန်းရေထွက်များ ဝိုင်းရံကာ အမိုးအခုံး ၄၈ခု ပါဝင်ပြီး၊ မက္ကာမှ ဗလီကြီးများနှင့် တူအောင် ဆင်အောင် ဆောက်ထားသည်ဟုဆိုသည်။ အဓိကအမိုး ခုံးကြီးများ၏ အချင်းပေသည် ၄၅ မီတာ ရှိပြီး၊ ထောင့် ၁၈ ခုပါရှိ၍ ကြယ်ပုံသဏ္ဍာန်ရှိသည်။

ထိုထောင့် ၁၈ ထောင်သည် မလေးရှားနိုင်ငံ၏ ပြည်နယ် ၁၃ခု နှင့် အစ္စလာမ်ဘာသာ၏မဏ္ဍိုင်ကြီး ၅ သွယ်ကို ညွှန်းဆိုကာ နိုင်ငံတော်နှင့်ကိုးကွယ်သည့်ဘာသာကို ဆက်စပ်ဖော် ဆောင်ထားမှု ဟုသိရသည်။

ဒါက ကျွန်တော် ၁၉၉၀ ပြည့်နှစ်က မလေးနိုင်ငံသို့ ပထမဆုံးအကြိမ် ကွာလာလမ်ပူမြို့သို့ ရောက်ခဲ့သည့် အတွေ့အကြုံ ဖြစ်ပါသည်။

နောက်တော့ ကျွန်တော်သည် မလေးရှားနိုင်ငံသို့

| | | | |
|---|---|---|---|
| ၁၉၉၁ ခု | - | ၁၀ | လပိုင်းကတစ်ကြိမ် |
| ၁၉၉၄ ခု | - | ၂ | လပိုင်းကတစ်ကြိမ် |
| ၁၉၉၄ ခု | - | ၁၁ | လပိုင်းကတစ်ကြိမ် |
| ၁၉၉၅ ခု | - | ၄ | လပိုင်းကတစ်ကြိမ် |
| ၁၉၉၅ ခု | - | ၅ | လပိုင်းကတစ်ကြိမ် |
| ၁၉၉၆ ခု | - | ၆ | လပိုင်းကတစ်ကြိမ် |
| ၁၉၉၈ ခု | - | ၅ | လပိုင်းကတစ်ကြိမ် |

www.linhtet.com

www.foreverspace.com.mm



၂၀၀၇ ခု - ၇ လပိုင်းကတစ်ကြိမ်
ယခု ၂၀၀၇ ခု - ၁၂ လပိုင်းကတစ်ကြိမ်
ရောက်ခဲ့ပါသည်။

ပထမအကြိမ်ရောက်စဉ်က ၁၉၉၀ ပြည့်နှစ်ဖြစ်သောကြောင့် နောက်ဆုံးကျွန်တော်ရောက်သည့် အခေါက်နှင့်ဆိုပါက ၁၇ နှစ်ကြာသည်။

ပထမအကြိမ်ရောက်စဉ်က မလေးရှားသို့ မြန်မာများလာရောက် အလုပ်လုပ်ကိုင်နေသူ မြန်မာအလုပ်သမားခြောက်သောင်း (၆၀၀၀၀)ရှိသည်ဟုဆိုသည်။ ထိုစဉ်က ကျွန်တော်သည် -

- ဖွံ့ဖြိုးကြီးထွား မလေးရှား
- ဇန်ကောက်မှ မလေးကိုဖြတ်၍ စင်ကာပူသို့
- ပီနန်ဆရာတော်နှင့် ပီနန်ကျောင်း

အစရှိသော စာအုပ်များကို ရေးသားခဲ့ပါသည်။

❒ ❒ ❒

www.foreverspace.com.mm

# အခန်း (၂)

## ပုတုရားယား အဝေးပြေးကားဂိတ်ကြီးမှာ

ကျွန်တော်သည် ၁၉၉၈ခုနှစ်မှစ၍ ၂၀၀၈ခုနှစ်အထိ အနာကြီးရောဂါရှာငါးရှာ၏ ပညာရေးထောက်ပံ့မှု လုပ်ငန်းနှင့် တကောင်းမှ ပျူအထောက်အထားရှာဖွေသည့် ကိစ္စနှစ်ရပ်ကို ဖောက်ချလုပ်ကိုင်နေသောကြောင့် ဆယ်နှစ်လုံးလုံး နိုင်ငံခြားသို့ မထွက်ဖြစ်ဘဲရှိ၏။

အခုတော့ သားဖြစ်သူက စင်ကာပူတွင် ပညာသင်ကြား လျက်ရှိရာ သူကဘွဲ့ယူတော့မည်ဖြစ်၍ သားလေးပညာသင်နေတုန်း မှာ သူ့ဆီအလည်မရောက်ဖြစ်လေခြင်းဟု မဖြစ်ရလေအောင် သားထံတစ်ခေါက် အလည်သွားကြရအောင်ဟုဆိုကာ ကျွန်တော်တို့ ဇနီးမောင်နှံ စင်ကာပူသို့ ထွက်ခဲ့ကြပါသည်။

ကျွန်တော်တို့ဇနီးမောင်နှံက ပီနန်တွင် မိတ်ဆွေတွေတစ်ပုံ ကြီးရှိသည်။ ပီနန်မှမိတ်ဆွေများနှင့် မတွေ့ရတာလည်း ၁၀ နှစ်

www.foreverspace.com.mm

လောက်ရှိပြီမို့ စင်ကာပူရောက်မှတော့ ပီနန်သွားကြရအောင်ဟုဆိုကာ စင်ကာပူမှ မလေးရှားသို့ ထွက်ခဲ့ကြသည်။

ပီနန်ကျွန်းသည် မလေးရှားနိုင်ငံ၏ ပြည်နယ်တစ်ခုဖြစ်သည်။

ပီနန်ကျွန်းသည် အလွန်သာယာ၍နေချင့်စဖွယ်ကောင်းသော မြို့ဖြစ်သည်။ ပီနန်ကျွန်းသည် ရှေးနှစ်ပေါင်းများစွာကပင် မြန်မာတို့နှင့် အဆက်အစပ်ရှိသောမြို့ဖြစ်သည်။ ပီနန်ကျွန်းရှိ အရှည်ဆုံးလမ်းမကြီး၏အမည်သည်ပင်လျှင် BURMA (MYANRMAR) ROAD မြန်မာလမ်းဟုအမည်ပေးထားသည်။

ပီနန်၌ကျွန်တော်ရှိစဉ် ကွာလာလမ်ပူမှ ကိုကျော်ဝင်းနှင့် တွေ့သည်။ ကိုကျော်ဝင်းက ကွာလာလမ်ပူတွင် စာပေဟောပြောပွဲတစ်ရပ်ပြုလုပ်လိုပါသည်။ ထို့ကြောင့် ကျွန်တော့်အနေနှင့် KL (ကွာလာလမ်ပူ)သို့ ကြွရောက်ကာ KL မှလူတွေနှင့်လည်း ဆွေးနွေးလိုပါသည်၊ ပီနန်မှစင်ကာပူသို့အပြန် KL သို့ ဝင်လာခဲ့ပါ။ သူတို့စောင့်နေပါမည်ဟုဆိုသည်။

နိုင်ငံတကာတွင် စာပေဟောပြောပွဲပြုလုပ်လိုသော အကြံအစည်က ကျွန်တော့်တွင်ရှိသည်။ ကာလရာသီတစ်ခုကို စာပေရာသီဟုတစ်မျိုးသားလုံးက သတ်မှတ်ပြီးစာပေဟောပြောပွဲများကို နိုင်ငံတစ်ဝှမ်း ပြုလုပ်သည့်အလေ့အထရှိသောနိုင်ငံသည် မြန်မာတစ်နိုင်ငံတည်းသာရှိသည်။

ထိုအလေ့အထကို မြန်မာများရှိသော နိုင်ငံအသီးသီးသို့ ပျံ့နှံ့စေလိုသောကြောင့် ကျွန်တော်သည် အမေရိကန်နိုင်ငံ လော့အိန်ဂျလိစ်မြို့သို့ရောက်ရှိနေသော ဆရာဘီဟန်စိန်နှင့်ညှိ၍ ၁၉၉၇-၉၈ လောက်ကအမေရိကန်တွင် စာပေဟောပြောပွဲ ပြုလုပ်ရေးအတွက် ကြိုးစားခဲ့ဖူးပါသည်။ သို့သော်လည်း မအောင်မြင်ခဲ့ပါ။

www.foreverspace.com.mm



ထိုနောက် ထိုင်းနိုင်ငံတွင်လည်း ကြိုးစားခဲ့သည်။ ထိုကြိုးစားမှုကလည်း မဖြစ်မြောက်ခဲ့သောကြောင့် ယခု KL တွင် စာပေဟောပြောပွဲ ထမြောက်အောင်ကြိုးစားမည်ဟု ရည်မှန်းချက်ထားရှိကာ KL သို့ မရောက်သည်မှာလည်း ၁၀နှစ်ကျော်ရှိပြီဖြစ်၍ ကြိုဖြစ်အောင်ကြိုပါ၊ ကျွန်တော်လာမည်ဟု ကိုကျော်ဝင်းကို ပြောရသည်။

ကိုကျော်ဝင်းက ကြိုပါမည်ဟု ကတိပေးသည်။

ကျွန်တော်သည် KL သို့အဝင် အတွေ့အကြုံရှိဖူးသည်။

KL သို့ ညရောက်သွားပါက ကြိုသူလည်းခက်သည်။ တစ်ဖန် ကိုကျော်ဝင်းက KL ၌ အလစ်သုတ်တာ များသည်။ တစ်ခါ တစ်ရံလက်ထဲက ပိုက်ဆံအိတ်ကို အတင်းဆွဲပြေးသည်။ မှောင်ရိပ်ခို၍ လုသည်ဟုဆိုသောကြောင့် KL အဝင်ကို စိုးရိမ်သည်။ ထိုကြောင့် KL သို့ နေရောင်လေးနှင့်ရောက်သွားအောင် ပီနန်KL အဝေးပြေးကားလက်မှတ်ကို ပီနန်ကွန်တာ KOMTER TOWER အောက်မှ ဝယ်ပြီး ကျွန်တော်တို့ဇနီးမောင်နှံ KL သို့ထွက်လာခဲ့ပါသည်။ KL မှ ကျွန်တော်တို့ထွက်လာတော့ ကျွန်တော့်မိတ်ဆွေ ယခုအပတ် ကျွန်တော်တို့ပီနန်မှ KL သို့ရောက်လာခဲ့သောနေ့က ၁၄-၇-၂၀၀၇ ခုနေ့ဖြစ်၏။ Air-Con Bus ကြီးက သိပ်မအေးသောကြောင့် တော်သေးသည်။ လမ်းတွင်အပေါ့အပါးသွားရန် နှစ်ကြိမ်လောက် ရပ်ပေးသည်။

ထိုနောက် KL သို့ညနေ ဖြနာရီလောက်တွင်ရောက်သွားသည်။ ကားသည် ပုတုရာယားအဝေးပြေး ကားဂိတ်ကြီးတွင်ပင် ခရီးလမ်းဆုံးသည်။ ကားဂိတ်ကြီးက အလွန်မှစည်ကားသည်။ ကားများအားလုံးက အဝေးပြေးဘတ်စ်ကားကြီးများချည်းဖြစ်ရာ ထိုကားဂိတ်ကြီးထဲသို့ အဝင်အထွက်ကျွမ်းကျင်စွာမောင်းပြီး ဝင်ထွက်နေကြသည်။

www.foreverspace.com.mm

ကားပေါ်မှဆင်းပြီး ကျွန်တော်တို့သည် ပုတုရာယားကားဂိတ် အပေါ်ထပ်သို့ တက်လာသည်။ အပေါ်ထပ်တွင် ခရီးသည်များ၊ ဈေးသည်များ၊ ကားလက်မှတ်ရောင်းသည့်ကောင်တာများနှင့် တိုးမပေါက်အောင်ရှိသည်။

ဒီလောက်များပြားလှစွာသော လူများအကြားတွင် လာကြိုသူကိုတွေ့ဖို့က အလွန်ခက်သည်။ ကျွန်တော်တို့ ပုတုရာယားကားဂိတ်သို့ရောက်နေကြောင်းကို ကိုကျော်ဝင်းထံ အကြောင်းကြား ဖို့လိုသည်။

ထိုကြောင့် ဖုန်းဆက်ရန်ကြိုးစားရသည်။ တယ်လီဖုန်းများ တန်းစီထားရှိသော်လည်း ကျွန်တော်တို့တွင် ဖုံးကတ်လည်းမရှိ၊ အကြွေလည်းမရှိ၍ဆက်မရ။ ကျွန်တော်သည် ဖုံးကတ်တစ်ခုဝယ်ပြီး ကြိုးစားဆက် ကြည့်သေးသည်။ သို့သော်လည်း မရ။

ကျွန်တော့်ဘေးမှ အမျိုးသမီးတစ်ဦးက အားရပါးရစကားပြောနေ၍ သူမစကားပြောပြီးသည် အထိစောင့်ကာ ကျွန်တော့်အားဖုန်းခေါ်ပေးရန် မေတ္တာရပ်ခံရသည်။ မေတ္တာရပ်ခံရင်း ကျွန်တော့်ဇနီးကိုလည်း လှည့်ကြည့်ရသေးသည်။ လူပျောက်သွားမှာ၊ လူချင်းကွဲသွားမှာ စိုးရသည်။

ကျွန်တော်မေတ္တာရပ်ခံသောအမျိုးသမီးက အင်ဒိုနီးယားအမျိုးသမီးဖြစ်၍တော်သေးသည် သူ့အကြွေစေ့နှင့် ခေါ်ရာရသည်။ တဘက်မှ ကိုကျော်ဝင်းအသံကြားရပြီး ဖုန်းကပြတ်ကျသွားသည်။ ကျွန်တော်ဆက်၍ ရနေပြီဆိုပြီး အင်ဒိုနီးရှားအမျိုးသမီးက ထွက်သွားသည်။ သူမထည့်ပေးခဲ့သော အကြွေစေ့ကလည်း ကျသွားသည်။

ကျွန်တော်က ဘာလုပ်ရမှန်းမသိ၍ တယ်လီဖုန်းအားတစ်ချက်နှစ်ချက် ပုတ်လိုက်ရာ အကြွေစေ့ လေးငါးစေ့ဖုန်းထဲမှပြန်ထွက်လာသောကြောင့် ကျွန်တော့်အတွက် တယ်လီဖုန်းဆက်ရန်

www.foreverspace.com.mm

အကြွေလုံလောက်သွားပါသည်။ နောက်ဖုန်းအသစ်တစ်လုံးနှင့် ပြောင်း၍ဆက်ရာ ကိုကျော်ဝင်းနှင့် ဆက်၍ရသည်။

"ကိုကျော်ဝင်း၊ ကျွန်တော်တို့ ပုတုရားယားအပေါ်ထပ်ကို ရောက်နေပြီ"

"ဆရာ . . ကျွန်တော် အခုဂျိုးဟိုဘက်ရောက်နေလို့ လာကြိုမယ့်လူလွှတ်လိုက်ပါမယ်"ဟုဆိုသည်။ ကျွန်တော်တို့ ဇနီးမောင်နှံမှာ စောင့်နေရုံမှတစ်ပါး အခြားလမ်းမရှိ။ ကျွန်တော်သည် လူတွေခြေခြင်းလိမ်နေသော ပုတုရားယား အပြည်ပြည်ဆိုင်ရာ ကားဂိတ်ကြီးတွင် အချိန်ကလည်း တစ်စတစ်စမှောင်ကားတွေ ကလည်း တစ်စီးပြီးတစ်စီးဝင်လိုက် ထွက်လိုက်၊ လူအုပ်ပမာဖြစ်နေရာ ကျွန်တော်သည် ဘုရားစာရွတ်နေရုံမှတစ်ပါး အခြားလမ်းမရှိတော့။

ကျွန်တော်တို့သည် ပုတုရားယားကားဂိတ်၏ အလယ်ခေါင် လည်းဖြစ်၊ လူသွားလူလာလည်းရှင်းသော မြင်သာထင်သာရှိသည့် နေရာတစ်ခုတွင်ရပ်စောင့်နေရသည်။ ကိုကျော်ဝင်းက သူ့မိတ်ဆွေ တစ်ယောက်အား ကျွန်တော်တို့ကို ကြိုဖို့ဖုန်းဆက်လိုက်မည်ဟုဆို သည်။ ထိုသို့ဆိုပါက နာရီဝက် ၄၅မိနစ်တောကြာဦးမည် ပုတုရား ယားအဝေးပြေးကားဂိတ်ကလည်း ပွဲဈေးတန်းလိုစည်ကားနေသည်။ ခရီးသွားရန် စောင့်ဆိုင်းနေသူများ၊ ကားဆိုက်၍ဆင်းလာသူများ၊ ဈေး ရောင်းသူများ၊ လာကြိုသူများအကြားတွင် ကျွန်တော်က ကိုကျော်ဝင်း လွှတ် လိုက်မည့်သူကို ကျီးကန်းတောင်းမှောက်ကြည့် နေရသည်။

တစ်နေရာတည်းမှရပ်ပြီး စောင့်နေရလို့လည်း စိတ်က မငြိမ်။

ထို့ကြောင့် အမျိုးသမီးကို အထုပ်နှင့်ထားခဲ့ပြီး ကျွန်တော်က ကားဂိတ်အပေါ်လူသွားစင်္ကြန် တစ်လျှောက်တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်လမ်းရင်း လာကြိုသည့်သူကို ရှာနေရလေသည်။

www.foreverspace.com.mm

လာကြိုကြသောသူက ကိုအောင်အောင်နှင့် ကိုတင့်ဇော်တို့ ဖြစ်သည်။ သူတို့ကလည်း ကျွန်တော်တို့ကို မမြင်ဖူးကြ၊ မြန်မာပြည် ကစာရေးဆရာဂိုက်ကိုသာခန့်မှန်း၍ လိုက်ရှာနေရသည်။ ကျွန်တော် အမျိုးသမီး ဒေါ်မော်မော်ထိုင်နေတာတွေ့တော့ ဒီအန်တီများလာဆိုပြီ ကြည့်တော့ ကျွန်တော့်အမျိုးသမီးကလည်း သူ့အထုပ်လေးကို သူ့ဘက်ဆွဲကာကပ်ပြီး ပုတုရာယားကားဂိတ်ကြီးတွင် မြင်မြင်သမျှ လူကို မယုံရဲရှာဘဲဖြစ်နေသည်။

ကိုအောင်အောင်နှင့် ကိုတင့်ဇော်တို့က တစ်ကြိမ်လှည့် အထွက်တွင် ကျွန်တော်ကလည်း သူ့တို့နှင့် မျက်နှာချင်းဆိုင်မှလျှောက် လာခိုက်နှင့်ကြုံ၍ သူတို့က ကျွန်တော့်ကို အကဲခတ်နေသည်။ ကျွန်တော် လူရှာနေမှန်းသိ၍ ကိုအောင်အောင်က

"ဆရာကြီးက စာရေးဆရာလား" ဟုအရဲစွန့်မေးလိုက်ရာ ကျွန်တော်နှင့်မှ ဒက်ထိသွားတိုးပြီး သူတို့နှင့်ကျွန်တော် မတ်တတ် ရပ်လျက်ပင် အပြန်အလှန်မိတ်ဆက်လိုက်ကြပါသည်။

"ကျွန်တော်တို့က ကိုကျော်ဝင်းလွှတ်လိုက်တာပါ။ သူက ဂျိုဟိုးဘက်မှာ ခရီးလွန်နေလို၊ သူကိုယ်တိုင် ကြိုဖို့ပြန်အလာ ခရီးတစ်ဝက်မှာပဲရှိနေလို့ ကျွန်တော့်လက်ကိုင်ဖုန်းကို လှမ်းပြောတာနဲ့ ကျွန်တော်တို့ လာကြိုတာပါ"ဟုဆိုသည်။

"လက်ကိုင်ဖုန်းတွေက သိပ်အသုံးဝင်တာပဲနော် ကိုအောင်အောင်"

"ဟုတ်ပါတယ်၊ ဒီမှာတော့ ကြိုးဖုန်းတောင်သိပ်မသုံးကြ ဘူး၊ လက်ကိုင်ဖုန်းကိုပဲ များများစားစား သုံးကြတော့ လူတစ်ယောက် ကိုဖုန်းတစ်လုံးပါပဲ၊ ဖုန်းကလည်း ကျွန်တော်တို့ကိုကူပြီးမှတ်ပေးတယ်၊ တယ်လီဖုန်းက ကူညီတာတွေကလည်း အများကြီးပါ" ဟုဆိုသည်။

www.foreverspace.com.mm

"ကဲ ကျွန်တော့်အမျိုးသမီးလည်းစောင့်နေတယ်၊ သူ့ဆီသွားကြရအောင်"ဟုဆိုကာ ကျွန်တော်က ဦးဆောင်၍ အမျိုးသမီးဆီသွားတော့ အမျိုးသမီးကလည်း သူ့အထုပ်နှစ်ခုကို လူဆွဲမည်စိုး၍ ပေါင်ပေါ်တင်ကာ စောင့်နေသည်။ ကိုအောင်အောင်က "ခုန အန်တီများ လားဆိုပြီး ကျွန်တော်တို့ ဒီနားလာသေးတယ်"ဆိုသည်။

"အန်တီကလည်း ဘယ်သူဘယ်ဝါမှန်းမသိတော့ မလှုပ်ရဲဘူးပေါ့၊ မောင်ကျော်ဝင်းက KL မှာ လုတာယက်တာအထိရှိတယ်ဆိုတော့ စိုးရိမ်ရတာပေါ့"ဟုဆိုသည်။

"စိုးရိမ်တာကောင်းပါတယ်၊ မကြာသေးခင်က ဘတ်စ်ကားပေါ်မှာ မြန်မာအမျိုးသမီးတစ်ယောက် အလုခံရလို့၊ ပြီးဘတ်(စ်)ကားပေါ်ကဆင်းသွားတာ ဘယ်သူမှကူညီမည့်သူလည်းမရှိဘူး၊ ဒီအကြောင်းလမ်းသစ်စာစောင်မှာ ဖော်ပြထားတယ်"ဟုဆိုပါသည်။

လမ်းသစ် (New Road) ဂျာနယ်ဆိုတာက မလေးရှားနိုင်ငံတွင် တစ်လတစ်ကြိမ်ထုတ်ဝေနေသော စာစောင်ဖြစ်ပါသည်။

ကျွန်တော်တို့နှင့်ပါလာသောအထုပ်များကို ကိုအောင်အောင်နှင့်ကိုတင့်ဇော်တို့က ဝိုင်းကူဆွဲကာ နာမည်ကြီး အပြည်ပြည်ဆိုင်ရာ ပုတုရားယားကားဂိတ်ကြီးမှ ထွက်ခဲ့ရပါသည်။

ကိုအောင်အောင်က မလေးသို့ရောက်နေသည်မှာ ကြာလှပြီဖြစ်သည်။ မကြာသေးမီကမှ အိမ်ထောင်ပြုရာ သူ့အမျိုးသမီးမှာ ကိုယ်ဝန်နှင့် စားသောက်ဆိုင်တစ်ဆိုင်တွင် လုပ်နေသည်ဟုဆိုသည်။

ကိုတင့်ဇော်ကလည်း နှစ်ကြီးသမားဖြစ်သည်။ သူလည်းရောက်နေတာကြာပြီဖြစ်သည်။ ကိုတင့်ဇော်က ဇော်ဗွီဒီယိုရိုက်ကူးရေး(မလေးရှား)ဟုဆိုကာ ကိုယ်ပိုင်လုပ်ငန်း ထူထောင်ထားသူဖြစ်သည်။ သူက မလေးရှား ရောက် မြန်မာများအတွက် အလှူ၊ မွေးနေ့၊

www.foreverspace.com.mm

မင်္ဂလာဆောင်အခမ်းအနားအမျိုးမျိုးအတွက် ဗွီဒီယိုရိုက်ကူး မှတ်တမ်းတင်ပေးသည်။ VCD တစ်ချပ် မလေးငွေ ၂၅ ကျပ်၊ တည်းဖြတ်ခြင်း၊ စာတန်းထိုး သီချင်း ထည့်ပေးရပါက ၇၅ ကျပ်ဟုသိရသည်။ DVD တစ်ချပ်ကိုတော့ မလေးငွေ ၄၀ ကျပ် ကျသည်။ မလေးငွေ ၁ကျပ် (1RM) သည် မြန်မာငွေ ၄၀၀ ကျပ်နှင့် တန်ဖိုးညီသည်။

သူက မလေးရှားရောက် မြန်မာတို့အတွက် ကျွမ်းကျင်မှု၊ ရိုးသားမှု၊ စေတနာထားမှုတို့နှင့် ဆောင်ရွက်ပေးနေတာပါဟုဆိုသည်။ သဘောကောင်းပွင့်လင်းသော လူငယ်တစ်ယောက်ဖြစ်ပါသည်။ လုပ်ငန်းအောင်မြင်မှုရှိသော လူငယ်တစ်ယောက်လည်းဖြစ်ပါသည်။

မလေးရှားတွင် မြန်မာတို့ ကာလရှည်ကြာနေလာကြသည်နှင့်အမျှ မလေးရှားတွင်ပင် လက်ထပ်မင်္ဂလာပြုခြင်း၊ အလှူအတန်းပြုခြင်း၊ မွေးနေ့မင်္ဂလာပြုခြင်း အစရှိသော ကိစ္စများကို မလွဲမရှောင်သာ ပြုလုပ်ကြရာ အားလုံးကို စနစ်တကျ မှတ်တမ်းတင်ပေးသူမှာ ကိုတင့်ဇော်ပင်ဖြစ်ပါသည်။

❒ ❒ ❒

www.foreverspace.com.mm

## အခန်း (၃)

## ပုတုရားယားမှ ပေလီသို့

ကျွန်တော်တို့သည် ပုတုရားယားကားဂိတ်ကြီးအတွင်းမှ ထွက်ခဲ့ကြသည်။ လျှပ်စစ်မီးများ ထိန်ထိန်လင်းနေသော်လည်း ညဦးပိုင်းချိန်အတော် မှောင်နေပြီဖြစ်သည်။ ညစနာရီလောက်တော့ရှိနိုင်သည်။

ကားဂိတ်ကြီးပေါ်က ဆင်းလိုက်တော့မှ အဝေးပြေးကားကြီးများနှင့်ပြန်တိုးနေသည်။ အဝေးပြေးကားကြီးတို့မှာ ဆိုက်သည့်ကားကဆိုက်၊ ထွက်သည့်ကားကထွက်နှင့် ရှုပ်ယှက်ခတ်နေသည်။ ကားကြီးများအကြားမှ ကားကြီးများကိုရှောင်ရင်း ပုတုရားယား ကားဂိတ်ပရိဝုဏ်မှ ကျွန်တော်တို့ရုန်းထွက်နေရသည်။ လွယ်တော့မလွယ်လှပါ။

ကားလမ်းတစ်လမ်း၊ နှစ်လမ်းကိုဖြတ်ပြီးသောအခါတွင်လမ်းရှင်းလာသည်။ ကွက်လပ်တစ်ခုတွင် ကုက္ကိုပင်ခပ်ရွယ်ရွယ် ခြောက်ပင်လောက် ဟိုတစ်ပင် ဒီတစ်ပင်ပေါက်နေသော နေရာသို့ ရောက်သည်။

www.foreverspace.com.mm



ကျောင်းလွှတ်ချိန် မလေးစာသင်ကျောင်းတစ်ကျောင်း၏ရှေ့တွင်

ကိုအောင်အောင်က "ဒီနေရာက ကျွန်တော်တို့မြန်မာတွေ စုပေါင်းတွေ့ဆုံတဲ့နေရာ၊ အချိန်းအချက်လုပ် တွေ့ဆုံတဲ့နေရာ" ဟုဆိုပါသည်။ ညအချိန်ရောက်နေပြီဖို့ ထိုနေရာတွင် လူကျိုးတိုးကျဲတဲသာ တွေ့ရသည်။ ရုံးပိတ်ရက် အလုပ်ပိတ်ရက်များတွင်ကား မြန်မာများနှင့် ကြိတ်ကြိတ်တိုးစည်ကားသောနေရာဖြစ်သည်။

ကျွန်တော်ဟောင်ကောင်ရောက်စဉ်က ဖိလစ်ပိုင်မှ ဟောင်ကောင်တွင်လာရောက်အလုပ်လုပ်သူများနှင့် တိုးမပေါက်အောင် စည်ကားသောနေရာသို့ရောက်ခဲ့ဖူးသည်။ ဓာတ်ပုံများလည်း ရိုက်ခဲ့သည်။ ဟောင်ကောင်မြို့လယ်တွင် ဖိလစ်ပိုင်အုပ်စုကြီးသည် အချို့လည်းမတ်တတ်ရပ်စကားပြော၊ အချို့လည်းဝိုင်းဖွဲ့စကားပြော နေကြသည်။ အချို့က ကော်ဇောလေးခင်း၍ဝိုင်းဖွဲ့ကာ ထမင်းစားကြ၊

www.foreverspace.com.mm

သရေ စာစားကြ၊ သတင်းဖလှယ်ကြ၊ ဖဲရိုက်ကြ၊ ခတ်ပုံရိုက်ကြ၊ သူတို့နိုင်ငံ သို့ငွေလွှဲကြ၊ လူကြုံရှာကြနှင့် ပွဲဈေးခင်းကြီးလိုဖြစ်နေသည်။ အချို့ ကလည်း ဖိလစ်ပိုင်ရိုးရာပစ္စည်းများ၊ စားစရာများ၊ အချို့အသုံးဝင် ပစ္စည်းများကို ခင်း၍ရောင်းချနေကြသည်။ ဒီကြားထဲ ဟောင်ကောင် တရုတ်အချို့က Walking Shoe များကို ပီနန်အိတ်ဖြင့်ထည့်ကာလာ ရောင်းနေကြသူများလည်းရှိသည်။ ထိုသို့ ရောင်းချရာတွင် ဈေးချို သောကြောင့် Walking Shoe တစ်အိတ် နှစ်အိတ်မှာ ပြိုက်ခနဲ ပြိုက်ခနဲ ကုန်သွားသည်။

ယခုကွာလာလမ်ပူရှိ မြန်မာများ စုဝေးတွေ့ဆုံရာနေရာ ကတော့ ဟောင်ကောင်ရှိ ဖိလစ်ပိုင်အလုပ်သမားတို့စုဝေးရာနေရာ လောက်တော့ ကျယ်ပြန့်ဟန်မရှိပါ။ ဖိလစ်ပိုင်လူမျိုးတို့သည် ပြင်ပသို့ အလုပ်ထွက်လုပ်သောအလုပ်ကို သမ္မတကြီးမားကို့စ် လက်ထက်က ပင်သူ့နိုင်ငံသားများကို ပြင်ပသို့ထွက်၍ အလုပ်လုပ်စေရာ ဖိလစ်ပိုင် နိုင်ငံသည် ပြင်ပနိုင်ငံများသို့ထွက်၍ အလုပ်လုပ်သောလုပ်ငန်းမှ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၃၁ဘီလီယံခန့် ရရှိသည် ဟုသိရပါ သည်။ ၃၁ဘီလီယံသည် အလွန်များသော ငွေကြေးပမာဏဖြစ်ပါ သည်။ တစ်ဘီလီယံသည် သန်း ၁၀၀၀ နှင့်ညီမျှသည်။

ကျွန်တော်တို့သည် ကိုအောင်အောင်နှင့်ကိုတင့်ဇော် ဦးဆောင် ၍ ကားလမ်း လမ်းကြောင်းများကိုဖြတ်ပြီး ဆက်လာခဲ့ရာ ဂျလန်စီ လန်းထိပ်သို့ ရောက်လာသည်။ 'ဂျလန်' ဆိုသည်မှာ လမ်းကိုခေါ်ခြင်း ဖြစ်၍ စီလန်းမှာလမ်းနာမည်ဖြစ်ပါသည်။ ဂျလန်စီလန်းကို ဂျလန်တွမ် တန်ဆွီဆင်ဟုလည်း ခေါ်ကြောင်းသိရသည်။

ထိုလမ်း၏ပခုံးတစ်ဖက်တစ်ချက် ပလက်ဖောင်းတစ်လျှောက် တွင် လူတွေက အကျပ်အသိပ်ရှိကာ မျက်နှာချင်းဆိုင်တွင် ဥဒဟို

www.foreverspace.com.mm

လျှောက်နေသော လူများကလည်း ပလက်ဖောင်းပေါ်မှ လမ်းလယ်ကောင်ကို ဖိတ်ကျလောက်အောင် များပြားနေသည်။ ကိုအောင်အောင်နှင့်ကိုတင့်ဇော်တို့က ကျွန်တော်တို့အထုပ်များကို ရှေ့ကဆွဲပြီး ဂျလန်စီလန်းလူအုပ်ထဲသို့ဝင်သွားရာ ကျွန်တော်တို့မှလည်း ပွဲဈေးတန်းတိုးသလိုပါသွားရသည်။

ပါသွားတော့ ကျွန်တော့်နားထဲသို့ မြန်မာစကားများဝင်ရောက်လာသည်။

ကျွန်တော်တို့က ရှေ့လူပျောက်မသွားအောင်လည်း တိုးရ၊ အမျိုးသမီးကအလယ်ကမို့ သူ့ကိုလည်း သတိထားရနှင့် မြန်မာစကားတွေတော့ စကားတွေပဲ ဘယ်ကထွက်နေ ဘယ်လိုကြားနေရသည်ကို ကျွန်တော်မစဉ်းစားနိုင်ဘဲရှိသည်။

မြန်မာလို မြန်မာစကား၊ မြန်မာသံတွေ ဆက်တိုက်ကြားနေတော့ ကျွန်တော်လန့်လာသည်။ ကျွန်တော်နားတွေအူပြီး မြန်မာအသံတွေ အလိုလိုထွက်နေတာလား ဟုလည်းထင်မိသည်။

ရှေ့တိုးရင်းဆက်လာတော့ တစ်နေရာတွင် ကိုအောင်အောင်ကရပ်ပြီး၊ အားလုံးကိုစောင့်နေသည်။ ကိုအောင်အောင် မှာကသူ့ကိုယ်ပိုင် ဟန်လေးရှိသည်။ ကိုတင့်ဇော်တွင်လည်း သူ့တွင်သီးခြားကိုယ်ပိုင်အမူအရာလေးရှိသည်။

ကိုအောင်အောင်က လူကွဲသွားမှာစိုး၍စောင့်တာဖြစ်သည်။

စောင့်တာကလည်း ကြာရှည်ရပ်စောင့်နေ၍မရ။ နောက်ကလာသူတွေက တိုးနေသည်။ ရပ်စောင့်နေစဉ် ကျွန်တော်ကကိုအောင်အောင်အား "ကိုအောင်အောင် ကျွန်တော့်နားထဲမှာ မြန်မာအသံတွေပဲ ကြားနေရတယ်"ဟုဆိုလိုက်သည်။

www.foreverspace.com.mm

"ကြားမှာပေါ့၊ ဒီလူတွေအားလုံးက မြန်မာတွေချည်းပဲလေ"

"ဘယ်လူတွေလဲ"

"ဒီလမ်းတစ်လျှောက်လုံး တိုးဝှေ့သွားလာနေတဲ့ လူတွေက မလေးတွေမဟုတ်ဘူး၊ မလေးကိုရောက်နေတဲ့ မြန်မာတွေပဲ ဆရာကြီး"

"မလေးကိုရောက်နေတဲ့ လူတွေက ဒါလောက်ပဲများလား"

"ဒီနေရာက KL ရဲ့မြို့လယ်ခေါင်လည်းဖြစ်၊ မြန်မာတန်း လည်းဖြစ်တယ်၊"

"မြန်မာတန်းဆိုတာဘာလဲ ကိုအောင်ရဲ့" ဟုဆိုတော့ ကိုတင့်ဇော်က "မြန်မာတန်းဆိုတာ၊ ကမ္ဘာ့မြို့ကြီးတွေမှာ တရုတ်တန်း ရှိသလို မြန်မာဆိုင်တွေဖွင့်ပြီး ဈေးရောင်းတဲ့ မြန်မာတန်းပေါ့ ဆရာကြီးရဲ့"ဟုဆိုသည်။ သည်တော့မှ မော့်ကြည့်လိုက်တော့ မှန်ပါ သည်။ ဂျလန်းစီလန်းတစ်လျှောက် မြန်မာဆိုင်းဘုတ်များနှင့် ပြည့်နေသည်။ ကျွန်တော်သတိထားမိသလောက် ဂျလန်စီလန်းတစ် ဝိုက်တွင်တွေ့ရသော မြန်မာပိုင် စားသောက်ဆိုင်၊ အခြားဆိုင်များ၊ ဝန်ဆောင်မှုဆိုင်းဘုတ်များကာ

- အိုအေစစ်မြန်မာစားသောက်ဆိုင်နှင့် ဝန်ဆောင်မှုလုပ်ငန်း၊
- ငပလီမြန်မာစားသောက်ဆိုင်၊
- ဒဏ္ဍာရီကုန်ပစ္စည်းပို့ဆောင်ရေးနှင့် အထွေထွေအကျိုး ဆောင်လုပ်ငန်း၊
- သော်တာနဒီ အင်တာနက်စင်တာ၊
- မောရှမ်းမြေစတိုးနှင့် စားသောက်ဆိုင် အစရှိသော ဆိုင်များဖြစ်သည်။ ထိုလမ်းအနီးတွင်ပင် ဂန္ဓဝင်စား

www.foreverspace.com.mm




**Mum's Place စားသောက်ဆိုင်တွင်**
**မြန်မာအလုပ်သမားများနှင့်အတူ မြန်မာစာရေးဆရာများ**

သောက်ဆိုင်၊ ဇေယျာစားသောက်ဆိုင်၊ အိန္ဒြာ၊ ခန်းမြင့်၊ ရွှေတောင်တန်း အစရှိသော ဆိုင်ကြီးများလည်း ရှိသေးကြောင်းသိရသည်။

တရုတ်တန်းလို ကွာလာလမ်ပူမြို့လယ်ကောင်တွင် မြန်မာဆိုင်တန်းကြီးကိုတွေ့ရ၍ ကျွန်တော်သည် ဂုဏ်လည်းယူ၊ ဝမ်းလည်းသာသည်။ ဝမ်းသာတာက ယခုလိုဆိုင်းဘုတ်များတင်၍ ကြွားကြွားဝင့်ဝင့် ဆိုင်များ ဖွင့်ထားခြင်းသည် မြန်မာတို့ခိုးကြောင်ခိုးဝှက်ပြုလုပ်နေတာမဟုတ်။ ဒါမလေးရှားနိုင်ငံ၏တရားဥပဒေနှင့်အညီ ဖွင့်လှစ်ရောင်းချနေခြင်းသည် နိုင်ငံတကာနယ်ပယ်သို့ မြန်မာတို့ တရားဝင်

www.foreverspace.com.mm

ဝင်ရောက်ထိုးဖောက်ခြင်း၏ အောင်ပွဲဖြစ်သည်။ မြန်မာတွေ အခု လောက်ကြိတ်ကြိတ်တိုးနေရလောက်အောင်ရှိနေတာကိုလည်း အံ့အားသင့်မိသည်။ မြန်မာတွေ ဘယ်အချိန်က KL ၏မြို့အချက် အခြာနေရာတွင် ဒါလောက်စည်ကား၊ ဒါလောက်နေရာတွေယူထား ကြတာကိုလည်း ဝမ်းသာပီတိဖြစ်မိသည်။

ဂျလန်စီလန်းတွင် မြန်မာတွေ ဘယ်လောက်များသလဲ ဆိုတော့ ကျွန်တော့်မိတ်ဆွေ မလေးနိုင်ငံသား တရုတ်တစ်ယောက်က ကျွန်တော်တို့နိုင်ငံခြားသွားချင်ရင် မြန်တယ်၊ ဂျလန်စီလန်းထဲဝင် လိုက်ရင် တစ်လမ်းလုံး မြန်မာတွေချည်းဖြစ်နေလို့ အဲဒီလမ်းထဲမှာ ကျွန်တော်တို့က နိုင်ငံခြားသား ဖြစ်သွားရောဟုဆိုပါသည်။

ဒီဆိုင်တွေနှင့်မြန်မာတွေအကြောင်း ထပ်၍လေ့လာဦးမည် ဟုဆိုကာ အတွေးကိုဖြတ်၍ ကိုအောင်အောင်နှင့်ကိုတင့်ဇော်တို့၏ နောက်သို့ ဆက်လိုက်ရသည်။ တိုးဝှေ့ရင်း ဂျလန်စီလန်းအလယ် လောက်ရောက်တော့ ကိုတင့်ဇော်မှ ဒီလှေကားကနေ အပေါ်ထပ် ကိုတက်ရမည်ဟုဆို၍ ကြည့်လိုက်တော့ "ငပလီ စားသောက်ဆိုင်" ဆိုသော ဆိုင်းဘုတ်ကို တွေ့ရသည်။

ထိုဆိုင်းဘုတ်လမ်းညွှန်သည့်အတိုင်း အပေါ်ထပ်သို့တက် သွားတော့ ပထမထပ်အရောက်တွင် ငပလီ၏ စားသောက်ဆိုင်ခန်းမ ပထမအထပ်ကိုတွေ့ရသည်။

"အဲဒါမြန်မာတွေချည်းပဲ"ဟု ကိုတင့်ဇော်ကဆို၏။

ကျွန်တော်က တံခါးလေးကိုဟကာ အတွင်းသို့ခေါင်းလေးငဲ့ ပြီးကြည့်လိုက်တော့ အခန်းထဲတွင် စားပွဲ ၂၀လောက် ခင်းထားသည်။ စားပွဲတစ်ခုတွင် လူလေးယောက်မှ ခြောက်ယောက်၊ ခုနစ်ယောက် လောက်အထိဝိုင်းဖွဲ့ စားသောက်နေရာ ဝိုင်းတိုင်းတွင် ဘီယာ

www.foreverspace.com.mm

သောက်နေကြသည်ကို တွေ့ရသည်။ "မြန်မာတွေ ကွာလာလမ်ပူတွင် ဆက်ရက်မင်းစည်းစိမ် ရနေကြတာပါလား"ဟုဆိုကာ ကျွန်တော်တို့ နောက်တစ်ထပ် တက်သွားတော့ ထိုအထပ်ကတော့ ပြင်ဆဲဆင်ဆဲ ဖြစ်သည်။

ကျွန်တော်တို့ နောက်တစ်ထပ်ဆက်တက်တော့ ဒီအခန်းမှာက ဧည့်သည်ထိုင်ရန် ဆက်တီထိုင်ခုံများလည်းရှိသည်။ ပါတိတ်ရှပ်အင်္ကျီ၊ ဖိနပ်မှအစ အမယ်စုံသည့်စတိုးဆိုင်လေးကိုလည်း တွေ့ရသည်။ စတိုးဆိုင်နှင့်အတူ ဆံသအလှပြင်ဆိုင်ကိုလည်း ဖွင့်ထားသေးသည်။

ငပလီဆိုင်က ကိုသန့်ဇော်၏ဆိုင်ဟုဆိုသည်။ ကိုသန့်ဇော်ကလည်း လူငယ်တစ်ယောက်ပင်ဖြစ်သည်။ ကိုအောင်အောင်က ကျွန်တော်တို့ကို ကိုသန့်ဇော်နှင့်မိတ်ဆက်ပေးသည်။ ကိုသန့်ဇော်က ကျွန်တော်တို့ဇနီးမောင်နှံကို ချက်ချင်းသူ့ဧည့်သည်အဖြစ် လွှဲပြောင်းလက်ခံကာ

"အန်ကယ်နဲ့အန်တီတို့လာမယ်ဆိုလို့ ကျွန်တော်တို့စောင့်နေကြတာပါ"ဟုဆိုသည်။

သူ့အသံက ခပ်အက်တက်တက်၊ အေးအေးဆေးဆေး ဖြစ်သည်။ ကိုသန့်ဇော်သည် မည်မျှအရေးကြီး အမြန်လိုသောကိစ္စကို မဆို ပုံမှန်အသံမှန်နှင့် တည်တည်ငြိမ်ငြိမ် ပြောနိုင်သူဖြစ်သည်။ လေ့ကျင့်ထားသလိုပင်ရှိသည်။

ကိုသန့်ဇော်အသက်သည် ၃၀ မှ ၄၀အတွင်းရှိသော်လည်း ဘဝအတွေ့အကြုံအတော်လေးရှိနေပုံရသည်။ မိမိဘဝတွင် တွေ့ကြုံခဲ့ရသော လောကဓံတရားကိုလည်း တည်တည်ငြိမ်ငြိမ်ပင် ဖြတ်ကျော်ထားဟန်တူပါသည်။

www.foreverspace.com.mm

ကျွန်တော်က “KL စာပေဟောပြောပွဲတစ်ရပ်ပြုလုပ်မည်ဆို၍ ဝမ်းသာကြောင်းနှင့် ယခု KL တွင် ထုတ်ဝေနေသော လမ်းသစ်ဂျာနယ်ကိစ္စ၊ တွေ့မြင်ခဲ့ရသော မြန်မာဆိုင်များကိစ္စကိုပြောတော့ ကိုသန့်ဇော်က

“စာပေဟောပြောပွဲနဲ့ ပတ်သက်လို့ ကျွန်တော်တို့စီစဉ်ထားတာ အားလုံးအန်ကယ့်ကို တင်ပြပါမယ်၊ အန်ကယ်တို့လည်း ခရီးပန်းလာတယ်။ ခေတ္တနားပါ၊ ကျွန်တော်တို့ခေတ္တနားပြီး ထမင်းစားကြရအောင်ပါ”ဟုဆိုသည်။

ယခုလူငယ်များနှင့်က ကျွန်တော်နှင့် ယခုမှစတွေ့သူချည်းဖြစ်သည်။ လူငယ်များဖြစ်၍ သူတို့၏ ရင်တွင်း၌ ရိုးသားမှုရှိနေတာကို ကျွန်တော် ယုံကြည်သည်။ သူတို့၏ရင်ထဲ၌ ကွာလာလမ်ပူတွင် စာပေ ဟောပြောပွဲတစ်ရပ် ဖြစ်စေချင်တာကို ကျွန်တော်သိနေသည်။ ကျွန်တော်ကလည်း မြန်မာနိုင်ငံပြင်ပတွင် စာပေဟောပြောပွဲတစ်ရပ်ဖြစ်စေလိုသောစိတ်က ထက်သန်နေပါသည်။

ကိုတင့်ဇော်က သွက်သွက်လက်လက်ရှိသည်။ ကိုသန့်ဇော်နှင့်စရိုက်ချင်း နည်းနည်းကွဲသည်။ ကိုတင့်ဇော်က စိတ်ကူးတာနဲ့ပါးစပ်ကပြောတာသည် တစ်ပြိုင်နက်တည်းဖြစ်သည်။ စကားပြောရာတွင် စဉ်းစားချိန်သိပ်မပေး၊ မြန်မြန်ပြော မြန်မြန်လုပ် မြန်မြန်ပြီးစေလိုသော စရိုက်ရှိသည်။

ကိုကျော်ဝင်းကိုကြည့်ရတာက ဝန်ထုပ်ဝန်ပိုးကြီးထမ်းပြီး ခရီးရှည်ချီတက်လာသူနှင့်တူသည်။ သူ့ကိုက ကြည့်ရတာ ပင်ပန်းနေဟန်ရှိသည်။ သူသည် စာပေသမား၊ ဗုဒ္ဓရှင်တော်ဘုရားကို သက်ဝင်ယုံကြည်သူ ဖြစ်သည်။ သတ်သတ်လွတ်စားသည်။ သူ့စာစောင်လေးဘောမသီရန်မခ ရှင်သန်စေလိုသောဆန္ဒသည် သူ့ဘဝ၏တစ်စိတ်

www.foreverspace.com.mm

တစ်ဒေသဖြစ်သည်။ ထိုစာစောင်လေးကို သူဘဝတစ်စိတ်တစ်ဒေသ ပေးထားပါသည်။

တစ်ချက်ကောင်းတာက ထိုလူငယ်များအားလုံး အရက်မသောက်ကြ၊ တစ်ဦးကိုတစ်ဦး လေးစားကြသည်။ ကိုကျော်ဝင်း၊ ကိုသန့်ဇင်၊ ကိုအောင်အောင်၊ ကိုတင့်ဇော် သူတို့ အားလုံးတွင် ရင့်ကျက်သော အတွေ့အကြုံကိုယ်စီရှိကြသည်။

ကိုကျော်ဝင်းတို့ မလေးတွင်ထုတ်ဝေနေသော လမ်းသစ်ဂျာနယ်မှာ ရည်ရွယ်ချက်အားဖြင့် မလေးရောက် မြန်မာများ၏ သတင်းများကို ဦးစားပေးဖော်ပြရန်၊ သူတို့အတွက် သူတစ်ပါးနိုင်ငံတွင် ဆောင်ရန်ရှောင်ရန်များကိုသိရန်၊ မလေးရှားနိုင်ငံရောက် မြန်မာလူငယ်များ ကလောင်သွေးရန်၊ စာပေနှင့်နီးစပ်ရန် အစရှိသော ရည်ရွယ်ချက်များရှိပြီး နိုင်ငံရေး မပါဝင်ပါ။ ကျွန်တော်က သူတို့ကို အားပေးရသည်။

မလေးရှားနိုင်ငံတွင် မြန်မာဦးရေက နည်းလှတော့သည်မဟုတ်။ ထိုမြန်မာများအတွက် မြန်မာဂျာနယ်စာစောင်များ လိုအပ်သည်။ မြန်မာနိုင်ငံမှစာစောင်များတော့ သူတို့ဆီရောက်သည်။ သို့သော် သူတို့၏မျက်မှောက်ဘဝနှင့် မျက်မှောက်ပြဿနာများ မပါဝင်ကြ။ မလေးနှင့်စင်ကာပူတွင် ထိုကဲ့သို့ထုတ်ဝေနေသော စာစောင် သုံးစောင် တွေ့ရသည်။ တစ်စောင်က စင်ကာပူမှ ဒေါက်တာခင်မောင်လွင်ထုတ်ဝေသည့် ရွှေမြန်မာစာစောင်ဖြစ်၍ အခြားတစ်စောင်မှာ မလေးရှားမှပင်ထုတ်ဝေသော Smart Time စာစောင်ဖြစ်သည်။ သူတို့သည် မလေးအစိုးရက တရားဝင်ခွင့်ပြုထားသော ပုံနှိပ်စက်၊ မလေးရှား ထုတ်ဝေသူများက ထုတ်ဝေနေသော စာစောင်များဖြစ်၍ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ထုတ်ဝေနေသည့် သန်းပေါင်း

www.foreverspace.com.mm

များစွာသော Publication ထုတ်ဝေမှုများအတိုင်း ထုတ်ဝေနေသော စာစောင်များဖြစ်ပါသည်။

ကျွန်တော်တို့သည် ငပလီရုံးခန်းတွင်ခေတ္တနားနေကြပြီး ကွာလာလမ်ပူ၏တရုတ်တန်း ဂျလန်အာလောသို့ ညစာစားရန် သွားကြသည်။ ဂျလန်အာလောသို့သွားရာတွင် KL ၏တရုတ်တန်းကို ဖြတ်ပြီး သွားရသည်။ တရုတ်တန်းတွင်လည်း မြန်မာများကို တွေ့ရသည်။ စားပွဲထိုးလည်းမြန်မာ၊ မီးဖိုချောင်သမားလည်း မြန်မာဖြစ် သည်။ တရုတ်တန်းကို ဖြတ်လာတော့ တရုတ်တန်းတွင် အချို့ဗန်းနှင့် အချို့ ဆိုင်ခင်း၍ တရုတ်နာရီ အတုမှစ၍ ခါးပတ်၊ အဝတ်အထည်၊ ဖိနပ် ပစ္စည်းမျိုးစုံရောင်းနေကြသူတို့သည်လည်း မြန်မာများဖြစ်နေသည် ကိုတွေ့ရသည်။ မြန်မာများတွေ့ကိုတော့ ကျွန်တော်တို့ကရပ်ပြီး စကားပြောရသည်။

"မလေးကိုရောက်နေတာကြာပြီလား"

"မလေးမှာ အဆင်ပြေရဲ့လား"

"မြန်မာနိုင်ငံ ဘယ်မြို့ဘယ်ရွာကလဲ"

"မိဘတွေဆီ ငွေလေးဘာလေး ပြန်ပြီးပို့နိုင်ရဲ့လား" စသည်ဖြင့် မေးမိကြပါသည်။

မလေးကိုရောက်တာ ငါးလပဲရှိသေးသူကိုတွေ့ရသလို ၅နှစ်၊ ၁၀ နှစ်၊ ၁၅ နှစ်ကြာသူများကိုလည်း တွေ့ရသည်။ အဆင်ပြေရဲ့ လားဆိုတော့ "ရန်းကန်နေရတာပါပဲ အန်ကယ်နဲ့အန်တီတို့ရယ်" ဟုဆိုသည်။ တွေ့ရသူ မလေးရောက် မြန်မာများကတော့ ဒေသအစုံမှ ဖြစ်သည်။ မြစ်ကြီးနား၊ မကွေး၊ တနင်္သာရီ၊ ဒီပဲရင်း၊ ရေဦး၊ မုံရွာ၊ ရခိုင်၊ ရှမ်းပြည်နယ်မှအစ ကျွန်တော်၏ဇာတိရွာဖြစ်သော ရစ်ကံကြီးမှ လည်းပါသည်။

www.foreverspace.com.mm

မိဘတွေဆီငွေပြန်ပို့နိုင်ရဲ့လားဆိုတော့ ပို့နိုင်ပါတယ်ဟု နေးနေးကွေးကွေးဖြေဆိုသူရှိသလို ပြုံးပြုံးကြီး လုပ်နေသူ၊ မဲ့တဲ့တဲ့ ဖြစ်သွားသူ၊ ရယ်ဖြဲဖြဲလုပ်နေသူများကိုလည်းတွေ့ရသည်။

သို့သော် သူတို့အားလုံး မြန်မာနိုင်ငံကိုလွမ်းဆွတ်တသ သတိ ရနေကြသည်မှာတော့ သေချာသည်။ ကျွန်တော်တို့ကို တွေ့တော့ "မြန်မာနိုင်ငံမှစာရေးဆရာများ"ဟုဆိုတော့ သူတို့သည် သူတို့မိဘ များကိုတွေ့သလို သူတို့ရင်းတွင်း၌ ဖြစ်ကြရသည်ကို အတိုင်းသား တွေ့မြင်ရပါသည်။

အချို့ကလည်း လမ်းလျှောက်လိုက်လာကြရင်းလက်ဆောင် ပေးကြသည်။ ဘောလ်ပင်၊ ထီး၊ ဒိုင်ယာရီစာအုပ် စသည်တို့အပြင် ကျွန်တော့်ဇနီးအား အဖိုးတန်နေကာမျက်မှန်တစ်လက် လက်ဆောင် ပေးသည်ကို တွေ့ရသည်။ဒီမြန်မာလူငယ်များနှင့် ယခုတွေ့ပြီးနောက် တွေ့ရန် ချိန်း၍မရနိုင်တော့မည်မှာသေချာသည်။ သို့တိုင် သူတို့သည် ကျွန်တော်တို့အား သူတို့မိဘများအလား-

"ဆရာ...ဆုံးမစကားတစ်ခွန်းပြောခဲ့ပါဦး"

"ဆရာကြီး၊ ကျွန်တော့်ကိုဒီစာရွက်လေးပေါ်မှာ ဆုံးမ စကားလေးတစ်ခွန်းလောက်ရေးပေးခဲ့ပါ"

စသည်ဖြင့် ပြောသူများလည်းရှိသည်။

သူတို့အား ဘယ်သူမှ ဆုံးမခြင်းအလုပ်ကိုမပြုလုပ်နိုင် သည်မှာ သေချာသည်။ မြန်မာနိုင်ငံမှာတော့ တွေ့တဲ့လူက "ဟဲ့ ဒါမလုပ်နဲ့၊ ဟိုဟာမလုပ်နဲ့" ဟု မည်သူကမဆို ပြောဆိုတတ်သည်။

"သူတို့တတွေ ဆုံးမသူပျောက်ဆုံးနေကြပါတကား"

"သူတို့မှာ မိဘနှင့် ဝေးကွာနေကြရတာပါတကား" ဟုဆိုကာ ကျွန်တော်လည်း စိတ်မကောင်းဖြစ်ရသည်။

www.foreverspace.com.mm

ကျွန်တော်တို့သည် တရုတ်တန်းမှ မနည်းရုန်းထွက်ခဲ့ရသည်။

ထို့နောက် ဂျလန်အာလောတွင် ဝင်၍ ထမင်းစားကြသည်။

ဂျလန်အာလောဆိုတာကတော့ "အာလော" ဟုအမည်ပေါက်သောလမ်း ဖြစ်ပါသည်။

ကျွန်တော်တို့ ထမင်းစားသောက်ဆိုင်တွင်လည်း မြန်မာများရှိသည်။ မြန်မာပြည်မှာအတိုင်း မြန်မာလို အော်ပြီးမှာ၍ရသည်။ ကျွန်တော်တို့ထမင်းစားသောဆိုင်တွင် စားပွဲထိုးခေါင်းဆောင်မှာ ကိုကျော်စိုးဟုခေါ်သည်။ သူက ဖော်ရွေသည်။ အလုပ်ကျွမ်းကျင်သည်။ မြန်မာအချင်းချင်းမို့ စေတနာထက်သန်နေသည်။ ကျွန်တော့်ဇနီးနှင့်က စကားတွေပြောရင်း ကိုကျော်စိုးကို မော့စ်နှင့်တူသည်ဟုဆိုကာ ကျွန်တော့်ဇနီးကခင်မင်နေသည်။

နောက်တစ်ခေါက်သွား တော့လည်း ဂျလန်အာလောသို့သွား၍ ကိုကျော်စိုးကို နှုတ်ဆက်ဖြစ်ခဲ့ ပါသည်။ ကိုတင့်ဇော်က စားကောင်းမည်ထင်သော ဟင်းများကို ရွေး၍မှာပေးသည်။ ဟင်းများအားလုံး အရသာရှိပါ သည်။ ထိုဆိုင်တွင် မက်မက်မောမော သောက်ခဲ့ရမှာ ဖန်ခါးသီးဖျော်ရည်ဖြစ်ပါသည်။

ထမင်းစားပြီး အားလုံးကိုနှုတ်ဆက်ပြန်လာပြီး တစ်ညတည်းခိုရန် တရုတ်တန်းတစ်ဝိုက်၌ ဟိုတယ်ရှာကြသည်။ ဟိုတယ်အားလုံးသည် လူပြည့်နေသည်။ ထို့ကြောင့် ကျွန်တော်တို့သည် ကိုကျော်ဝင်းနှင့် ကိုအောင်အောင်တို့ အိမ်သို့သွား၍ အိပ်ကြရသည်။

ကိုကျော်ဝင်းနှင့်ကိုအောင်အောင်တို့သည် ကျွန်တော်တို့ကို သူတို့အိမ်ဘုရားစင်ရှေ့မှာပင် အိပ်စက်ရန် နေရာချထားပေးပါသည်။ တကယ်တော့ ထိုညက မအိပ်ဖြစ်ခဲ့ကြပါ။

www.foreverspace.com.mm

ကိုကျော်ဝင်းတို့ ထုတ်ဝေနေသော စာစောင်အကြောင်း၊ မလေးရောက်မြန်မာများအကြောင်း၊ ကွာလာလမ်ပူရှိ ဘုန်းတော်ကြီးများအကြောင်း ဇာတ်စုံခင်းကာ စကားများပြောဖြစ်ကြပါသည်။

❒ ❒ ❒

## အခန်း (၄)

## ဂျလန်စီလန်းတစ်လျှောက်က မြန်မာဆိုင်တွေ

နောက်တစ်နေ့တွင်တော့ ကျွန်တော်တို့ ခပ်စောစောပင် ထကြကာ ရေမိုးချိုးပြီး နံနက်စာ လက်ဖက်ရည်နှင့် ပလာတာစားဖြစ်ကြသည်။ ပလာတာသည်ဟင်းနှင့်ဖြစ်၍ ဂျုံကောင်းသော ကြောင့် ပလာတာ စား၍ကောင်းသည်။ မလေးရှားတွင် နံပြားကလည်းစား ကောင်းသည်။ နံပြားအချပ်ကြီးများကကြီး၍ အရသာလည်းကောင်း၊ နံပြားဖင်တွင် မြန်မာမှာကဲ့သို့ နံပြားဖိုမှ မီးသွေးများ၊ မီးသွေးမှုန်များ၊ ပြာများကပ်ပေနေခြင်း လုံးဝမရှိ။

ကျွန်တော့်မှာက မြန်မာပြည်တွင် နံပြားစားတိုင်း မီးသွေးမှုန်များ၊ အမည်းများကို ဖယ်နေရသောကြောင့် စားရတာ အရသာမရှိတော့။ ထိုမီးသွေးမှုန်များ ကာဘွန်မီးကျွန်းထားတာများက အူလမ်းကြောင်းတစ်လျှောက်တွင် ကင်ဆာအထိဖြစ်နိုင်သောကြောင့် မြန်မာနိုင်ငံတွင် ကျွန်တော်သည် နံပြားမစားတာကြာပြီဖြစ်သည်။



www.foreverspace.com.mm

www.foreverspace.com.mm




**မြန်မာစားသောက်ဆိုင်များရှိရာ ဂျလန်စီလန်းလမ်းမကြီး**

www.foreverspace.com.mm

ယခု မလေးနံပြားကတော့ကြွပ်ရွပြီး ပါးစပ်တွင်ပင် အရသာ ထူးကဲကာ မီးသွေးမှုန်များကပ်မနေဘဲ ဗီတာမင်နံပြားဖြစ်နေ၍ မလေး ရောက်ခိုက် နံပြားစားဖြစ်ပါသည်။

မနက်စာစားရင်းလည်း စကားပြောဖြစ်ကြပါသည်။

မြန်မာလူငယ်များ ဘယ်နည်းဘယ်ပုံ မလေးသို့ရောက်ရှိကြ သည်ကို သူတို့ကလည်းပြောပြ၊ ကျွန်တော်တို့ကလည်း နားထောင်လို ပါသည်။

ထိုနေ့မနက် နံနက် ဇနာရီထိုးအချိန်ခန့်တွင် ကိုသန့်ဇော်က သူ့ကားနှင့်လာခေါ်ပါသည်။ မလေးတွင် လူတိုင်း၌ လက်ကိုင်ဖုန်းရှိနေ ကြသောကြောင့် ဆက်သွယ်ရလွယ်ကူသည်။

ထိုနေ့က ၁၅-၇-၂၀၀၇ နေ့ဖြစ်သည်။

ကျွန်တော်တို့သည် Time Square တွင်ဝင်၍ နံနက်စာ စားကြသည်။ ထိုမှတစ်ဆင့် ကိုသန့်ဇော်၏ ငပလီစား သောက်ဆိုင် ရုံးခန်းတွင် ခေတ္တဝင်ပြီး ကွာလာလမ်ပူမြို့လယ်ရှိ မြန်မာစားသောက် ဆိုင်ကြီးများကို လေ့လာခဲ့ကြသည်။

**သော်တာနဒီ**

ပထမဆုံး ကျွန်တော်တို့အား ကိုကျော်ဝင်း ခေါင်းဆောင် သွားသော ဆိုင်ကသော်တာနဒီဆိုင် ဖြစ်၏။ သော်တာနဒီဆိုတာက ''သော်တာ''က''လ''နဒီက''မြစ်''၊ ''သော်တာနဒီ''ဆိုတော့ ''လသာတဲ့မြစ်''ဟု အဓိပ္ပါယ်ရလေမလားမသိ။ သော်တာနဒီ ပိုင်ရှင်မှာ ကိုမြင့်အေးဖြစ်သည်။ သူရော ဇနီးဖြစ်သူရော စီးပွားရေးကို အားသွန်ခွန်စိုက် လုပ်နေကြသူများဖြစ်သည်။ သော်တာနဒီက ထမင်း မရောင်း၊ စားသောက်ဆိုင်မဟုတ်။

www.foreverspace.com.mm

သူက ခရီးသွားလုပ်ငန်းနှင့် လေယာဉ်လက်မှတ်ရောင်းသည်။ မြန်မာနိုင်ငံသို့သွားမည့် Package Tour လက်မှတ်များလည်းရောင်းသည်။ မလေးရှားမှ မြန်မာလေယာဉ်ဖြင့် ပစ္စည်းပို့ဆောင်ပေးသည်။

အခိက ခရီးသွားလုပ်ငန်းလုပ်ဆောင်ပေးသော်လည်း ကိုမြင့်အေး၏ ရုံးခန်းတွင် မြန်မာစားသောက် ဖွယ်ရာများ၊ မြန်မာပစ္စည်းများ၊ မြန်မာစာအုပ်များကို ရောင်းချသည်ကို တွေ့ရသည်။

ကိုမြင့်အေးနှင့် ကျွန်တော်သည် ကွာလာလမ်ပူတွင် ပထမအကြိမ် စာပေဟောပြောပွဲဖြစ်မြောက်ရေးအတွက် အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

ဂျလန်စီလန်တွင်အခြား မြန်မာဆိုင်များလည်းရှိသည်။

### ဒဏ္ဍာရီ

ဒဏ္ဍာရီကလည်း ဂျလန်စီလန်းပေါ်တွင်ရှိ၍ ကုန်ပစ္စည်းပို့ဆောင်သည့်လုပ်ငန်းလုပ်ဆောင်သည့် ဆိုင်ဖြစ်သည်။ ကုန်ပစ္စည်းပို့ဆောင်ခြင်းနှင့်အတူ မြန်မာမှုပစ္စည်းများလည်း ရောင်းသည်။ စာအုပ်များလည်း ရောင်းသည်။ ပိုင်ရှင်သူဌေးမည်သူမည်ဝါဖြစ်သည်ကို ကျွန်တော်မသိခဲ့ရ။

### ဂန္ဓဝင်

ဂန္ဓဝင်စားသောက်ဆိုင်ကလည်း ဂျလန်စီလန်းတစ်ဝိုက်တွင်ပင်ဖြစ်သည်။ ဂန္ဓဝင်ပိုင်ရှင်သည် ကျွန်တော်တို့၏ မိတ်ဆွေကြီးကိုနေအောင်၏ဆိုင်ဖြစ်ကြောင်းသိရသည်။ ဂန္ဓဝင်သည် KL ၏ နှလုံးသားနေရာတွင်ရှိသည်။ ရွှေမောင်နှမများအတွက် ကျယ်ဝန်းသန့်ရှင်းစွာပြင်ဆင်ထားသည်။ လေအေးစက်ခန်းမကြီးထဲတွင် ဂီတသံစဉ်များကိုခံစားရင်း စားသောက်နိုင်သည် ဟုဆိုပါသည်။

www.foreverspace.com.mm

အဝေးပြေးကားဂိတ်ကြီးဖြစ်သော ပုတုရားယားမှ ၅ မိနစ် လျှောက်ရုံဖြင့် ရောက်သောနေရာတွင် ရှိပြီး မုန့်ဟင်းခါး၊ ဘူးသီးကြော်၊ လက်ဖက်ရည်၊ ကော်ဖီရနိုင်သောဆိုင်၊ ဘိလိယက်ပါထိုးနိုင်သောဆိုင်အဖြစ် ကြော်ငြာထားပါသည်။

**ဇေယျာ**

နောက်မိတ်ဆက်ပေးဖို့ကောင်းသောဆိုင်က ဇေယျာဖြစ်သည်။ ဇေယျာက ဧရာမဆိုင်ကြီးဖြစ်၍ နေရာထိုင်ခင်းလည်းကျယ်၊ လူတွေက ကြိတ်ကြိတ်တိုး စည်ကား၍ စားသောက်စရာစုံသည်။ အရသာရှိသည်။ တိုးတိုးဖေ့ဖေ့စားနိုင်သည်။ ဒံပေါက်ကောင်းကောင်း၊ နံပြားနှင့်ပလာတာကောင်းကောင်းရသည်။ အမဲသားကို အမျှင်လေးများပြုလုပ်၍နီရဲနေအောင် ရှရှလေးကြော်ထားသည့် ဟင်းကတစ်မယ် တည်းအရသာကိုက ထပ်ကာ ထပ်ကာ စားချင်လောက်အောင်ကောင်းသည်။ ပဲပြုတ်လည်းရသည်။ ပဲတီပင်ပေါက်ကြော်နှင့်အခြားဟင်းရွက်ကြော်များလည်းကောင်းသည်။ ပိုင်ရှင်က ကိုတင်မောင်ဆွေ ဖြစ်၍ လူငယ်ပင်ဖြစ်သော်လည်း ကောင်းကောင်းစီမံခန့်ခွဲနိုင်ပုံရသည်။

**အိုအေစစ်**

အိုအေစစ်ဆိုင်သည် ဂျလန်စီလန်းပေါ်မှ စားပွဲဝိုင်းပြည့် စားသောက်သူများ စားပွဲတိုင်းပြည့် နှစ်ခြိုက်စွာ စားသောက် နေကြသောဆိုင်ဖြစ်သည်။ တရုတ်စားစရာ၊ မြန်မာစားစရာများကို လက်ရာစုံစုံလင်လင်ဖြင့်ရသော ထမင်းဆိုင်ဖြစ်၍ အိုအေစစ်၏ အရည်အချင်းက ဝန်ဆောင်မှုပထမတန်းပင်ဖြစ်သည်။ အိုအေစစ်ပိုင်ရှင်က ကျွန်တော်တို့နှင့် ရင်းနှီးသူ ဒေါ်ဖြူဖြူရှိန်ဖြစ်သည်။ ဒေါ်ဖြူဖြူရှိန်သည် တစ်ချိန်က မြန်မာ့ဂုဏ်ဆောင် အားကစားမယ်တစ်ဦးဖြစ်၍ ကိုယ်တိုင်

www.foreverspace.com.mm

ညှော်ခံကိုယ်တိုင်ချက်ပြုတ်ရောင်းချသောဆိုင်ဖြစ်၍ ဒေါ်ဖြူဖြူရှိန်ဆိုင်သို့ရောက်ပါက ခေတ္တမြန်မာနိုင်ငံသို့ ပြန်ရောက်သလို ခံစားရသောဆိုင်ဖြစ်သည်။

ဒေါ်ဖြူဖြူရှိန် ဆိုင်ကလည်း လေယာဉ်လက်မှတ်ရောင်းခြင်း၊ အလုပ်အကိုင်ရှာဖွေပေးခြင်း၊ ပါမစ်သက်တမ်းတိုးပေးခြင်း အစရှိသော လုပ်ငန်းများကို လုပ်ဆောင်ပေးသည်။

**Zaw Hi Tech လုပ်ငန်း**

ဂျလန်စီလန်းပေါ်တွင် ငပလီစားသောက်ဆိုင်နှင့်တွဲဖက်၍ Zaw Hi Tech လုပ်ငန်းကလည်း မလေး ရောက်မြန်မာများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။ သူက ရောင်စုံပုံနှိပ်လုပ်ငန်း၊ ကွမ်ပျူတာစာရွက်စာတမ်းများ၊ စာစီစာရိုက် လုပ်ငန်း၊ ပိုစတာ၊ ပြက္ခဒိန်အမျိုးမျိုး၊ ရွှေငွေအရောင်တံဆိပ်များ၊ လိပ်စာကတ်အမျိုးမျိုး၊ ရာဘာတံဆိပ်တုံးအမျိုးမျိုး၊ လုပ်ငန်းသုံး စာအုပ်မျိုးစုံ၊ ပလတ်စတစ် မျိုးစုံလောင်းပေးခြင်း၊ ဖိတ်စာရိုက်ပေးခြင်း၊ ရုပ်အင်္ကျီနှင့်ရောင်စုံတီရှပ်များပေါ်တွင် စာလုံးများပုံဖော်ပန်းရိုက်ပေးခြင်း လုပ်ငန်းများကို လုပ်ပေးသည်။

Zaw Hi Tech သည် ငပလီ၏ လုပ်ငန်းခွဲပင်ဖြစ်၍ ငပလီလုပ်ငန်းက ဆံပင်ညှပ်လုပ်ငန်း၊ အလှပြင်လုပ်ငန်းတို့ကိုလည်း လုပ်ပေးသည်။ ထို့ကြောင့် ငပလီသည် ထမင်းစားရင်း၊ အအေးခန်းတွင် အနားယူရင်း ဆံပင်ညှပ်အလှပြင်၊ လိုအပ်သောပုံနှိပ် လုပ်ငန်းအရပ်ရပ်ကို တစ်နေရာတည်းတွင် ပြုလုပ်နိုင်အောင် စတိုးဆိုင်ကိုပါ ဖွင့်ထား၍ ဈေးဝယ်သူ ရွှေမြန်မာတို့စိတ်တိုင်းကျ ဖြစ်သောနေရာလည်း ဖြစ်သည်။

www.foreverspace.com.mm



**ဂျလန်စီလန်းပေါ်ရှိမြန်မာစားသောက်ဆိုင်ကြီးတစ်ဆိုင်တွင်**

ပေလီတွင်ပင် ကိုတင့်ဇော်၏ Zaw ဗီဒီယိုရိုက်ကူးရေး လုပ်ငန်းနှင့် ဆက်သွယ်၍ ကျွမ်းကျင်မှု၊ ရိုးသားမှု၊ စေတနာထားမှု တို့ကိုရယူနိုင်သည်။

**အိန္ဒြာ**

အိန္ဒြာဆိုင်ကလည်း ဂျလန်စီလန်းတစ်ဝိုက်တွင် ဝယ်သူတို့ နှစ်ခြိုက်သော ဆိုင်တစ်ဆိုင်ဖြစ်သည်။ ပိုင်ရှင်သူဌေးကလည်း ကျွန်တော်တို့မိတ်ဆွေကြီး ကိုခင်မောင်ဝင်းဖြစ်သည်။ အရသာစုံလင်သော ဟင်းလျာမျိုးစုံရရှိ၍ အိန္ဒြာတွင် ထမင်းဟင်းစားစရာသာမက အခြားဆိုင်များကဲ့သို့ပင် ဝယ်ခြမ်းစရာများနှင့် စုံလင်သောဆိုင် ဖြစ်ပါသည်။

www.foreverspace.com.mm

ကျွန်တော်တို့သည် အိန္ဒြာသို့လည်းရောက်ခဲ့သည်။

ကျွန်တော်တို့အား ကိုခင်မောင်ဝင်းနှင့်ဇနီးတို့က ကျွန်တော်တို့ တစ်ခါမှ မစားဖူးသော အာရပ်အစားအစာဖြင့် ညစာကျွေးမွေးရာ ဟိုအာရပ် နိုင်ငံတစ်နိုင်ငံတွင်ရောက်ရှိပြီး မြည်းစမ်းရသကဲ့သို့ အရသာ ရှိသောကြောင့် ကိုခင်မောင်ဝင်းနှင့် ဇနီးတို့အားလည်း ကျေးဇူးတင်ပါ သည်။

ကျွန်တော်မှတ်မိသော ကွာလာလမ်ပူမှ မြန်မာပိုင်ဆိုင်များ၊ လုပ်ငန်းများမှာ အာရှမြေခရီးသွားလုပ်ငန်း၊ သန်းကုဋေ ဆေးဆိုးပန်း ရိုက်လုပ်ငန်း၊ နိုင်လင်း (ခ) ဂျပန်ကြီး အလုပ်အကိုင်ရှာဖွေရေး လုပ်ငန်း၊ မောသျှမ်စတိုး၊ စားသောက်ဆိုင်နှင့် အင်တာနက်ကဖေး၊ အောင်မြန်မာ စားသောက်ဆိုင်၊ ဝင်းစန္ဒာစားသောက်ဆိုင်၊ အောင်သီဟ ဇော် အလုပ် အကိုင်ရှာဖွေရေး၊ မင်းမင်း ကား၊ဆိုင်ကယ်ရောင်းဝယ်ရေး၊ ရွှေကမ္ဘာစတိုးနှင့် စားသောက်ဆိုင်၊ အောင်ရတနာစတိုး၊ စန္ဒာဝင်းဆံသ စသည်တို့ကို တွေ့ရသည်။

အခြားမြန်မာဆိုင်များသည်လည်း ကျွန်တော်ဖော်ပြသည် ထက် ပိုမိုများပြားစွာရှိနိုင်ပါသည်။ ကျွန်တော် အံ့သြသည်မှာ မြန်မာ ဆိုင်များသည် မြန်မာဆိုင်းဘုတ်ကြော်ငြာများဖြင့် ယခုကဲ့သို့ များပြား ပြည့်နှက်စွာ မလေးရှားမြေပေါ်တွင်ရှိနေခြင်းကို အံ့အားသင့်မိသည်။

မလေးရှားအာဏာပိုင်တို့က ခွင့်ပြုထားသောကြောင့် ဤဆိုင် များရှိနေခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေ ကျွန်တော် ဝမ်းသာ သည်။ တရုတ်လူမျိုးတို့သည် မိမိတို့၏မွေးရပ်မြေကို စွန့်စား၍ ရေးကြာမြင့်စွာ သောကာလကပင် ကမ္ဘာသို့ထွက်ခဲ့ကြသည်။

ပီနန်ကျွန်းမှ သူဌေးကြီးလိုဘွန်စူးသည် တရုတ်ပြည်မှ ရေ ကြည်ရာမြက်နုရာရောက်ရှိလာသော ပြည်မကြီးမှ တရုတ်အမျိုးသား

www.foreverspace.com.mm




**မလေးတို့၏ရိုးရာထမင်းသုပ် နာဆီလမတ်ကိုလည်း မြန်မာတို့အရသာတွေ့ကြသည်။**

ကြီးတစ်ဦးဖြစ်သည်။ ကွာလာလမ်ပူအနီး တောင်ပေါ်တွင်ရှိသော ဂျင်တင်းအပန်းဖြေစခန်းကို တည်ထောင်သူ သူဌေးကြီးလင်ဂိုတောင်သည် တရုတ်ပြည်ကြီးမှ ကွာလာလမ်ပူသို့ ရောက်ရှိပြီး ကွာလာလမ်ပူတွင် ကျားဘမ်းပရုတ်ဆီကို လွယ်အိတ်တွင်ထည့်၍ အော်ရောင်းခဲ့ရဖူးသူဖြစ်သည်။

ယခုမြန်မာများသည်လည်း ကမ္ဘာသို့ဘယ်ပုံစံဖြင့်ပင် ထွက်လာစေကာမူ ယခုကွာလာလမ်ပူမြို့လယ်တွင် ဆိုင်နှင့်ကန္တားနှင့် အိမ်၊ ကားနှင့် ပိုင်ဆိုင်နေထိုင်ကြသော မြန်မာလူငယ်အနည်းစုကို တွေ့မြင်ရသောကြောင့် ကျွန်တော်ဝမ်းသာသည်။ ယခုအချိန်တွင် ပြေလည်ချမ်းသာသော မြန်မာအရေအတွက် မများသေးသော်လည်း

www.foreverspace.com.mm

နောက်တော့အရေအတွက်များလာမည်ဖြစ်သည်။ ယနေ့မလေးရှား မြေပေါ်သို့ရောက်ရှိနေသော တရုတ်အမျိုးသားများနှင့် အိန္ဒိယ အမျိုးသားတို့သည်လည်း ယခုကျွန်တော်တို့ မြန်မာအလုပ်သမားများ ရောက်သလို ရောက်လာသူများသာဖြစ်ပါသည်။

သို့သော်လည်း ကျွန်တော် ဤကဲ့သို့ဆိုင်ကြီးကန္တားကြီးများ ဘယ်လိုဖွင့်ဖြစ်လာသည်ကိုသိလိုသည်။ ကျွန်တော် ၁၉၉၀ ပြည့်နှစ် ရောက်စဉ်ကပင် မြန်မာအလုပ်သမားများအားဆိပ်ကမ်းတွင် အလုပ် လုပ်နေသည်ကို တွေ့ခဲ့ရသော်လည်း ယခုကဲ့သို့ မြန်မာတွေ ထွန်းထွန်း ပေါက်ပေါက်ရှိသည်ကို မတွေ့ရသေး။

ယခုလိုတွေ့ရတော့ အားလည်းရှိသည်။

မလေးရောက်မြန်မာတိုင်းကြီးပွားစေလိုသော စေတနာ လည်းရှိသည်။ မလေးရောက် မြန်မာများ အဆင်ပြေမှုတွေရလျှင် မြန်မာတိုင်းလည်း ထိုသို့ကြိုးစားပြီး ကြီးပွားစေလိုပါသည်။

ယခု ကျွန်တော်ဤစာအုပ်ရေးသားခြင်း၏ ရည်ရွယ်ချက်မှာ မလေးရောက်မြန်မာများ နည်းမှန်၊ လမ်းမှန်နှင့် မလေးနိုင်ငံတွင် ကြီးပွားနိုင်ရေးလမ်းစကို ဖော်ထုတ်ရန်၊ ထိုအတိုင်း မလေးရောက် မြန်မာများက လိုက်နာကာ မြန်မာလူငယ်တွေ အရှေ့တောင်အာရှတွင် ကြီးပွားကြစေရန် ဖြစ်ပါသည်။ ထို့နောက် ကမ္ဘာကို ရင်ဘောင်တန်း နိုင်စေရန်ဖြစ်သည်။ တရုတ်လူမျိုးတို့သည် ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်ခေတ်တွင် နိုင်ငံခြားသို့ တရုတ်လူမျိုးများ ၈၀၀၀ ပြီး ၈၀၀၀ ထွက်သွားခဲ့ကြပြီး ဥရောပ၊ အမေရိကနိုင်ငံ၊ ဩစတြေးလျတို့ တွင်ဝင်ရောက်အခြေချကြပြီး နိုင်ငံတကာ အတွေ့အကြုံ၊ စက်မှုပညာ အတွေ့အကြုံများကိုရယူကာ ထိုအတွေ့အကြုံများနှင့် တရုတ်ပြည်ပြန် လည်ထူထောင်ရေးတွင် ရှေ့တန်းမှပါဝင်ကြိုးစားခဲ့သည်။

www.foreverspace.com.mm



ကျွန်တော်သည် ကွာလာလမ်ပူတွင် မြန်မာလူငယ်များနှင့် တွေ့တော့အားလည်းရှိသည်။ ပူတာရားယားကားဂိတ်ကြီးတွင် ရောက်စကခံစားရသလို ကြောက်စိတ်များလည်းမရှိတော့။ ဝမ်းမြောက်ဝမ်းသာလည်း ဖြစ်လာသည်။ ထူးထူးခြားခြား ရတောင့်ရခဲစိတ်ဖြစ်သော ပီတိစိတ်ကိုလည်း ခံစားလာရမိသည်။

မြန်မာ့လူ့အဖွဲ့အစည်းတွင် ဗြဟ္မာစိုရ်တရားလေးပါး ဆိုတာရှိသည်။

ဗြဟ္မာစိုရ်တရားဆိုသည်မှာ ဗြဟ္မာကြီးများကျင့်သည့် တရားဖြစ်သည်။ ထိုတရားကို ရင်ဝယ်ထား၍ ကျင့်နိုင်ပါက အထက်ဗြဟ္မာတို့နေထိုင်ရာ ဗြဟ္မာပြည်တွင် ဗြဟ္မာဖြစ်နိုင်သောတရားဖြစ်သည်။

ဗြဟ္မာစိုရ်တရား လေးပါးဆိုတာက

- မေတ္တာ
- ကရုဏာ
- မုဒိတာ
- ဥပေက္ခာ ဟုဆိုပါသည်။

မေတ္တာဆိုတာမျိုးကို ကျွန်တော့်ရင်တွင် ဖြစ်ပေါ်ခံစားနိုင်ပါသည်။ ကရုဏာလည်းဖြစ်ပေါ်ကြုံတွေ့စရာ အကြောင်းအရာများရှိသည်။

သို့သော် မုဒိတာသည် ဖြစ်ပေါ်ခံစားရဖို့ခဲယဉ်းသောစိတ်ဖြစ်သည်။ သို့သော် ကျွန်တော်သည် ယခုတော့ ကွာလာလမ်ပူမြို့လယ် ပူတာရားယားလိုနေရာတွင် မြန်မာဆိုင်များကို ယခုလိုတွေ့ရတော့ ကျွန်တော်သည် မုဒိတာစိတ်ပွားလာသည်။

www.foreverspace.com.mm

မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်လည်း တိုးပွားလာသည်။

ဂျလန်စီလန်းပေါ်တွင် ကျွန်တော်လျှောက်ရသော ခြေလှမ်းများက သွက်သွက်လက်လက်ရှိနေပါသည်။

ကိုကျော်ဝင်းက "ဆရာ၊ တခြားလူငယ်များနဲ့တွေ့ရအောင် ဝမ်းကဖေး (1 cafe) တွင် ချိန်းထားပါတယ် သွားကြရအောင်" ဟုဆို၍ ကျွန်တော်နှင့်ကိုကျော်ဝင်း ဂျပန်စီလန်းပေါ်မှ မြန်မာဆိုင်များကို လိုက်ကြည့်ရာမှ ပေလီသို့ပြန်ခဲ့ရသည်။ ပေလီသည် ကျွန်တော်တို့၏ ချည်တိုင်ဖြစ်သည်။ ပလီပထမထပ်တွင် အရောင်းခန်းမနှင့်အပြည့် မြန်မာလူငယ်များ ထမင်းစားသူစား၊ ဘီယာသောက်သူ သောက်၊ ရှိနေကြသည်။

ကျွန်တော်တို့ပေလီရုံးခန်းသို့ရောက်တော့ ကိုသန့်ဇော်အား မြန်မာဆိုင်များကိုတွေ့ရ၍ ကျွန်တော့် ရင်ထဲမှာ ဖြစ်ပေါ်ခံစားရမှုကို ပြောပြမိပါ၏။

"ဒီလောက်ခရီးကို ရောက်ဖို့ လျှောက်ခဲ့ရတာ ခရီးကြမ်းကြီး ပါဆရာရယ်" ဟု ဆိုသည်။

"ဘယ်လိုခရီးကြမ်းကြီးကို လျှောက်ခဲ့ရတာလဲ"

"ဒီနေ့ ပေလီ ပထမထပ်မှာ စားသောက်နေကြတဲ့ မြန်မာတွေပဲဖြစ်ဖြစ်၊ ဂျလန်စီလန်းပေါ်မှာ ဆိုင်ကြီး ကန္နားကြီးတွေဖွင့်ပြီး ဈေးရောင်းနေကြတဲ့ ဆိုင်ရှင်တွေပဲဖြစ်ဖြစ်၊ ကွာလာလမ်ပူမှာ အဖမ်းမခံရဖူးတဲ့သူ၊ ထောင်မကျခဲ့ဖူးတဲ့လူ မရှိပါဘူး၊ ဒုက္ခကိုရင်ဆိုင်ခဲ့ကြရတာပါ၊ မလေးရှားကိုရောက်လာတဲ့ မြန်မာတွေဟာ လေယာဉ်ပျံစီးပြီး လာကြတဲ့သူတွေရှိသလို တစ်ဝက်ဟာအောက်လမ်းကလာကြတဲ့သူတွေပါ၊ လေယာဉ်နဲ့ ရောက်လာကြတဲ့သူတွေကလည်း အဲဒီလေယာဉ်ခအပါအဝင် တစ်ခြားကုန်ကျစရိတ်၊ အခုကာလမှာဆိုရင်

www.foreverspace.com.mm

မလေးကိုလာဖို့ မြန်မာငွေ ဆယ့်နှစ်သိန်းလောက် တချို့လည်း ဒီထက် များများကုန်ကျခံပြီးမှ ရောက်လာကြတာပါ၊ အဲဒီငွေကို မြန်မာတွေ ဟာ သူတို့ရဲ့မိဘတွေရဲ့ အိမ်တွေပေါင်၊ ခြောက်ကျပ်တိုးကနေ တစ်ဆယ်တိုးအထိပေးပြီး ချေးငှားလာခဲ့ရတဲ့ သူကချေးငှားပြီးလာ ကြတာ၊ ဒီအကြောင်းတွေကို ဆရာ့ကိုကျွန်တော်တို့စုံလင်အောင် ပြောပြပါ့မယ်၊ ကွာလာလမ်ပူရဲ့မြို့လယ် ပုတုရားယားတစ်ဝိုက် ဆိုင်ပိုင်ရှင်ကြီးတွေ ဖြစ်ရလောက်အောင် ကြိုးပမ်းလျှောက်လှမ်းခဲ့တဲ့ လမ်းကြောင်းကိုလည်း ပြောပြပါ့မယ်ဆရာ" ဟု ကိုသန့်ဇော်က ဆိုပါသည်။

❐ ❐ ❐

www.foreverspace.com.mm

# အခန်း (၅)

## မလေးရှားမှာလည်း ကြိမ်ဒဏ်ရှိတယ်၊ သတိထားမှကွယ်

မလေးရှားသို့ မြန်မာအလုပ်သမားများဝင်ရောက်လုပ်ကိုင်ခဲ့ကြသည်မှာ ရှေးယခင်အခါများကတည်းက ဖြစ်သည်။ ပီနန်ကျွန်းပေါ်သို့ မြိတ်မှထားဝယ်မှ လူများသည် အင်းဝခေတ်လောက်ကပင် လာရောက်အခြေစိုက် နေထိုင်ကြသည်။ ထို့ကြောင့် ပီနန်ကျွန်း၌ ဓမ္မိကာရာမ မြန်မာဘုန်းတော်ကြီးကျောင်း၏ သက်တမ်းသည် အနှစ် ၂၀၀ ကျော်ခဲ့ပြီဟုဆိုသည်။ ထိုကာလလောက်ကပင် မြန်မာများရောက်ရှိနေထိုင်ကြသည့် သဘောဖြစ်သည်။

မြန်မာများသည် မိမိတို့ ရေကြည်ရာမြက်နုရာ ပြောင်းရွှေ့နေထိုင်ကြရာတွင် မိမိတို့ကိုးကွယ်သော ဘုန်းတော်ကြီးများကိုပါ တစ်ပါတည်း ပင့်ဆောင်လာတတ်ကြသည်။ အချို့ကလည်း ဆရာတော်ကြီးများက ဦးဆောင်ရွှေ့ပြောင်းလာကြသည်များရှိသည်။ အချို့ကလည်း ဒါယကာ၊ ဒါယိကာမများက ကြိုတင်ပြောင်းရွှေ့ပြီး

www.foreverspace.com.mm

စီးပွားဖြစ်ပါက မိမိတို့ရပ်ရွာမှ ဆရာတော်များကို ဒေသသစ်တွင် ကျောင်းထိုင်ရန် ပြန်၍ပင်တတ်ကြသည်။

၂၀၀၀ ပြည့်နှစ်ကာလလောက်အထိ လမ်းစဉ်ပါတီခေတ် တစ်လျှောက်လုံး ပီနန်နှင့်တနင်္သာရီတိုင်းသို့ မှောင်ခိုပစ္စည်း အရောင်း အဝယ်နှင့် သွားနေကြသော သင်္ဘောများ၊ စက်လှေများ အများအပြား ရှိသည်။ ထိုလှေများက လူတစ်ယောက်ကို သုံးသောင်း၊ လေးသောင်း ဖြင့်တင်ခေါ်လာတတ်ကြသည်။ တနင်္သာရီ ကမ်းရိုးတန်းမြို့များမှ ပီနန်သို့ လမ်းတွင် ၂ ညအိပ် ၃ ရက်ဆိုလျှင် ရောက်ပါသည်။

၁၉၉၅-၉၆ ခုနှစ်လောက်က မလေးရှားသို့ လာရောက် အလုပ်လုပ်ကိုင်နေကြသော မြန်မာဦးရေသည် ခြောက်သောင်းခန့်ရှိ သည်ဟုဆိုပါသည်။ ယခုတော့ မလေးရှားနိုင်ငံသို့ရောက်ရှိနေသော မြန်မာဦးရေသည် ငါးသိန်းခန့်ရှိသည်ဟု မလေးအစိုးရကိုယ်တိုင်က ခန့်မှန်းကြပါသည်။

ထိုသို့ဝင်လာကြသူများသည် တရားဝင်ရောက်ရှိလာသူများ ရော တရားမဝင်ရောက်ရှိလာသူများရှိသည်။ အထက်လမ်းမှ လာကြ သူများရော အောက်လမ်းမှ ဝင်ရောက်လာသူများပါရှိသည်။ နည်းမျိုးစုံ ဖြင့်ရောက်ရှိ လာကြသည်။

ထိုသို့ရောက်ရှိလာကြသူများသည် စက်ရုံမှ ပေးရာနေရာ၊ တိုက်ခန်းအဆောင်တို့တွင် နေကြသည်။ အချို့လည်းအခန်းငှား၍နေကြ သည်။ မြန်မာဆိုတာက ဘယ်နေရာရောက်ရောက် မြန်မာအစားအစာ ကို စားရမှတင်းတိမ်သည်။ မြန်မာပါးစပ်သည် အခြားအစားအစာများ နှင့်သိပ်အစပ်အဟပ်မတည့်။ ဒီတော့လည်း ငါးခြောက်ထောင်း၊ ချဉ်ပေါင်ကြော်၊ ငါးခြောက်ငါးခြမ်းများကို တစ်ကမ္ဘာလုံးရောက်ရာ အရပ်သို့သယ်သွားကြသည်။

www.foreverspace.com.mm



**မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူလေဆိပ်သို့တန်းစီဝင်ရောက်လာသော မြန်မာအလုပ်သမားများ**

ထိုသို့ သယ်သွားကြသည်ကို ဝေငှစားကြသည်။

အဆက်အသွယ်ရှိသူတို့က မြန်မာနိုင်ငံမှ စားစရာများကို အဆက်အသွယ်ရှိသလို ပိုမှာ၍ရသည်။ မှာ၍ရတာတွေကို ဝေငှစား ရတာများတော့ အိမ်နှင့်အဆက်အသွယ်ကောင်းကောင်း မရှိသူတို့က အားနာလာပြီး ရောင်းပါ၊ ဝယ်ပါ့မယ်၊ မြန်မာအစားအစာလေးများ ပိုမှာပေးပါဟုဆိုရာ မှုဝေရောင်းချမှု ဖြစ်လာသည်။

မြန်မာစားစရာများကို ရောင်းလို့ချလို့ရမှန်းသိလာတော့ မှုလည်းစား၊ ရောင်းတန်လည်း ရောင်းရာက ဒီနေရာမှာ ဒီလူဆီမှာ မြန်မာစားစရာရှိသည်ဟု သိလာကြသည်။

www.foreverspace.com.mm

ထို့ကြောင့် မြန်မာတွေ စုလာကြသည်။

ထိုအခါ "အစ်မရယ် ထမင်းလေးပါရောင်းပါ"

"အစ်မရယ် မုန့်ဟင်းခါးလေးပါ ရောင်းပါလား" ဟုဆိုရာ မြန်မာမှမှာယူခဲ့သော ငါးပိချက်၊ ချဉ်ပေါင်ကြော်၊ အရီးတောင်း လက်ဖက်သာမက ထမင်းရော မုန့်ဟင်းခါးပါရောင်းဖြစ်သည်။

မြန်မာဆိုတာက မုန့်ဟင်းခါးဆို အသေကြိုက်တာဖြစ်သည်။ မြန်မာပါးစပ်နှင့် မုန့်ဟင်းခါးကတည့်သည်။ အုန်းနို့ခေါက်ဆွဲလေးပါ ရောရောင်းတော့ အုန်းနို့ခေါက်ဆွဲကို မလေးလူမျိုး၊ ထိုင်းလူမျိုး၊ အခြားလူမျိုးတို့ကပါ ကြိုက်လာသည်။

ဒီလိုနှင့် မိမိတို့နေထိုင်ရာ တိုက်ခန်းလေးတွင် တနင်္ဂနွေ၊ စနေရုံးပိတ်ရက် မြန်မာအစားအစာချက်ရောင်းခြင်း၊ ဧည့်ခံခြင်းဖြစ်လာသည်။ တချို့လည်း အခန်းထဲတွင်သာမက အခန်းတစ်ပိုင်းလမ်းတစ်ပိုင်းပေါ်တွင် ချရောင်းကြသည်။

မြန်မာများက သောင်းဂဏန်းမှသည် သိန်းဂဏန်းအထိ ရောက်လာတော့ မြန်မာအစားအစာ ဝယ်လိုအားကလည်းတိုးလာသည်။ ဆေးပေါ့လိပ်၊ ကွမ်းယာ၊ မြေပဲယို၊ မြေပဲလိပ်၊ နှမ်းပျစ်ကအစ ဝယ်သူများရှိလာသည်။ မြန်မာပြက္ခဒိန်၊ မြန်မာစာအုပ်၊ မြန်မာ ပန်းချီကား၊ မြန်မာပန်းပုလက်ရာလေးများကိုပါ ဆိုင်တင် ရောင်းချလာကြသည်။

မြန်မာလူဦးရေက ပိုများလာသည်။

ထိုအခါ မလေးနိုင်ငံရှိ တရုတ်လူမျိုး၊ အိန္ဒိယလူမျိုးတို့ကလည်း စီးပွားရေးအကွက် မြင်လာကာ

"ငါက ဆိုင်လိုင်စင်လျှောက်လို့ရတယ်၊ အိမ်ဆိုင်နဲ့ဆိုဘယ်ကြီးပွားပါ့မလဲ၊ ငါ့နာမည်နဲ့ မင်းကိုဆိုင်ထောင်ပေးမယ်၊ မင်းနဲ့ငါ

www.foreverspace.com.mm

မြန်မာစားစရာ မြန်မာပစ္စည်း စပ်တူရောင်းကြရအောင်” ဟုဆိုကာ မလေးနိုင်ငံသား၊ တရုတ်၊ အိန္ဒိယလူမျိုးများပါ မြန်မာပစ္စည်း၊ စားစရာ ဆိုင်များ ဖွင့်လှစ်ရောင်းချသည့်လုပ်ငန်းတွင် ပါဝင်လာကြသည်။

မြန်မာများကလည်း အနေကြာတော့ မျက်စိပွင့်လာသည်။

မလေးရှား ရှေ့နေရှေ့ရပ်နှင့်တိုင်ပင်ကာ တရားဝင်ကုမ္ပဏီများထူထောင် လုပ်ငန်းများလုပ်ကိုင် လာကြသည်။ အနေလည်းကြာ၊ သူစကားလည်းတတ်၊ လူရည်လည်းလည်၊ ငွေကြေးစုဆောင်းမှုလည်း ရှိလာတော့ မလေးနိုင်ငံတွင် တရားဝင်ကုမ္ပဏီများ၊ လုပ်ငန်းများ ထူထောင် စီးပွားရေးလုပ်ငန်းများ လုပ်လာကြသည်။

ထမင်းဆိုင်ဖွင့်ရောင်းရုံသာမက ငွေပို့သည့်လုပ်ငန်း၊ မြန်မာတွေများလာတော့ ကိုသန့်ဇော်တို့လို ဖိတ်စာရိုက်၊ ပိုစတာလုပ်ပေးသော ပုံနှိပ်လုပ်ငန်းအရပ်ရပ်ကိုသာမက ကိုတင့်ဇော်တို့လို ဗွီဒီယိုရိုက်၊ ဒီဗွီဒီကူးပေးသော လုပ်ငန်းများအထိ လုပ်ကိုင်လာကြသည်။

မလေးနိုင်ငံတွင် မြန်မာ ၅ သိန်းခန့်ရှိသည်ဟု တာဝန်ရှိသူတို့ကပင် ခန့်မှန်းထားကြရာ ထိုအရေအတွက် လူဦးရေထက်ဝက်ကျော်က တစ်ယောက်တစ်သိန်းပဲပြန်ပို့ဦး မြန်မာနိုင်ငံသို့ တစ်လပို့သောငွေပမာဏသည် ကျပ်သိန်းပေါင်း သုံးသိန်းရှိသည်။ (ကျပ်သန်းပေါင်းသုံးသောင်း)ရှိသည်။ ကျပ်ဘီလီယံ သုံးရာမျှရှိသည်။ ထိုငွေပမာဏသည် အလွန်များပြားရာ ငွေပို့သည့်လုပ်ငန်းကလည်း ဧရာမလုပ်ငန်းကြီးဖြစ်သည်။ ငွေပို့ခက ၃% ရာခိုင်နှုန်းလောက်ရှိတော့ ဘီလီယံသုံးရာဖိုး ငွေပို့ခက နည်းလှသည့် ငွေပမာဏမဟုတ်။

မလေးရှားနိုင်ငံသို့ အောက်လမ်းမှရော အထက်လမ်းမှပါ ဝင်ရောက်နေမှုသည် တစ်နေ့လျှင် (၂၀၀) လောက်ရှိသည်။

www.foreverspace.com.mm

အထက်လမ်းမှလာသူက တစ်နေ့ ၁၀၀ ဦးရှိသည်။ အထက်လမ်းမှလာသူဆိုတာက တရားဝင်လေယာဉ်နှင့် လာသူဖြစ်ပါသည်။

လူတစ်ယောက်ကို လေယာဉ်ခက အသွားတစ်ကြောင်းတည်းဆို နှစ်သိန်းခွဲလောက်ရှိရာ လူ ၁၀၀ ဆိုပါက တစ်နေ့ လေယာဉ်စရိတ်က ၂၅ သန်းမျှရှိသည်။ ၁၀ ရက်ဆိုပါကကျပ်သန်း ၂၅၀ ရှိသည်။ ထိုပမာဏရှိသော လေယာဉ်လက်မှတ်ရောင်းသည့် လုပ်ငန်းကလည်း ဇရာမလုပ်ငန်းဖြစ်သည်။ ဒီလုပ်ငန်း များကို မြန်မာများစုဝေးရာဖြစ်သော ကွာလာလမ်ပူမြို့၏ ပုတုရားယားလိုနေရာ၊ ကိုတာရားယား နေရာတစ်ဝိုက်တွင် နေရာထိုင်ခင်းရှာ၍ ယင်းစီးပွားရေးကို ဖောက်ချလုပ်ကိုင်ခဲ့ကြသည်။

ထိုကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် မြန်မာဆိုင်များ များပြားလာကာ မြန်မာတော၊ မြန်မာတန်း၊ မြန်မာဈေးများ ဖြစ်လာခဲ့သည်။ ဤသို့ဖြင့် KL မြို့လယ်ကောင်တွင် မြန်မာအသိုင်းအဝိုင်းကြီးပေါ်ပေါက်လာသည်ဟု ကိုသန့်ဇော်ကဆိုသည်။

ဂျလန်စီလန်းပေါ်တွင် မြန်မာဆိုင်များက အနော်ရထာလမ်း (ဖရေဇာလမ်း)က အရှုံးပေးရမလို မြန်မာဆိုင်းဘုတ်များနှင့် ဝေဝေဆာဆာ ထည်ထည်ဝါဝါ ရောင်းချနေကြသည်။

မြန်မာဆိုင်များက KL မြို့လည်ကောင်တွင်သာရှိသည် မဟုတ်။ KL မြို့၏နေရာအနှံ့တွင် မြန်မာဆိုင်များရှိသည်။ မလေးနိုင်ငံ၏ မြို့ကြီးတိုင်းတွင်ရှိသည်။ ဂျိုဟိုး၊ ပီနန်၊ ဘာတာဝဒ် စသော ပြည်နယ်များတွင် မြန်မာဟင်းနံ့များ သင်းပျံ့နေပါသည်။

စင်ကာပူနိုင်ငံသည်လည်း ထိုဖြစ်စဉ်တွင် ရှောင်၍မရနိုင်ဘဲ စင်ကာပူမြို့လယ်တွင် မြန်မာဆိုင်များက တစ်စတစ်စ ကျယ်ပြန့်စွာ နေရာယူခဲ့ပြီ ဖြစ်ပါသည်။

www.foreverspace.com.mm

ထိုကဲ့သို့ မြန်မာဆိုင်များ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာသည်ကို မလေးအစိုးရကလည်း မျက်ကွယ်ပြုထားသည်မဟုတ်။ အမြဲစောင့်ကြည့်နေသည်။ မလေးအကျွရာနှင့်မဟုတ်ဘဲ မြန်မာစာ၊ မြန်မာစာလုံးနှင့်ဆိုင်းဘုတ်များ၊ ဆိုင်များကို ဓာတ်ပုံရိုက်၍ မှတ်တမ်းတင်ထားကြသည်။

မြန်မာများက မလေးရှားလူ့ဘောင်အဖွဲ့အစည်းကို မထိခိုက်သမျှ ခွင့်ပြုထားသည်။ ထို့ကြောင့် မလေးရှားနိုင်ငံကလည်း တရားမဝင်ရောင်းချသောဆိုင်များ၊ တရားမဝင် မလေးရှားနိုင်ငံတွင်ရောက်ရှိနေသူများကို မကြာခဏစီမံချက်ပြုလုပ်၍ ဖမ်းဆီးသည်။

ကိုတာရားယားတစ်ဝိုက်တွင် တစ်ခါတစ်ရံ စီမံချက်ပြု၍ မြန်မာများ နိုင်ငံခြားအလုပ်သမားများကို လမ်းများပိတ်ဆို့ဖမ်းဆီးသည်။

စီမံချက်အရဖမ်းဆီးစဉ် တရားဝင်/တရားမဝင် မခွဲခြားအားလုံး ကားပေါ်တင် ဖမ်းဆီးကာ နောက်မှတရားဝင်သူများကိုလွှတ်ပေး၍ တရားမဝင်သူများကို ရုံးတင်တရားစွဲ ပြစ်ဒဏ်ချမှတ်သည် ဟုဆိုပါ သည်။ ထိုကဲ့သို့ စီမံချက်ဖြင့် လူဝင်မှုကြီးကြပ်ရေးဌာန၊ ရဲအဖွဲ့၊ စည်ပင်စသည်တို့ ပူးပေါင်းဆောင်ရွက်သောအဖွဲ့ကို **အော်ပရာစီ** ဟုခေါ်သည်။ အော်ပရာစီဆိုသည်မှာ မလေးတွင်မတရားမဝင် နေထိုင် သူများကို စီမံချက်ပြုလုပ်ဖမ်းဆီးသောအဖွဲ့ ဖြစ်သည်။

အော်ပရာစီကို မြန်မာတို့က ကျော့ချမ်းအောင်ကြောက်သည်။ အဖေ့ထက်ပင် ကြောက်သည်ဟုဆိုသည်။ မြန်မာတို့ကလည်း အကြောင်းအမျိုးမျိုးကြောင့် တရားမဝင်နေထိုင်ကြရသူများလည်းရှိသည်။

www.foreverspace.com.mm

မြန်မာစားသောက်ဆိုင်ကြီးများကလည်း မြန်မာအကွာရာ ဆိုင်းဘုတ်လှလှကြီးများနှင့် ခမ်းခမ်းနားနား ဆိုင်ဖွင့်ရောင်းချနေပါသော်လည်း တကယ့် သူတို့ဆိုင်များကို ဝင်စစ်ပါက တရားမဝင်တာလေး တစ်ခုနှစ်ခုတော့ ရှိတတ်သည်။ တရားမဝင်တာတစ်ခုရှိလည်း ဖမ်း၍ရသည်။ တစ်ဝက်ရှိလည်း ဖမ်းဆီး၍ရပါသည်။

ထမင်းဆိုင်လိုင်စင်တော့ရှိသည်။

ထမင်းဆိုင်လိုင်စင်ရှိရုံဖြင့် အရက်ရောင်း၍မရ။ မြန်မာဆိုင်များက ဘီယာတော့ တင်ထားကြသည်။ မလေးတွင် မလေး ဘီယာဟုသီးသန့်ကားမရှိ။ ဟင်နီကင်၊ တိုက်ဂါး၊ မြန်မာဘီယာ စသည်တို့ရှိသည်။

မြန်မာတို့ကလည်း ထမင်းချည်းတော့လည်းစား၍ မဖြစ်၊ ဘီယာလေးနှင့်မှ မျှောချချင်တော့ ဘီယာမရှိသော ထမင်းဆိုင်တွင် မထိုင်လိုကြ။ ထိုအခါ ဆိုင်ကဘီယာလေးတော့ တင်ထားရသည်။

ဘီယာအရက် မရောင်းသော မြန်မာဆိုင်များလည်းရှိပါသည်။

ဘီယာကလည်း တရားဝင်ဆိုပါက ဈေးကြီးသည်။ မြန်မာများ မသောက်နိုင်။

မလေးတွင် ဘီယာချက်စက်ရုံကြီးက KL မြို့နယ်တွင် ရှိသည်။ သူက ဟင်နီကင် ဘယ်လောက်၊ တိုက်ဂါးဘယ်လောက် ထုတ်ရမည်ဆိုကာ အရေအတွက်နှင့် ထုတ်ရသည်။ ထိုသို့ သတ်မှတ်အရေအတွက်နှင့် ထုတ်သောဘီယာဈေးက သံဗူးတစ်ဗူး ရင်းဂစ် ၆ RM၊ မြန်မာ ၂၄၀ ကျပ် ဖြစ်သည်။ ဒါဆိုရင် မြန်မာက ဈေးကြီး၍ မသောက်နိုင်။ စက်ရုံကလည်း သတ်မှတ်ဘီယာ အရေအတွက်ထက် ပိုထုတ်ကာ ပိုထုတ်သော ဘီယာကို အောက်ဈေးနှင့် မှောင်ခိုပို့

www.foreverspace.com.mm



**မလေးနိုင်ငံ၏ဆောက်လက်စအဆောက်အအုံကြီးနှစ်ခုဖြစ်သည်။ ဤအဆောက်အအုံများကိုမြန်မာအင်ဂျင်နီယာနှင့်မြန်မာအလုပ်သမားများပင် ဆောက်လုပ်ခဲ့ကြသည်။**

သည်။ အောက်ဈေးနှင့်ပို့သော ဘီယာကို မြန်မာဆိုင်က ဝယ်တင်မှ ဈေးသက်သက်သာသာနှင့် မြန်မာများ သောက်နိုင်မည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်လျှင်ပင် သူ့နိုင်ငံတွင် တရားမဝင်ပြီဖြစ်သည်။

တဖန်ဆိုင်က တရားဝင်ဖွင့်ထားသလို ဝန်ထမ်းများကတရားဝင်ဖြစ်ဖို့ လိုသည်။

သို့သော်လည်း မလေးနိုင်ငံတွင် တရားဝင် အလုပ်သမားထက် နိုင်ငံကူးလက်မှတ်အိုနေတာ၊ ပိန်နေတာတွေကများသည်။

www.foreverspace.com.mm

တစ်ခါတစ်ရံလည်း တရားမဝင်ဖြစ်နေသော လုပ်သားအား ခန့်ထား အလုပ်လုပ်နေစဉ် ဖမ်းဆီးမှုရှိပါက ဆိုင်မှာတရားဝင်သော်လည်း ဝန်ထမ်းက တရားမဝင်တာရှိနေသည်။

ထို့ကြောင့်လည်း မလေးတွင် လုပ်ကိုင်စားသောက်ရတာက ကြီးလန့်စာစားဖြစ်သည်။ အစာလည်းစား၊ လေးသံလည်းနားထောင်နေရသည်။ ထိုသို့မလုပ်စားကြပါကလည်း မစွန့်စားရာကြသည်။ ကျွန်တော်က တရုတ်ပြည်မကြီးမှ ထွက်ခွာလာကြသော တရုတ်များက နိုင်ငံတကာတွင် တရုတ်တန်းတွေ တည်ထောင်ခဲ့ငြားနေကြသလို KLတွင် ကိုတာရားယားတစ်ဝိုက်၌ မြန်မာတန်းမဖြစ်နိုင်ဘူးလားဟု ဆိုတော့ အတွေ့အကြုံရှိသူတစ်ဦးက မဖြစ်နိုင်ဟုဆိုပါသည်။

"အခု ကျွန်တော်တို့ ရောင်းချနေတာတွေက မြန်မာတွေလို အပ်နေတဲ့ ပစ္စည်းတွေကို အများစုရောင်းချနေကြတာပါ၊ မြန်မာ ပရိသတ်မရှိရင် ဒီပစ္စည်းတွေကလည်း ရောင်းလို့ရမှာ မဟုတ်ပါဘူး၊ ငွေပို့တဲ့လုပ်ငန်း၊ လေယာဉ်သွားလက်မှတ်ရောင်းတဲ့လုပ်ငန်းက မြန်မာ ပရိသတ်ရှိလို့ လုပ်နေရတာဖြစ်တယ်၊ မြန်မာလူမျိုးကလည်း သူနည်း နည်းအခက်အခဲရှိလို့၊ သူတကာ မလေးသွားနေကျတော့ သွားချင်လို့သာ မလေးအလုပ်သမားလုပ်ငန်းဆိုတာပေါ်လာတာ၊ သူက မြန်မာတစ်သိန်းရှိရင် တစ်သိန်းလုံးရှာပြန်ပို့ချင်နေကြတာ" ဟုဆိုသည်။

"မလေးတွင် ပြေလည်သူများရှိသလို မပြေလည်သူများလည်းရှိတယ်။ ကျွန်တော်ကတော့ မလေးတွင် ယခုလို အလုပ်လာလုပ်တာ မြန်မာလူငယ်များအနေနဲ့ လုပ်သင့်လား မလုပ်သင့်လား" ဟုဆိုတော့ တစ်ဦးက မဆိုင်းမတွ "လုပ်သင့်တယ်" ဟုဆိုသည်။

"ဘာပြုလို့လုပ်လိုသလဲ"

www.foreverspace.com.mm

"လုပ်သင့်တယ်ဆိုတာကတော့ နိုင်ငံတကာကို အခုလိုထွက်လာတော့ နိုင်ငံတကာအတွေ့အကြုံ ရတယ်၊ ကိုယ့်နိုင်ငံနဲ့ သူ့နိုင်ငံ ယှဉ်လို့ရတယ်၊ နိုင်ငံတကာမှာ ဘာတွေလုပ်ရတယ်ဆိုတဲ့ အတွေ့အကြုံ ရတယ်။ မလေးကိုလာအလုပ်လုပ်တဲ့လူတွေ အကုန်လုံး ဒုက္ခရောက် ကြတာ မဟုတ်ဘူး၊ ဆယ်ယောက်မှာ သုံးယောက်က မြန်မာနိုင်ငံကို ငွေပြန်ပို့နိုင်ကြတယ်၊ နောက်သုံးယောက်က ပိုက်ဆံပြန်မပို့နိုင်တဲ့တိုင် သူ့ဟာသူမလေးမှာ စားနိုင်သောက်နိုင်ရှိတယ်၊ အဲဒီထဲက ကျန်သုံး ယောက်လောက်က အခက်အခဲရှိတယ်၊ တစ်ယောက်ပဲ ဒုက္ခရောက် တယ်။ မြန်မာတစ်ယောက်ဟာ ကျန်းမာမယ်၊ သူ့ကိုယ်သူလဲစနစ် တကျရှိမယ်။ အသုံးအဖြုန်းလဲမရှိဘူး၊ တွေ့ကရာလဲ မဝယ်ဘူးဆိုရင် ဒုက္ခရောက်ဖို့ ခဲယဉ်းပါတယ်။ အစကတည်းက အောက်လမ်း က တရားမဝင်ဝင်လာတဲ့သူကတော့ အခက်အခဲတွေ့စရာပိုများ ပါတယ်။ ဒါပေမယ့်လည်း အောက်လမ်းက ဝင်လာသူတွေ မလေးမှာ သူဌေး လေးတွေဖြစ်နေတာလည်း မနည်းပါဘူး။ လူပေါ်မှာလဲ မူတည်ပါ တယ်။ မလေးမှာက ဖွံ့ဖြိုးနေတဲ့ နိုင်ငံဆိုတော့ ခုတစ်မျိုးခုတစ်မျိုး အသစ်အဆန်းတွေပေါ်နေတာ၊ အင်္ကျီအဝတ်အစားပဲဖြစ်ဖြစ်၊ ဖိနပ်ပဲ ဖြစ်ဖြစ်၊ စားစရာပဲဖြစ်ဖြစ်၊ တစ်လနဲ့တစ်လမတူဘူး၊ ပြောင်းလဲနေ တယ်၊ အဲဒီပြောင်းလဲနေတာကို ကိုယ်ကလိုက်လို့ မမီနိုင်ဘူး၊ မမီနိုင် တာကို မလိုက်တာကောင်းတယ်။ ဒါပေမယ့် မလေးမှာက ကုန်တိုက် ကြီးတွေက တစ်လကို တစ်တိုက်လောက် ဖွင့်နေတာ၊ သူတို့ဖွင့်တိုင်း ကုန်တိုက်ပေါ် တက်ဝယ်နေလို့ လည်း ဘယ်ဆုံးမှာလဲ၊ မလေးမှာက အကြောင်းအမျိုးမျိုးပြပြီးလည်း ဒစ်စကောင့်လုပ်နေကြတာ၊ ဈေးလျှော့ တယ်၊ ဈေးချတယ်ဆိုပြီး ရောင်းနေကြတာ၊ တကယ်တော့ မြန်မာ အလုပ်သမားက လိုမှဝယ်၊

www.foreverspace.com.mm

ဆာမှစား၊ ကျစ်ကျစ်ပါအောင်စု၊ လပ်လျား လပ်လျားလည်း သွားမနေနဲ့။ သတိနဲ့နေသူတွေအတွက် လုပ်ကွက်တွေ အများကြီးရှိပါတယ်၊ ဒီလို နေရင်း ကံကောင်းရင် လည်လည်ဝယ်ဝယ် ရှိရင် သူဌေးလေးလည်း ဖြစ်သွားနိုင်တာမျိုး တစ်ဘဝတစ်ကြိမ်တော့ စွန့်စားသင့်ပါတယ်၊ နောက်နိုင်ငံခြားရောက်တဲ့အခါ လူတွေဟာ မိမိနိုင်ငံကနေ အဝေးရောက်သွားတော့ တိုင်းချစ်ပြည်ချစ်စိတ်တွေ တိုးလာတယ်။ မိသားစုချစ်တဲ့စိတ်တွေ များလာတယ်၊ အမျိုးကိုချစ်တဲ့ စိတ်ကအသွေးထဲအသားထဲမှာ ပွားလာတယ်" ဟုဆိုပါသည်။

"နိုင်ငံခြားရောက်တာနဲ့ မျိုးချစ်စိတ်က ဘယ်လိုပွားလာတာလဲ" ဟု ကျွန်တော်က မေးသည်။

"လူတစ်ယောက်ဟာ သူ့နိုင်ငံက ထွက်လာတာနဲ့ သူဟာ ကြက်မပဲ၊ သူ့နိုင်ငံမှာတော့ သူ့ဟာကြက်ဖဖြစ်ချင်ဖြစ်မယ်၊ သူတစ်ပါးနိုင်ငံမှာ ကြက်ဖလုပ်လို့ မရဘူး၊ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာလေဆိပ်ကနေ ထွက်လာလို့ မိနစ်လေးဆယ်အကြာ ထိုင်းလေဆိပ်ရောက်ရင်ပဲ ဒီလူက သုံးနှစ်သားအရွယ် ကလေးတစ်ဦးဦးက ဦးမဆောင်ရင် သူဘာမှမလုပ်တတ်ဘူး။ ကိုယ့်နိုင်ငံမှာ ကိုယ့်အခွင့်အရေးတွေရှိနေတယ်။ သူတစ်ပါးနိုင်ငံမှာ အဲဒီအခွင့်အရေး တွေမရဘူး၊ ကိုယ့်နိုင်ငံမှာ လက်ဖက်ရည်ဆိုင်တစ်နေ့လုံးထိုင်နေရတယ်၊ သူတစ်ပါးနိုင်ငံမှာမရဘူး၊ အမေ့ရွာမှာ သူကဆိုးလို့ရမယ်၊ သူတစ်ပါးနိုင်ငံမှာမရဘူး"

"ကိုယ့်နိုင်ငံက မြေကြီးက ကိုယ့်အတွက်ခိုင်မာတယ်၊ သူတစ်ပါးနိုင်ငံမှာကိုယ့်အတွက် သူ့မြေကြီးက လှုပ်နေတယ်၊ သူ့မြေကြီးကိုနင်းရတာ သူ့လေကိုရှူရတာ ဘာမှခိုင်ခိုင်မာမာမရှိဘူး"

www.foreverspace.com.mm

"သူတစ်ပါးနိုင်ငံမှာ အနိုင်ကျင့်ခံရရင် ပြန်ပြောခွင့်မရှိဘူး"

"ကိုယ့်နိုင်ငံမှာ ပြန်ပြောနိုင်တယ်"

"နိုင်ငံခြားမှာ လူတစ်ယောက်သေရတာကလဲ ခွေးသေဝက်သေပဲ၊ တစ်ယောက်ကသတ်တာပဲဖြစ်ဖြစ်၊ ကားတိုက်တာပဲဖြစ်ဖြစ် လူတစ်ယောက်သေပြီဆိုပါစို့၊ နိုင်ငံခြားသားဆို ဘယ်သူမှဂရုမစိုက်ဘူး။ မြန်မာနိုင်ငံမှာက နိုင်ငံခြားသားဆို ပိုဂရုစိုက်တယ်၊ လမ်းပေါ်မှာ တစ်နာရီ တစ်နာရီခွဲ ဘယ်သူကမှ လက်ဖျားနဲ့မတို့ဘူး၊ တစ်နာရီလောက်ကြာပြီးမှ ဘယ်သူမှသယ်မယ့်လူမရှိမှ လာသယ်သွားတယ်၊ သယ်တာကလဲ ခွေးသေဝက်သေ သေသလို ကားပေါ်ပစ်တင် သွားကြတာ၊ လူသတ်မှုပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် သူတစ်ပါးနိုင်ငံခြား သားသေလို့ ဂရုမစိုက်ကြပါဘူး"

"သူ့နိုင်ငံက လူသေမယ်ဆိုရင် သူ့ဟာသူ ဘိန်းရှုပြီးပဲသေသေ၊ သေပြီဆိုရင် အဲဒီနားမှာရှိတဲ့ နိုင်ငံခြားသားတော့ မသက်သာဘူး၊ ဖိပြီးစစ်တာပဲ"

ဒါကြောင့် နိုင်ငံခြားမှာ ဘာမှမခိုင်မာဘူး၊ ဒီလိုဟာတွေ တွေ့ရတော့ ဘယ်သူမဆို အမေ့အိမ်မှာ နေရတာကို သတိရတယ်၊ အမေ့ကို လွမ်းတယ်၊ နိုင်ငံကိုသတိရတယ်၊ ကိုယ့်လူမျိုးကိုယ့်နိုင်ငံကို ချစ်တဲ့ စိတ်တွေ ပိုများလာတယ်" ဟု တစ်ဦးကဆိုပါသည်။

"ဒီလိုဆိုရင် ကျွန်တော်တစ်ခုမေးချင်တာက၊ မြန်မာတွေဟာ သူ့နိုင်ငံထဲကို ဥဒဟိုဝင်နေတယ်၊ စည်းမရှိကမ်းမရှိ ဝင်နေတာကို မလေးအစိုးရက ဘာပြုလို့ ခုလောက်သဘောကောင်းနေရတာလဲ"

"သဘောမကောင်းပါဘူး၊ သူကလည်းသူ့လူမျိုး သူ့နိုင်ငံကို မထိခိုက်သရွေ့ မြန်မာဝင်တာ၊ အခြားဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားစတဲ့ သူတွေဝင်တာကို စောင့်ကြည့်နေတာပဲ၊ သူ့လူမျိုး

www.foreverspace.com.mm

သူ့ဥပဒေကို ထိလာရင်တော့ ချက်ချင်းတုံ့ပြန်တာပဲ၊ မလေးနိုင်ငံက စက်မှုဖွံ့ဖြိုးရေးကို ဦးတည်သွားနေတဲ့နိုင်ငံ ဒီတော့သူကတည်ဆောက်ရေးအလုပ်သမားတွေလိုတယ်၊ မလေးတွေက သူတို့ စားနိုင်သောက်နိုင်ဆိုတော့ သူတို့က သူတို့စားပြီးသား ပန်းကန်ကို သူတို့မဆေးကြတော့ဘူး၊ သူတို့စားပြီးသား ပန်းကန်ကိုဆေးဖို့။ ခုံးခပ်ကျွေးဖို့ လူလိုတယ်။ ဒါကိုဘယ်ကမှ သူတို့လူမျိုးအချင်းချင်း ဘယ်သူကမှ လာမလုပ်ပေးဘူး။ ဒီတော့ အင်ဒိုနီးရှား၊ အိန္ဒိယ၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ တရုတ်က လုပ်သားတွေခေါ် လုပ်ခိုင်းတယ်၊ သူ့နိုင်ငံရဲ့မြောက်ပိုင်းမှာ စက်မှုလုပ်ငန်းတွေ တည်ဆောက်နေတယ်။ ဒီအတွက်လည်း အလုပ်သမားလိုတယ်။ သူ့ရာဘာခင်းတွင် ဆီအုန်းစိုက်ခင်းတွေအတွက်လဲ အလုပ်သမားလိုတယ်၊ ဒါက သူက အရှေ့တောင် အာရှဈေးကွက်ကို ဝင်ယူတာပဲ၊ အဲဒီထဲမှာ မြန်မာက လည်းဝင်ပါပြီးလုပ်တယ်၊ မြန်မာကတစ်ထွာပြရင် တစ်တောင်မြင်တယ်၊ အလုပ်လဲကြိုးစားတယ်၊ မလေးနဲ့လည်းတူတော့ မလေးသူဌေးတွေကကြိုက်တယ်၊ ခိုင်းတယ်။ မလေးအစိုးရက မြန်မာတစ်ဦးပဲဖြစ်ဖြစ်၊ နိုင်ငံခြားသားတစ်ဦး သူ့နိုင်ငံမှာအလုပ်လုပ်ရင် တစ်နှစ်ကို မလေးရင်းဂစ် ပျမ်းမျှ RM၁၂၀၀ အခွန်ပေးရတယ်၊ မပေးရင်ပါမစ်ချမပေးဘူး၊ အဲဒီအခွန်ငွေကို ကြိုဆောင်ရတယ်၊ မြန်မာအလုပ်သမားကဒီနှစ်အတွက် ကြိုမပေးနိုင်တော့ သူဌေးကကြိုပေးပြီး အလုပ်သမားဆီက ဖြတ်တယ်"

"မလေး RM၁၂၀၀ ဟာ ဘယ်လောက်နဲ့ ညီလဲဆိုတော့ အမေရိကန်ဒေါ်လာ ၄၀၀နဲ့ ညီတယ်၊ မြန်မာအလုပ်သမားက သူ့ဆီမှာ အလုပ်လုပ်နေတာ လေးသိန်းပဲထားဦးတော့ တစ်နှစ်ကို မြန်မာအလုပ်သမားဆီက မလေးအစိုးရရတဲ့ဝင်ငွေက ၄၀၀×၄၀၀၀၀၀ =

www.foreverspace.com.mm

၁၆၀၀,၀၀၀၀၀ အမေရိကန်ဒေါ်လာသန်း ၁၆၀၀ ရနေတယ်။ အဲဒီလို ယူတဲ့ငွေကို လဲဗီးကြေးလို့ခေါ်တယ်။ ဒါကမြန်မာတစ်ဦးတည်း ဆီကရတာ၊ အခြားသူနိုင်ငံမှာလာလုပ်တဲ့ အလုပ်သမားတွေကလည်း ရှိသေးတယ်။ မလေးမှာနိုင်ငံခြားကလာ အလုပ်လုပ်ကြတဲ့ အလုပ် သမား တစ်သန်းကျော်ရှိတယ်။ တစ်ယောက်ဆီက US 400 ဆိုတော့ အဲဒီလဲဗီးကြေးပိုက်ဆံကို တွက်ကြည့်ပေါ့"

"မလေးအစိုးရဟာမမျှော်လင့်ဘဲ နိုင်ငံတကာ အလုပ်သမား ဆီက အဲဒီဖေါ်မြူလာကို ရသွားတယ်။ ဒီလဲဗီကြေးက Advance ပေးထားရတာ။မလေးအစိုးရဟာ တစ်နှစ်တစ်နှစ် သူ့နိုင်ငံခြားသားဆီ ကရတဲ့ ဝင်ငွေကနည်းတာမှ မဟုတ်တာ။ ဒါကို သူလည်းမက်တာ ပေါ့။ ဒါ့အပြင် သူ့မှာက အလုပ်သမားကလည်း လိုနေတယ်။ မလေး ကလိုနေတဲ့ အလုပ်သမားကို မြန်မာကအခုလို ဒလဟောသွားနေတာ တောင် လုံလောက်အောင် မဖြည့်ဆည်းနိုင်ဘူး။ မြောက်ပိုင်းက စက်မှု လုပ်ငန်းအသစ်တွေအတွက် မလေးအစိုးရက သူ့နိုင်ငံမှာ မြန်မာအလုပ် သမားတွေလာပြီး လမ်းသလားတာလေးလောက်၊ ထမင်းဆိုင်ဖွင့်တာ လေးလောက်၊ ဘီယာဆိုင်ဖွင့်တာလေးလောက်နဲ့ ဆရာတို့လို စာပေ ဟောပြောပွဲလာလုပ်တာလောက်ကို ခွင့်ပြုထားတာပေါ့ဆရာတယ်"

"ဒါ့အပြင် သူ့မှာ မလိုရင် မလိုသလို နှင်ထုတ်ပစ်ဖို့အတွက် ကြိမ်ဒဏ်ရှိတယ်။ ကြိမ်ဒဏ်ကိုတော့ မြန်မာရော အခြားနိုင်ငံသား အလုပ်သမားတွေကပါ ကြောက်ကြပါတယ်" ဟု ကိုဝင်းနောင်ထွန်း က ပြောပြပါသည်။

❒ ❒ ❒

www.foreverspace.com.mm

# အခန်း (၆)

## ဒုက္ခရောက်သူများကို ကူညီမည်

KL ဂျလန်စီလန်းတစ်လျှောက် မြန်မာဆိုင်များကို ထပ်မံလှည့်ပတ်ကြည့်ပြီး နှုတ်ဆက်၊ မိတ်ဆက်ကာ ကျွန်တော်နှင့် ကိုကျော်ဝင်းသည် 1 Cafe ဆိုင်သို့ထွက်ခဲ့သည်။ ထိုဆိုင် အပေါ်ထပ်တွင် နေ့လယ်စာစားပြီး ဖိတ်ကြားထားသော မြန်မာများနှင့် စာပေဟောပြောပွဲလုပ်မည့်ကိစ္စ၊ ကျွန်တော်တို့သိလိုတာများကို မေးမြန်းရန်နှင့် မလေးနိုင်ငံရောက် မြန်မာအလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်အဖွဲ့နှင့် ဆွေးနွေးစရာများကို ဆွေးနွေးရန်ဖြစ်ပါသည်။

ဝမ်းကဖေးဆိုင်သည် ပုတုရားယားကားဂိတ်နှင့် ဂျလန်စီလန်း အကြားရှိ နေရာထိုင်ခင်းကောင်းသော စားသောက်ဆိုင်ဖြစ်သည်။ ကွာလာလမ်ပူကဲ့သို့ မြို့လယ်ကောင်တွင် ထိုဆိုင်သည်ကြီးသည်ဟုမဆိုနိုင်သလို ဆိုင်သေးဆိုင်ငယ်လည်းမဟုတ်ပါ။ နောင်

www.foreverspace.com.mm

ကျွန်တော်တို့ စာပေဟောပြောပွဲအတွက် သွားရောက်သောအခါတွင်လည်း ဝမ်းကဖေးသည် ကျွန်တော်တို့အတွက် နေ့လယ်စာ ဖြည့်တင်းရာ နေရာဖြစ်ပါသည်။

ထိုဆိုင်မှစားစရာများကလည်း အရသာရှိသည်။ အစုံရသည်။ ကွာလာလမ်ပူတွင် အစားအစာပြုလုပ်သော အခြေခံဂျုံကကောင်းသောကြောင့် ဂျုံနှင့်ပြုလုပ်သော နံပြား၊ ပလာတာ၊ တိုရှည်၊ ပေါင်မုန့်အားလုံးအရသာ ရှိနေသည်။ ကျွန်တော်တို့၏ ကြေး(ဂျီး)များသောပါးစပ်များပင် ဂျီးမများနိုင်တော့ဘဲရှိသည်။

ထိုနေ့နေ့လယ်ကတော့ စကားပြောရင်း ဘာမှာစားခဲ့သည်ကို မမှတ်မိတော့ပေ။

ထမင်းစားပြီး ကျွန်တော်နှင့်တွေ့၍ စုဝေးရောက်ရှိလာသော မြန်မာများက–

"ဆရာ့အနေနှင့် တစ်စုံတစ်ရာပြောပါ"ဟုဆိုသောကြောင့် ကျွန်တော်က **"လူ့ဘဝတန်ဖိုး"**အကြောင်းကို ပြောပြပါသည်။

ထိုနေ့က တက်ရောက်သူများထဲတွင် ကိုတင့်ဇော်၊ ကိုသန့်ဇော်၊ ကိုအောင်အောင်၊ ကိုကျော်ဝင်း အလုပ်သမားအခွင့်အရေးကာကွယ်စောင့်ရှောက်ရေးအဖွဲ့မှ ကိုရဲမင်းထွန်း၊ ဆရာသိုက်အစရှိသော သူတို့ပါဝင်သည်ကို သိရပါသည်။

ကျွန်တော်သည် ထိုနေ့က လူ့ဘဝတန်ဖိုးအကြောင်းပြောရခြင်း၊ အမိနိုင်ငံမှ အခြားတစ်ပါးသောနိုင်ငံ၊ အဝေးသို့ရောက်ရှိပြီးနေကြသူများသည် မိမိဘဝတန်ဖိုးကိုမိမိတို့သိကာ မိမိတို့ဘဝကိုမိမိတို့တန်ဖိုးထားစေရန် ပြောကြားခြင်းဖြစ်ပါသည်။ နောက် SM ကုန်တိုက်ကြီး၌ စာပေဟောပြောပွဲပြုလုပ်သောအခါတွင်လည်း ထိုအကြောင်းကို ထည့်သွင်းပြောကြားပါသည်။

## ပန်းမျိုးတစ်ရာစာပေ

www.foreverspace.com.mm

ကျွန်တော်တို့ လူဘာပြုလို့လာဖြစ်နေရတာလဲ?

ကျွန်တော်တို့ လူဖြစ်နေရခြင်း၏ လူ့ဘဝမစ်ရှင် (Mission) ၏လူ့ဘဝရည်ရွယ်ချက် (Vision) ကဘာလဲ?

လူလာဖြစ်မှတော့ လူလာဖြစ်ရခြင်းရဲ့ အကြောင်းရင်းကို သိဖို့လိုသည်။

လူ့ဘဝရည်ရွယ်ချက်ကို မဖော်ထုတ်မီ လူ့ဘဝတန်ဖိုးကို ဆန်းစစ်ကြည့်ရအောင်ပါ။

မြတ်စွာဘုရားသည် မိမိလက်ညှိုးပေါ်မှ မြေကြီးအမှုန်နှင့် မဟာပထဝီမြေကြီးအတွင်းရှိသော မြေမှုန့် တို့သည် ဘယ်ဟာကများ ဘယ်ဟာကနည်းသနည်းဟုဆိုရာရဟန်းတို့က "မနှိုင်းယှဉ်စရာပါဘဲ၊ အရှင်ဘုရား လက်ညှိုးပေါ်မှ မြေမှုန့်သည်နည်းပြီး မဟာပထဝီမြေကြီး တွင်ရှိသော မြေမှုန့်တို့က များပါသည်ဘုရား" ဟုလျှောက်တင်ကြ သည်။

ထိုအခါ မြတ်စွာဘုရားက "မှန်တယ်...ချစ်သားတို့ ဤ လောက ၃၁ဘုံမှာ လူအဖြစ်နဲ့လူ့ဘဝကို ရရှိတဲ့ အရေအတွက်ဟာ ငါ့လက်ညှိုးပေါ်ကမြေမှုန့်လောက်သာရှိပြီး အခြားသော ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံများမှာ ဖြစ်နေရဲတဲ့သတ္တဝါတွေက မဟာပထဝီမြေကြီး မှာရှိတဲ့ မြေမှုန့်လောက်များတယ်" ဟုမိန့်ကြားခဲ့သည်။

အခါတစ်ပါးတွင်လည်း မြတ်စွာဘုရားက လိပ်အကန်းကြီး နှင့်ထမ်းပိုးဥပမာကို မိန့်တော်မူသည်။ မှန်တိုင်းကျနေသော မဟာ သမုဒ္ဒရာအတွင်းမှ ပေါလောမျောနေသော ပိုးထိုးထားသည့် ထမ်းပိုး၏ အပေါက်နှင့် ယင်းသမုဒ္ဒရာတွင်းမှ အနှစ်တစ်ထောင်၊ တစ်သောင်းမှ တစ်ကြိမ်ပေါ်လာသော လိပ်အကန်းကြီး၏ ဦးခေါင်းစပ်မိတာက

www.foreverspace.com.mm

ဖြစ်ချင်ဖြစ်နိုင်သေးသည် လူ့ဘဝရဖို့က ထိုထက်ခက်သည်ဟုမြွက်ကြားဖူးကြောင်း မှတ်သားဖူးခြင်း ရှိပါသည်။

တဖန်ဗြဟ္မာ့ပြည်မှ ကျလာသော အပ်တစ်စင်းနှင့် လူ့ပြည်ကအပ်တစ်စင်းဆုံဆည်းဖို့ဆိုတာ ဖြစ်ကောင်းဖြစ်မည်၊ ထိုထက်လူဘဝရခဲသည်ဟု ဆိုကြပါသည်။

ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာများအရ လူကိုဘုရားသခင်က သီးခြားဖန်တီးထားခြင်းဖြစ်သည်။ လူကို ဘုရားသခင်သည် လူ့ဘောင်လောကသို့ ဖန်ဆင်းစေလွှတ်ခြင်းမစ်ရှင်အတွက်သီးခြား ရည်ရွယ်ချက်များရှိသည်ဟုသိရသည်။

ထို့ကြောင့်လူ့ဘဝဆိုတာ ရတောင့်ရခဲ့ရရှိလာခြင်းဖြစ်သည်။

ပရိုင်းမိတ်ဘဝမှ လူဖြစ်လာခြင်းသည်လည်း ဖြစ်တောင့်ဖြစ်ခဲဖြစ်လာရခြင်းဟု သိပ္ပံပညာရှင်တို့က ဆိုသည်။

"ရှေးဘဝအတိတ်ကုသိုလ်ကံ မီးဟုန်းဟုန်းတောက်လောက်အောင် ကောင်းခဲ့သောကြောင့် လူဖြစ်လာရ ခြင်းဖြစ်သည်။ ရှေးကံမကောင်းအကြောင်းမလှပါက တိရစ္ဆာန်၊ ပြိတ္တာဖြစ်ဖို့ကများသည်။ အကုသိုလ်တရားများရှိပါက ငရဲကျဖို့ကလည်းရှိနေသည်။ ယခုတော့မကျိုးမကန်းမပဲ့မရွဲ့ မြန်မာပြည်မှာ လူလာဖြစ်ပြီး မလေးရှားနိုင်ငံကွာလာလမ်ပူမြို့ကြီးအထိ ရောက်ရှိလာခြင်းသည် ရှေးကုသိုလ်ကံမီးဟုန်းဟုန်းတောက်သလို ကောင်းသောကြောင့်လူဖြစ်ရခြင်းဖြစ်သည်"ဟုကျွန်တော်က ဆိုပါသည်။

ထိုအခါတစ်ဦးက

"ဆရာကြီးရယ် လူတွေဟာ ရှေးဘဝကုသိုလ်ကံဒါလောက်ကောင်းပါလျက်နဲ့ လူ့ဘောင်ဘဝမှာ တချို့ကဆင်းရဲ၊ တချို့ကဒုက္ခရောက်နဲ့ ဘာပြုလို့ဖြစ်နေရတာပါလဲ" ဟုမေးပါသည်။

www.foreverspace.com.mm



**ကုန်တိုက်တစ်တိုက်ပေါ်တွင် မြန်မာများဈေးဝယ်နေကြစဉ်**

"လူဖြစ်တာကတော့ အတိတ်ဘဝ ရှိတယ်လို့ယုံကြည်လျှင် အတိတ်ကံကောင်းလို့ လူဖြစ်ရတာပဲ။ ဒီဘဝမှာတစ်ချို့က သစ်ပင်ထိပ် ဖျားရောက်၊ အချို့ကတိုက်ခေါင်မိုးမှာတက်နေပြီး အချို့ကျတော့ မြောင်းထဲရောက်နေတာက ဒီဘဝမှာ အဲဒီလူလုပ်ဆောင်ခဲ့တဲ့ လုပ်ရပ်ကြောင့် မြောင်းထဲရောက်သူရောက်၊ မလေးရောက်သူရောက်၊ ဂျပန်နှင့် ဩစတြေးလျရောက်သူက ရောက်နေကြတာဖြစ်ပါတယ်"

"လူဆိုတော့ ဘယ်နက္ခတ်နှင့် ယှဉ်ပြီးပဲမွေးမွေး ဘယ်အရပ်ဒေသမှာ ဘယ်လိုမိဘနှစ်ပါးကပဲ ပေါက်ဖွား ပေါက်ဖွား ကြိုးစားရင် ဘုရားဖြစ်ပါတယ်။ လူဖြစ်ပြီး ကြိုးစားပါလျက် မအောင်မြင်ကြသူများကတော့ ကြိုးစားမှုနည်းမမှန်သေးလို့၊ မမှန်ကန်တဲ့လူနေမှု စနစ်တစ်ခု

www.foreverspace.com.mm

အောက်မှာရှင်သန်နေရသေးလို့ ဝီရိယအားထုတ်မှု နည်းသေးလို့ မအောင်မြင်တာ''ဟု ကျွန်တော်ကဆိုပါသည်။ ထိုအခါတစ်ဦးက-

''ဆရာလူ့ဘဝမှာ သေချာပေါက်အောင်မြင်နိုင်တဲ့ ဖော်မြူလာရှိလား''ဟုဆိုပါသည်။

''လူ့ဘဝမှာ သေချာပေါက်အောင်မြင်နိုင်တဲ့ ဘဝဖော်မြူလာရှိတယ်။ ဒီအကြောင်းကိုလွန်ခဲ့တဲ့အနှစ် တစ်ရာလောက်ကတည်းက အင်ဒရူးကာနက်ဂျီနဲ့ နပိုလီယမ်ဟီးလ်တို့ကရေးခဲ့ကြတယ်။ လူ့ဘဝမှာရတနာသိုက်ကြီးရှိတယ်။ အဲဒီရတနာသိုက်ကြီးထဲကိုလူတိုင်းသွားနိုင်ခွင့်ရှိတယ်။ အဲဒီရတနာသိုက်ကြီးထဲမှာ သုံးစွဲလို့မကုန်နိုင်တဲ့ ကြွယ်ဝချမ်းသာမှုတွေနဲ့ အတတ်ပညာတွေရှိတယ်။ သွားချင်တဲ့လူတိုင်းသွားလို့ ရတယ်စိတ်ဓာတ်ပြင်းပြင်းပြပြနဲ့ ကြိုးစားလျှင် ဘယ်သူမဆိုရောက်နိုင်တယ်လို့ အင်ဒရူးကာနက်ဂျီ ကိုယ်တိုင်က ပြောတယ်။ သူလည်းရောက်ခဲ့ဖူးတယ်။ သူ့ကတော့ အဲဒီရတနာသိုက်ကြီးထဲက သံမဏိတွေယူခဲ့သည်ဟုဆိုသည်။

''အဲဒီလိုသွားဖို့အတွက် နည်းလမ်းတွေကို ကျွန်တော်တို့လည်း ကြီးပွားတိုးတက်ရေးစာစဉ်တွေထုတ်ပြီး ရေးထားကြပါတယ်'' ဟုကျွန်တော်က ဆွေးနွေးသည်။

### လမ်းဆုံလမ်းခွ

လူ့ဘဝဆိုတာ လမ်းဆုံလမ်းခွလို့လည်း ကမ္ဘဌာနီဒီပနီမှာ လယ်တီဆရာတော်ကြီးက ရေးထားတယ်။ လူ့ဘဝကနေ နတ်ပြည် နိဗ္ဗာန်သွားမယ်ဆိုလည်း သွားလို့ရသည်လူဘဝကနေ ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်သွားမည် ဆိုလည်းသွားလို့ရသည်။ လူ့ဘဝကနေ ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်၊ အသူရကာယ်ဘုံလည်းရောက်နိုင်သည်။ ဒါကလောကုတ္တရာလမ်းကြောင်း၊ လောကီလမ်းကြောင်းမှာလည်း လူကသူ ဘာဖြစ်ချင်းလဲ

www.foreverspace.com.mm

ဖြစ်ချင်တာဖြစ်လို့ ရသည်။ ကျောင်းဆရာကြီးဖြစ် ချင်လား၊ ဆရာဝန် ဖြစ်ချင်လား၊ ကြွယ်ဝချမ်းသာလိုလား၊ သမ္မတ ဖြစ်လိုသလား ဖြစ်ချင်တာ ဖြစ်အောင်လုပ်၍ရသည်။ ကြိုးစားရင် ဘုရားတောင် ဖြစ်မှတော့ အခြားဘာမှမဖြစ်နိုင်တာ မရှိတော့ပါဘူး။

- ဗန္ဒုလက နွားကျောင်းသားဘဝကနေ စစ်ဗိုလ်ချုပ်ဖြစ်တယ်။
- လင်းကွန်းက လူထိုးသမားဘဝကနေ သမ္မတကြီးဖြစ်တယ်။
- နပိုလီယံက ကျွန်းကလေးတစ်ကျွန်းကနေ ဧကရာဇ်ဘုရင်မင်း မြတ်ဖြစ်တယ်။
- ရိုတ်စပီးယားက ကျေးလက်ကနေ ကမ္ဘာကျော်ကဗျာဆရာကြီး ဖြစ်တယ်။
- ဟယ်လင်ကဲလားက ဆွံ့အ နားမကြားဘဝကနေ ဒေါက်တာ ဘွဲ့ရတယ်။
- လင်ဂိုတောင်က ကျားဘမ်းပရုပ်ဆီရောင်းနေရာက မလေးရှားမှာ ဂျင်တန်သူဌေးကြီးဖြစ်တယ်။
- လိုဘွန်စူးက စာမတတ်ဘဲ ပီနန်တွင် အချမ်းသာကြီးချမ်းသာ ဆုံးပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်။
- ဂျက်လန်ဒန်က တောင်းစားရတဲ့ဘဝ ကမ္ဘာကျော်စာရေးဆရာကြီး ဖြစ်ပါတယ်။
- ဆပ်ပြာသည် ဟားဗက်က ကမ္ဘာ့ထိပ်တန်းပုဂ္ဂိုလ်ကြီးဖြစ်တယ်။
- လယ်သမားမော်က တရုတ်ပြည်သူ သန်းတစ်ထောင်၏ခေါင်း ဆောင်ကြီးဖြစ်လာတယ်။

ဒါကြောင့် နည်းမှန်လမ်းမှန်ဖြစ်အောင် ကြိုးစားရင် လူဖြစ်လာပြီးမှ တော့ ဘာမဆိုဖြစ်နိုင်တယ်။ မလေးရှားမှာလည်း လူချမ်းသာဖြစ် အောင်လုပ်လို့ရတယ်။

www.foreverspace.com.mm

"လူ့ဘဝဆိုတာဘာလဲဆိုရင် လူဖြစ်မှတော့ လူ့ဘောင်ဘဝရဲ့ လျှို့ဝှက်ချက်များကို ဖော်ထုတ်ပြီး ချမ်းသာကြွယ်ဝ တိုးတက်ကြီးပွား အောင်လုပ်ရမယ်။ မချမ်းသာမကြွယ်ဝမအောင်မြင်ဘူးဆိုရင် လူဟာ သူ့ဘဝ မစ်ရှင်ရဲ့ ရည်မှန်းချက်ကို မဖော်ဆောင်နိုင်တာဘဲဖြစ်တယ်။

ကဲလူဟာ သူ လူဖြစ်လာပြီးတဲ့နောက် ကုဋေကုဋာချမ်းသာ အောင် ကြီးပွားတိုးတက်အောင် ဆောင်ရွက်ပြီးတဲ့နောက် အဲဒီကြွယ်ဝ ချမ်းသာမှုတွေကို ဒီလောကကြီးထဲမှာ ဝေငှဖြန့်ကြဲတည်ဆောက်မှုတွေ ပြုခဲ့မယ်ဆိုရင် အဲဒီလိုပုဂ္ဂိုလ်ကမှ လူပီသတဲ့လူဖြစ်တယ်"

'ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးဟားဗက်က ဘာပြောခဲ့သလဲ ဆိုတော့ "တို့များ တစ်နေ့သေကြရမှာပဲ၊ ဒီတော့ ရဲရဲရင့်ရင့်သေဖို့နဲ့ မသေခင် ကိုယ့်အတွက်ရော အများအကျိုးအတွက်ပါ အတတ်နိုင်ဆုံး အလုပ်လုပ်ကြဖို့ဖြစ်တယ်" ဟုဆိုခဲ့သည်။

လူဖြစ်ပါလျက် ကြီးပွားတိုးတက်ချမ်းသာအောင် မလုပ် ဆောင်နိုင်ပါက လူစင်မမီတဲ့လူ၊ လူဖြစ်ပြီး တိုးတက်ကြီးပွားချမ်းသာ ပါလျက် ကိုယ့်ထက်မရှိဆင်းရဲသားများကို မဖြန့်ဝေမပေးကမ်းနိုင်သူ ဟာ လူမပီသတဲ့လူဖြစ်သည်။

"လူ့ဘဝဗစ်ရှင်းရဲ့ (Vision) ကဘာလဲ?"

"လူဟာ မိမိကိုယ်မိမိ ကြီးပွားတိုးတက်အောင် ကြံဆောင် နိုင်ရမယ်။ မိမိအတ္တကို မိမိရွေချရမယ်။ မိမိ၏လောဘကို မိမိ ပျိုးထောင်ရမယ်။ လောဘဆိုတာဘာလဲ၊ မတော်လောဘ မဟုတ်တဲ့ လောဘကို ပျိုးထောင်ရမှာဖြစ်တယ်။ လောဘမရှိတဲ့လူဟာ လူ့ လောကမှာ အောင်မြင်မှုရဖို့ ခဲယဉ်းတယ်။ လောဘကို ပျိုးထောင်ပြီး မတော်လောဘကို မိမိနှလုံးသားထဲက ထုတ်ပစ်ရမှာဖြစ်တယ်။ လောဘကို ပျိုးထောင်မှ လူ့ဘဝအောင်မြင်မှုရှိမယ်။ မတော်လောဘ

www.foreverspace.com.mm




**မလေးရှားနိုင်ငံရှိနာမည်ကြီးဦးသန့်လမ်းမကြီးပေါ်တွင်**
**စာရေးသူနှင့် ဆရာကံချွန်**

ကိုဖယ်ရှားမှ လူပီသရာကြမယ်။ လောဘကို ပျိုးထောင်လို့ အောင်မြင်တဲ့အခါမှာ လူ့ဘောင်လောကကြီး နေချင်စဖွယ်ဖြစ်အောင် မိမိရဲ့ ကြွယ်ဝမှုတွေ အောင်မြင်မှုတွေကို ဖြန့်ကြဲခဲ့ရမယ်။ အဲဒါက လူဘဝ ဇစ်ရှင်းရဲ့ အလုပ်ပဲ''ဟုကျွန်တော်က ဟောပြောပါသည်။

သူတို့ဘယ်လောက်နားလည်ကြ၊ သဘောပေါက်ကြ၊ စိတ်ဝင် စားကြသည်မသိ။ ထိုအကြောင်းအရာများကို ယခုလိုဟောကြား ရုံသာမက ကျွန်တော်သည်စာအုပ် စာတမ်းထုတ်ဝေဖြန့်ချိသောကြောင့် ထိုစာအုပ်များကို ဖတ်ရှုလေ့လာ လက်တွေ့ဆောင်ရွက် နိုင်ဖို့ ပေးခဲ့သည်။

ကျွန်တော်က ကျန်းမာရေးကို ဂရုစိုက်ဖို့၊ စာရိတ္တကောင်းဖို့၊ ငွေကြေးစုဆောင်းဖို့၊ မိမိဝင်ငွေ၏ ၁၀%ကို မဖြစ်မနေစုဖို့လည်းတိုက်

www.foreverspace.com.mm

တွန်းခဲ့ပါသည်။ ကျန်းမာရေးကောင်းဖို့ဆိုတာက လူခန္ဓာသန်စွမ်းမှုရှိမှ စီးပွားလုပ်နိုင်မှာဖြစ်သည်။ စာရိတ္တကောင်းဖို့ဆိုတာက လူ့မနော စိတ်သန့်ရှင်းဖြူစင်ရန်ဖြစ်သည်။ ကျန်းမာရေးနှင့်စာရိတ္တက လူ၏ ကိုယ်နှင့်စိတ်ကို ကြံ့ခိုင်အောင်လုပ်ထားတာဖြစ်သည်။ ငွေစုပါဆိုတာ အရင်းအနှီး ရှာခိုင်းခြင်းဖြစ်သည်။ အရင်းအနှီးမြုပ်နှံမှုမရှိဘဲ ကျန်းမာ နေပါကလည်း မောင်မြန်မာဝင်ရွေးရန်သာရှိသည်။ အရင်းအနှီးမရှိဘဲ စိတ်ကောင်းရှိနေပါကလည်း ဥပုသ်စောင့်ရန်သာရှိသည်။ ငွေအရင်း အနှီးမရှိလျှင် စုဆောင်းငွေ ၁၀ ရာခိုင်နှုန်းဖြင့် လိမ္မာရေးခြားရှိစွာဖြင့် ရင်းနှီးမြုပ်နှံမှုပြုပါက အတောမသတ်သော ကြွယ်ဝချမ်းသာမှုကို ရမည် ဖြစ်ပါသည်။

ကျွန်တော်၏ပြောကြားမှုကို နားထောင်သူတို့က နားဝင်သည် မဝင်သည်မသိ။ ဘာမှပြန်မဆွေးနွေးကြ။ ထိုအခါက နားလျှံသွားပါ ကလည်း ယခုကျွန်တော်ပြန်ရေးပြသည်ကို အလေးအနက်ဖတ်ကြား၍ မှတ်သားပြီး လက်တွေ့ဆောင်ရွက်ကြည့်စေလိုပါသည်။

ကျွန်တော်စကားပြောစဉ်က ရေးကြီးသုတ်ပြာနှင့် ထွက်သွား ကြသော မြန်မာအလုပ်သမားကူညီရေး အဖွဲ့ဝင်များသည် ကျွန်တော့် စကားဆုံးမှ ပြန်ရောက်လာကြသည်။ သူတို့က မြန်မာအလုပ်သမား မိန်းကလေးတစ်ဦး ရဲဌာနရောက်နေလို့ သွားရောက်ခေါ်ထုတ်ပြီး အလုပ်ရှင်သို့ ပြန်ပို့ပေးခဲ့သည့်အကြောင်း ဝမ်းပမ်းတသာ ပြောနေကြ သည်။ ရဲနှင့်သူတို့အဖွဲ့အပြန်အလှန်စကားပြောခဲ့ပုံ၊ စကားစစ်ခင်းခဲ့ပြီး မြန်မာအလုပ်သမားအမျိုးသမီး အားကယ်တင်ခဲ့ပုံကို စားမြုံ့ပြန်အောင် ပြောနေသည်ကို ကြားရသည်။ ကျွန်တော်ပင် ဝမ်းသာပီတိဖြစ်ရသည်။

ထိုအဖွဲ့၏ ဥက္ကဋ္ဌက ကိုရန်နိုင်ထွန်း၊ အတွင်းရေးမှူးက ကိုရဲမင်းထွန်းအဖွဲ့ဝင်တစ်ဦးဖြစ်သူက ကိုမင်းတင်လှတို့ဖြစ်ပါသည်။

www.foreverspace.com.mm

သူတို့အဖွဲ့သည် အဖွဲ့ဝင် ၂၀ လောက်ရှိသည်ဟုသိရသည်။ အဖွဲ့ဝင် ၂၀ က နယ်မြေအလိုက် ဖြန့်ကျက်ထားပြီး ဆောင်ရွက်သည်ဟုဆိုသည်။ ထိုအဖွဲ့သည် နိုင်ငံရေးဆောင်ရွက်သော အဖွဲ့မဟုတ်ဘဲ မလေးရောက် မြန်မာအလုပ်သမားများကိုကူညီရန် ဖွဲ့စည်းထားခြင်းဖြစ်သည်။

အဖွဲ့၏အမည်ကို (MWPRC) Myanmar Warker's Rights Protective Committee မြန်မာအလုပ်သမား အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးကော်မတီဖြစ်သည်။

မြန်မာနိုင်ငံမှ မလေးရှားသို့ရောက်လာကြသော မြန်မာအလုပ်သမားများသည် တရားဝင်ရော၊ တရားမဝင်ပါရှိသည်။ သိနားလည်သူရော၊ မသိနားမလည်သူပါရှိသည်။ မလေးရှားနိုင်ငံတွင် မြန်မာရာပေါင်းများစွာသည် မြောက်မြားစွာသော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန၊ ဆိုင်ဈေးတို့တွင် သာမကလယ်တော၊ ယာမြေသစ်တောများထဲအထိရှိကြရာ နေ့စဉ်နှင့်အမျှ ပြဿနာများလည်းရှိနေသည်။ အလုပ်ခွင်ဒဏ်ရာရခြင်း၊ အလုပ်ရှင်က မတရားနှိပ်စက်ခြင်း၊ ရသင့်ရထိုက်သော လစာမပေးခြင်း၊ အနိုင်ကျင့်ခံရခြင်းစသည်တို့မှာ နေ့စဉ်ဖြစ်ပွားနေကြသည်။ ထိုကိစ္စများကို ကူညီဆောင်ရွက်ပေးသည့်အဖွဲ့အစည်းမရှိ၍ ကိုရန်နိုင်ထွန်းတို့လူစုက ဘာသာရေး နာရေးအသင်းလို မြန်မာနိုင်ငံဆွမ်းကြီးလောင်းအသင်းလို NGO သဘောစေတနာနှင့်ဆောင်ရွက်သောအဖွဲ့ဖြစ်ပါသည်။

ကိုရန်နိုင်ထွန်းတို့သည် သူတို့အဖွဲ့ကို ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့က ပိုမိုကျစ်ကျစ်လျစ် လျစ်ဖြစ်အောင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ထိုနေ့ရက်မတိုင်ခင်က

www.foreverspace.com.mm

တည်းက ဝိုင်းဝန်းဆောင်ရွက်နေခြင်းဖြစ်သည်။ မလေးရှားမှ မြန်မာ အလုပ်သမားများ ထိခိုက်နစ်နာမှုရှိပါက ထိုက်တန်သော နစ်နာကြေး ရရှိအောင်၊ ကိုယ့်ထမင်းကိုယ်စား လိုက်လံဆောင်ရွက်ပေးသောအဖွဲ့ ဖြစ်သည်။

ထိုကိစ္စများကိုဆောင်ရွက်ရန် ကိုရဲမင်းထွန်းတို့အဖွဲ့မှ မလေးရှားအစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သလို၊ မလေးရှား ရှေ့နေများကိုလည်း ငှားရမ်းဆောင်ရွက်သောကြောင့် လုပ်ငန်းများ အောင်မြင်ကြောင်းသိရသည်။ ထိုအဖွဲ့ဝင်များကို စိတ်ဝင် စားသူများ ကပူးပေါင်းပါဝင်ကြရန် လှုံ့ဆော်ထားသလို အသင်းဖွဲ့၍ အသင်းဝင် ကတ်များထုတ်ပေးပြီး ဆောင်ရွက်ရန်ကိုလည်း ရှေ့လုပ်ငန်း လမ်းစဉ် အဖြစ်ထားရှိပါသည်။ ကိုရဲမင်းထွန်းတို့၏ ဆောင်ရွက်မှုသည် အကျိုး ဖြစ်ထွန်းမှုရှိသောကြောင့် မလေးရှိမြန်မာများကလည်း စိတ်ဝင်စား သည်ကိုတွေ့ရသည်။ ကျွန်တော်တို့ မလေး၌ရှိနေစဉ် မလေးသို့ အလုပ်အကိုင် လုပ်ကိုင်းရင်းရောက်ရှိနေသော ကိုဇော်မင်းသန့်နှင့် မသီတာတို့ဇနီးမောင်နှံမှ မလေးငွေ RM၁၅၀၀ (မြန်မာငွေ ၆သိန်း)ကို ထိုအဖွဲ့အားလာရောက် လှူဒါန်းကြောင်းသိရသည်။

ကိုရန်နိုင်ထွန်းတို့နှင့် ဆက်သွယ်နိုင်သော လိပ်စာမှာ -
ပုဒူးပလာဇာ (၁၁)ထပ်၊ အခန်း(၄)၊ ပုဒူး၊
ကွာလာလမ်ပူဖြစ်သည်။

ထိုကဲ့သို့ မြန်မာအချင်းချင်းကူညီသော အခြားအဖွဲ့များလည်း ရှိကြသည်။ အလားတူပင် ကျွန်တော်သည် မလေးသို့ ရောက်ခိုက် ကဂျန်ခရိုင် ဘန်ဒါ တက်ကနိုလော်ဂျီ သာရေးနာရေးအသင်းဖွဲ့စည်း လုပ်ဆောင်နေသော အဖွဲ့တစ်ဖွဲ့ကိုလည်း တွေ့ခဲ့သည်။ အထူးသဖြင့်

www.foreverspace.com.mm

KL ရှိ မြန်မာဘုန်းတော်ကြီးကျောင်းများသည်လည်း မြန်မာများ၏ သာရေး၊ နာရေး၊ လူမှုရေးကိစ္စများကို ရိုင်းပင်းကူညီ၍ ရသောနေရာ၊ သတင်းဖလှယ်ရာ နေရာများဖြစ်ပါသည်။ ကွာလာလမ်ပူရှိ မြန်မာဘုန်းတော်ကြီးကျောင်းတို့မှာ

(၁) ပူချုန်း ၁၂ မိုင် ဓမ္မရောင်ခြည်ကျောင်း
(၂) မဟာစည်သြဝါဒခံ (ညောင်ကန်အေး) သာသနာရိပ်သာကျောင်း
(၃) ဆာဒန်းဘူတာအနီးမှ ဓမ္မဝိဟာရကျောင်း
(၄) ဓမ္မဝိဟာရကျောင်း
(၅) ပူချုန်း ၇ မိုင်ရှိ သီရိမင်္ဂလာဓမ္မာရုံ
(၆) ဘလက်ကောင်း ဓမ္မရုံသီကျောင်း
(၇) ရတနာရာမကျောင်း (ပီဂျေကျောင်း)
(၈) ဘရစ်ဖီးအရပ်မှ မဟာဝိဟာရသီရိလင်္ကာကျောင်း တို့ဖြစ်သည်။ အခြားကျောင်းများလည်း ရှိသေးသည်။

မလေးရှားနိုင်ငံတွင် မြန်မာအချင်းချင်းကူညီသော အဖွဲ့လေးများကိုလည်း တွေ့ရသည်။ ထိုအဖွဲ့ကာ ပျိုးခင်းလူငယ်အဖွဲ့ ဖြစ်သည်။ သူတို့အဖွဲ့သည် Jalan Bander 7 Pusat Bantar 47100-Puchong တွင်ဖြစ်သည်။

ထိုဝန်ဆောင်မှုအဖွဲ့ကို ၂၀၀၆ခုနှစ် ဩဂုတ်လ ၂၇ရက်နေ့မှ စတင်ဖွဲ့စည်းခဲ့ရာ ထိုလူငယ်များအဖွဲ့ သည်အခမဲ့ပညာရေးဝန်ဆောင်မှု ပေးသည်။ အကြောင်းအမျိုးမျိုးကြောင့် မလေးသို့ရောက် ရှိလာသော မြန်မာများ ပညာသင်ကြားလိုပါက အလွယ်တကူသင်ကြားနိုင်ရန် ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စာသင်တန်းများကိုဖွင့်လှစ် သင်ကြား

www.foreverspace.com.mm

ပေးသည်။ ပျိုးခင်းလူငယ်အဖွဲ့၏တာဝန်ခံမှာ ကိုထွန်းထွန်းနိုင်ဖြစ်၍ ကွန်ပျူတာသင်တန်းကို မနက် ၉း၀၀ နာရီခွဲမှ ၁၂း၀၀ နာရီထိ တစ်ကြိမ်၊ အင်္ဂလိပ်စာသင်တန်းကို နေ့လည် ၁၂း၀၀နာရီမှ ၁၄း၀၀နာရီထိတစ်ကြိမ် နေ့စဉ်သင်ကြားပေးလျက် ရှိကြောင်းသိရသည်။

ပီနန်တွင်လည်း အလားတူသင်ကြားပေးသော အဖွဲ့ရှိပါသည်။

❒ ❒ ❒

www.foreverspace.com.mm

## အခန်း (၇)

## မလေးရှားမှဖြစ်စဉ် သတင်းများ

မလေးရှားနိုင်ငံတွင် မြန်မာအလုပ်သမားများ အများအပြား ရောက်ရှိနေသည်မှာ အမှန်ပင်ဖြစ်သည်။ ဆက်၍လည်းမြန်မာနိုင်ငံမှ အလုပ်သမားများ မလေးရှား၊ စင်ကာပူသို့ ဆက်၍ထွက်ခွာနေကြသည်။ ထွက်နေသမျှလည်း ပြေလည်မှု၊ မပြေလည်မှု ဖြစ်ရပ်များ၊ ပြဿနာများ၊ ဆုံးရှုံးနစ်နာမှုများသည် ဆက်ဖြစ်နေဦး မည်ဖြစ်သည်။ မလေးရှားနိုင်ငံသို့မသွားမီ မလေးရှားတွင် ဖြစ်ပျက်နေသော ကိစ္စရပ်များ၊ သဘောထားများ၊ ဥပဒေများကို သွားမည့်သူများ သိထားရန် လိုအပ်သည်။ ကြားစကား၊ ပွဲစားစကားကို ယုံကြည်၍ မသွားသင့်။ ခက်သည်မှာ ကြားစကား၊ ပွဲစားစကားကိုမှ နားမထောင်လျှင်လည်း အခြေအနေကို အမှန်အကန်ပြောကြား သူတို့က နည်းပါးသည်။ ထင်တစ်လုံးနှင့် မလေးသို့သွားလျှင် အလုပ်လည်းရ၊ ဘဝတစ်ခုလုံးလည်း ချောမွေ့ပြီဟု မှတ်ယူ၍ အခန့်သားလေယာဉ်ပေါ် သို့တက်သွား

www.foreverspace.com.mm



မလေးသို့ရောက်ရှိနေသော မြန်မာအလုပ်သမားများ

ကြရာ တကယ့်တော့အမိမြေပေါ်မှ ခြေကိုလွှတ်၍ သူမြေပေါ်မှာခြေချလိုက်တော့မှ တကယ့်ပြဿနာအရပ်ရပ် ဒုက္ခအဖုံဖုံက စတင်ကြုံကြိုက်လာရတာဖြစ်သည်။ မလေးရှားနိုင်ငံ နှင့်ထိုင်းနိုင်ငံတို့တွင် ကြုံတွေ့ကြရမည်ဖြစ်သည့် အဖြစ်အပျက်များကို လေ့လာကြည့်ကြပါစို့။

## မောင်နိုင်မင်းထွန်း

မောင်နိုင်မင်းထွန်းသည် မုံရွာခရိုင်၊ ကနီမြို့နယ်၊ ကွန်းပင်အိုင်အုပ်စု၊ ငှက်ပျောတောရွာမှဖြစ်သည်။ သူသည်အခြားမြန်မာလူငယ်များလို နိုင်ငံခြားသွား အလုပ်လုပ်လိုသောစိတ်ဖြင့် ၂၀၀၆ခုနှစ်၊ ဇွန် ၁၈ ရက်နေ့တွင် ပတ်စ်ပို့နံပါတ် ၇၁၇၄၈၀ ကိုကိုင်ဆောင်ကာ မြန်မာ နိုင်ငံမှ မလေးရှားသို့ထွက်လာပြီး ပလပ်စတစ်စက်ရုံတစ်ခုတွင်

www.foreverspace.com.mm

တရားဝင်ဗီဇာ၊ တရားဝင်အလုပ်လုပ်ပိုင်ခွင့်၊ အခွင့်အလမ်းများနှင့် ၇ လကြာလုပ်ကိုင်ခဲ့သည်။

သို့သော်လည်း အလုပ်ရှင်သူဌေးမှ မတရားခိုင်းစေသောကြောင့် မောင်နိုင်မင်းထွန်းသည် ပလတ်စတစ်စက်ရုံမှ ထွက်ပြေးလာကာ မလေးရှားနိုင်ငံ၊ မလက္ကာမြို့အနီး တမ်ပင်အရပ်မှ သဲအရောင်းအဝယ်လုပ်ငန်းတွင် လခစားအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

ထိုသို့လုပ်ကိုင်နေစဉ် ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၂၃ရက်နေ့တွင် အလုပ်ခွင်၌ မြေကြီးတူးရာတွင် အသုံးပြုသော မြေတူးစက်၏ ရှေ့လက်တန်ဖြင့် အရှိန်ပြင်းစွာ ရိုက်မိရာမှ ထိုဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။

သေဆုံးသွားစဉ် မောင်နိုင်မင်းထွန်း၏ အသက်သည် ၂၄ နှစ်သာရှိပါသေးသည်။ အလုပ်သမား ကာကွယ်စောင့်ရှောက်ရေးအဖွဲ့မှမောင်နိုင်မင်းထွန်း၏ ဈာပနကိစ္စအဝဝကို ဆောင်ရွက်ရင်းနစ်နာကြေးရရှိရေးအတွက်လည်း ကြိုးစားလျက်ရှိသည် ဟုသိရသည်။

### မဲဆောက်၌မြန်မာ ၄ ဦး သေနတ်ဖြင့် ပစ်သတ်ခံရ

ထိုင်းနိုင်ငံ၊ မဲဆောက်မြို့တောင်ဘက် ၂၅ ကီလိုမီတာအကွာရှိ ကျောတီခိုအရပ်တွင် ထိုင်းလူမျိုး၊ နိုင်ပရွန်းကာဝရတ်ဒေ၏ ပြောင်းခင်းတွင် မြန်မာအလုပ်သမားများဖြစ်ကြသော ပဲခူးတိုင်း၊ ထန်းတပင်မြို့မှ ဦးသိန်းအောင်အပါအဝင် ညောင်လေးပင်မြို့နယ်မှဖြစ်ကြသော ဦးသန်းထွန်း၊ ဦးကုလားကြီး၊ ဦးပေါ်ဦးနှင့် ဦးနိုင်လင်းတို့ အလုပ်လုပ်ကိုင်နေကြစဉ် ၂၀၀၇ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့ ညတွင် အလုပ်ရှင် နိုင်ပရွန်ကာဝရတ်ဒေရောက်ရှိလာပြီး ပြောင်းဖူးအိတ်

www.foreverspace.com.mm

၅ အိတ်ပျောက်ဆုံးနေပြီး ယင်းတို့ကို မြန်မာအလုပ်သမားများ ခိုးယူခြင်းဖြစ်သည်ဟု စွပ်စွဲကာလာရောက်ခေါ်ဆောင်သွားကာ နောက်တစ်နေ့ မိုးမလင်းမီ အလုပ်ရှင်နှင့် အခြားထိုင်း ၂ ဦးတို့မှ ဦးသန်းထွန်းတို့အုပ်စုအားသေနတ်ဖြင့် ပစ်သတ်ရာ ၄ ဦးစလုံးသေဆုံးပြီး ဦးသန်းထွန်းမှာ ထွက်ပြေးလွတ်မြောက်လာခဲ့သည်။

ဦးသိန်းအောင်မှ ပြောရာတွင်

"ကျွန်တော်တို့ ငါးယောက်ကို တန်းစီးပြီး ပစ်သတ်ရာမှာ သူတို့က အရက်တွေမူးနေကြပါတယ်။ တစ်ယောက်ပြီးတစ်ယောက် ပစ်တာပါ။ ကျွန်တော့်ကိုပစ်တဲ့ သေနတ်ကျည်ဆန်ဟာ ကျွန်တော့်ကို မထိတာနဲ့ ကျွန်တော်လှဲချပြီး သေချင်ယောင်ဆောင်နေရာမှ လွတ်လာခဲ့ခြင်းဖြစ်ကြောင်း၊ မိုးမလင်းတလင်းဆိုတော့ မှောင်နေတာရယ်၊ နိုင်လင်း ရဲ့သွေးတွေက ကျွန်တော့်ကို ပေနေတော့ ကျွန်တော့်သေနေပြီ ဆိုပြီးထားခဲ့ရာက လွတ်လာခဲ့တာပါ"ဟုဆိုပါသည်။

ထိုအမှုကို မဲဆောက်ရဲစခန်းမှအရေးယူပြီး အလုပ်ရှင်နိုင်ပရွန်ကာဝရတ်ဒေကို နိုဝင်ဘာလ ၁၇ရက်နေ့တွင် လူသတ်မှုဖြင့် ဖမ်းဆီးအရေးယူထားသည်ဟု အင်တာနက်သတင်းမှဆိုပါသည်။

## မောင်အောင်ကျော်မိုး၏အဖြစ်

ဘာတာဝပ်မြို့နယ်၊ စွန်ဂိုင်းပါတနီမြို့ Fomasa Prosonic စက်ရုံတွင် အလုပ်လုပ်နေသော မောင်အောင်ကျော်မိုးဆိုသည့် အလုပ်သမားတစ်ဦးသည် လွန်ခဲ့သော ၃ လခန့်က မသမာသူတစ်ဦး၏ အက်စစ်ဖြင့် အပက်ခံရပြီး ညာဘက်မျက်လုံး တစ်လုံးထွက်သွားကာ ရုပ်ပျက်ဆင်းပျက်ဖြစ်သွားရှာပါသည်။

www.foreverspace.com.mm

ထိုကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံသံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များက မလေးရှားနိုင်ငံရောက်မြန်မာလူမှုရေးအသင်းအား အကြောင်းကြားခဲ့သဖြင့် လူမှုရေးအသင်း အမှုဆောင်များက ကွာလာလမ်ပူဆေးရုံကြီးတွင် တက်ရောက်ကုသနေသော မောင်အောင်ကျော်မိုးအား သွားရောက်ကြည့်ရှုခဲ့ပြီး အားပေးစကားပြောကြားခဲ့ပါသည်။

မြန်မာလူမှုရေးအသင်းအဖွဲ့ဝင်များသည် ထိုကိစ္စနှင့်ပတ်သက်၍ လူသားချင်းစာနာထောက်ထားသောအားဖြင့် နယ်မြေအသီးသီးတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာလူမျိုးများထံသို့ မောင်အောင်ကျော်မိုးအတွက် အလှူခံထွက်ပြီး ကရုဏာကြေးများကောက်ခံခဲ့ကြသည်။

ယင်းကဲ့သို့ အလှူငွေကောက်ခံခဲ့ရာ လှူဒါန်းငွေစုစုပေါင်း ၁၁၁၅၈ ရင်းဂစ်ရရှိခဲ့ပြီး ထိုငွေများကို ကာယကံရှင်ထံသို့ သွားရောက်အပ်နှံလိုက်ပြီဖြစ်ကြောင်း သတင်းရရှိပါသည်။

## မြန်မာအလုပ်သမား ဦးခင်မောင်စော ဆေးရုံရောက် နောက်ကျ၍သေ

မလေးရှားနိုင်ငံ၊ ဂျိုးဟိုဘာရူးပြည်နယ်ရှိ ကွန်ဒီးယန်း စက်ရုံတွင် အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသား တစ်ဦးသည် ၁၈.၆.၀၇ ရက်နေ့ (တနင်္လာနေ့ ညနေ ၆း၀၀နာရီခန့်တွင်) ပွန်းနီးယန်း ဆေးရုံ၌ ကွယ်လွန်သွားသည်။

ဖြစ်ပွားပုံမှာ ၎င်းစက်ရုံတွင် အလုပ်လုပ်နေသူ ဦးခင်မောင်စော (အသက် ၄၅နှစ်)သည် တနင်္ဂနွေနေ့တွင် အလုပ်လုပ် နေရာမှ ဗိုက်အောင့်သဖြင့် သူငယ်ချင်းများအား ၎င်း၏တိုင်းလ် ကတ်ပြ၍ ဆေးခွင့်

www.foreverspace.com.mm

တောင်းခံခိုင်းရာမှ ကိုယ်တိုင်မလာလျှင် ခွင့်မပေး နိုင်ကြောင်းပြော၍ ပြန်လွှတ်လိုက်သောကြောင့် နောက်နေ့တွင် အလုပ်မဆင်းနိုင်ဘဲ ညနေပိုင်းတွင် ပိုမို၍ ရောဂါဝေဒနာဆိုးလာခဲ့လေသည်။ ညနေ ၄နာရီ ခန့်တွင် သူငယ်ချင်းများမှ အငှားကားဖြင့် လူနာအားတင်ကာ စက်ရုံသို့ ခေါ်ဆောင်သွားပြီး မန်နေဂျာထံမှ ဆေးခွင့်တောင်းယူရန်အတွက် စောင့်ဆိုင်းနေစဉ် မန်နေဂျာအပြင်သွားနေသဖြင့် စက်ရုံတွင်ပင် အချိန်ကုန်ခဲ့ရကြောင်း သိရသည်။

အချိန်တစ်နာရီ၊ တစ်နာရီခွဲခန့်ကြာမှ မန်နေဂျာပြန်ရောက်လာကာ ဆေးရုံသွားခွင့်ရေးပေးလိုက်၍ ဆေးရုံသို့ ရောက်ရှိပြီးဆရာဝန် မှစစ်ဆေးမှုများပြုလုပ်ပြီးသောအခါတွင် ခွဲစိတ်ရန်လိုအပ်ကြောင်း ပြောရာ အတူပါလာသော သူငယ်ချင်းများမှ သူဌေးအား ဖုန်းဖြင့် အကြောင်းကြားခဲ့သည်။ ထိုသို့ခွဲစိတ်ရန်ကိစ္စကို သူဌေးထံသို့ အကြောင်းကြားနေစဉ် အချိန်အတွင်းမှာပင် ခံစားနေရသော ရောဂါဝေဒနာကြောင့် ဦးခင်မောင်စောသည် ညနေ ၆း၀၀ နာရီကျော်ကျော် လောက်တွင် ကွယ်လွန်ခဲ့ရသည်။

ဆေးရုံသို့ အရောက်နောက်ကျ၍ သေဆုံးရခြင်းဖြစ်ပြီး အချိန်တစ်နာရီခန့်သာစော၍ ဆေးရုံသို့ရောက်ရှိခဲ့မည်ဆိုလျှင် လူနာ၏ အသက်ကိုကယ်ဆယ်နိုင်မည်ဖြစ်ကြောင်း ၄င်းဆေးရုံမှတာဝန်ကျ ဆရာဝန်က ပြောကြားကြောင်းကို သိရှိရသည်။

### စက်ညှပ်၍လက်ပြတ်

မလေးရှားနိုင်ငံ၊ ရာဝမ်းနယ်မြေရှိ ပလတ်စတစ်စက်ရုံတွင် အလုပ်လုပ်နေသော ကိုဝင်းဗိုလ် နိုင်ငံကူးလက်မှတ်အမှတ်-၆၁၄၁၅၅ သည် ၂၀၀၇ခုနှစ်၊ ဧပြီလ ၁၂ရက်နေ့၌ စက်ရုံတွင် အလုပ်လုပ်နေရင်း

www.foreverspace.com.mm

စက်ထဲသို့ လက်ဝင်သွားရာမှ လက်သူကြွယ်နှင့်လက်သန်းပြတ်သွားပြီး ကျန်လက်ချောင်းသုံးချောင်းမှာလည်း လုံးဝလှုပ်ရှား၍ မရတော့ကြောင်းသိရှိရသည်။

**မောင်အေးနိုင်စိုး၏အဖြစ်**

မလေးရှားနိုင်ငံ၊ ဆီလန်ဂေါပြည်နယ်၊ ကပ်ပုန်းနယ်အပိုင်ရှိစက်ရုံတစ်ရုံတွင် အလုပ်လုပ်နေသော မြန်မာလူငယ်တစ်ဦးသည် ၁၂.၆.၂၀၀၇ရက်နေ့ အင်္ဂါနေ့ ည ၁၁း၃၀၊ ၁၂း၀၀နာရီအချိန်တွင် ဓားထိုးခံရပြီး ၄င်းဒဏ်ရာနှင့်ပင် ဓားထိုးခံရသောနေရာနှင့် မနီးမဝေးတွင်ပွဲချင်းပြီးကွယ်လွန်သွားကြောင်း ကြားသိရပါသည်။

ဖြစ်ပွားပုံမှာ ကပ်ပုန်းနယ်အပိုင်ရှိ "ဖာဂျာ" ကုန်တိုက်၏အနောက်ဘက် ဆုတံဆိပ်ထုတ်လုပ်သောစက်ရုံတွင် အလုပ်လုပ်နေသော မြန်မာလူငယ်တစ်ဦးသည် အင်ဒိုနီးရှားနိုင်ငံမှ အလုပ်လုပ်လာလုပ်သော အမျိုးသမီးတစ်ဦးနှင့် ချစ်ကြိုက်နေရာမှ အမျိုးသမီးဘက်မှ သိသွား၍ ဆွေမျိုးသားချင်းများက ပိတ်ပင်တားဆီးနေသည့်ကြားမှ မြန်မာလူငယ်နှင့် အင်ဒိုနီးရှားအမျိုးသမီးတို့သည် မခွဲဘဲအတူနေကြလေသည်။ တစ်လခွဲခန့်ကြာသောအချိန်တွင် အမျိုးသမီးဘက်မှ ပုဂ္ဂိုလ်တို့က နှစ်ဦးလုံးအား အဆက်အသွယ်ဖြတ်ရန် ထပ်မံ၍သတိပေးပြောကြားသည်။ အမျိုးသမီးအားလည်း မနေနိုင်၍ အိမ်ထောင်ပြုချင်လျှင် သူတို့လူမျိုးအချင်းချင်း မိတ်ဆွေများထဲမှ သင့်တော်သောသူတစ်ဦးဦးနှင့် လက်ထပ်ပေးမည်ပြောရာ ၄င်းအင်ဒိုနီးရှားအမျိုးသမီးမှလက်မခံနိုင်ကြောင်းပြောပြီးဆက်လက်၍ မြန်မာလူငယ်နှင့် နေထိုင်ခဲ့ရာ တစ်နေ့တွင် မြန်မာလူငယ်ထံသို့ အင်ဒိုနီးရှားလေးငါးယောက်ခန့် ရောက်လာ၍ မင်းနဲ့ကြိုက်နေတဲ့ အင်ဒိုနီးရှားအမျိုးသမီး

www.foreverspace.com.mm

ဟာအပျိုမဟုတ်ကြောင်းနှင့် အိမ်ထောင်ရှိ၍ ကလေးနှစ်ယောက် (အမြွှာပူး)ရှိကြောင်း၊ ၄င်းတို့မိသားစုမှာ အင်ဒိုနီးရှားနိုင်ငံတွင်ရှိကြောင်း တောင်းပန်ကာ ၄င်းအမျိုးသမီးနှင့်အတူမနေရန် သတိပေးပြောဆိုပြီး ၄င်းတို့မှာအမျိုးသမီးခင်ပွန်း၏ ဆွေမျိုးညီအစ်ကိုများ တော်စပ်ကြောင်းကိုပြောပြီး ရှောင်ပေးရန်နှင့် အတူမနေရန် ထပ်မံသတိပေးပြောဆိုခဲ့သော်လည်း မြန်မာလူငယ်မှာ နောက်မဆုတ်ဘဲ နေမြဲတိုင်းနေရာမှ မကွယ်လွန်မီတစ်ပတ်အလိုတွင် ၄င်းအမျိုးသမီးက မြန်မာလူငယ်အား သတိထားရန်နှင့် အိမ်သို့မပြန်ရန်ပြောဆိုခဲ့သည်။ ထိုကဲ့သို့ဖြစ်ရပ်များဖြစ်ပြီး ၁၂.၆.၀၇ရက်နေ့ အင်္ဂါနေ့၌ အလုပ်ပြီး၍ အိမ်သို့ရောက်သောအခါ နောက်မှရောက်လာသော လူတစ်စုကဓားနှင့် ဝင်ထိုးရာ မြန်မာလူငယ်မှာ ၄င်းဒဏ်ရာနှင့်ပင် ဓာတ်တိုင်နှစ်တိုင်အကွာအထိ ပြေးသွားကာနေရာတွင်ပင် ပွဲချင်းပြီးသေဆုံးသွားကြောင်းနှင့်တရားခံများအားချက်ချင်းစုံစမ်းကာ ညတွင်းချင်းပင် ရဲများကဖမ်းဆီးမိခဲ့သည်။ ၄င်းအင်ဒိုနီးရှားအမျိုးသမီးကိုလည်း ဘာသာရေးအရ ဖမ်းဆီးခဲ့သည်။ ကွယ်လွန်သူ၏အမည်မှာ မောင်အေးနိုင်စိုးဖြစ်ပြီး အသက် ၂၃နှစ်ခန့် သာရှိသေး၍ မလေးရှားသို့ ရောက်သည်မှာ သုံးနှစ်ခန့်ရှိပြီ ဖြစ်ကြောင်းသိရသည်။

## မူးယစ်ဆေးဝါးနှင့် အရက်သုံးစွဲသူများလာ

မလေးရှားနိုင်ငံရှိ အလုပ်သမားများအကြားတွင် မူးယစ်ဆေးဝါးနှင့်အရက်သုံးစွဲသူများ ပိုမိုများပြားလာသည့်အတွက် အလုပ်ရှင်များအနေဖြင့် ၄င်းတို့၏အလုပ်သမားများအား ၆ လတစ်ကြိမ်ဆေးစစ်ခိုင်းရန် (Human Resources Ministry) မှထုတ်ပြန်ကြေငြာခဲ့သည်။

www.foreverspace.com.mm

ဆီးနှင့်သွေးစစ်ဆေးမှုလမ်းညွှန်များကိုလည်း အလုပ်ရှင် ၅ သိန်းသို့ ဖြန့်ဖြူးဝေငှပြီးဖြစ်သည်။ လုပ်ငန်း ခွင်အန္တရာယ်ကင်းရေးနှင့် ကျန်းမာရေးကော်မတီ (Occupational Safely and Health Committee) ကအလုပ်ရှင်များသည် အထက်ပါညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ပါက ထောင်ဒဏ် ၂ နှစ်သော်လည်းကောင်း၊ ဒဏ်ငွေ ရင်းဂစ် ၂ သောင်းသော်လည်းကောင်း၊ ထောင်ဒဏ်ငွေဒဏ်နှစ် ရပ်ပေါင်းသော်လည်းကောင်း အပြစ်ဒဏ် ရကျခံမည်ဟု ထုတ်ပြန်ခဲ့ သည်။

လွန်ခဲ့သောနှစ်က မူးယစ်ဆေးဝါးသုံးစွဲသူပေါင်း ၃ သိန်း ကျော်ရှိခဲ့သည်။ ဆေးသုံးစွဲသူများ၏ ၇၆ ရာခိုင်နှုန်းသည် အလုပ် သမားများဖြစ်သည်။ ၄င်းဆေးစွဲသူအလုပ်သမားများ၏ ၉၀ ရာခိုင်နှုန်းမှာ (HIV) ပိုးရှိနေသူများဖြစ်သည်။ ဆေးသုံးစွဲသူများ၏ ၃ ရာခိုင်နှုန်းမှာ အဆိုတော်နှင့် အနုပညာရှင်များဖြစ်ကြသည်။

အလုပ်သမားအဖွဲ့အစည်းများသည်လည်း ၄င်းဒုက္ခရောက် စေသည့် အကြောင်းတရားများကို တိုက်ဖျက်ရန် အခန်းကဏ္ဍတစ်ခု အနေဖြင့် ပါဝင်လှုပ်ရှားဆောင်ရွက်သင့်ကြောင်း (Human Resoyrces Ministry) မှ တိုက်တွန်းနှိုးဆော်ထားကြောင်းသိရသည်။

## ဓားနှင့်ခုတ်ပြီး လုယက်

မလေးရှားနိုင်ငံ၊ ဇွန်ဂိုင်းဘလို့မြို့နယ်ထဲတွင်ရှိသော 'စမာစရာတမိုင်' ရပ်ကွက်တွင် သောကြာနေ့ ညဈေးတန်း၌ မြန်မာ တစ်ဦးကို အင်ဒိုနီးရှားတစ်စုက ဓားဖြင့်ခုတ်ပြီး လုယက်သွားကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ၄င်းနယ်မြေအတွင်းတွင်ရှိသော စက်ရုံတစ်ရုံ၌ အလုပ်လုပ်နေသည့် မြန်မာတစ်ဦးသည် ညဈေးတန်းမှ ဈေးဝယ်ပြီး

www.foreverspace.com.mm

ပြန်လာခဲ့သည်ဆိုသည်။ ထိုအချိန်တွင် ၄င်း၏နောက်မှ လူ ၃ ဦးနောက်ယောင်ခံလိုက်လာပြီး လူရှင်းသောနေရာတစ်ခုသို့ ရောက်ချိန်၌ဝင်ရောက် လုယက်တိုက်ခိုက်ပါတော့သည်။

ထိုအချိန်တွင် နောက်ထပ် ၆ ဦးထပ်မံရောက်ရှိလာပြီး အရှည်တစ်ပေခွဲခန့်ရှိသော ဓားကောက်ဖြင့် မြန်မာအလုပ်သမားအား ဝင်ပိုင်းရာ ခါးကိုခုတ်မိသွားပါသည်။ ထိုမြန်မာအလုပ်သမားသည် သွေးရူးသွေးတန်းနှင့် အနီးရှိဆေးခန်းတစ်ခုသို့ ရောက်ရှိသွားခဲ့ပါသည်။

၄င်းဆေးခန်းမှ တာဝန်ရှိသူတစ်ဦးက ထိုမြန်မာအလုပ်သမား၏စက်ရုံနှင့် ရဲစခန်းသို့ဖုန်းဆက် အကြောင်းကြားရာ ရဲများနှင့်စက်ရုံမန်နေဂျာတို့ ရောက်ရှိလာသည်။ ထို့နောက်ဒဏ်ရရှိသွားသော မြန်မာအလုပ်သမားအား စစ်ဆေးမေးမြန်းပြီး စွန်ဂိုင်းဘလို့ဆေးရုံသို့ပို့ လိုက်ပါတော့သည်။

၄င်းအရပ်ရှိ ဌာနေမလေးလူမျိုးများလည်း တစ်ဦးတည်းသွားလာပါက ဤကဲ့သို့ပင် အင်ဒိုနီးရှားများ၏ လုယက်မှုကို မကြာခဏခံရလေ့ရှိကြောင်း ရဲစခန်း၏မှတ်တမ်းများအရ သိရပါသည်။ လွန်ခဲ့သော ၂လခန့်ကလည်း ကိုကျော်ဝင်းထွန်းဆိုသော မြန်မာတစ်ဦးလည်း ဤသို့အလုခံခဲ့ရကြောင်း သိရပါသည်။

စွန်ဂိုင်းဘလို့ဆေးရုံသို့ တင်ထားရသော ထိုအလုပ်သမားအတွက် ဆေးရုံစရိတ်နှင့်ဆေးဖိုးများကို အလုပ်ရှင်မှ တာဝန်မယူသဖြင့် လုပ်ဖော်ကိုင်ဖက်မိတ်ဆွေများက စုပြီးပေးကြရသည်ဟုဆို၏။ ထို့ပြင် ဆေးရုံ တက်နေစဉ် အလုပ်မလုပ်နိုင်သောရက်များ၌လည်း လစာမရ သဖြင့် ဒုက္ခရောက်နေကြောင်းသိရပါသည်။

www.foreverspace.com.mm

### ၇ နှစ် အရွယ် ချင်းအမျိုးသမီးငယ်၏ နောက်ဆုံးခရီး

မလေးရှားနိုင်ငံ၊ ချဲရတ်စ်အရပ်ရှိ ခရစ်ယာန်သင်္ချိုင်း၌ ဧပြီလ ၁၁ရက်နေ့ ကပြုလုပ်သည့် ချင်းတိုင်းရင်းသူကလေး 'ဒါလီ'၏ နောက်ဆုံးခရီးကို အငြိုးတကြီးရွာသွန်းနေသော မိုးစက်များကြားက မြန်မာလူမျိုးတို့ လိုက်လံပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိပါသည်။

တစ်ဖွဲဖွဲမစဲဘဲ ရွာသွန်းနေသော မိုးကိုအံတုကာ လိုက်လံပို့ဆောင်သူများက သွက်လက်ချက်ချာသော ဒါလီကလေးအတွက် အမှတ်တရ ဝမ်းနည်းသီချင်းများသီဆိုကြသည်။ ဒါလီအဖေစပ်ထားသော Goodbye Dally သီချင်းကို ဝိုင်းဝန်းသီဆိုကြတဲ့အခါမှာတော့ ပို့ဆောင်နှုတ်ဆက်သူအားလုံး မျက်ရည်ဝဲရပါတော့သည်။

အသက် ၇ နှစ်မျှသာရှိသော ဒါလီသည် မတ်လ ၂၀ ရက်မတိုင်ခင်ကတည်းက အိမ်မှပျောက်ဆုံးသွားခဲ့ပြီး လက်များ အဖြတ်ခံထားရသည့် သူ၏ရုပ်အလောင်းအား ဂျလန်ကျော့ရန်းရှိ ကျောင်းအနီးချုံအတွင်းမှ ပြန်လည်တွေ့ရှိခဲ့ပါသည်။

### မြန်မာသင်္ဘောသားတစ်ဦး ကလန်းဆိပ်ကမ်း၌ အဖမ်းခံရ

Mv. Damita Godawar အမည်ရှိသည့် ကုန်တင်သင်္ဘောပေါ်၌ ဖြစ်ပွားခဲ့သော လူသတ်မှုတရားခံ ဟုယူဆရသည့် မြန်မာလူမျိုးသင်္ဘောသားတစ်ဦးအား မလေးနိုင်ငံရဲတပ်ဖွဲ့မှ ပို့ကလန်းဆိပ်ကမ်းမှ ဖမ်းဆီး ထိန်းသိမ်းလိုက်ကြောင်း သတင်းရရှိပါသည်။

ဆီလန်ဂေါ်ရဲတပ်ဖွဲ့မှ စီအိုင်ဒီဒုတိယအကြီးအကဲချီးချင်းဝမ်၏အဆိုအရ အသက် ၃၈ နှစ်အရွယ်ရှိ ထိုတရားခံသည် သူတို့ သင်္ဘောအီဂျစ်မှ မလေးနိုင်ငံသို့ ထွက်ခွာလာနေသည့် ခရီးစဉ်အတွင်း

www.foreverspace.com.mm

ကျရောက်သည့် မြန်မာနှစ်သစ်ကူးသင်္ကြန်ကာလအတွင်း သင်္ဘောပေါ် ၌စားသောက်ပျော်ပါးကြရာမှ အချင်းများခိုက်ရန်ဖြစ်ပွားပြီး သေဆုံးသူအသက် ၄၃ နှစ်အရွယ်ရှိ အခြားမြန်မာသင်္ဘောသားတစ်ဦးအား ရင်ဘတ်ကိုဓားနှင့်ထိုး၍ ပုလင်းနှင့်ဦးခေါင်းကို ရိုက်နှက်ခဲ့ ကြောင်း သိရှိရပါသည်။

သေဆုံးသူ၏အမည်မှာ ကိုအောင်သက်ထွန်းဖြစ်ပြီး ယင်းဒဏ်ရာများဖြင့်ပင် သင်္ဘောမာလိန်မှူးက တရားခံအား ဖမ်းဆီးချုပ်နှောင်ထားခဲ့ကာ ဤကလန်းဆိပ်ကမ်းအရောက် အကြောင်းကြား ၍ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်ဟု သတင်းရရှိပါသည်။

### ထီလက်မှတ်အတုလုပ်ပြီးလိမ်

P.J, SS - 23 တွင် လွန်ခဲ့သောလက မြန်မာနိုင်ငံသားတစ်စု ထူးထူးဆန်းဆန်းအလိမ်ခံခဲ့ရသည်။ အလိမ်ခံရပုံမှာ မြန်မာများ အလုပ်လုပ်နေသောနေရာသို့ အင်ဒိုနီးရှား ၃ ဦး ရောက်လာပြီး 'အကူအညီတစ်ခုတောင်းချင်တယ်'လို့ဆိုကာ ၄င်းတို့လက်ထဲမှ 4D ဟုခေါ်သော ချဲထီစာရွက်အားပြ၍ 'ငါတို့ထီပေါက်နေတယ်၊ တို့မှာ ပါမစ်မရှိလို့ သွားထုတ်လို့မရဖြစ်နေတယ်။ မင်းတို့မှာပါမစ်ရှိတော့ ထုတ်လို့ရတယ်၊ ကူညီပါကွာ'ဟုဆိုလာသောကြောင့် မြန်မာများသည် ကူညီချင်တာက တစ်ကြောင်း၊ ကူညီလျှင်ထိုက်သင့်သော ကူညီခ(ငွေ)ရရှိမည်ဖြစ်သောကြောင့်လည်းကောင်း ကူညီရန်ဆုံးဖြတ်လိုက်သည်။

ထို့နောက်နီးစပ်ရာလက်ဖက်ရည်ဆိုင်သို့သွား၍ ကူညီမှုလုပ်ငန်းစတင်ရန် တိုင်ပင်နေတုန်း တစ်ဘက်မှ အင်ဒိုနီးရှားတစ်ဦး ထံသို့ ဖုန်းဝင်လာ၍ "အလွန်အရေးကြီးတဲ့ကိစ္စရှိသောကြောင့် သူတို့

www.foreverspace.com.mm

သွားရမည်။ ငါတို့စောင့် မနေတော့ဘူး။ မင်းတို့ပဲထုတ်ယူလိုက်တော့ ယခုမင်းတို့တွင် ပါသလောက်စုပေးလိုက်''ဟု ဆိုသောကြောင့် မိမိတို့တွင် ပါသောပိုက်ဆံနှင့်ဟမ်းဖုန်းများအပြင် အနီးရှိသူငယ်ချင်းများ၏ ပိုက်ဆံများကိုပါ လိုက်စုပြီးပေးလိုက်မိသည်။

ထို့နောက် 'ထောပြီ'ဟူသော အတွေးနှင့် 4D ဆိုင်သို့ သွားထုတ်သောအခါ ဆိုင်မှမန်နေဂျာက 'ငှင်းမှာ အစစ်မဟုတ်ဘူး၊ အတု'ဟုပြောရာ မယုံ၍ နောက်တစ်ဆိုင်သို့သွားရာ ၄င်းဆိုင်မှရဲခေါ် လိုက်မည်ဆိုကာမှ စိတ်လျှော့ပြီး ပြန်လာကြရသည်။ 'ငါတို့တော့ အလိမ်ခံလိုက်ရပြီ'ဟု အသိဝင်လာမိတော့သည်။ ၄င်းတို့ လိမ်ပုံမှာ တစ်လုံးလွဲ နံပါတ်တွင် 4D လွဲနေသော နံပါတ်ကို ဓားနှင့်အသာလေး ခြစ်ပြီးခဲရေးပန်းချီနှင့် ပြန်ရေးဆွဲကာလိမ်ခြင်းဖြစ်သည်။ ယခင်က လည်းအလားတူ ထိုနေရာတွင် လိမ်ညာရန်ရောက်လာရာ အလိမ်ခံ ရသူမှာ အလုပ်ချိန်နောက်ကျနေ၍ မကူညီနိုင်ကြောင်းပြောရာ ၄င်းလူ လိမ်များက 'မကူညီနိုင်ရင်၊ ရှိတာပေး' ဟုဆိုကာ လုယူသွားတာခံခဲ့ ရဖူးသူတစ်ဦးရှိကြောင်း မောင်လင်းကိုအောင်က ပြောပြသည်။

### သူဌေးအယောင်ဆောင်ပြီး အလစ်သုတ်

လွန်ခဲ့သော အလုပ်ပိတ်ရက် တနင်္ဂနွေနေ့ တစ်နေ့တွင်ဆီလန် ဂေါပြည်နယ်၊ PJ မြို့နယ်'ဒမန်စာရာ'ရှိ စက်ရုံတစ်ရုံမှ မြန်မာအလုပ် သမားများ အလိမ်ခံလိုက်ရကြောင်း သတင်းရရှိပါသည်။

ဖြစ်ပွားပုံမှာ ၄င်းစက်ရုံမှ မြန်မာအလုပ်သမားတစ်ဦးသည် တနင်္ဂနွေအလုပ်ပိတ်ရက်ဖြစ်သဖြင့် KL သို့ ငွေလွှဲရန် ထွက်ခွာလာခဲ့ သည်ဟုဆို၏။ လမ်းထိပ်ရောက်သောအခါ မာစီဒီးကားတစ်စီးပေါ်မှ သူဌေးဟုယူဆရသော တရုတ်တစ်ဦးကလှမ်းခေါ်၍ မြန်မာလားဟု

www.foreverspace.com.mm

မေးပြီး ငါ့ကိုကူညီပါ မင်းတို့မြန်မာသုံးလေးယောက် လောက်လုပ်အား လိုသည်။ ငွေ ၇၀၀ ပေးပါမည်။ ငါ့အိမ်ကိုသန့်ရှင်းရေးလိုက် လုပ်ပေးကြပါဟု ပြောပါသည်။

ထိုမြန်မာအလုပ်သမားမှာ အလုပ်ပိတ်ရက်တွင် အချိန်ပိုလုပ်ပြီး ငွေပိုငွေလျှံလေးရလျှင် အဆင်ပြေမည်ဟု တွက်ကာအခြားသူငယ်ချင်းသုံးလေးယောက်နှင့်အတူ မာစီးဒီးကားပေါ်တက်၍ လိုက်ခဲ့ပါသည်။ သူဌေးဟုထင်ရသော ထိုတရုတ်မှာကားကိုကလန်းဘက်အထိမောင်းသွားပြီး သုံးထပ်တိုက်တစ်လုံးရှေ့ရောက် သောအခါထိုးရပ်လိုက်ပါသည်။ ထို့နောက်မင်းတို့ သန့်ရှင်းရေးလုပ်ရမှာက ဒီနေရာပဲဆိုကာ အိမ်အတွင်းသို့ ခေါ်ပြသည်ဟုဆိုသည်။

ထို့နောက်မင်းတို့အင်္ကျီဘောင်းဘီတွေကိုချွတ်ပြီး ဒီအောက်မှာပုံထားခဲ့ကြ အပေါ်ဆုံးထပ်က အခန်းကို အရင်သွားပြီး သန့်ရှင်းရေးလုပ်ကြပါဟု ပြောပါသည်။ မြန်မာအလုပ်သမားများကလည်း ငါတို့အဝတ်အစားတွေ ပေကုန်မှာစိုးလို့ဖြစ်မှာပဲယူဆပြီး အဝတ်အစားနှင့်ဘောင်းဘီရှည်များကို အောက်ခန်းတွင်ချွတ်၍ စုပုံထားခဲ့ပြီး တတိယထပ်သို့ တက်လာကြကာ သန့်ရှင်းရေး လုပ်ကြသည်ဟုဆိုသည်။

အလုပ်လုပ်နေကြစဉ် (၁၅)မိနစ်ခန့် ကြာသော်တရုတ်သူဌေးတက်လာပြီး မင်းတို့အတွက်လက်ဖက်ရည်သွားဝယ်ဦးမည်ဟုဆိုကာ ထွက်သွားခဲ့ပြီး မကြာမီလက်ဖက်ရည်ထုပ်များ လာပေးပါသည်။ နောက်ထပ် မိနစ် ၃၀ ခန့်အကြာတွင် ၄င်းသည်အပေါ်တက်လာပြန်ပြီး မင်းတို့စားဖို့ ထမင်းသွားဝယ်ဦးမည်ဟုဆိုကာ ပြန်ထွက်သွားပြန်သည်။

တစ်နာရီလောက်ကြာလျှင် အလုပ်လုပ်၍ပြီးသွားသဖြင့် မြန်မာအလုပ်သမားများ အောက်ထပ်သို့ ဆင်းလာကြသောအခါသူဌေးလည်းမရှိ၊ ကားလည်းမရှိ။ မိမိတို့ချွတ်ထားခဲ့သော အင်္ကျီဘောင်းဘီ

www.foreverspace.com.mm

များပါ အကုန်လုံးပါသွားပြီး အလိမ်ခံလိုက်ရပြီဖြစ်ကြောင်း သိလိုက်ရပါတော့သည်။

ဘောင်းဘီအိတ်ထဲတွင် ထည့်ထားသော ပိုက်ဆံအိတ်များထဲ၌တစ်ဦးက အိမ်ကိုငွေပို့ရန်ယူလာသော ရင်းဂစ် ၅၀၀၊ အခြားတစ်ဦးက ရင်းဂစ် ၂၀၀ နှင့် ကျန်တစ်ဦးက ဟမ်းဖုန်းတစ်လုံး ပါသွားကြသည်ဟုဆို ပါသည်။ အကုသိုလ်မှာ ထိုမျှနှင့်အဆုံးမသတ်သေးပါ။ ထိုမြန်မာအလုပ်သမားတစ်စုမှာ တက္ကစီတစ်စီးငှားပြီး စက်ရုံသို့ ပြန်လာကြရာ၌ လမ်းတွင်ရဲ့ Block Check နှင့်ပက်ပင်းတိုးနေပြီး ရဲကတက္ကစီကိုတားပါလေတော့သည်။

ရဲကကားပေါ်တွင် ပါလာသော မြန်မာအလုပ်သမားတို့အားသက်မကင်းဖြစ်ပြီးအထောက်အထား စာရွက်စာတမ်းများ စစ်ဆေးလေရာ ၂ ဦးသာပြနိုင်ပြီး၊ ကျန်ဦး ၂ ဦးမှာမပြနိုင်သဖြင့် ရဲကရစ်နေပြန်ပါတော့သည်။ ထိုအခါမနေနိုင်သည့်အဆုံး ၄င်းတို့အထဲမှတစ်ဦးကဘောင်းဘီတိုခါးကြားထဲတွင် ဝှက်ထားသော ငွေ ၂၀၀ အနက် ၁၅၀ ကို ရဲအားတောင်းတောင်းပန်ပန်နှင့်ပေးပြီးမှ စက်ရုံသို့ပြန်ခဲ့ကြရသည်ဟု ၄င်းတို့ အဖွဲ့တွင်ပါခဲ့သော မောင်မျိုးမင်းဇော်ထံမှ သတင်းရရှိပါသည်။

သူတစ်ပါးနိုင်ငံတွင် ဖြစ်နေပျက်နေကြသည်က မျိုးစုံသည်။ မတော်တဆကိစ္စလည်းရှိသည်။ အနိုင်ကျင့်ခံရတာလည်းရှိသည်။ နိုင်ငံခြား၌ အလုပ်လုပ်ရာတွင် -

(က) ဥပဒေစည်းကမ်းနှင့်အညီလည်းရှိမှ

(ခ) ကိုယ်က သတိဝီရိယလည်းထားနိုင်မှ

(ဂ) အသောက်အစား၊ လောင်းကစားလည်း ရှောင်နိုင်မှ

www.foreverspace.com.mm

(ဃ) အသုံးအစွဲကိုလည်း ချွေတာနိုင်မှ

(င) ကျန်းမာရေးလည်း ဂရုစိုက်နိုင်မှ တော်ကာကြမည်ဖြစ်သည်။

သူတစ်ပါးနိုင်ငံသို့သွားပါက စည်းကမ်းနှင့်အညီ တရားဝင်သွားတာ အကောင်းဆုံးဟုဆိုပါက တရားဝင်ဘယ်လိုသွားကြမလဲ?

❒ ❒ ❒

www.foreverspace.com.mm

# အပိုင်း (၂)

## မလေးရှားသို့တရားဝင် အလုပ်အကိုင်သွားရောက်ရှာဖွေ လုပ်ကိုင်ရေးအတွက်သိစရာများ


အခန်း (၈) မလေးရှားသို့တရားဝင် ဘယ်လိုသွားကြမလဲ? (၁)

အခန်း (၉) မလေးရှားသို့တရားဝင် ဘယ်လိုသွားကြမလဲ? (၂)

အခန်း (၁၀) နှစ်ဖက်ငွေကြေးဆိုင်ရာ တာဝန်ယူမှုနှင့်သိသင့်သော အခြားကိစ္စများ

အခန်း (၁၁) မလေးရှားမှာနေပြီး (၂)နှစ်အကြာ ပြဿနာ

အခန်း (၁၂) ပြည်ပအလုပ်အကိုင်ရှာဖွေရေးအတွက် အရေးတကြီး လိုအပ်ချက်ကိစ္စများ

အခန်း (၁၃) အခြားသိသင့်တာတစ်ခုအကြောင်း


ပန်းမျိုးတစ်ရာစာပေ

www.foreverspace.com.mm

## အခန်း (၈)

## မလေးရှားသို့ တရားဝင်ဘယ်လိုသွားကြမလဲ? (၁)

အခန်း (၇) တွင် ရေးပြထားသော သတင်းများအတိုင်း မလေးရှားသွားရတာကတော့ ကြောက်စရာပဲ။ ဒုက္ခတွေပါပဲဆိုပြီး မလေးရှားသာမက နိုင်ငံတကာသို့ထွက်၍ အလုပ်လုပ်ကြသောကိစ္စကို ရှောင်ဖို့လည်းမလိုပါ။ ထိုသတင်းတွင်ပါသောကိစ္စများအတိုင်း ကိုယ်ကြုံတွေ့ရမည်လည်းမဟုတ်ပါ။ ထိုသတင်းများတွင် ပါဝင်သည့် အတိုင်းဖြစ်ရသူတို့က တစ်ရာတွင် တစ်ယောက်၊ တစ်ထောင်တွင် တစ်ယောက်ဖြစ်ကြတာဖြစ်သည်။

ဤစာအုပ်ပါ မလေးရှားတွင် နေနည်းအတိုင်း နေထိုင်သွားပါက အလွန်ကံဆိုးမှ ထိုအဖြစ်မျိုးကြုံရမည် ဖြစ်ပါသည်။ ဤစာအုပ်ပါအခန်း (၈) မှ (၁၂)အထိပါရှိသော အကြောင်းအရာများကို သေချာကျေညက်စွာဖတ်ပါ။ ထိုအတိုင်းနေထိုင်ဖို့ သန္နိဋ္ဌာန်ချပါ။ ထိုအတိုင်းလည်း နေ့စဉ်နေထိုင်ပါ။

www.foreverspace.com.mm

ထို့နောက် အခန်း(၄)တွင် ရေးပြထားသည့်အတိုင်း မလေးတွင် မြန်မာတွေဆိုင်ကြီးကန္တားကြီးတွေဖြစ်၍ ကြီးပွားကုန်ပြီ၊ ငါလည်းသူဌေးဖြစ်နောက်ကျတော့မည်။ မလေးဆိုတာကြွယ်ဝ ချမ်းသာမှုတွေ စုဝေးရာနေရာပါလား၊ မလေးရှားမှ ဘုန်းကြီးကျောင်းတွေကလည်း ပေါပါဘိသနဲ့၊ သင်္ကြန်၊ သီတင်းကျွတ်၊ နှစ်သစ်ကူးပွဲတွေမှာလည်း ပျော်စရာဟုဆိုကာ

မလေးရှားဆိုတာ
အန္တရာယ်ဟူမှု
အလျှင်အမြန်ကွာကျ
မနေ့အမြန် ချမ်းသာမှာ
ဘေးရန်ကင်းကွာ
မလေးရှားမှာ နေရတာ
ချမ်းချမ်းသာသာ
ကျန်းကျန်းမာမာ
ဟုဆိုအပ်သော အရာလည်းမဟုတ်ပါ။

သို့သော် မလေးရှားကိုသွားသင့်သလား မသွားသင့်ဘူးလားဟုမေးလျှင် မြန်မာနိုင်ငံမှာ အလုပ်အကိုင်ကလည်း အဆင်မပြေသေး၊ ကိုယ်ကလည်းကျန်းမာ၊ အရွယ်ကလည်းရှိ နိုင်ငံတကာအတွေ့အကြုံဗဟုသုတမရှိသေးငွေလည်း ပြေလည်သည်ဆိုပါက သွားတော့သွားကြည့်သင့်သည်။

မလေးရှားသို့ သွားပါက ဘာလိုပါသလဲ?
ဘာလိုသလဲဆိုတော့ -

www.foreverspace.com.mm

(က) မလေးကိုသွားပြီး ငါအလုပ်လုပ်မည်ဟူသော စိတ်ဓာတ်နှင့်
(ခ) ကိုယ်လက်ခန္ဓာကျန်းမာဖို့လိုပါသည်။

ယခင်ကပိုက်ဆံတစ်ပြားမှမရှိဘဲ မလေးသို့တရားဝင်သွားရောက်အလုပ်လုပ်နိုင်သော နည်းလမ်းပင်ရှိသည်။ သို့သော်သစ္စာရှိဖို့လိုသည်။ အချို့သော ပြည်ပအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းလုပ်ဆောင်သော အေးဂျင့် Agent များသည် မလေးသို့ သွားရောက်အလုပ်အကိုင်ရှာဖွေလိုသူများကို အဖိုးအခမယူဘဲ ကုန်ကျငွေကို မလေးရှားသို့ရောက်ပြီးမှ လုပ်ခထဲမှပြန်လည်ဖြတ်ယူသောနည်းစနစ်ကို အသုံးပြု၍မလေးရှားသို့ ပို့ပေးလိုသူများပင်ရှိသည်။

ကျွန်တော့်မိတ်ဆွေတစ်ဦးက လူငယ်တစ်ရာကို မလေးရှာသို့အခမဲ့ပို့ဆောင်၍ ဟိုရောက်လျှင် လုပ်အားခထဲမှ ငွေပြန်သွင်းသောစီမံချက်တစ်ခုကို အကောင်အထည်ဖော်လိုသည်ဟု ပြောဆိုသူယခုပင်ရှိနေသည်။

သို့သော်လည်း ထိုကိစ္စသည် လက်တွေ့အကောင်အထည်ဖော်ရန် ခဲယဉ်းမှုရှိသည်။

မည်သူမဆို အရွယ်ရောက်ပါက မလေးသို့သွားရောက်အလုပ်လုပ်ရန် အစကနဦး လိုအပ်ချက်နှစ်ရပ်ရှိသည်။

ယင်းတို့မှာ

၁။ စိတ်ဓာတ်ကြံ့ခိုင်သန်မာဖို့နှင့်

၂။ ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းဖို့သာဖြစ်သည်။

ယင်းလိုအပ်ချက်နှင့် မပြည့်စုံဘဲ ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်ရန် မည်သူမှမကြိုးစားသင့်။ ကြိုးစားပါက ကိုယ့်ဒုက္ခကိုယ်ရှာတာသာဖြစ်သည်။

www.foreverspace.com.mm

## စိတ်ဓာတ်ကြံ့ခိုင်မှု

နိုင်ငံခြားသို့သွားခြင်းသည် ကိုယ့်နိုင်ငံကိုယ့်မြေ ကိုယ့်ရေ ကိုယ့်အမေအိမ်တွင် နေရသလိုမဟုတ် စွန့်စားရသောကိစ္စတစ်ရပ် ဖြစ်သည်။ သူများမြေ၊ သူများရေပေါ်တွင် သတ္တိရှိဖို့၊ လုံ့လဝီရိယရှိဖို့၊ အများနှင့် သင့်တင့်မျှတစွာ နေတတ်ဖို့၊ လိမ္မာရေးခြားရှိဖို့၊ သည်းခံဖို့၊ စိတ်ကောင်းစေတနာကောင်း စိတ်ဓာတ်ကောင်းများ ရှိဖို့လိုသည်။

အထူးသဖြင့် အပြုသဘောစိတ်ဓာတ် (Constructive Mind) မလွဲမသွေရှိရမည်ဖြစ်သည်။ အကုသိုလ် တရားများဖြစ်သော လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန၊ သောက၊ ပရိဒေဝ၊ မနာလိုမှု၊ ဝန်တိုမှု တရားများမရှိဘဲ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပက္ခာတရားများပွားပြီး သူတစ်ပါးကို ကူညီလိုသော မျှဝေခံစားတတ်သောစိတ်၊ မိမိအတ္တကို မိမိလေးစားသောစိတ်၊ မိမိကိုယ်မိမိကြီးပွားချမ်းသာလိုသောစိတ်၊ မြင့်မြတ်သောစိတ်ထားများရှိလျှင် ထိုသူကို အပြုသဘော စိတ်ဓာတ်ရှိသူ စိတ်ဓာတ်ကြံ့ခိုင်သူဟုဆိုနိုင်ပါသည်။ မိမိကြောင့် သူတစ်ပါး ဒုက္ခမရောက်စေဘဲ၊ မိမိကလည်းသူတစ်ပါးကြောင့် ဒုက္ခမရောက် အောင်နေတတ်ထိုင်တတ်သော စိတ်သည်အပြုသဘောစိတ် ဖြစ်ပါသည်။

## ခန္ဓာကိုယ်ကြံ့ခိုင်မှု

အမေ့ရင်ခွင်၊ နိုင်ငံ့ရင်ခွင်၊ တိုင်းပြည်ရင်ခွင်မှ ထွက်ခွာသွားသူတိုင်းသည် စိတ်ဓာတ်ကြံ့ခိုင်မှု ရှိသလို ခန္ဓာကိုယ်ကြံ့ခိုင်မှုရှိရမည်။ အနည်းဆုံးအရပ်အမြင့် ၅ ပေ ၄ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၁၀၊ ပေါင် ၁၂၀ ရှိရန်လိုအပ်သည်။

www.foreverspace.com.mm

မျက်စိမမှုန်သူ၊ နားကြားသူ၊ အရောင်အမှားအယွင်းမဖြစ်သူဖြစ်ဖို့လိုသည်။ နားလေးသူ၊ စကားထစ်သူ မဖြစ်ရန်လိုသည်။ ကိုယ်အင်္ဂါချွတ်ယွင်းမှုမရှိဘဲ၊ ရောဂါဘယကင်းသူဖြစ်ရန်လိုသည်။ ဦးနှောက်ချွတ်ယွင်းချက်မရှိသူ၊ ဉာဏ်မထက်မြက်လျှင်နေပါစေ စဉ်းစားဉာဏ်ရှိသူ၊ တွေးခေါ်မှုဖြစ်ရန်လိုသည်။ အသိဉာဏ်များစွာ နှေးကွေးနေပါက သူတစ်ပါးနိုင်ငံသို့သွားရန်မသင့်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံတွင်လည်းကောင်း၊ မလေးရှားနိုင်ငံတွင်လည်းကောင်းဆေးစစ်မှုအဆင့်အတန်းအောင်မြင်ဖို့လိုသည်။

မလေးရှားနိုင်ငံတွင် စစ်ဆေးသော ဆေးစစ်ချက်အောင်မြင်ပါကသူ့နိုင်ငံတွင်အလုပ် လုပ်ကိုင်နိုင်ပါသည်။ သူ့နိုင်ငံတွင်ရောက်လျှင်ရောက်ချင်း အလုပ်မဝင်မီတစ်ကြိမ်နှင့် နှစ်စဉ်နှစ်တိုင်းတစ်ကြိမ် စိစစ်ရသည်။

အကျဉ်းချုပ်ဆိုရသော နိုင်ငံတကာသို့သွားရောက်နိုင်ရန် စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်ဖို့လိုသည်။

ထိုသို့ဆိုပါက သွားလိုကသွားလို့ရပြီဖြစ်သည်။

**ငွေကြေးလိုအပ်ချက်**

ယခင်ကငွေရင်းစိုက်ထုတ်ကာ နိုင်ငံခြားပို့သောသူများရှိသည်ဟုဆိုသော်လည်း ယခုမရှိတော့ချေ။ မည်သူမဆို လုံလောက်သောငွေရှိမှသာ သွား၍ရသည်။ စိတ်ရောကိုယ်ပါ ကျန်းမာရုံဖြင့် နိုင်ငံခြားသွား၍မရ။ လိုအပ်သောငွေကြေးပမာဏရှိဖို့လည်း လိုသည်။ နိုင်ငံခြားသွားရန် ငွေဘယ်လောက်ကုန်မှာလဲဆိုတော့ ၂၀၀၈ခုနှစ်ဆန်းစကာလအခြေအနေအရ ကျပ်ငွေ (၁၀)သိန်းမှ (၁၅)သိန်းအထိကုန်ကျစရာအကြောင်းရှိသည်။ ငွေမရှိလျှင် သွားဖို့စိတ်မကူးပါနှင့်။

www.foreverspace.com.mm

တရားဝင်မဟုတ်သောနည်းဖြင့်သွားရန် စာရေးသူအနေနှင့် အားမပေးပါ။

စိတ်ရောကိုယ်ပါ ကြံ့ခိုင်မှုလည်းရှိသည်။ ငွေကြေးလိုအပ်ချက်လည်း ပြည့်စုံမှုရှိသည်ဟုဆိုပါက နိုင်ငံခြားသို့ တရားဝင်ဥပဒေနှင့်အညီသွားရန် စတင်လှုပ်ရှားရမည်ဖြစ်သည်။

ဘယ်လိုလှုပ်ရှားရမှာလဲ?

နိုင်ငံခြားသို့ အလုပ်အကိုင်သွားရောက်လုပ်ကိုင်မည့်သူသည် ၁၈ နှစ်တင်းတင်းပြည့်သူဖြစ်ရမည်။ သူတွင် ၁၈ နှစ်ပြည့်ကြောင်း မြန်မာနိုင်ငံသားဖြစ်ကြောင်း -

(၁) နိုင်ငံသားမှတ်ပုံတင်ရှိရမည်။

(၂) သူသည် အိမ်ထောင်စုတစ်ခုခုတွင် အိမ်ထောင်စုစာရင်းဝင်ဖြစ်ရမည်ဖြစ်သည်။

နိုင်ငံသားမှတ်ပုံတင်လက်မှတ်နှင့် အိမ်ထောင်စုစာရင်း အမှန်အကန်ရှိမှ နိုင်ငံကူးလက်မှတ် ပြုလုပ်၍ရမည်ဖြစ်သည်။

ထို ၂ ခုအပြင် သင်သည် ရန်ကုန်မြို့နှင့် ဝေးလံသောဒေသတွင် နေထိုင်ကြသူဖြစ်ပါက မိမိဒေသ အမြတ်ခွန်ဦးစီးဌာနမှ အမြတ်ခွန်ကင်းရှင်းကြောင်း ပုံစံ-၁၇ ကိုလည်းတစ်ပါတည်းယူဆောင်လာရပါမည်။

နိုင်ငံရပ်ခြားအလုပ်သွားလုပ်မည့်သူသည် နိုင်ငံကူးလက်မှတ်ပြုလုပ်ရန် ရန်ကုန်သို့လာပါက မလာတတ် မသွားတတ်ရှိလျှင် လည်ဝယ်သူတစ်ဦးခေါ်လာရမည်။ ထိုသို့ခေါ်လာလျှင် ထိုသူအတွက် စားစရိတ်၊ ခရီးစရိတ်၊ တည်းခိုစရိတ် ကိုယ်ကခံရမည်ဖြစ်သည်။ အချို့လည်းရွာမှသုံး လေးယောက်စု၍လာတတ်ကြသည်။ လည်ဝယ်

www.foreverspace.com.mm

သူ ထိုသူများကို ရန်ကုန်သို့စုခေါ်လာကာ ဘုန်းကြီးကျောင်း တစ်ကျောင်း ကျောင်းတွင် တည်းခိုခွင့်ရအောင်ပြုလုပ်ပေးသည်။

ထိုကဲ့သို့ ရွာမှလည်ဝယ်သူတစ်ဦးဦးနှင့် နိုင်ငံကူးလက်မှတ် ပြုလုပ်ခြင်းသည် အဆင်မသင့်လျှင် နိုင်ငံကူးလက်မှတ်ပြုလုပ်ရုံကိစ္စ နှင့်တစ်သိန်း၊ နှစ်သိန်းအထိ ကုန်ကြရရှာသည်။ ရွာမှနိုင်ငံကူးလက် မှတ်လုပ်ပေးရန် ခေါ်လာသူကို ပွဲစားဟုခေါ်ခေါ်၊ ကူညီရိုင်းပင်းသူဟု ခေါ်ခေါ် ခေါ်၍ရသည်။ လိမ္မာသောပွဲစား ကူညီသူရှိသလို အမဲဖျက် သလို ရိုက်စားလုပ်မည့် ပွဲစားများလည်းရှိသည်။

ထို့ကြောင့်နိုင်ငံရပ်ခြားသို့ အလုပ်အကိုင်သွားရောက်လုပ်ကိုင် မည့် မြန်မာလူငယ်များသည် နိုင်ငံကူးလက်မှတ် ပြုလုပ်ရန်သော် လည်းကောင်း၊ ပြည်ပအလုပ်အကိုင်ရှာဖွေရန်အတွက်လည်းကောင်း နိုင်ငံတော်က ပြည်ပအလုပ်အကိုင်ရှာဖွေရန် လိုင်စင်ပေးထားသော အေးဂျင့်များ၊ ဝန်ဆောင်မှုလုပ်ငန်းများ ကုမ္ပဏီများနှင့် တိုက်ရိုက် တွေ့ပြီး ဆောင်ရွက်နိုင်ပါက ငွေတစ်သိန်း၊ နှစ်သိန်းအပို ကုန်ကျမှုများ မကုန်တော့ဘဲရှိမည်။ သက်သာမှုရှိမည်။

မြန်မာနိုင်ငံတွင် ပြည်ပအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းကို စနစ်တကျရုံးဖွင့်လုပ်ဆောင်နေသော အေးဂျင့်ကုမ္ပဏီ လုပ်ငန်း ၇၀ ကျော်ရှိပါသည်။

သူတို့နှင့်ဆက်သွယ်မိဖို့ လိုအပ်ပါသည်။

သူတို့သည် ရန်ကုန်တွင် ရုံးဖွင့်၍ မြန်မာနိုင်ငံ၏ ခရိုင်မြို့၊ တိုင်းမြို့ကြီးများတွင် ရုံးခွဲများဖွင့်လှစ် ဆောင်ရွက်နေမှုများလည်း ရှိသည်။ သူတို့နှင့်လုပ်ဆောင်ပါက နိုင်ငံကူးလက်မှတ်လုပ်ဆောင်ရ သောစရိတ်သည်ကျပ်ငွေ နှစ်သောင်း၊ သုံးသောင်းလောက်သာကုန်ကြ သည်။

www.foreverspace.com.mm

**ဆေးစစ်ဆေးခြင်း**

နိုင်ငံကူးလက်မှတ်မပြုလုပ်မီ ဆေးတစ်ကြိမ်စစ်သင့်ပါသည်။ နိုင်ငံခြားတွင် အလုပ်သွားလုပ်၍ မရနိုင်လောက်သောရောဂါ တစ်စုံတစ်ရာ သင့်တွင်ရှိနေပါက သင်သည် နိုင်ငံခြားသွားရန် မဖြစ်နိုင်တော့သောကြောင့် နိုင်ငံကူးလက်မှတ်လုပ်ခဖိုး ပိုက်ဆံမကုန်ခင် ထိုအလုပ်ကို ရပ်လိုက်တာကောင်းပါသည်။ သင်သည် သွားလို့မရ၊ နိုင်ငံကူးလက်မှတ်ကိုလည်း မပြုလုပ်တော့ဘဲ ပြည်ပနိုင်ငံသို့ အလုပ်သွားလုပ်မည့် ရည်မှန်းချက်ကို လက်လျှော့လိုက်ပါ။

ကျန်းမာရေးအတွက်ဆေးစစ်ရန် ဆေးခန်းများစွာရှိပါသည်။ ကမ္ဘာအေးစေတီလမ်းမှ ပစ္စိဖိတ်ဆေးခန်းသည် အပြည့်အစုံစနစ်တကျဆေးစစ်ပေးသောဆေးခန်းဟု နာမည်ရသော ဆေးခန်းဖြစ်သည်။ အခြားဆေးခန်းများလည်းရှိသည်။

မြန်မာနိုင်ငံတွင် ဆေးတစ်ကြိမ်စစ်ဆေးရုံဖြင့် မလုံလောက်လေယာဉ်ပေါ်မတက်ခင်တစ်ကြိမ်၊ မလေးရှားရောက်၍ အလုပ်ဝင်မည့်အချိန်တွင်တစ်ကြိမ်ဆေးစစ်ဦးမည်ဖြစ်ရာ ပေါ့ပေါ့လျော့လျော့ဆေးခန်းတွင် မစစ်ဘဲ၊ စနစ်တကျတိတိကျကျဆေးခန်းတွင် စစ်ဖို့အကြံပေးပါသည်။

မလေးရှား၌ဆေးစစ်ချက်ကျပါက ပြဿနာများပေါ်တတ်သလို အခက်အခဲများစွာနှင့် တွေ့တတ်သောကြောင့် ဆေးစစ်ရာတွင် နိုင်ငံခြားသို့သွားမည့်သူကိုယ်တိုင်က အမှန်အကန်ဖြစ်ရေးကို ကြိုးစားသင့်ပါသည်။

www.foreverspace.com.mm

## ပြည်ပအလုပ်အကိုင်ရှာဖွေရေး ဝန်ဆောင်မှုလုပ်ငန်း အေးဂျင့်နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း

ပြည်ပတွင် အလုပ်အကိုင်ရှာဖွေလုပ်ကိုင်မည်ဟုဆိုပါက အစိုးရက လုပ်ပိုင်ခွင့်ပြုထားသော လုပ်ငန်းကုမ္ပဏီတို့နှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်မှုရှိသော ဝန်ဆောင်မှုလုပ်ငန်း အေးဂျင့်များနှင့် မှန်မှန်ကန်ကန် ထိတွေ့ဆောင်ရွက်ခွင့်ရအောင် ကြိုးစားပါ။

ထိုအေဂျင်စီများတွင် အလုပ်သမားဝန်ကြီးဝန်ကြီးဌာနမှ ပေးအပ်ထားသောလိုင်စင်အမှတ် (-----/၀၆) စသဖြင့် ရှိကြပါသည်။

အေးဂျင့်များနှင့် ဆက်သွယ်ဆောင်ရွက်မည်ဆိုလျှင် ဘာတွေလိုအပ်သလဲဆိုပါက

၁။ နိုင်ငံကူးလက်မှတ်မိတ္တူ ပထမ ၂ မျက်နှာ ၂ စောင်

၂။ ရောင်စုံဓာတ်ပုံ ၁၂ ပုံ

၃။ နိုင်ငံကူးလက်မှတ်မပြုလုပ်ခင်က အစစ်ဆေးခံထားသော ဆေးစစ်ချက်

၄။ မလေးရှားနိုင်ငံမှ လာရောက်ဖွင့်လှစ်သော သင်တန်းမှထုတ်ပေးသည့် Certificate of Eligiblity (CE) လက်မှတ်မိတ္တူတို့ ဖြစ်သည်။ CE မိတ္တူစာရွက်မှာ တနင်္ဂနွေတစ်ပတ်သင်တန်းတက်ရပြီး မလေးရှားနိုင်ငံ၏ ယဉ်ကျေးမှု၊ လုပ်ငန်းဗဟုသုတ၊ အလုပ်သမားဥပဒေ စသည်တို့ကို သင်ကြားပေးသောကျောင်းဖြစ်သည်။ အမှတ်(၇)၊ THS နတ်မောက်လမ်း၊ ဗဟန်းတွင်ရှိသည်။

www.foreverspace.com.mm

ထိုအချက်(၄)ချက်ကို ရရှိပါက မြန်မာပြည်မှပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်က မလေးရှားနိုင်ငံတွင်ရှိသော အလုပ်သမားရှာဖွေရေးအေးဂျင့်ထံသို့

ငါ့ထံတွင်ဒီလူဒီလူတွေရှိသည်။ အလုပ်သမားယူမလားဆိုပြီး လှမ်းပို့ရသည်။ ထိုအခါ မလေးအေးဂျင့်က သူနှင့်ဆက်သွယ်ထားသော စက်ရုံများ၊ အလုပ်ဌာနများသို့သွားကာ ဒီလူဒီလူဒီအလုပ်သမားတွေ မြန်မာနိုင်ငံမှာရှိသည်။ ကြိုက်သလားဆိုပြီး လိုက်ပြသည်။ မကြိုက်ဟုဆိုလျှင် နောက်စက်ရုံတစ်ခုသို့သွားသည်။

နောက်စက်ရုံတစ်ရုံရုံက ကြိုက်ပြီဆိုပါက အလုပ်ခန့်အပ်မည့်စက်ရုံက

၁။ မြန်မာနိုင်ငံမှ အလုပ်သမားစုဆောင်းလိုကြောင်း တောင်းခံသည့်စာ Demand letter for Recuitment of workers From Myanmar ကိုပေးရသည်။ အလုပ်သမားတောင်းခံသည့်စာတွင် မလေးရှားနိုင်ငံမှ အလုပ်သမား အလိုရှိသောကုမ္ပဏီမှ အလုပ်သမားများနှင့်ပတ်သက်၍ သူပေးနိုင်သောအခြေအနေ Terms and condition များကိုပါ ပူးတွဲဖော်ပြပေးပို့သည်။ သူ့ဘက်မှပေးပို့လေ့ရှိသောအခြေအနေတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

က။ သူ့စက်ရုံတွင်လိုအပ်သော အလုပ်သမားအရေအတွက် ၅ ဦး

ခ။ ဘာသာစကားတတ်ကျွမ်းမှု
Language skill Required
English ( abit of speaking & understanding)

www.foreverspace.com.mm

ဂ။ အလုပ်အကိုင်
Job category
Male Production Operators
Metal stamping
Store keeping
Quality control

ဃ။ အသက် Age 21 to 30 years old

င။ စာချုပ်သက်တမ်း
Contract Period 3 years သုံးနှစ်

စ။ လစာ Salary
မလေးရင်းဂစ် RM 481.00
( 1RM = ၄၀၀ ကျပ်ပျမ်းမျှ )
အချိန်ပို RM 269.88
စုစုပေါင်းတစ်လရနိုင်သည့်ဝင်ငွေ 750.88
( သုံးသိန်းကျပ် )

ဆ။ အလုပ်လုပ်ရက်
တနင်္လာ မှ စနေထိ

ဇ။ နေ့စဉ်အလုပ်ချိန်
၈ နာရီ (တစ်ပတ် ၄၈ နာရီ)

ဈ။ အချိန် overtime
မလေးဥပဒေနှင့်အညီ

www.foreverspace.com.mm

တစ်နာရီကို သာမန်ထက်တစ်ဆခွဲ
စနေ၊ တနင်္ဂနွေကို သာမန်ထက်နှစ်ဆခွဲ
အစိုးရရုံးပိတ်ရက် သာမန်ထက်သုံးဆ

ည။ နေရာထိုင်ခင်း
အလုပ်ရှင်ကပေးမည်

ဋ။ လုပ်ငန်းခွင်သို့သွားလာရေး
အလုပ်ရှင်ကပေးမည်
အစိုးရကိုပေးရသော
Levy ကြေး Government levy RM 1200 ယင်းငွေကို
အလုပ်ရှင်ကကြိုတင်စိုက်
and Immigration
သွင်းပေးထားပြီး အလုပ်သမားလစာထဲ(၁၂)လအပြီး
ပြန်ဖြတ်ယူမည်။

ဌ။ ရုံးပိတ်ရက် မလေးရှားပြက္ခဒိန်ရုံးပိတ်ရက်များ
Holidays အတိုင်းခံစားခွင့်ရှိသည်။

ဍ။ အပြန်လေယာဉ်လက်မှတ်
စာချုပ်ချုပ်ဆိုသော (၃)နှစ်ပြည့်ပါက အလုပ်ရှင်က
Return Ticket
အပြန်လေယာဉ်စရိတ်ကို ပေးမည်။

ဎ။ နှစ်စဉ်ဆေးစစ်ခြင်း
နှစ်စဉ်ဆေးစစ်ခြင်းကို
မလေးရှားလူဝင်မှုကြီးကြပ်ရေးဌာန

www.foreverspace.com.mm

၈။ Yearly Medical Check up ၏ဥပဒေအတိုင်း
ပြုလုပ်ရမည်။

ဖော်ပြပါ DL နှင့်အတူ

၂။ လက်ရှိထိုစက်ရုံ၏ လုပ်ငန်းခွင်ဓာတ်ပုံများနှင့်

၃။ လက်ရှိအလုပ်သမားများလစာထုတ်ယူသည့် စာရွက်များကိုပါတွဲ၍ ပြန်ပို့ပေးသည်။

ထိုစာရွက်သုံးရွက်ကို မြန်မာနိုင်ငံမှ အလုပ်သမားအားပြရမည်။ ပြ၍မြန်မာနိုင်ငံမှ အလုပ်သမားက လက်ခံသည် ကျုပ်လုပ်မည်ဟုဆိုပါလျှင် မလေးရှားနိုင်ငံအေးဂျင့်က-

၁။ ဘဏ်အာမခံစာရွက် (မလေးငွေ RM ၈၀ ကျသည်)

၂။ အသက်အာမခံစာရွက် (မလေးငွေ RM ၈၀မှ RM ၁၅၀ ကျသည်)

တို့ကိုဝယ်ယူကာ မလေးအေးဂျင့်က သူ့နိုင်ငံတွင်ရှိသော သူတို့၏ လူဝင်မှုကြီးကြပ်ရေးဌာနတွင် "Worke Permit (WP)" အလုပ်လုပ်ခွင့်လက်မှတ်ကို လျှောက်ထားရသည်။

WP ရမှ သူ့နိုင်ငံတွင် အလုပ်လုပ်ခွင့်ရသည်။

မလေးရှားနိုင်ငံ၌ သူ့အေးဂျင့်က WP လျှောက်ထားရာတွင် အတူတွဲတင်ပြရသော စာရွက်စာတမ်းများကလည်းရှိသေးသည်။ ယင်းတို့မှာ -

www.foreverspace.com.mm

၁။ သူတို့စက်ရုံက အလုပ်သမားလိုအပ်သဖြင့် မလေးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနမှ အလုပ်သမားခေါ်ယူခွင့် KDN approval

၂။ လူတစ်ယောက်ကို တစ်နှစ်ပေးရမည့် Lavy ကြေး RM 1200 အလုပ်ရှင်က ပေးသွင်းပြီး ကြောင်းအထောက်အထား

၃။ အလုပ်သမား၏ ဆေးစစ်ချက်လက်မှတ်

၄။ အလုပ်သမားဓာတ်ပုံ

၅။ နိုင်ငံကူးလက်မှတ်မိတ္တူ

၆။ ဘဏ်အာမခံသွင်းပြီးငွေ (RM 80 သွင်းပြီးကြောင်း)

၇။ အသက်အာမခံကြေးပေးသွင်းပြီးကြောင်းလက်မှတ်

ထိုအချက် ၇ချက်နှင့်အတူ အလုပ်ရှင်၏ကိုယ်စား အေးဂျင့်ကမလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးမှ Work Permit လျှောက်ပါက အခြားအကြောင်းထူးမရှိလျှင် မလေးရှားနိုင်ငံသို့ ပြည်ဝင်ခွင့်ဗီဇာရသည်။ ဗီဇာရလျှင် ဗီဇာပေးသောနေ့မှ ၄ လအတွင်း သူ့နိုင်ငံထဲသို့ ဝင်ရသည်။ မဝင်ပါက ထိုဗီဇာသည် ပျက်ပြယ်သည်။

ထိုဗီဇာကို Calling Visa ဟုခေါ်သည်။

ဗီဇာရပါကလည်းလိုအပ်ချက်ကရှိသေးသည်။ Calling Visa ရပြီးကာမှ ယခင် Demand Letter တွင်ပါဝင်သော Teams and Condition သူ့ဘက်ကိုယ့်ဘက် သဘောတူညီချက်များကို အလုပ်ရှင်က လက်မှတ်ထိုးပြီး မြန်မာဘက်သို့ပို့ပေးရာ မြန်မာအလုပ်သမား

www.foreverspace.com.mm



ကလည်းပြန်၍ လက်မှတ်ထိုးပြီးသောအခါမှ အလုပ်ရှင်၊ အလုပ်သမားစာချုပ်ချုပ်ဆိုပြီးလျှင် မြန်မာအလုပ်သမားသည် လေယာဉ်ပေါ်တက်နိုင်သည်။

❒ ❒ ❒

www.foreverspace.com.mm

# အခန်း (၉)

## မလေးရှားသို့ တရားဝင်ဘယ်လိုသွားကြမလဲ ? (၂)

အခန်း(၈)တွင် မလေးနိုင်ငံဘက်မှ ဆောင်ရွက်ချက်များ အကြောင်းအရာများကို အလေးထား၍ ရေးသားခဲ့ပါသည်။ မြန်မာဘက်မှ ဆောင်ရွက်ရပုံတို့ကိုလည်း သိထားရန်လိုအပ်ပါသည်။

နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်ခြင်းသည် တစ်ကမ္ဘာလုံးတွင် ချမ်းသာသောနိုင်ငံများရော ဖွံ့ဖြိုးဆဲနိုင်ငံများကပါ လုပ်ဆောင်နေကြသောကိစ္စဖြစ်သည်။ အချို့လည်း ဖွံ့ဖြိုးပြီးနိုင်ငံများမှ ပညာရှင်များသည် ကုလသမဂ္ဂအစရှိသော အဖွဲ့အစည်းများ၏ အစီအစဉ်ဖြင့် အာရှ၊ အာဖရိက၊ လက်တင်အမေရိကစသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင်သွားရောက် အလုပ်လုပ်ကိုင်ကြသည်။

အချို့နိုင်ငံများကလည်း နိုင်ငံကြီးများထံမှ နည်းပညာ၊ အတတ်ပညာများကို အတုခိုးရန်၊ အတတ်သင်ရန် ထိုနိုင်ငံများသို့ စွန့်လွှတ်စွန့်စား ထွက်ခွာကာသွားရောက်အလုပ်လုပ်ကိုင်ကြသည်။

www.foreverspace.com.mm




**မလေးနိုင်ငံလမ်ကာဝီကျွန်းပေါ်ရှိလေယာဉ်မောင်းသင်တန်းကျောင်းတွင် အလုပ်လုပ်လျက်ရှိသော မြန်မာအင်ဂျင်နီယာများနှင့်အတူ ဆရာမလမင်းအိမ်**

အချို့လည်း မိမိတတ်မြောက်သောပညာဖြင့် ဝန်ဆောင်မှုပြုရန် သွားကြလာကြသည်။

နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်အကိုင်ရှာဖွေလုပ်ကိုင်ခြင်းသည် ၂၀ ရာစုကတည်းပင် လူတို့သတိထား လုပ်ဆောင်ကြသော အလုပ်ဖြစ်သည်။ အာရှနိုင်ငံအများအပြားသည် အရှေ့အလယ်ပိုင်းနိုင်ငံများ သို့သွားရောက် အလုပ်လုပ်ကိုင်ကြသည်။ ထိုင်းလူမျိုးများသည် လွန်ခဲ့သော အနှစ် ၃၀ ကျော် ၄၀ ခန့်ကပင် အရှေ့အလယ်ပိုင်းသို့သွားရောက် အလုပ်လုပ်ကိုင်ကြသည်။ ကိုယ့်နိုင်ငံထက် ပို၍တွက်ခြေကိုက်သောကြောင့်သွားရောက် အလုပ်အကိုင်ကြခြင်းရှိသလို ဗဟုသုတအတွေ့အကြုံ၊ နိုင်ငံတကာအတွေ့အကြုံရယူလို၍ သွားကြ

www.foreverspace.com.mm

ခြင်းလည်းရှိသည်။ တရုတ်တို့သည် ကမ္ဘာ့ရပ်ခြားနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ရင်း တရုတ်ပြည်မကြီး သို့ပြန်မလာတော့ဘဲ ရောက်ရာအရပ်တွင် ချက်မြှုပ်နေထိုင်ကြသူများလည်းရှိသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ရွာဖြစ်လာသော ၂၁ ရာစုတွင် ထိုင်း၊ မလေးရှား၊ စင်ကာပူစသောနိုင်ငံများသို့ သာမက မိမိတို့ အဆက်အသွယ်ရှိရာ ကမ္ဘာ့နိုင်ငံအရပ်ရပ်သို့ ပြည်ပအလုပ်အကိုင် ရှာဖွေရန် ထွက်ကြသည်။ မြန်မာတို့သည် အိမ်နီးနားချင်း နိုင်ငံများသို့ သာမက ကိုရီးယား၊ ဂျပန်၊ ဩစတေးလျနှင့် ဥရောပ၊ အမေရိက နှင့်အာဖရိကနိုင်ငံများသို့ပါ ခြေဆန့်လက်ဆန် အလုပ်အကိုင်ရှာဖွေ ထွက်ကြရာ နိုင်ငံအစိုးရကလည်း အမိနိုင်ငံမှ ထွက်ခွာ၍ ပြည်ပတွင် အလုပ်လုပ်ကိုင်ကြသူများ တန်ရာတန်ကြေးရစေရန် နစ်နာမှုမရှိစေရန် စနစ်တကျရှိသော စာချုပ်များ ချုပ်ဆိုလုပ်ကိုင်ရန် လုပ်ငန်းကုမ္ပဏီများ အားတာဝန်ပေးလုပ်ဆောင်ခဲ့သည်။

မြန်မာနိုင်ငံသည် ပြည်ပအလုပ်ကိုင်ရှာဖွေရေးကိစ္စများနှင့် ပတ်သက်၍ အခွန်ဘဏ္ဍာအလေ အလွင့်မရှိစေရန် ကိုယ့်နိုင်ငံသို့ဝင်ငွေ တစ်စိတ်တစ်ဒေသ ပံ့နှံစေရန်စသည်တို့အတွက် မြန်မာမာန်၊ ရွှေအင်းဝ၊ မြန်ဂုဏ်မြင့်အစရှိသော ကုမ္ပဏီအဖွဲ့အစည်းများကို လုပ်ပိုင်ခွင့်များချမှတ်ပေးထားသည်။ ပြည်ပအလုပ်အကိုင် ရှာဖွေရေး လုပ်ငန်းများကို ထိုကုမ္ပဏီများက လုပ်ခွင့်ရှိသည်။ ထို့ပြင်သူတို့နှင့် အကျိုးတူပူးပေါင်းဆောင်ရွက် ခွင့်ရှိသည်။ အကျိုးတူပူးပေါင်း ဆောင်ရွက်သော သူများကိုလည်း အကျိုးတူပူးပေါင်းဆောင်ရွက်မှု ပေးထားသည်။

ပြည်ပနိုင်ငံများသို့ ပြည်ပအလုပ်အကိုင်ရှာဖွေသည့်လုပ်ငန်း ကိုစည်းမျဉ်းစည်းကမ်းနှင့်အညီ ပို့ဆောင် လုပ်ကိုင်လိုလျှင် ထိုလုပ်ငန်း ကိုလုပ်ဆောင်နိုင်ခွင့် လိုင်စင်ရှိရန်လိုသည်။ လိုင်စင်သည် သုံးလ

www.foreverspace.com.mm

သက်တမ်း၊ ခြောက်လသက်တမ်း၊ တစ်နှစ်သက်တမ်းစသည်ဖြင့် ကာလသတ်မှတ်ချက်များနှင့် လုပ်ဆောင်ခွင့်ရသော လိုင်စင်ဖြစ်သည်။

နိုင်ငံတကာအလုပ်အကိုင်ရှာဖွေရေး လုပ်ငန်းများကို မြန်မာနိုင်ငံတွင် လိုင်စင်မရှိလျှင် ထိုအလုပ်ကို လုပ်ပိုင်ခွင့်မရှိ။လုပ်ခွင့်မရှိဘဲ လုပ်ဆောင်ပါက လူမှောင်ခိုလုပ်ဆောင်မှုတွင်အကျုံးဝင်ကာ နိုင်ငံတော်က အရေးယူနိုင်သည်။ ထို့ကြောင့်ယင်း အလုပ်လုပ်ဆောင်လိုသူများသည် လုပ်ပိုင်ခွင့်ကို အလုပ်သမားဝန်ကြီးဌာနတွင်လျှောက်ထားရသည်။

လိုင်စင်ရပါက ဘယ်နိုင်ငံသို့မဆို ပို့နိုင်သည်။

ပြည်ပအလုပ်အကိုင်ရှာဖွေရေး လိုင်စင်ရရှိစေရန်ယင်း ပုဂ္ဂိုလ်တွင် ပထမဝန်ဆောင်မှုလုပ်ငန်း Co.Ltd ကုမ္ပဏီလီမိတက်တစ်ခု ရှိရမည်။ Co.Ltd ရှိစေရန် သက်ဆိုင်ရာရှေ့နေတစ်ဦးဦး၊ တစ်ဖွဲ့ဖွဲ့ထံ သတ်မှတ်ထားသော အဖိုးအခပေး၍ ကုမ္ပဏီဖွဲ့စည်းပုံကိုရေးဆွဲ၍ ထူထောင်နိုင်သည်။

ဝန်ဆောင်မှုကုမ္ပဏီတစ်ခုဖွဲ့စည်းပြီးပါက ထိုကုမ္ပဏီသည် ပြည်ပအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း လုပ်ဆောင်ခွင့်ကို အလုပ်သမားဝန်ကြီးဌာနတွင် လျှောက်ထားရန်လိုသေးသည်။ လိုင်စင်ရရှိပါကထိုအလုပ်ကို လုပ်နိုင်သည်။

ပြည်ပအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း လုပ်ဆောင်ရာတွင် ငွေကြေးကိစ္စတို့နှင့်ပတ်သက်၍သတ်မှတ် စည်းမျဉ်းစည်းကမ်းဖောက်ဖျက်မှုရှိပါက အရေးယူဆောင်ရွက်နိုင်ရန် ပြည်ပအလုပ်အကိုင်ရှာဖွေရေး လုပ်ငန်း လိုင်စင်လျှောက်သူသည် အလုပ်သမားဝန်ကြီးဌာနတွင် သိန်း ၃၀ ဒီပိုစစ် ( Deposit ) သွင်းထားရသည်။ လိုင်စင်ဖျက်သိမ်းသောအခါသော ကုမ္ပဏီများကို အလုပ်သမားဝန်ကြီးဌာနမှ

www.foreverspace.com.mm

ထိုငွေသိန်း ၃၀ ကို ပြန်ထုတ်ပေး သည်။

ထိုသို့အလုပ်သမားဝန်ကြီးဌာနမှ ပြည်ပအလုပ်အကိုင်ရှာဖွေရေးလိုင်စင်ရရှိသော ကုမ္ပဏီအဖွဲ့အစည်း လုပ်ငန်းကို (Agent) အေဂျင်ဟုခေါ်ပါသည်။

ပြည်ပတွင် အလုပ်သွားရောက် လုပ်ကိုင်လိုသူများသည် ထိုအေဂျင်များနှင့် ဆက်မိရန်လိုပါသည်။

ပြည်ပသို့အလုပ်အကိုင်သွားရောက်လုပ်ကိုင်ရာတွင် အေဂျင့်သည်အရေးကြီးပါသည်။ အေးဂျင့်မပါဘဲနှင့်မပြီးပါ။ ထို့ကြောင့် မိမိဆက်သွယ်သည့် အေးဂျင့်က စစ်မှန်ဖို့လိုပါသည်။ လိမ်တဲ့လူမဖြစ်ဖို့လိုသည်။

အေးဂျင့်အတုများနှင့်တွေ့၍ ပြည်ပအလုပ်အကိုင်ရှာဖွေသူတို့ဒုက္ခရောက်ကြရသည်များသည်။ ထင်ရှားသော သာဓကတစ်ခုမှာ ရွာမှနေ၍ အေးဂျင့်ဆိုသူက ပြည်ပတွင် အလုပ်အကိုင်သွားရောက်လုပ်ကိုင်သူများ ထံမှ ငွေယူ၍ဆေးစစ်ပေးသည်။ ဆေးအောင်သူအချို့ကိုနိုင်ငံကူးလက်မှတ်လျှောက်ပေးသည်။ အချို့ကိုနိုင်ငံကူး လက်မှတ်ပင် လျှောက်မပေးဘဲ နိုင်ငံကူးလက်မှတ်ကိုအေးဂျင့်က သိမ်းထားသည်။ ဘာမှမပူနဲ့ဟုဆိုကာ မလေးရှားသို့ လိုက်ပို့မည်ဟုဆို၍လေဆိပ်သို့ပွဲစားရော အလုပ်သမားပါထွက်ခဲ့ကြသည်။ အလုပ်သမားများမှာ တကယ့်ရွာမှ အရိုးခံများဖြစ်ကြသည်။

လေဆိပ်သို့ရောက်သောအခါ အေးဂျင့်ဆိုသူက အလုပ်သမား ၅၀၊ ၆၀ ခန့်ကို ခင်ဗျားတို့က ဟိုဘက်က လေယာဉ်နှင့်သွားရမည်။ ကျွန်တော်ကဒီဘက်ကလေယာဉ်နှင့် လိုက်လာမည်။ မလေးရှား လေဆိပ်တွင် ပြန်တွေ့ကြမှာဘဲဟုပြောပြီး အလုပ်သမားများကို မြန်မာလေယာဉ်ဖြင့် ပုဂံညောင်ဦးသို့သွားမည့် လေယာဉ်နှင့်တင် ပေးလိုက်

www.foreverspace.com.mm

ပြီး သူကတော့ ထိုင်းလေကြောင်းဖြင့် ဗန်ကောက်သို့လိုက် သွားကာ တစ်ခါတည်း ခြေရာဖျောက်ပြေးသည်။

ပြည်ပအလုပ်အကိုင်ရှာဖွေရေးအလုပ်သမားများသည် ညောင်ဦးလေဆိပ်ရောက်၍ ဆင်းရတော့မည်ဟုဆိုသဖြင့် လေယာဉ်ပေါ်မှဆင်းခဲ့ရသောအခါ "ဟင် မလေးရှားလေဆိပ် ကလည်း မြန်မာစာလုံးတွေနဲ့ပါလား" ဟု ငေးမောကြည့်ပြီးကာမှ မလေးရှား နိုင်ငံမဟုတ်ဘဲ ပုဂံညောင်ဦးဖြစ်နေသောကြောင့် အလိမ်ခံရပြီ ဟုသိကာ ပုဂံဥ္ဘုန်းကြီးကျောင်းရှာတဲ့သူကရှာတဲ့၊ ပိုက်ဆံပါလာ သူတို့ကလည်း တည်းခိုခန်းရှာတည်းသူတည်းနှင့်။ ပြည်ပအလုပ် အကိုင်ရှာဖွေရန် လာခဲ့ကြသူများ ပုဂံဘုရားဖူးပြီး ပြန်ကြသူတို့က ပြန်ခဲ့ကြရသော ဖြစ်ရပ်တစ်ခု ရှိခဲ့သည်။ ပိုက်ဆံမပါလာသူတို့က မိမိတို့မိဘများထံမှ ငွေမှာ၍ပြန်ကြရသည်ဟုဆိုပါသည်။ ထိုဖြစ်ရပ်မှာ အမေရိကန်ဒေါ်လာ ၄၀၀၀၀ လေးသောင်း မြန်မာငွေသိန်း ၄၀၀ လောက် အလိမ်ခံရသောကိစ္စဖြစ်ပါသည်။

နောက်ဖြစ်ရပ်တစ်ခုမှာ မြန်မာဘက်မှ ပို့လိုက်သော အလုပ်သမားအမည်များနှင့် နိုင်ငံကူးလက်မှတ် နံပါတ်များကို ကွန်ပျူတာတွင်ပြင်၍ ပတ်(စ်)ပို့နှင့် Calling Visa အတုလုပ်ကာ မြန်မာအလုပ်သမား၂၀ ကိုခေါ်လိုက်သည့်ကိစ္စဖြစ်သည်။ ဖြစ်ပုံမှာ မြန်မာနိုင်ငံမှ အေးဂျင့်သည် မြန်မာအလုပ်သမား ၂၀ ရှိသည်ဟုဆိုကာ မလေးဘက်သို့ ကမ်းလှမ်းသည် မလေးရှားဘက်မှ ကွန်ပျူတာနှင့် Calling Visa အတုလုပ်ကာ လာတော့ဆိုပြီး ခေါ်သည်။ ဒီကလည်း ယုံ၍ပို့လိုက်ရာ မလေးလေဆိပ်သို့ရောက်သွားသည်။ မလေးရှား အပြည်ပြည်ဆိုင်ရာလေဆိပ်ရောက်တော့ အလုပ်သမားတို့က အလုပ်ရှင် လာရွေးနိုး လာရွေးနိုးနှင့်စောင့်နေရာ ၂၄ နာရီကြာသည့်တိုင်

www.foreverspace.com.mm

လာမရွေး တော့မှ သူတို့၏ Calling Visa ကို စစ်ကြည့်ရာအတုဖြစ်နေသည်ကို တွေ့ရသည်။

ထိုအခါမလေးရှားက ထိုအလုပ်သမား၂၀ ကိုမြန်မာလေကြောင်းဖြင့် မြန်မာနိုင်ငံသို့ ပြန်ပို့ခဲ့သည်။ မြန်မာလေကြောင်းကသယ်လာပြီးမှ မြန်မာပြည်ရောက်မှ သူတို့၏နိုင်ငံ ကူးလက်မှတ်ကို ထားခဲ့ပြီးနောက်မှ မိဘများထံမှငွေတောင်းပြီး လေယာဉ်ရုံးတွင် နိုင်ငံကူးလက်မှတ်ကို လာရွေးယူရသည့်အဖြစ်ရှိခဲ့ဘူးသည်။

မလေးရှားအေးဂျင့်က မြန်မာဘက်မှငွေကိုယူကာ ခြေရာဖျောက်သွားခြင်းဖြစ်သည်။ သူ့တယ်လီဖုန်းကိုလည်း ပိတ်လိုက်လေရာဆက်သွယ်၍မရတော့ဘဲ မြန်မာအေးဂျင့်မှပြန်လျော်ပေးတန်တာပေး၊တောင်းပန်သင့် သူတောင်းပန် ပြီးကြေအေးအောင်မနည်းဆောင်ရွက်ခဲ့ရသည်ဟုဆိုပါသည်။

ပြည်ပအလုပ်အကိုင်ရှာဖွေပေးသော လိုင်စင်သက်တမ်းသည် ပထမသုံးလသာ ပေးသော်လည်း တစ်နှစ်အထိ တိုးပေးသည်။ လိုင်စင်သက်တမ်းကာလအတွင်း ထိုအေးဂျင့်သည်သတ်မှတ် အလုပ်သမားအရေအတွက်ကို ပို့ပေးရမည်။ မပို့ပေးနိုင်ပါက ထိုလိုင်စင်သည်ပျက်ပြယ်သောကြောင့် အေးဂျင်များကိုသတ်မှတ် အလုပ်သမားအရေအတွက်ပို့နိုင်ရန် ကြိုးစားကြရမည်။

တဖန်အလုပ်သမားတင်ပို့မှုနှင့် ပတ်သက်၍ မရိုးသားခြင်း၊ သတ်မှတ်စည်းကမ်းမလိုက်နာခြင်းများ၊ အတိုင်အတောခံရမှုများ၊ အေးဂျင်အနေနှင့် သူတာဝန်ယူရမည့် အစိတ်အပိုင်းကို တာဝန်မယူလျှင်သော် လည်းကောင်း၊ တာဝန်မကြေးလျှင်သော်လည်းကောင်း သူ ရရှိထားသော လိုင်စင်ကို အလုပ်သမားဝန်ကြီးဌာနမှ ဖျက်သိမ်း

www.foreverspace.com.mm

သည်။ ပြစ်မှုဖြစ်ပါက သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲအရေးယူသည်အထိပြုလုပ်သည်။

လိုင်စင်လုပ်ပိုင်ခွင့်တော့ရှိသည်။ သို့သော်ပြည်ပအလုပ်အကိုင်ရှာဖွေရေးကို တကယ်လုပ်ဆောင်၍ တရားဝင်လုပ်ပိုင်ခွင့်ပေးထားသည်က မြန်မာ့မာန်၊ ရွှေအင်းဝအစရှိသောအဖွဲ့များဖြစ်သောကြောင့် လိုင်စင်ရအေးဂျင့်များသည် ထိုကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုရှိရန်လည်းလိုသည်။ သူနှင့်အကျိုးတူ ပူးပေါင်းမှုရှိမှ -

၁။ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကတ်ပြားရရှိရန်

၂။ ကြော်ငြာခြင်း၊ အခြားရုံးလုပ်ငန်းကိစ္စများဆောင်ရွက်ခြင်း

၃။ မြန်မာနိုင်ငံနိုင်ငံခြားကူးသန်းရောင်းဝယ်ရေးဘဏ်တွင် ဘဏ်ငွေစာရင်းဖွင့်ခြင်းစသောကိစ္စများအတွက် အကျိုးတူပူးပေါင်းမှုရှိကြောင်း ထောက်ခံချက်ရရှိသည်။

မြန်မာနိုင်ငံမှ နိုင်ငံခြားသို့ တရားဝင်အလုပ်အကိုင် သွားရောက်လုပ်ကိုင်သော အလုပ်သမားတိုင်းသည် မြန်မာနိုင်ငံရှိ ဇနီး၊ မယား၊ သားသမီး၊ မိခင်များထံ လစဉ်သူ့ဝင်ငွေမှ ၃၀ ရာခိုင်နှုန်းကို ရွှေအင်းဝ၊ မြန်မာ့မာန် အစရှိသော ကုမ္ပဏီများမှတဆင့် ပို့ဖြစ်အောင်ပို့ရသည်။ မပို့ပါက အေဂျင်လိုင်စင် ထိခိုက်နိုင်သည်။

မလေးရှားနိုင်ငံတွင် မြန်မာသံရုံး၌ ပြည်ပအလုပ်လုပ်ကိုင်ခြင်း လုပ်ငန်းကိုတရားဝင်လုပ်ခွင့်ရသူ ရွှေအင်းဝနှင့်မြန်မာ့မာန် ကိုယ်စားလှယ်များရှိသည်။ ထိုသူတို့မှတစ်ဆင့် မိမိဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းကို အလုပ်သမား ကလစဉ် ပေးသွင်းကြရသည်။

တကယ်တမ်းအားဖြင့် ပြည်ပအလုပ်သမား ပို့ဆောင်မှုလုပ်ငန်းကို ထိုကုမ္ပဏီများကိုသာ နိုင်ငံတော်က ပေးအပ်ထားခြင်းဖြစ်သည်။

www.foreverspace.com.mm

ထိုကုမ္ပဏီများက အလုပ်သမားဝန်ကြီးဌာနနှင့် ညှိနှိုင်းကာ အလုပ်သမားပို့နိုင်သည်။ သို့သော်မြန်မာ့မာန်၊ ရွှေအင်းဝအစရှိသော လက်ကားကုမ္ပဏီကြီးများသည် အသေးစိတ်နိုင်လှသော ထိုလုပ်ငန်း အရပ်ရပ်ကို လုပ်ဆောင်ရန် အခက်အခဲရှိသောကြောင့် သူနှင့်အကျိုးတူ လုပ်ဆောင်နိုင်သော အလုပ်သမားဝန်ကြီးဌာနမှ လိုင်စင်ရထား သောသူများကို လက်ခွဲပေးသည့်သဘောပင် ဖြစ်သည်။

မလေးရှားဘက်တွင်လည်း လူတင်သွင်းခွင့်ကို ယင်းကဲ့သို့ ပင်ဆောင်ရွက်မှုရှိသည်။

အကျိုးတူဆောင်ရွက်မှုအတွက် ထိုကုမ္ပဏီများသည် ဖော်ပြပါအတိုင်း အနိမ့်ဆုံးလစာ၏ ၃၀ရာခိုင်နှုန်း မြန်မာနိုင်ငံသို့ ပြန်ပို့သည့်ကိစ္စ၊ ဘဏ်ငွေစာရင်းဖွင့်ရန်ကိစ္စ၊ အလုပ်သမားဝန်ကြီး ဌာနမှ လိုင်စင်လျှောက်ထားသည့်ကိစ္စ၊ ကြော်ငြာထည့်သွင်းလိုသော ကိစ္စအစရှိသည့် လုပ်ငန်းများအတွက် သူနှင့်အကျိုးတူဆောင်ရွက် လျက်ရှိကြောင်း ထောက်ခံစာများပေးသည်။ ထိုထောက်ခံစာများသည် လုပ်ငန်းဆောင်ရွက်မှုအတွက် အထောက်အကူဖြစ်သည်။

အကျိုးတူပူးပေါင်းလုပ်ဆောင်မှုလုပ်ငန်းအတွက် မြန်မာနိုင်ငံ မှပြည်ပသို့ အလုပ်သွားလုပ်သော အလုပ်သမားအေးဂျင့်က ထို ကုမ္ပဏီများသို့ အရေအတွက် အလိုက်သတ်မှတ်ထားသောငွေကြေး ပမာဏကို ပေးရသည်။

ဟိုဘက်နိုင်ငံကလည်းမီးစိမ်းပြပြီး ဒီဘက်ကအချက် အလက်များကလည်းဖော်ပြပါအတိုင်း ပြည့်စုံပါက နိုင်ငံခြားသို့သွားဖို့ အသင့်ဖြစ်ပြီဟုဆိုလျှင် ကိစ္စဝိစ္စကမပြီးသေး။ အလုပ်သမားသည် မြန်မာနိုင်ငံတွင် ဒုတိယအကြိမ် ဆေးအစစ်ခံရသည်။ ထိုအခါသူတို့၏

www.foreverspace.com.mm

လက်ဖွေယူခြင်း အစရှိသည့်အလုပ်တို့ကိုပြုလုပ်ပြီး ဒုတိယအကြိမ် ဆေးအောင်ပါမှ လေယာဉ်ပေါ်တက်နိုင်သည်။

မြန်မာနိုင်ငံသားတစ်ယောက် မလေးရှားနိုင်ငံသို့ ပြည်ပ အလုပ်အကိုင်ရှာဖွေ၍ အလုပ်သွားလုပ်ကြရာတွင်

(က)ဟိုဘက် မလေးရှားနိုင်ငံနှင့် ဒီဘက် မြန်မာနိုင်ငံ

(ခ) မြန်မာနိုင်ငံရှိ မလေးရှားသံရုံးနှင့် မလေးရှားနိုင်ငံရှိ မြန်မာသံရုံး

(ဂ) ဟိုဘက် မလေးအေဂျင်နှင့် ဒီဘက်မြန်မာအေဂျင်

(ဃ)ဟိုဘက်မှအလုပ်ရှင်သူဌေး ဒီဘက်က မြန်မာအလုပ်သမား

(င) ဟိုဘက်ကအလုပ်သမားပို့ခွင့်လိုင်ရသူနှင့် ဒီဘက်က ရွှေအင်းဝ၊ မြန်မာမာန်အစရှိသော လုပ်ပိုင်ခွင့်ရသူတို့၏ လုပ်ဆောင်ရ၊ တာဝန် ယူရသောကိစ္စများက အသေးစိတ်အများကြီးရှိကြပါဦးမည်။

ထိုကိစ္စများကို ကျွန်တော်တို့ကုန်စင်အောင်သိရန်မလို။ သိလျှင် တော့ကောင်းသည်။ သိသောအခါ ပိုခေါင်းရှုပ်စရာလည်း ဖြစ်နိုင် သည်။

ဤစာအုပ်သည် -

> မြန်မာနိုင်ငံမှ မြန်မာလူငယ်တစ်ယောက် ပြည်ပတွင် အထူးသဖြင့် မလေး၊ ထိုင်း၊ စင်္ကာပူ နိုင်ငံများသို့ အလုပ်သွား ရောက်လုပ်ကိုင်လိုပါက သူသိသင့် သိထိုက်သောအချက်များကို သတင်းပေးလိုခြင်း သည် စာအုပ်ရေးသားခြင်း၊ ထုတ်ရခြင်း၏ အဓိက ရည်ရွယ် ချက်ဖြစ်သောကြောင့် အားလုံးကို အသေးစိတ်မရေးပြ ခြင်းဖြစ်သည်။ မြန်မာအလုပ် သမား လူငယ်များသိသင့်သော အချက်များကိုသာ အလေးထားဖောင်းပေးရေးသား သွားဖြစ်ပါသည်။

www.foreverspace.com.mm

ယခုအထိ ရေးသားတင်ပြချက်များအရ မြန်မာဘက်၊ မလေးဘက်သို့ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအတွက် ဘယ်လို ဆောင်ရွက်ကြရသည်။ ဘာတာဝန်များယူကြရသည်ကို အကြမ်းဖျင်း သိထားပြီးဖြစ်သည်ဟု ယူဆရပါသည်။

ထိုသို့ သံထားခြင်းဖြင့် အစိုးရက မိမိအတွက် ဘာတာဝန်ယူ ထားသည်ကို သိနိုင်သည်။ မိမိက နှစ်ဖက်နှစ်နိုင်ငံရှိအေဂျင်များကို အခကြေးငွေပေး၍ ဆောင်ရွက်ခြင်းဖြစ်ရာ ထိုအေဂျင်များအပေါ် မိမိတို့ကတောင်းဆို သင့်တာများကို တောင်းဆိုခွင့်ရှိသည်။ အေးဂျင့် များက သူတို့ဆောင်ရွက်ပေးရမည့်ကိစ္စများကို မဆောင်ရွက်ပေးလျှင်။ အချိန်မီမဆောင်ရွက်ပေးနိုင်လျှင်ပင် အလုပ်သမားဝန်ကြီးဌာနသို့ တိုင်ကြားနိုင်သည်။ ရေရှည်တွင် တာဝန်မဲ့ပြုလုပ်သောသူ၊ လုပ်ဆောင် ရမည့်လုပ်ငန်းကို အကုန်အစင်မလုပ်ပေးကြသည့် အေးဂျင့်သည် ဤ အသက်မွေးဝမ်းကျောင်းကို လုပ်ကိုင်မစားသောက်နိုင်ဘဲ အရည် အသွေးရှိ၊ တိကျစွာတာဝန်ယူသော အေးဂျင့်များသာ ပန်းပန်လျက် ကျန်ရစ်မည်ဖြစ်ပါသည်။

ဆက်လက်၍ ငွေကြေးတာဝန်ခံမှုကိစ္စများကို ဆက်ဆွေးနွေး ကြပါစို့။

❒ ❒ ❒

www.foreverspace.com.mm

# အခန်း (၁၀)

## နှစ်ဖက်ငွေကြေးဆိုင်ရာ တာဝန်ယူမှုနှင့်သိသင့်သောအခြားကိစ္စများ

မြန်မာနိုင်ငံသား အသက် ၁၈နှစ်ပြည့်၍ အသက် ၃၀ မကျော်သေးသူ (တစ်ဖက်အလုပ်ရှင်က လက်ခံပါက ၃၀ ကျော်လည်းရပါသည်) နိုင်ငံခြားသို့ တရားဝင်သွားရောက် အလုပ်လုပ်ကိုင်လိုသည် ဟုဆိုပါက ထိုလုပ်ငန်းအတွက် လိုင်စင်ရသူ အေးဂျင့်က ထိုမြန်မာအလုပ်သမားထံမှ အမေရိကန်ဒေါ်လာ ၆၅၀ မှ ၁၀၀၀ နှင့် ညီမျှသော မြန်မာငွေကို ယူကြပါသည်။

ထိုဈေးသည် ၂၀၀၈ ခုနှစ် နှစ်ဦးကာလဈေး ဖြစ်သည်။ ထိုငွေပမာဏသည် မြန်မာကျပ်ငွေ ၁၃သိန်းမှ ၁၅သိန်းလောက်ရှိသည်။ ထိုငွေမရှိလျှင် နိုင်ငံခြားသို့သွား၍ အလုပ်လုပ်ရန် စိတ်ကူး၍မရ။ ထိုပမာဏငွေရှိမှ နိုင်ငံခြားသို့ သွား၍ အလုပ်လုပ်နိုင်မည်ဖြစ်ပါသည်။

www.foreverspace.com.mm

ထိုငွေကို အေဂျင်ကဘယ်လိုသုံးသလဲ?။ ဒါလည်း သိထားဖို့ လိုပါသည်။

| | | |
|---|---|---|
| ၁။ | Certificate of Eligibility အတွက် | ၂၀၀၀၀ ∘ ၀၀ |
| ၂။ | လေယာဉ်ခ US $ 235 | ၃၀၀၀၀၀ ∘ ၀၀ |
| ၃။ | မလေးရှားအေးဂျင့်ကိုပေးရငွေ (USD 350 မှ S$ 500) | ၄၂၀၀၀၀ ∘ ၀၀ မှ ၆၀၀၀၀၀ ∘ ၀၀ |
| ၄။ | မြန်မာ့မာန်ကိုသွင်းရငွေ | ၅၀၀၀၀ ∘ ၀၀ |
| ၅။ | Agent ကဆောင်ရွက်ခ US$ 100 | ၁၂၀၀၀၀ ∘ ၀၀ |
| ၆။ | အခြားကုန်ကျစရိတ်များ | ၁၀၀၀၀ ∘ ၀၀ |
| | စုစုပေါင်း | ၁၁၀၀၀၀၀ ∘ ၀၀(ပျမ်းမျှ) |

နိုင်ငံကူးလက်မှတ်ကို ကိုယ့်ဟာကို လုပ်တာလည်း ရှိသည်။ အေဂျင်လုပ်ပေးခြင်းလည်းရှိသည်။ နိုင်ငံကူး လက်မှတ်ဆောင်ရွက်ရင်း ခရီးစရိတ်၊ စားစရိတ် သုံးသောင်း လောက်ရှိသည်။

<u>ရွာကထွက်လာသည်မှ အေဂျင်နှင့်တွေ့သည်အထိကုန်ကျငွေ</u>

| | | |
|---|---|---|
| ၁။ | ရန်ကုန်ကိုလာသည့်စရိတ် | |
| - | နီးလျှင်နီးသလို ဝေးလျှင်ဝေးသလို | |
| - | အဖော်ကောင်းလျှင်ကောင်းသလို | |
| - | မကောင်းလျှင်မကောင်းသလို | ၁၀၀၀၀၀ ∘ ၀၀ |
| ၂။ | ဆေးနစ်ကြိမ်စစ် | ၃၀၀၀၀ ∘ ၀၀ |
| ၄။ | နိုင်ငံကူးလက်မှတ်အတွက်နစ်ကြိမ်ရန်ကုန်လာ | ၅၀၀၀၀ ∘ ၀၀ |
| ၅။ | အဝတ်အစားချုပ် | ၅၀၀၀၀ ∘ ၀၀ |
| | | ၂၃၀၀၀၀ ∘ ၀၀(ပျမ်းမျှ) |

ပန်းမျိုးတစ်ရာစာပေ

www.foreverspace.com.mm

အလုပ်သမားမှ စုစုပေါင်းကုန်ကျငွေ

| | | |
|---|---|---|
| ၁။ | မိမိဘာသာအေးဂျင့်နှင့် မတွေ့မီကုန်ကျငွေ | ၂၃၀၀၀၀.၀၀ |
| ၂။ | အေးဂျင့်ကိုပေးရငွေ | ၁၁၀၀၀၀၀.၀၀ |
| | **စုစုပေါင်း** | **၁၃၃၀၀၀၀.၀၀** |

နိုင်ငံခြားသို့သွားရောက်အလုပ် လုပ်ကိုင်သူ တစ်ဦးသည် မိမိရွာမှသည်လေယာဉ် ပေါ်ရောက်သည်အထိ ကုန်ကျငွေသည် ၁၃ သိန်းမှ ၁၅ သိန်းထိ ရှိနိုင်သည်။

အချို့က ထိုငွေကို အတိုးနှင့်ယူ၍ သွားကြသည်။ အတိုးက အပေါင်ပစ္စည်းပေးလျှင် ၅ ကျပ်တိုး မပေးနိုင်လျှင် ၁၀ တိုးထိ ရှိကြသည်။ အချို့က မိဘ၏အိမ်ပေါင်၊ အတွင်း ပစ္စည်းများရောင်း၍ သွားကြသည်။

အတိုးနှင့်ယူ၍ သွားပါက ၆ ကျပ်တိုးဆိုပါက ၁၀ သိန်း အတွက် တစ်လအတိုး ၆ သောင်းကျသည်။ ၁၅ သိန်း ဆိုပါက တစ်လ ၉ သောင်း၊ ၁ သိန်းကျသည်ကို သတိပြုပါ။

သူငယ်ချင်းကလည်း အပြောကောင်း၊ ကိုယ်ကလည်း မလေးရှားသွားချင်သည်မှာ နန့်နန့်တက်နေ၊ အဆွယ်ကောင်း၍ အတိုးနှင့်ငွေယူရပါလျှင် နယ်ပွဲစားက ရန်ကုန်သို့တက်ကတည်း-

(က) သူကိုပေးရမည့်ပိုက်ဆံရော

(ခ) ရန်ကုန်အေဂျင်ကိုပေးရမည့်ငွေ

နှစ်ရပ်ပေါင်းကိုတောင်းသုံးထားရာ အေးဂျင့်နှင့် မတွေ့ခင် နှစ်လအလို၊ သုံးလအလိုထဲက အတိုးခြောက်သောင်းမှ တစ်သိန်း ပေးခဲ့ရပြီး မလေးရှားလည်းမသွားဖြစ် အတိုးလည်း မပေးနိုင်ဘဲ ဘဝပျက်ရသူများလည်းရှိသည်။

www.foreverspace.com.mm

ရန်ကုန်အေးဂျင့်နှင့်တွေ့တော့ ရွာမှရောက်လာသော ပွဲစားက ငွေယူသုံးပြီး၊ ရန်ကုန်အေဂျင်ထံလက်ညှိုး ထိုးအပ်၍ လိမ်သွားတာ လည်း ရှိတတ်သည်။

အရေးကြီးတာက -

အလုပ်သမားဝန်ကြီးဌာနမှ တရားဝင်လိုင်စင်ရထား သော အေဂျင်နှင့်တွေ့ပြီးမှ ထိုအေဂျင်ကို ပေးသင့် ပေးထိုက်တာ ပေးပြီး လိုင်စင်ရှိ အေးဂျင့်နှင့် အလုပ်လုပ်ရန်လိုသည်။

အေဂျင်အစစ်အမှန်ဖြစ်ကြောင်း ရုံးခန်းကြီး ဖွင့်ပြထားရုံ ဖြင့်မယုံသေးဘဲ သူ့ထံတွင် အလုပ်အပ်မည်ဟုဆိုပါက အေးဂျင့် စာရွက်စာတမ်း တောင်းကြည့်ဖို့လိုသည်။ အထူးသဖြင့် အေးဂျင့် လိုင်စင်ကို ကြည့်ဖို့လိုသည်။ ထိုသို့လေ့လာပြီး ယုံကြည်စိတ်ချမှုရှိမှ အေးဂျင့်ထံမိမိ၏ကိုယ်ကိုရော၊ ပိုက်ဆံကိုပါအပ်ပါ။

တရားဝင်အေးဂျင့်နှင့် များစွာအလုပ်သမားဝန်ကြီး ဌာနမှ ပေးအပ်ထားသော လိုင်စင်အမှတ် (----၂၅/၀၆) စသဖြင့်ရှိကြ ပါသည်။

မိမိငွေနှင့် မိမိကိုယ်ကိုပါအပ်နှံလိုက်ရမည့် အေးဂျင့် ကိုသတိထားရွေးချယ်ပါ။ ထို့ကြောင့် အမှန်ဖြစ်အောင် စစ် ဆေးပြီးမှ ဆောင်ရွက်ပါ။ အေဂျင်များကလည်း မိမိတို့သည် မှန်ကန်ကြောင်းပါ။ အေးဂျင့်လိုင်စင် ကြည့်လိုပါဟုဆိုချင်ပါသည်။

### ဆေးစစ်ဆေးသည့်ကိစ္စ

ဆေးစစ်ဆေးခြင်းကိစ္စသည် အလုပ်ရှင်အလုပ်သမား ကန်ထရိုက်စာချုပ်ချုပ်ရာ၌ပင် ဆေးအောင်ရမည်ဆိုသော အချက် ပါသည်။ သူ့နိုင်ငံအစိုးရကလည်း သူ့နိုင်ငံတွင်းသို့ ဝင်ရောက်လာ

www.foreverspace.com.mm

ပါက ကူးစက်ရောဂါရှိသူများကို အဝင်မခံ။ ဆေးစစ်ရာတွင် ရည်ရွယ်ချက် (၂)ရပ်ရှိသည်။

၁။ အစိုးရက သူ့နိုင်ငံတွင်းသို့ ကူးစက်ရောဂါများနှင့် လူကိုဝင်မလာစေချင်သောအချက်

၂။ အလုပ်ရှင်က သူ့အလုပ်ခွင်၌ လုပ်မည့် အလုပ်သမား တို့ကို အင်အားပြည့်နှင့် တက်တက်ကြွကြွ ကျန်းကျန်းမာမာ ရှိသူကိုသာ ခန့်ထားလိုသော အချက်တို့ပါဝင်သည်။

ဆေးစစ်ရာတွင် -

(၁) HIV / AIDS
(၂) ( TB ) အဆုတ်ရောဂါ
(၃) ငှက်ဖျား
(၄) အနာကြီးရောဂါ
(၅) အခြားလိင်နှင့်စပ်ဆိုင်သောရောဂါ
(၆) အက်(စ်)မာ
(၇) သွေးတိုး
(၈) ဆီးချို
(၉) အစာအိမ်ရောဂါ
(၁၀) ကျောက်ကပ်ရောဂါ
(၁၁) ကင်ဆာရောဂါ
(၁၂) ဝက်ရူးပြန်ရောဂါ
(၁၃) အစာအိမ်ရောဂါ
(၁၄) နားနှင့်ပတ်သက်သောရောဂါ
(၁၅) အသည်းရောင်အသားဝါရောဂါ B ပိုး၊ C ပိုး၊
(၁၆) အခြားသွေးအားနည်းရောဂါ၊ အသားဝါ၊ မျက်စိ

www.foreverspace.com.mm

စသည်ဖြင့် စေ့စေ့စပ်စပ်ရောဂါအစုံ၊ အတွင်းအင်္ဂါ၊ အပြင်အင်္ဂါ၊ အာရုံဆိုင်ရာ ကျန်းမာရေးအခြေအနေများကို စစ်သည်။

အချို့ကလည်း မိမိကျန်းမာရေး မပြည့်စုံသည်ကို ပြည့်စုံသည်ဟုပြုလုပ်၍ ဆေးခန်းနှင့်ပေါင်းကာ ဆေးစစ်ချက် အောင်အောင် ပြုလုပ်ကြသည်။ အချို့ဆေးခန်းများက လုပ်ပေးသည်။ အချို့ဆိုလျှင် အသည်းရောင် အသားဝါ B ပိုး ရှိသည်ကို ဆေးမစစ်ခင် ဘာစားထားပါက B ပိုး ရှိကြောင်းမပေါ်ဟုဆိုကာ ထိုဆေးကိုစား၍ မျက်လှည့်ပြဖို့ကြိုးစားကြသည်။

တကယ်တော့ ဆေးကျလျှင်မသွားတာကောင်းသည်။

ကျန်းမာရေးကိစ္စကို မလှည့်စားတာကောင်းသည်။

တကယ့်ကျန်းမာရေးနှင့် မပြည့်စုံပါက အလုပ်လုပ်ခွင့် မရှိဖြစ်ရာ လေယာဉ်ပေါ်တက်ခါနီး စစ်သောအခါမှ ကျန်းမာရေးမပြည့်စုံလျှင် အေးဂျင့်ကိုပေးရသောငွေများ ကုန်နေပြီဖြစ်၍ အချို့ပြန်မရနိုင်တော့။ မလေးရှားရောက်မှ ဆေးထပ်စစ်၍ ဆေးကျလျှင် လေယာဉ်ခပါ ဆုံးရတော့မည်ဖြစ်သည်။ ဆေးကိုမှန်မှန်ကန်ကန်ဖြစ်ရေးကိစ္စ မိမိကိုယ်တိုင်က ကြိုးစားဆောင်ရွက်ပါ။ ဆေးစစ်ချက်လည်းအောင်၍ သူ့နိုင်ငံသို့ ရောက်လျှင်ရောက်ချင်း သူ့နိုင်ငံတွင်နေခွင့် တစ်လဗီဇာ ထုတ်ပေးထားသည်။

ထိုတစ်လအတွင်းဆေးထပ်စစ်ရမည်။ သူ့နိုင်ငံတွင် နေလို့မှ တစ်လမပြည့်သေးခင် ဆေးကျပြီဆိုပါက ဘာလုပ်နိုင်သနည်း။ တစ်နည်းလုပ်၍ရတာက အလုပ်ရှင်က အထူး နေထိုင်ခွင့် (Special Pass) ကို သုံးလတောင်း၍ရသည်။ ထိုသို့ တောင်းခံပြီး သုံးလအလုပ်လုပ်ပါက တစ်လနှစ်သိန်းလောက်ရရှိကာ ရရှိငွေနှင့်လေယာဉ်လက်မှတ်ဝယ်၍ပြန်နိုင်သည်။

www.foreverspace.com.mm

ထိုအချိန်တွင် မိမိနိုင်ငံကူးလက်မှတ်က အလုပ်ရှင် လက်ထဲတွင်ရှိသည်။ ဥပဒေနည်းလမ်း အတိုင်းဆိုပါက အလုပ်ရှင်ထံမှ နိုင်ငံကူးလက်မှတ်ကိုတောင်းကာ အိမ်ရာလိပ် ပြီးကိုယ့်နိုင်ငံကိုယ်ပြန်ရုံဖြစ်သည်။ သို့သော် လက်တွေ့မှာက အတိုးနှင့်ယူလာသောငွေ ၁၀ သိန်းကျော် ၁၅ သိန်းကလည်း ရှိနေသည်။

နိုင်ငံခြားအလုပ်သွားလုပ်တာလပိုင်းနှင့် ပြန်လာတယ်ဆိုတာလည်း သိပ်အဆင်မပြေ၊ ဒီတော့ ဘာလုပ်လဲဆိုတော့ မလေးရှားရောက်မှ ဆေးစစ်လို့ မအောင်သူများသည် အလုပ်ရှင်ထံမှ နိုင်ငံကူးလက်မှတ်ကို ပြန်တောင်းကာ မလေးရှားနိုင်ငံတွင် Over Stay နေလိုက်တာလည်းရှိသည်။

သူ့နိုင်ငံတွင် နေရမည်ဆိုသောရက်ထက် ပိုနေသူသည် တရားမဝင်နေခြင်းဖြစ်သည်။ Over Stay တရားမဝင် နေထိုင်ပြီး အလုပ်အကိုင်ရှာဖွေလျှင်လည်း အလုပ်ကရတတ်သည်။ ဒီတော့ ဆေးကျသူလူ ၁၀ ယောက်တွင် ၉ ယောက်မှာ Over Stay ဖြစ်သွားကြသည်ကများသည်။

သူ့နိုင်ငံ၌ Over Stay နေကြရသည့်ကိစ္စတွင် မလေးနိုင်ငံရောက်မှ ဆေးကျမှုသည် အကြောင်းရင်း တစ်ရပ်ဖြစ်သည်။ ဒါကသတိကြီးစွာထားရမည်ဖြစ်ပါသည်။

**သူ့နိုင်ငံရောက်လျှင် ဘာတွေဆက်ဖြစ်သေးလဲ?**

ဟုတ်ပါပြီ၊

လေယာဉ်ပျံပေါ်ရောက်သည်အထိ အားလုံးရှောရှောရှူရှူပဲဟုဆိုကြပါစို့၊ အကြံပေးလိုသည်။

www.foreverspace.com.mm

မလေးရှားနိုင်ငံသို့ သွားရာတွင်-

၁။ အောင်းဘီ (၃) ထည်
၂။ အင်္ကျီ (၃) ထည်
၃။ လုံချည် (၃) ထည်
၄။ မျက်နှာသုတ်ပဝါ (၁) ထည်
၅။ ဖိနပ်က ရှူးဖိနပ် မဟုတ်
Walking Shoe အသင့်အသင့်အတင့်တင့် (၁)ရံ
၆။ လက်ပတ်နာရီ
၇။ ရွှေငွေမယူဘဲ
၈။ မန္တလေးညှပ်ဖိနပ်လေး (၁)ရံနှင့်
၉။ စားစရာများ၊ ဆေးဝါးများ၊ လက်ဆောင်ပစ္စည်း စသည်တို့ယူခဲ့နိုင်ပါသည်။

ဖတ်စရာ မြန်မာစာအုပ်လေးများလည်း ယူခဲ့နိုင်ပါသည်။

မြန်မာစားစရာ ပုစွန်ခြောက်ချက်၊ ငါးခြောက်စသည်တို့ လိုသလောက် သယ်နိုင်ပါသည်။ လူကြုံပါး လိုက်သောပစ္စည်းများကို မယူခဲ့သည်က ကောင်းပါသည်။ ဥပဒေနှင့် မကင်းသောပစ္စည်းများ ပါလာတတ်ပါသည်။

ထွက်ခါနီးမိဘနှစ်ပါးကို ကောင်းစွာနှုတ်ဆက်ပါ။ ပွေ့ဖက်ခဲ့ပါ။ ဇနီးသားသမီးရှိကလည်း နွေးထွေးစွာ နှုတ်ဆက်ပါ။ မိဖနှစ်ပါးကို ထိခြင်းငါးပါးနှင့်ကန်တော့ပါ။ မသွားခင်ရွှေတိဂုံဘုရား ပေါ်သို့ တက်လိုကတက်ပါ။

ငါးပါးသီလယူထားဖို့တော့မလိုပါ။

www.foreverspace.com.mm

ထို့နောက် မိမိအားလေယာဉ်ကွင်းအထိလာပို့သော အေးဂျင့်ကိုလည်း ကျေးဇူးရှိသူအဖြစ်နွေးထွေးစွာ နှုတ်ဆက်ပြီးမှ လေယာဉ်ပေါ်သို့တက်ပါ။

လေယာဉ်ပေါ်တွင် ကျွေးသမျှစားပါ။ ပေးသမျှယူပါ။ စိတ်တည်တည်ငြိမ်ငြိမ်ဖြင့်လိုက်သွားပါ။ ပြည်ပတွင် အလုပ်အကိုင်ရှာဖွေရန် သွားရောက်သူတစ်ဦးအတွက် ပြဿနာဟူသမျှ ဒုက္ခဟူသမျှသည် လေယာဉ်ပေါ်မှဆင်းပြီးမှ စတင်တာချည်းဖြစ်သည်။ မိမိနိုင်ငံ၊ မိမိမြေပေါ်တွင် ဖြစ်ခဲ့သမျှသည် ပြဿနာမဟုတ်ပါ။

ကောင်းတာက မလေးရှားနိုင်ငံအပြည်ပြည်ဆိုင်ရာလေဆိပ်ကြီး၏ ဘယ်အပေါက်ကဝင် ဘယ်အပေါက်ကဆင်း၊ မိမိလေယာဉ်က ဘယ်မှာဆိုက်လျှင် ဘယ်ကနေထွက်ရမည်ကို မိမိအေးဂျင့်အား မေးခဲ့လျှင်ကောင်းသည်။ အေဂျင်ကလည်း ပြောသင့်ပြောထိုက်သော သတင်းအချက်အလက်အစုံကို ပြောလိုက်သင့်ပါသည်။ မြန်မာနိုင်ငံမှ -

SHWE MANDALAR MAY
Services Interprise Ltd.
Over Sea Employment Agency
(လိုင်စင်အမှတ် - 111/2006)

သည် မလေးရှားနိုင်ငံ၊ KLIA အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဝင်အထွက် တက္ကဆီကားငှားပုံ ငှားနည်း၊ အလုပ်ရုံ၊ စက်ရုံ လုပ်ငန်းခွင်၊ နေရမည့်နေရာ၊ စားသောက်စရာ၊ ရေချိုးခန်း၊ အိမ်သာမှအစ ဗီဒီယိုရိုက်၍ သွားရောက်မည့်သူများအားCD ဖြင့် ပြသလိုက်ပါသည်။ ထိုလုပ်ရပ်သည် ခေတ်မီအေဂျင်စီ၊ အေဂျင်တစ်ခု၏ လုပ်ရပ်ပင်ဖြစ်သည်။

www.foreverspace.com.mm

မလေးရှားနိုင်ငံအဝင်တွင် သူ့နိုင်ငံတွင်းသို့မဝင်မီ White Card ကိုဖြည့်ရပါမည်။ WC ဖြည့်ရာတွင်

၁။ နိုင်ငံကူးလက်မှတ် နံပါတ် -----------------
၂။ ထုတ်ပေးသည့်နေ့စွဲ -----------------
၃။ သက်တမ်းကုန်ဆုံးမည့်နေ့ -----------------
၄။ မိမိမွေးသက္ကရာဇ် -----------------
၅။ မွေးဖွားရာအရပ် -----------------
၆။ ဘာကိစ္စနှင့် လာသည် -----------------
၇။ ဘယ်မှာတည်းမည် -----------------
၈။ ဘယ်လောက်နေထိုင်မည်နှင့် သူနိုင်ငံအတွင်းသို့ မူးယစ်ဆေးဝါး သယ်ဆောင်လာပါက သေဒဏ်အပြစ်ကျခံရနိုင်ကြောင်း သတိပေးစာ တို့ပါရှိသည်။

ကိစ္စမရှိပါ။ ဒါတွေလည်း ဖြည့်လိုက်ပါ။ မဖြည့်နိုင်ပါက ဘေးကလူကို ဖြည့်ခိုင်းပါ။ မလေးရှားသို့ ဝင်လာရာတွင် ရန်ကုန်ရှိ မလေးရှားသံရုံးမှ သူ့နိုင်ငံအတွင်းသို့ဝင်ဖို့ ဝင်ခွင့်ပြုသောဗီဇာ ပါမလာ ပါ။

ယခင်က အလုပ်သမားများအတွက် သံရုံးက ဗီဇာပေးပါ သည်။

နောက်တော့ အလုပ်သွားလုပ်ရန် ဗီဇာလာလျှောက်သူတွေ ကများသောကြောင့် သံရုံး၏ပုံမှန်အလုပ် များကို ထိခိုက်သဖြင့် မြန်မာ နိုင်ငံရှိ မလေးသံရုံးသည် အလုပ်သမားများအား သံရုံးမှဗီဇာ ထုတ်ပေး သော အလုပ်ကို ရပ်ဆိုင်းလိုက်ပြီး မလေးရှားဘက်မှ Calling Visa မိတ္တူပါလျှင် ကွာလာလမ်ပူလေဆိပ်ရောက်မှ လေဆိပ် ဆိုက်ရောက်

www.foreverspace.com.mm

ဗီဇာ Ar rival Visa ဖြင့် သူ့နိုင်ငံတွင်းသို့ ဝင်ခွင့်ပြုခဲ့သည်။

လေဆိပ်ဗီဇာဖြင့် နိုင်ငံသို့ဝင်ခွင့်ရပါသည်။

သို့သော် မြန်မာအလုပ်သမားကို သူနှင့်စာချုပ်ထားသော အလုပ်ရှင်(သို့မဟုတ်) အလုပ်ရှင်၏ ကိုယ်စားလှယ်က လာရောက်ခေါ်ယူရသည်။ အလုပ်ရှင်ကိုယ်စားလှယ်အဖြစ် မလေးအေဂျင့်က လာရောက်ခေါ် ယူသည်လည်းရှိသည်။ ထိုသို့လာရောက်ထုတ်ယူလျှင် စိတ်အေးဝမ်းသာရသည်။

လာမထုတ်ပါက ဘာမှမဟုတ်သော်လည်း တစ်ခါမှ မရောက်ဖူးသောနေရာ၊ သူဘာသာစကားလည်း မတတ်။ အင်္ဂလိပ်လို ကလည်း လည်လည်ဝယ်ဝယ်မရှိလျှင် ကြီးကျယ်ခမ်းနား၍ သံမဏိသံဘောင်ကြီးများ၊ အလူမီနီယံမှန်ဘောင်ကြီးများနှင့် အံ့ဩစရာကောင်းလောက်အောင်ကြီးကျယ်သောလေဆိပ်ကြီး၏ ခမ်းနားကြီးကျယ်မှုကြောင့် မိမိမှာကြောက်ရွံ့အားငယ်ရသည်။ သိမ်ငယ်မှုပင်ဖြစ်ရသည်။ အဖွဲ့လိုက်ဆိုပါက စိတ်သက်သာရာရသေးသည်။

သူ့နိုင်ငံသို့ဝင်ရတာ ကြောက်ဖို့လည်းကောင်းပါသည်။ Calling Visa မိတ္တူအတုပြ၍ လိမ်လည်ခဲ့ရသူများသည် လေဆိပ်တွင် လာကြိုမည့်သူမရှိဘဲ တစ်ပတ်အကြာတွင် မလေးရှားလူဝင်မှုကြီးကြပ်ရေးက မြန်မာပြည်သို့သွားမည့် လေယာဉ်ပေါ်ပြန်တင်ပေးလိုက်တာမျိုးလည်းရှိခဲ့ပါသည်။ ငွေကြေးများဆုံးရှုံးပြီး မြန်မာပြည်ပြန်ရောက်လာခဲ့ရသည့် ဖြစ်ရပ်ကိုရှေ့ပိုင်းတွင် ဖော်ပြပြီးဖြစ်ပါသည်။

တကယ်တော့ ပြည်ပသို့အလုပ်အကိုင် ရှာဖွေလုပ်ကိုင်ကြရာတွင် ရွာမှထွက်လာကတည်းက ငါးယောက်တစ်စု၊ ခြောက်ယောက်တစ်စုအဖွဲ့နှင့်လာနိုင်လျှင် ကောင်းသည်။ အေးဂျင့်ကလည်းအဖွဲ့နှင့်

www.foreverspace.com.mm

လွတ်တာကောင်းသည်။ ရန်ကုန်အေးဂျင့်က ဟိုတစ်ဖက်တွင် သူ့ကိုယ်စားလှယ်ရှိပါက ယင်းကိုယ်စား လှယ်ကလာကြိုလျှင် တော်သေးသည်။

အလုပ်ရှင်သူဌေးဆိုတာက ကိစ္စတွေများသူဖြစ်သည်။ သူက သူကိုယ်တိုင် ကြိုဖို့လုပ်ပြီးမှ အကြောင်းကြောင်းသူလည်းမကြို၊ ကိုယ်စားလှယ်လည်းမလွှတ်မိ၊ အေးဂျင့်ကိုလည်းအကြောင်းကြားရန် ပျက်ကွက် တတ်သည်။ နိုင်ငံတကာတွင် အတွေ့အကြုံမရှိသေးသော မည်သူမဆို ပထမအကြိမ်တွင် ကြိုဆိုသူမရှိပါက အလွန်အားငယ်စရာ ဖြစ်လာသည်။

လေဆိပ်ကြီးက အအေးအလွန်ကျုံလွှတ်ထားသောကြောင့် ထိုအအေးဒဏ်ကို စတင်ခံစားရသည်။

မလေးရှားနိုင်ငံသို့ထွက်ပါက walking shoe နှင့်ထွက်ပါဆို သလို ကုတ်အင်္ကျီ၊ နက်ကတိုင် မဝတ်လာဘဲ ဂျာကင်အနွေးအင်္ကျီတစ် ထည်ပါလာဖို့ကောင်းသည်။ ဂျာကင်ပါလာပါက မလေးရှားလေဆိပ် အသစ်ကြီး၏ အအေးဒဏ်ကိုပို၍ ခံနိုင်သည်။ ထိုအင်္ကျီကို ဆက်၍လည်းသုံးနိုင်သည်။

သူဌေးလာကြိုနိုး လာကြိုနိုးနှင့် မလာခဲ့ပါလျှင် တစ်ည၊ တစ်ရက်တော့ လေဆိပ်ထဲတွင် နေရတတ်သည်။ ထိုအခါ စားစရာ ဘာမှမရ၊ ရေတောင်မှမရ လေယာဉ်ပျံပေါ်မှ စားစရာလေးယူလာလျှင် တော်သေးသည်။ ထို့ကြောင့် လိုလိုမယ်မယ် မြန်မာနိုင်ငံမှ လာစဉ်က တည်းက ပေါင်မုန့်၊ အသားညှပ်ပေါင်မုန့်၊ ကိတ် အစရှိသော စားစရာ အချို့ယူဆောင်လာသင့်သည်။

တစ်ခုသတိပြုရန်မှာလေယာဉ်ပေါ်သို့ အရည်များယူမလာရပါ။ မည်သည့် Liquid မှမယူရပါ။ ရေ၊ အလှဆီ၊ အမွှေးဆီ၊ ရေမွှေး၊ အရက် ဘာမှသယ်ယူခွင့်မရှိပါ။

www.foreverspace.com.mm

ရန်ကုန်အေးဂျင့်၏ ကိုယ်စားလှယ်သည် ကွာလာလမ်ပူတွင် ရှိပါက ထိုသူ၏တယ်လီဖုန်းနံပါတ်၊ လက်ကိုင်ဖုန်းနံပါတ်ကိုတောင်း ခဲ့ရမည်ဖြစ်သည်။ မလေးပိုက်ဆံအကြွေလည်း ဆောင်လာနိုင်လျှင် ကောင်းသည်။ လေဆိပ်ရှိ အကြွေထည့်၍ဆက်ရသောဖုန်းမှ ထိုသူ့ထံ သို့သော်လည်းကောင်း၊ မိမိအလုပ်လုပ်မည့် အလုပ်ရှင်၊ အလုပ်ရုံသို့ သော်လည်းကောင်း ဆက်သွယ်နိုင်သည်။ မိမိ၏သူငယ်ချင်း၊ မိတ်ဆွေ ရှိပါကလည်း ဆက်သွယ်နိုင်သည်။

မည်သို့ပင်ဖြစ်စေ အပြင်မှလာထုတ်မှ လေဆိပ်မှထွက်ရမည် ဖြစ်သောကြောင့် လာမခေါ်သမျှ နေရစ်ပေဦးတော့ မောင်လုပ်သား။

### ထိန်းသိမ်းရေးစခန်းနေရာ

ဒီလိုနှင့် ဘက်သူမှလာမကြိုလျှင် လေဆိပ် ထဲမှမထားတော့ ဘဲ အနီးရှိထိန်းသိမ်းရေး Detention Camp စခန်းသို့ ပို့လိုက်သည်။ ထိုနေရာသည် တစ်နည်းအားဖြင့် အချုပ်စခန်း တစ်မျိုးဖြစ်သည်။ လာကြိုမည့်သူမရှိဘဲလေဆိပ်ထဲသို့ ဝင်လာ၍ ယာယီအချုပ်နှင့် ထားသည့်သဘောလည်းသက်ရောက်သည်။ သို့သော် ထိုစခန်းတွင် ကား လေဆိပ်ထဲမှာလောက်မအေး ထမင်းထုတ်နှင့်ရေရသည်။ အိပ်စရာနေရာရသောကြောင့် တော်သေးသည်ဟုမှတ်ယူနိုင်ပါသည်။ အလုပ်ရှင်လာမထုတ်သမျှ နေ၍ရသည်။ လာမထုတ်တော့ မရှိ။

လာမထုတ်၍ပြန်လာရသည်မရှိ။ စိတ်ရှည်လက်ရှည်၊ စိတ်မပျက် လက်မပျက် စောင့်ရန်သာရှိသည်။ ဒါကကိုးရေး တစ်ရေး၊ ဆယ်ရေးတစ်ခါ ဖြစ်တတ်သည့် သဘောသာဖြစ်ပါသည်။

ဖြစ်တာတွေ အကုန်ရေးပြထားမှ ဖြစ်တတ်တာတွေ သိထားမှ ပိုကောင်းပါသည်။

ပန်းမျိုးတစ်ရာစာပေ

www.foreverspace.com.mm

နောက်တစ်ခုက ဘာဖြစ်တတ်လဲဆိုတော့ အခြားနိုင်ငံက အလုပ်သမားတွေ မလေးရှားနိုင်ငံတွင် ခြေခင်းလက်ခင်းသာလို့လာပြီး အလုပ်လုပ်ကြသည်။ ဒီလိုလာလုပ်ကြတဲ့လူတွေဟာ မလေးရှားနိုင်ငံ ထဲဝင်ရင် မလေးရှားလေကြောင်းကို စီးပြီးလာ သင့်တာပေါ့ဟု မျိုးချစ်စိတ်နှင့်ဆိုတတ်ကြတာရှိသည်။ ထိုအခါ ဒါမှန်တာပေါ့ဟုဆို ကာ မလေးရှားနိုင်ငံသို့ အလုပ်လာလုပ်ပါက မလေးရှားလေကြောင်း နှင့် လာပါဆိုသော အပုဒ်တစ်ပုဒ် Clause တစ်ခု အလုပ်သမားခေါ် ယူခွင့် စည်းကမ်းတွင်ပါရှိနေသည်။

ဒီတော့ အခြားမြန်မာ့လေကြောင်း၊ ထိုင်းလေကြောင်း၊ စင်္ကာပူလေကြောင်းတို့က ဘာပြောလဲဆိုတော့ "ငါတို့လည်း မလေးရှားလေကြောင်းနဲ့ ဘယ်ကိစ္စတွေမှာ အကျိုးတူဆောင်ရွက်နေ ကြတာပဲ၊ ဒီတော့ ငါတို့ လေကြောင်းနဲ့လာတာလည်း မလေးရှားနဲ့ အကျိုးတူပဲပေါ့"ဟုဆိုသောအခါ "အေး ဒါလည်းမှန်တာပဲ"ဟုဆိုကာ အကြောင်းမညီညွတ်၍ အခြားလေကြောင်းများနှင့် လာတာကိုလည်း မလေးရှားက ဝင်ခွင့်ပြုသည်။

သို့သော်အထက်ဖော်ပြပါ Clause ကိုတော့ဖျက်မပစ်ဘဲ ဒီအတိုင်းရှိနေသည်။ ဒီလိုရှိနေစဉ်လေဆိပ်သို့ စာအုပ်ကြီးသမား မလေးလူဝင်မှုကြီးကြပ်ရေးအရာရှိ အသစ်ရောက်လာပါက အထက်ပါ "Clause ကဒီလိုရေး ထားတာပဲ။ အလုပ်လုပ်မယ် လူတွေဝင်ရင် မလေးလေကြောင်းနှင့်သာဝင်ရမည်။ အခြားလေကြောင်းနှင့်မဝင်ရ" ဟုဆိုက မြန်မာလေကြောင်း၊ ယိုးဒယားလေကြောင်း၊ စင်ကာပူ လေကြောင်း အခြားအခြားသော လေကြောင်းဖြင့် ဝင်လာသူတို့ကို Arrival Visa ထုတ်မပေးဘဲရှိတတ်သည်။ ထိုအခါ ကွာလာလမ်ပူ လေဆိပ် Camp တွင် လူ ၄၀၀၊ ၅၀၀ စုပုံ နေသောအခါများ

www.foreverspace.com.mm

ရှိတတ်သည်။ မလေးရှားနိုင်ငံသို့ လေကြောင်းမှ ဝင်ရောက်နေသော မြန်မာအလုပ်သမားသည် နေ့စဉ် ၁၀၀ခန့်ရှိသည်။

မလေးနိုင်ငံ၌ ကျွန်တော်ရှိနေစဉ် ၁၅.၁.၀၈ နေ့ ကအလား တူကိစ္စဖြစ်ပွားခဲ့ပြီး မြန်မာလူငယ် ၄၀၀မှ ၅၀၀ ခန့်မလေးနိုင်ငံထဲသို့ ဝင်ခွင့်မရဘဲ Detention Camp တွင် ထိန်းသိမ်းထားခြင်းရသည်ကို ကိုယ်တိုင်ကြား သိခဲ့ရဖူးပါသည်။

သို့သော် ထိုသို့ဝင်ခွင့်မပြုလျှင် အလုပ်ရှင်ကဖြစ်စေ၊ အေးဂျင့်ကဖြစ်စေ သူ့အထက်အရာရှိဖြစ်သူနှင့် အကျိုးအကြောင်းပြ၍ အရေးဆိုလျှင် ဝင်ခွင့်ပြုကြသည်သာဖြစ်သည်။

မလေးရှားနိုင်ငံသည် Calling Vasa ပါသောသူ့နိုင်ငံတွင် လာရောက်အလုပ်လုပ်ကိုင်သည့် မည်သည့်အလုပ်သမားကိုမဆို လေဆိပ်တွင် Arrival Visa ထုတ်ပေးသည်။

လေဆိပ်မှ ထုတ်ပေးသောဗီဇာသည် တစ်လဖြစ်သည်။

လေဆိပ်သို့ရောက်သောနေ့မှ ရက်ပေါင်း ၃၀သာ သူ့နိုင်ငံ အတွင်း၌ နေထိုင်ခွင့်ရှိသည်။

❒ ❒ ❒

www.foreverspace.com.mm

## အခန်း (၁၁)

## မလေးမှာနေပြီး (၂) နှစ်အကြာ ပြဿနာ

မြန်မာအလုပ်သမားက မလေးစက်ရုံထဲသို့ ရောက်သွားပြီ ဖြစ်ပါ၏။ မလေးအေးဂျင့်ကလည်း လာတွေ့၊ မြန်မာအေးဂျင့် ကိုယ်စားလှယ်ကလည်းလာတွေ့၊ အလုပ်ရှင်သူဌေးနှင့်လည်း တွေ့ဆုံပြီးသော အခါ အလုပ်ရှင်ကက နေထိုင်ရန်နေရာပေးသည်။ ကိုယ့်ဟာကိုယ်ချက်စားရသည်။ အလုပ်စတင်လုပ်၍ရသည်။ ရထားတာက တစ်လဗီဇာဆိုတော့ ကန်ထရိုက်နှင့်စာချုပ်ထားတာက ၃နှစ်စာချုပ်ထားသောကြောင့် အလုပ်ရှင်က ဗီဇာထပ်လျှောက်ပေးရသည်။ ဗီဇာကို တစ်နှစ်စီသာချပေးသည်။

ထိုနောက် အလုပ်ရှင်က လဲဗီးကြေး ၁၂၀၀ RM ကို မလေး လူဝင်မှုကြီးကြပ်ရေးဌာနသို့ ယာယီ စိုက်ထုတ်ပေးသွင်း ပေးထားရသည်။ လဲဗီးကြေးပေးသွင်းမှ ဗီဇာသက်တမ်းတစ်နှစ်တိုး ပေးတာ ဖြစ်ပါသည်။

www.foreverspace.com.mm

လဲဗီးကြေးသည် သုံးမျိုးဖြစ်သည်။

မလေးရှားနိုင်ငံသို့ရောက်ရှိလာသူတို့သည် လုပ်ငန်းခွင် သုံးမျိုးဝင်ရောက်လုပ်ကိုင်နိုင်သည်။ ယင်းတို့မှာ

ပထမ - စိုက်ပျိုးရေးလုပ်ငန်း

ဒုတိယ - စက်ရုံ၊ အလုပ်ရုံလုပ်ငန်း

တတိယ - စားသောက်ဆိုင်လုပ်ငန်း

စတုတ္ထ - ဆောက်လုပ်ရေးလုပ်ငန်း တို့ဖြစ်သည်။

စိုက်ပျိုးရေးတွင်ဝင်ရောက်လုပ်ကိုင်ပါက တစ်နှစ်တွင် အလုပ်သမားက လဲဗီးကြေး RM၆၀၀ ပေးရသည်။ ဆောက်လုပ်ရေး လုပ်ငန်းနှင့် စက်ရုံအလုပ်ရုံတို့တွင်လုပ်ကိုင်ပါက လဲဗီးကြေး RM ၁၂၀၀ ပေးရသည်။ လဲဗီးကြေး ၁၂၀၀သည် အမေရိကန်ဒေါ်လာ ၄၀၀နှင့်ညီမျှ၍ မြန်မာငွေ ၅သိန်းလောက်ရှိပါသည်။ စားသောက် ဆိုင်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်း များတွင် ဝင်ရောက်လုပ်ကိုင်ပါက လဲဗီးကြေး ၁၈၀၀ ပေးရသည်။ ထိုငွေကို သူဌေးကစိုက်ပေးပြီး၊ အခြားလုပ်ဆောင်သင့်တာများလုပ်ဆောင်ပြီး မလေးတွင် ဆေးထပ် စစ်တာ လည်းအောင်သည်ဟုဆိုပါက ပြည်ပအလုပ်အကိုင် ရှာဖွေရင်း မလေးရှားနိုင်ငံသို့ရောက်ရှိသွားသော မြန်မာအလုပ်သမားများ မလေးရှားနိုင်ငံတွင် တစ်နှစ်အလုပ်လုပ်ကိုင်ခွင့်ရရှိသည်။

များသောအားဖြင့် မြန်မာအလုပ်သမားများသည် စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ကြသည်။ ထိုအခါ မြန်မာအလုပ်သမားက လစာဘယ်လောက်ရသလဲဆိုပါက ကန်ထရိုက်စာချုပ်တွင်ပါသည့် အတိုင်း

အနိမ့်ဆုံးလစာ တစ်နေ့လုပ်ခ ၁၈.၅၀ ရင်းဂစ် (RM) ရရှိသည်။

www.foreverspace.com.mm

ထို့ကြောင့်

၁။ တစ်လတွင် လုပ်ခငွေ မလေးရင်းဂစ် = ၄၈၁.၀၀ RM
(၂၆ ရက် တစ်နေ့ ၈ နာရီ)

၂။ တစ်နေ့ ၃-နာရီအချိန်ပိုလစာ = ၂၆၉.၀၀ RM

စုစုပေါင်း = ၇၅၀.၀၀ RM

အချိန်ပိုလုပ်အားခသည် အရေးကြီးသည်။ အခြေခံလစာမျှနှင့် အလုပ်သမားသည် မလေးသို့လာပါက ဘယ်နည်းနှင့်မျှတွက်ခြေမကိုက်ပါ။ အချိန်ပိုလုပ်အားခသည် သံရုံးသို့ပေးသွင်းရသည့်ငွေ စားစရိတ်၊ လဲဗီးကြေးနှင့် အခြားတိုလီမိုလီအသုံးစရိတ်များ ထွက်လာပြီး အခြေခံလစာကို စုမိနိုင်သည်။ အချိန်ပိုလုပ်အားခက မူရင်းလစာထက် တစ်ဆခွဲပို၍ရရှိ၏။ မူလလစာက တစ်နေ့လုပ်ခ ၁၈.၅၀ RM ဆိုပါက အချိန်ပိုလုပ်အားခသည် တစ်ရက် ၃နာရီ $\frac{၁၈.၅၀}{၈}$ × ၃ × ၁.၅ = ၁၀.၄၀၇ RM ရသည်။ မူရင်းတစ်နေ့လုပ်ခ ၁၈.၅၀+အချိန်ပို ၁၀.၄၀ =၂၉.၉၀ RM ရနိုင်ပါသည်။

အချိန်ပိုလုပ်အားခသည် သာမန် တနင်္လာမှ သောကြာထိ ဆိုပါက မူရင်းလစာ၏ တစ်ဆခွဲ။ စနေ၊ တနင်္ဂနွေတွင် ဆင်းရပါက မူရင်းလစာ၏ နှစ်ဆ။ အစိုးရနေ့ကြီးရက်ကြီး ရုံးပိတ်ရက်များတွင် အချိန်ပိုဆင်းရပါက မူရင်းလစာ၏သုံးဆရသည်။

ထိုကြောင့် အချိန်ပိုလုပ်အားခသည် အရေးကြီးသည်။

အချိန်ပိုလုပ်အားခနည်းနည်းပဲရပြီး တစ်လဝင်ငွေ RM ၇၅၀ အောက် ရရှိသော အလုပ်ရုံလုပ်ငန်းသည် ဝင်ငွေရရှိမှုညံ့သောအလုပ်ဌာနဟုခေါ်နိုင်သည်။ ၇၅၀မှ ၉၀၀-၁၀၀၀ရလျှင် ကောင်းသောအလုပ်ရုံဟုခေါ်၍ မြန်မာလုပ်သားတို့ စွဲစွဲမြဲမြဲ ရှိရှိသေသေ အလုပ်

www.foreverspace.com.mm

လုပ်သော စက်ရုံများဖြစ်ပြီး ၁၀၀၀ မှ ၁၂၀၀ရရှိသော စက်ရုံများသည် ဆူပါစက်ရုံများ၊ ရှယ်စက်ရုံများဖြစ်ပြီး အလုပ်သမားတို့ စွဲစွဲမြဲမြဲဖက်တွယ်ထားသော စက်ရုံများဖြစ်သည်။ ရှယ်စက်ရုံမျိုးက ရှာရဖို့တော့ခဲယဉ်း၏ သို့သော်လည်း ရှိပါသည်။ ပွဲစားခ ကောင်းကောင်းပေးနိုင်လျှင် ရရှိသည်။

**စားစရိတ်ကုန်ကျငွေ**

မလေးတွင် လူတစ်ယောက်ပုံမှန်စားသောက်ပါက တစ်လတွင် မလေးငွေ ၁၀၀RM ကုန်ကျသည်။ စုပေါင်းချက်စားပါက ၇၀ မှ ၈၀ RM သာကုန်ကျသည်။ အလုပ်နှင့်သူဌေးက လဲဗီးကြေး ၁၂၀၀ စိုက်သွင်းထားသည်ကို သူဌေးက တစ်လ ၁၀၀RM ဖြတ်သည်။ ထို့ကြောင့် မြန်မာအလုပ်သမားတစ် ယောက်၏ တစ်လအသုံးစရိတ်နှင့်လစာမှာ

| | | |
|---|---|---|
| ဝင်ငွေ | = | ၇၅၀ RM |
| ထွက်ငွေ | | |
| ထမင်းစရိတ် | = | ၁၀၀ RM |
| လဲဗီးကြေးဖြတ်ခ | = | ၁၀၀ RM |
| သံရုံးသို့သွင်းရန်ငွေနှင့်အခြားသုံးငွေ | = | ၁၀၀ RM |
| လက်ကျန်ငွေသည် ၇၅၀-၃၀၀ | = | ၄၅၀ RM |

ထို့ကြောင့် မြန်မာအလုပ်သမားသည် တစ်လ ၄၅၀ RM၊ မြန်မာငွေ ၂-သိန်းခန့် ကျန်ရှိသည်။ ထိုထက်ပိုမကျန်နိုင်။

ထိုလစဉ်ဝင်ငွေ ၂သိန်းဖြင့် သူသည် မြန်မာနိုင်ငံမှထွက်လာစဉ်က ကုန်ကျထားသော ကုန်ကျငွေ ကြွေးဟောင်းကြွေးပူ ၁၃သိန်းမှ ၁၅သိန်းကို ပေးပိုဆပ်ရသည်။ အတိုးနှင့်ယူလာပါက အတိုးပါဆပ်ရသည်။

www.foreverspace.com.mm

တစ်လ ၂သိန်းပေးပို့ဆပ်သွားပါမှ ၈လကျော် ၉လ၊ ၁၀လကြာသောအခါမှ အကြွေးကြေသည်။ ပေးဆပ်စရာတို့မရှိ လွတ်မြောက်လာပြီ။

လွတ်မြောက်သောဘ၀ဖြင့် ၂လနေပြီးအကြာတွင် မြန်မာအလုပ်သမားသည် သူ၏အလုပ်လုပ်ခွင့် ဗီဇာကို သက်တမ်း တစ်နှစ်တိုးဖို့ရှိလာ၏။ ဒါကလည်းလွယ်သည်။ စက်ရုံသူဌေးက ဆေးစစ်ပြီးလဲဗီးကြေး ၁၂၀၀RM နှင့်သက်တမ်းတိုးခ RM ၃၀၀ မလေးလူဝင်မှုကြီးကြပ်ရေးဌာနကိုသွားပေး၍ သက်တမ်းတိုးလိုက်ရုံ ဖြင့် တစ်နှစ်ထပ်လုပ်၍ရသည်။

နောက်တစ်နှစ်တွင်လည်း သူသည် လိမ်လိမ်မာမာ လုပ် ဆောင်ပါက တစ်လမလေးငွေပမာဏ RM၅၀၀-(မြန်မာငွေ ၂သိန်း) မြန်မာနိုင်ငံရှိ မိဘရပ်ထံသို့ ပြန်ပို့စုဆောင်းနိုင်သော အနေ အထားဖြင့် နေနိုင်ပါသေးသည်။ သို့သော်ပြဿနာက ၂နှစ်ပြီးသော အချိန်တွင် စတတ်သည်။

**(၂)နှစ်ကြာပြီးကြုံရသောပြဿနာ**

၂နှစ်ကုန်ဆုံးသောအခါ လိမ်လိမ်မာမာဖြင့်အသုံးအစွဲ အဖြုန်းမရှိသူ။ ခြိုးခြံနိုင်လွန်းသူသည် မြန်မာနိုင်ငံသို့ ၂၅သိန်းလောက် ပြန်ပို့ပြီးဖြစ်တတ်၏။ သို့သော တစ်ချက် သူသတိမေ့နေတာက သံရုံးသို့ အခြေခံလစာ၏ ၁၀ရာခိုင်နှုန်းပေးသွင်းရမည်ဆိုသောကိစ္စ ကိုမေ့နေ၏။ အခြေခံလစာက ၄၈၁ကျပ်ဖြစ်၍ သူသည် ပျမ်းမျှ သံရုံးသို့ ၅၀RM အခွန်သွားဆောင်ရမည်ဖြစ်သည်။ တစ်လ ၅၀ RM ဆိုတော့ သုံးလတွင် ၁၅၀RM မှန်မှန်ဆောင်နေပါက ပြဿနာ မရှိသော်လည်း ယခုသံရုံးသို့ အခွန်မဆောင်ခဲ့သည်မှာ ၂နှစ်(၂၄လ)

www.foreverspace.com.mm

ကြာပြီ ဖြစ်သောအခါ သူသည်သံရုံးသို့ တစ်လRM ၅၀ဖြင့် ၂၄လစာ ၅၀RM ×၂၄ = ၁၂၀၀RM ပေးဆောင်ဖို့ရှိလာသည်။ ထိုငွေကို ပေးဆောင်ပါမှ သံရုံးကနိုင်ငံကူးလက်မှတ် သက်တမ်းတိုးပေးမည် ဖြစ်သည်။

ဖြစ်ရပုံက မြန်မာနိုင်ငံက သူ၏နိုင်ငံကူးလက်မှတ် သက်တမ်းကို ၃နှစ်ပေးထားသည်။ အလုပ်အကိုင်ရှာဖွေသူက နိုင်ငံကူး လက်မှတ်ရပြီး ချက်ချင်းမြန်မာနိုင်ငံက ထွက်လာနိုင်သည်မဟုတ်။ သူကအေးဂျင့်နှင့် ဆက်သွယ်ရင်း လိုအပ်သောငွေရှာရင်း၊ ရွာပြန်ကာ အမေ့ကိုကန်တော့ရင်း၊ ရည်းစားနှင့်လည်းတွေ့ရင်းနှင့် မြန်မာနိုင်ငံတွင် သက်တမ်းတစ်နှစ်ကုန်ခဲ့သည်။

ယခု မလေးတွင် ၂ နှစ်အလုပ်လုပ်ခဲ့ပြီးဖြစ်၍ မြန်မာနိုင်ငံက ယူလာခဲ့သော ၃ နှစ်သက်တမ်း ကုန်ပြီဖြစ်သည်။

သက်တမ်းကုန်သော်လည်း ကိစ္စမရှိ။ မလေးနိုင်ငံရှိ မြန်မာ သံရုံးက နောက်ထပ်သက်တမ်း ၃နှစ်တိုးပေးနိုင်သည်။ သို့သော် သူ့ကိုပေးဆောင်ရမည့် အခြေခံလစာ၏ ၁၀ရာခိုင်နှုန်းကိုတောင်းဆို သောအခါ ထိုငွေကြေး ပမာဏက အလွန်များနေ၍ မဆောင်နိုင်ဘဲ ရှိသည်။ ၂ နှစ်ပြည့်သောအခါ မြန်မာအလုပ်သမားပေးဆောင်ရမည့် ငွေပမာဏက

| | | |
|---|---|---|
| ၁။ | ၂နှစ်စာအခွန်ပျမ်းမျှ<br>(မြန်မာသံရုံးသို့ပေးသွင်းရသောဝင်ငွေခွန်) | ၁၂၀၀ RM |
| ၂။ | နိုင်ငံကူးလက်မှတ်သက်တမ်းတိုးခ | ၆၀၀ RM |
| ၃။ | လဲဗီးကြေးက | ၁၂၀၀ RM |
| | စုစုပေါင်း | ၃၀၀၀ RM =၁၂ သိန်း |

www.foreverspace.com.mm

လဲဗီးကြေးက အလုပ်ရှင်ကစိုက်သွင်းပေးမှာမို့ ကိစ္စမရှိသော်လည်း ၂နှစ်စာအခွန်နှင့် သက်တမ်းတိုးခ ပေးဖို့က ပြဿနာဖြစ်သည်။

ထိုငွေပမာဏာသည် အလွန်များနေသည်။

သူဌေးနှင့်စာချုပ်ထားတာက ၃နှစ်စာချုပ်ထားတာ ဖြစ်သည်။ သူသည် ကန်ထရိုက်စာချုပ်အရ မလေးတွင် တစ်နှစ်ဆက်၍အလုပ်လုပ်ရဦးမည်။ သို့သော်လည်း နိုင်ငံကူးလက်မှတ် သက်တမ်းက ကုန်နေသည်။ အလုပ်ရှင်သူဌေးက "အေး ငါ့ကန်ထရိုက်အရ အလုပ်ဆက်လုပ်ဖို့ သက်တမ်းတစ်နှစ်ထပ်တိုးပေးမယ် ဆိုပေမယ့် မလေးရှားလူဝင်မှုကြီးကြပ်ရေးက "ငါ့လူ၊ မင်းအလုပ်သမားရဲ့နိုင်ငံကူးလက်မှတ် သက်တမ်းကုန် နေတယ်၊ နိုင်ငံကူးလက်မှတ်သက်တမ်းတိုးပြီး ပြန်လာခဲ့"ဟုဆိုရာမှ နိုင်ငံကူးလက်မှတ် သက်တမ်းတိုးဖို့ကိစ္စ ပေါ်လာရတာဖြစ်သည်။

တကယ်လို့ တစ်လ ၅၀RM ဖြင့် ၃လတစ်ကြိမ် မြန်မာသံရုံးတွင် အခွန်ဆောင်ခဲ့ပါက ယခုကိစ္စသည် ပြဿနာကြီးကြီးကျယ်ကျယ်မရှိနိုင်၊ မသိ၍ မဆောင်ခဲ့၍ ကြုံရသောပြဿနာဖြစ်သည်။

ကဲ ပြဿနာတော့ပေါ်လာပြီ ဘာလုပ်မလဲ ?

ရွေးစရာလမ်းက သုံးလေးခု ရှိသည်။

ပထမလမ်း - သူဌေးဆီကငွေချေးပြီး ရှင်းမလား

ဒုတိယလမ်း - အိမ်ကငွေ ပြန်မှာမလား

တတိယလမ်း - မြန်မာပြည် ပြန်မလား၊

စတုတ္ထလမ်း - တရားမဝင် နိုင်ငံကူးလက်မှတ် သက်တမ်းတိုးပြီးနေမလား။

ဒီလမ်းလေးသွယ်ထဲက တစ်သွယ်ကို ရွေးရမည်ဖြစ်သည်။

www.foreverspace.com.mm

သူဌေးဆီက ငွေချေးဖို့ဆိုတာက ကိုယ်နဲ့သူဌေးကလည်း ပြေလည်ဦးမှ။ ကိုယ်ကလည်းသူ့အလုပ်ရုံ တွင် မဖြစ်မနေလိုအပ်နေတဲ့ လူဖြစ်နေဦးမှဆိုတော့…။ ဒီနည်းလမ်းက ကိုးရေးတစ်ရေး၊ ဆယ်ရေးတစ်ခါ ဖြစ်နိုင်ဖို့ ငွေချေး၍ရရန်ခဲယဉ်းသည်။ တချို့လည်း ရသူများရှိပါသည်။

ဒုတိယ အိမ်ကငွေ ပြန်မှာဖို့ဆိုတာလည်း အချို့အိမ်ကို တစ်ပြားမှ မပို့ရသေးသူလည်းရှိသည်။ ပို့ပြီးငွေကိုလည်း အိမ်ကသုံးစွဲပြီးဖြစ်သည်။ အိမ်ကိုမိမိအဖြစ်အားရှင်းပြလို့လည်း နားလည်နိုင်သူမရှိ။ မလေးရှားမှာ အလုပ်သွားလုပ်နေပါတယ်ဆိုမှ ၂ နှစ်အတွင်း အိမ်ကငွေ ၁၀ သိန်းပြန်မှာရတယ်လို့ ကြားလို့မှမတော်၊ ဒီလမ်းကလည်း ရွေး၍ မရလောက်အောင်ဖြစ်သည်။

တတိယနည်းက ပြန်မလား…။ ပြန်လျှင်ကိုယ့်စရိတ်နှင့် ကိုယ်ပြန်ရမည့်ဖြစ်သည်။ ၃ နှစ်ကန်ထရိုက် စာချုပ်ပြီးသည်အထိ အလုပ်လုပ်လျှင်တော့ အပြန်လေယာဉ်ခကို သူဌေးကျခံပေးသည်။ အပြန်လေယာဉ်ခသည် မလေး ၈၇၀ RM လောက်ရှိသည်။ ဒီလောက် ငွေလည်းမရှိ။ ၂နှစ် နေပြီးတစ်ပြားမှမပါဘဲ အိမ်ပြန်ရမည်ဆိုတော့ အိမ်အဝင်ပင် ခက်သေးသည်။ ထို့ကြောင့် ဒီလမ်းကိုလည်းရွေးသူ နည်းသည်။ ရှိတော့ရှိသည်။

စတုတ္ထနည်းလမ်းက ကွာလာလမ်ပူတွင် ငွေပေးပါက နိုင်ငံကူးလက်မှတ်ပေါ်၌ သံရုံးက ပြုလုပ်ပေးသလိုတုံးထုပြီး သက်တမ်းအတု တိုးပေးသောသူများရှိသည်။ သူတို့ထံတွင် မလေးငွေ ၄၀၊ ၅၀ RM ပေးလျှင် ညတွင်းချင်းထုပေးလိုက်ကြသည်။ ထိုသို့ လုပ်ဆောင်မှုကတရားမဝင်။ သို့သော်နည်းလမ်းတစ်ရပ်အနေ နှင့်ရှိနေသည်။

www.foreverspace.com.mm



နောက်တစ်နည်းရှိသေးတာ အလုပ်ရှင်က တစ်လပြီးတစ်လ (Special Pass) သုံးလဆက်၍ သက်တမ်းတိုး လျှောက်ပေးပါကသုံးလ ဆက်လုပ်နိုင်သေးသောကြောင့် သုံးလလုပ်ပြီး ထိုငွေဖြင့် လေယာဉ်လက်မှတ်ဝယ်ကာပြန်နိုင်သည်။

မြန်မာလူငယ်အများစုက စတုတ္ထနည်းကို ရွေး၍နေလိုက်ကြတာများသည်။ ဤနည်းဖြင့် ထိုမြန်မာ လူငယ်ကိုင်ထားသော နိုင်ငံကူးလက်မှတ်သည် မြန်မာနိုင်ငံနှင့် ပတ်သက်လာလျှင် သုံးမရတော့။ မလေးရှားနှင့် အခြားနိုင်ငံများမှာတော့ လှည့်စားထား၍ရသည်။ လှည့်စားမှုနှင့် ဆက်အလုပ်လုပ်နိုင်သည်။

ဤသို့ဖြင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအတွက် မြန်မာနိုင်ငံမှထွက်ရှိလာသော မြန်မာတစ်ဦးသည် ပြည်ပအလုပ်အကိုင်ဈေးကွက်တွင် တရားမဝင်၊ ဥပဒေနှင့်မညီသော သားကောင်ဘဝသို့ ရောက်ရှိသွားလေသည်။

အတုပြုလုပ်ထားကြောင်း အခြားနိုင်ငံက သိလျှင်လည်း ရာဇဝတ်မှုဖြစ်သလို မြန်မာနိုင်ငံအတွက်လည်း ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်မှုဖြစ်သည်။

ဤနည်းကို ကယ်နိုင်သော လမ်းတစ်စုံတစ်ရာကား ရှိပါသည်။

မြန်မာအလုပ်သမားသည် ကန်ထရိုက်စာချုပ် ၃ နှစ်ဖြစ်ရာ သူသည် နှစ်နှစ်လုပ်ကိုင်ပြီးချိန်တွင် တစ်နှစ်က အလုပ် လုပ်၍ရသေးသည်။ မြန်မာနိုင်ငံကူးလက်မှတ်ကလည်း သုံးနှစ်ပဲ ကွက်တိပေးထားသောကြောင့်၊ သူ့ မြန်မာနိုင်ငံတွင် ယောင်တိယောင်ချာဖြစ်ခဲ့ရသော တစ်နှစ်သည် အချိန်ကုန်ဒုက္ခကြုံနေခြင်းဖြစ်ရာ မြန်မာနိုင်ငံကူးလက်မှတ်အား တစ်နှစ်တိုးပြီး ၄နှစ် သက်တမ်းတိုးခွင့်ပြုပေးပါက

www.foreverspace.com.mm

သူ့အလုပ်လုပ်နိုင်ခွင့်သည် မလေးရှားတွင် ကန်ထရိုက် ကာလနှင့်အညီ ၃ နှစ်ပြည့်ပါကအလုပ်ရှင်ထံမှ အပြန်လေယာဉ်လက်မှတ်ရမည်ဖြစ်သည်။

ထိုအခါ အလုပ်ရှင်ဝယ်ပေးသော အပြန်လက်မှတ်နှင့် ပြည်ပအလုပ်အကိုင် လုပ်ကိုင်သူမြန်မာလုပ်သားသည် မိဘရပ်ထံ တစ်ခေါက်ပြန်ကာ နိုင်ငံကူးလက်မှတ်ကိုလည်း မြန်မာနိုင်ငံတွင် သက်တမ်းတိုးနိုင်သည်။ ထိုသူသည် ယခုတော့ မလေးအတွေ့အကြုံလည်းရ၊ မိမိကြိုက်နှစ်သက်သည့် အေးဂျင့်နှင့်လည်း ဆက်သွယ်ကာ မလေးသို့သာမက ကိုရီးယား၊ ဂျပန်၊ ကာတာ၊ ယူအေအီးအစရှိသော ကမ္ဘာ့အရှေ့ပိုင်းနိုင်ငံ၊ ကမ္ဘာ့အလယ်ပိုင်းနိုင်ငံများအထိ ခြေဆန့်ကာ မျက်စိပွင့်လာပြီး ပြည်ပအလုပ်အကိုင်ရှာဖွေလုပ်ကိုင်သူ ဝါရင့်အလုပ်သမားကောင်းတစ်ယောက် ဖြစ်လာနိုင်သည်။

ထို့ကြောင့် မြန်မာအလုပ်သမားများကို နိုင်ငံကူးလက်မှတ်သက်တမ်းကို ၄ နှစ် မူလကပင် ၄ နှစ်ခွင့်ပြုပေးလိုက်သင့်ကြောင်း တင်ပြရပါသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ အလုပ်သွားလုပ်သော မြန်မာနိုင်ငံသားတစ်ဦးကြောင့် သူကိုယ်တိုင်က နိုင်ငံတကာ ဗဟုသုတအတွေ့အကြုံရရှိခြင်း၊ နိုင်ငံတကာလုပ်ငန်းအတွေ့အကြုံရရှိခြင်း၊ အသိအမြင်ကျယ်ခြင်း၊ မိမိနိုင်ငံသို့ ငွေပြန်ပို့ခြင်း၊ အစိုးရထံ အခွန် အတုပ်ပေးဆောင်ခြင်း၊ ပြည်ပသို့အလုပ်အကိုင်သွားရောက် လုပ်ကိုင်နေသော မိမိတို့၏သားသမီး၊ ခင်ပွန်းသည်၊ လင်ယောကျ်ား၊ ညီအစ်ကိုမောင်ဘွား၏ အထောက်အပံ့ဖြင့် မြန်မာမိသားစုများ ဘဝအေးချမ်းသာယာမှုရှိခြင်း အစရှိသောအကျိုးများကို ဖြစ်ထွန်းပါသည်။

www.foreverspace.com.mm

မြန်မာအလုပ်သမားများသည် ပြည်ပသို့သွားရောက် အလုပ်အကိုင်ရှာဖွေရန် နိုင်ငံကူးလက်မှတ် လျှောက်ထားစဉ်ကပင် အလုပ်လုပ်နေစဉ်ကာလတွင် သံရုံးမှတစ်ဆင့် မြန်မာနိုင်ငံသို့ အခွန် ၁၀ ရာခိုင်နှုန်း ပေးဆောင်ပါမည်ဆိုသောအချက်ကို ကတိပေးပြီးဖြစ်သည်။

အလုပ်သမားက သတိမေ့နေသည်။ ဘယ်မှာပေးရမှန်းမသိ။ သံရုံးနှင့်မိမိငွေအဆက်ပြတ်တာကြောင့် မပေးဖြစ်တာလည်းဖြစ်သည်။ ထို့ကြောင့် မလေးရှားမှာ ၂နှစ်ကြာ ကြုံတွေ့ရမည့်ပြဿနာ မဖြစ်ရလေအောင် မြန်မာအလုပ်သမားများက နိုင်ငံအတွက်ပေးဆောင်ရမည့် အခွန်ကိုဝန်ထုပ်ဝန်ပိုးမဖြစ်ခင်က ၃ လတစ်ကြိမ် RM၁၅၀ခန့်ကို ပေးသွင်းဖို့ အခက်အခဲရှိလျှင်ရှိပါစေ၊ မိမိကပေးသွင်း နိုင်အောင် ကြိုးစားရမည်ဖြစ်ပါသည်။

သို့မှသာ မိမိသည် နိုင်ငံသားကောင်းပီသသူတစ်ဦးဖြစ်မည်။

အချို့သော ဘင်္ဂလားဒေ့ချ်၊ နီပေါ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင် အစရှိသော နိုင်ငံများသည်ကား မိမိနိုင်ငံမှ နိုင်ငံရပ်ခြားသို့ အလုပ်သွားရောက်လုပ်သူတို့ထံမှ အခွန်ငွေကို ကောက်ယူခြင်းမပြုဟု သိရသည်။ နီပေါနိုင်ငံသည်သူ၏နိုင်ငံကူးလက်မှတ်ကို သက်တမ်း ၁၀ နှစ်အထိပေးထား၍ အခြားနိုင်ငံများက ၅ နှစ် ပေးထားပါသည်။

သူများကအခွန်ငွေကောက်သည်ဖြစ်စေ၊ မကောက်သည်ဖြစ်စေ မြန်မာအလုပ်သမားသည် ထိုအခွန်ငွေပေးပါမည်ဟု မြန်မာနိုင်ငံမှ မထွက်မီက ကတိပေးပြီးဖြစ်၍ ပေးနိုင်အောင်ကြိုးစား ရမည်။

**သက်တမ်းအတုတိုးသူ ဘာဖြစ်နိုင်သလဲ**

သံရုံးကို ပေးသွင်းရမည့်ငွေ မပေးနိုင်သော မြန်မာအလုပ်သမားသည် ကွာလာလမ်ပူတစ်နေရာတွင်ဝင်၍ သက်တမ်း တိုးပြီး

www.foreverspace.com.mm

အလုပ်ရှင်ထံပြန်လာကာ အလုပ်ဆက်လုပ်သည်။ အလုပ်ရှင် ကလည်း လဲဗီးကြေး ၁၂၀၀ ပေးသွင်းပြီး ဆက်လုပ်စေသည်။ သူသည် နိုင်ငံရပ်ခြားဘက်ခြမ်းက တရားဝင်ဖြစ်၍ မိမိနိုင်ငံဘက်က တရားမဝင်ဘဲဖြစ်နေသည်။ တကယ်တော့ မိမိနိုင်ငံဘက်က တရားမဝင် ဖြစ်သောကြောင့် နိုင်ငံကူးလက်မှတ်ကလည်း တရားမဝင် နိုင်ငံကူးလက်မှတ်ဖြစ်ကာ တရားမဝင်ဖြစ်နေမှတော့ ထိုမြန်မာ အလုပ်သမားသည် နိုင်ငံကူးလက်မှတ်အတုနှင့် နေသူသာဖြစ်သည်။

ပထမ မလေးနိုင်ငံရောက်မှ ဆေးစစ်သောကြောင့် ဆေးကျ လျှင်လည်း တစ်ကြိမ်၊ သူ့နိုင်ငံတွင် တရားမဝင် နေထိုင်ရသောဘဝသို့ ရောက်ခဲ့သည်။ ဆေးသည် အလုပ်သက်တမ်းတစ်ကြိမ်တိုးတိုင်း တစ်ခါဆေးစစ်ရတာဖြစ်သည်။ ယခု ၂ နှစ်ပြည့်၍ သံရုံးအခွန်မဆောင် နိုင်သည့်အခါတွင်လည်း တရားမဝင် လိမ်လည်နေထိုင်သော ဘဝသို့ တစ်ကြိမ်ရောက်ရကိန်း ကြုံရပြန်ပါသည်။

တရားမဝင်နေထိုင်သူများတွင် သာသောအချက်မှာ/နစ်နာ သောအချက်များရှိကြ၏။

**သာသောအချက်ကတော့ သူသည်**

(၁) ဘာအခွန်မှမပေးရတော့ဘဲ လဲဗီးကြေး (LEVY)၊ သံရုံးအခွန် နှင့်အခြားပေးစရာများပါ မပေးဘဲ မလေးတွင်နေထိုင်ခွင့် ရသွားသည်။

(၂) တစ်လုပ်မကောင်းလျှင် တစ်လုပ်သို့စိတ်ကြိုက်ပြောင်းရွှေ့ နေထိုင် အလုပ်ရှာနိုင်သည်။

(၃) လွတ်လပ်ခွင့်ရသွားသည်။

www.foreverspace.com.mm

**နစ်နာသောအချက်**

(၁) သူသည် သူတစ်ပါးနိုင်ငံတွင် တရားမဝင်နေထိုင်သူဖြစ်၍ အမြဲတမ်းကြီးလန့်စာစားဖြစ်နေရသည်။ အချိန်မရွေး အဖမ်းခံရနိုင်သည်။ ထောင်နှုတ်ခမ်းဝတွင် ပြေးနေရသူဖြစ်သည်။

(၂) တရားဝင်ဥပဒေဘောင်ထဲမှ ခံစားခွင့်များ ဘာမှမရရှိတော့ဘဲ ပုန်းရှောင်နေရသူဖြစ်သွားသည်။

(၃) သူ့နိုင်ငံတွင် တရားမဝင်နေထိုင်မှု ကျူးလွန်သူဘဝသို့ ရောက် သွားရသည်။

(၄) တရားမဝင်အလုပ်သမားဖြစ်၍ အလုပ်ရှင်က နှိပ်စက်တာ၊ မတရားခိုင်းတာ၊ ရက်စက်တာ၊ လူကုန်ကူးမှုခံရတာ၊ အမျိုးသမီးများ ရောင်းစားခံရတာမှသည် ပြည့်တန်ဆာအလုပ်ခိုင်းခံရတာ လူငယ်များ ငါးဖမ်းသင်္ဘောဖြင့် သမုဒ္ဒရာထဲ အမျောခံရတာအထိ ဖြစ်ကြရရှာသည်။

ထိုကဲ့သို့ခံစားရမှုဘဝအတွေ့ထွေကိုလည်း ဤစာအုပ်တွင် အလျဉ်းသင့်သလို ကိုယ်တွေ့ပြောပြချက်များအတိုင်း ဖော်ပြထားပါသည်။

တရားမဝင်နေထိုင်မှုဘဝမှ လွတ်ရာလွတ်ကြောင်းနည်းလမ်း ၂ နည်းရှိသေး၏။ တစ်နည်းမှာ မလေးနိုင်ငံတွင် နှစ်နှစ်ကြိမ်တစ်ကြိမ် 'ရုံခါ'တတ်သည်။ အစိုးရက တရားဝင်မဟုတ်သော အလုပ်သမားများ ဘယ်နေ့အထိ လေယာဉ်ဖြင့် ပြန်ခွင့်မပြုသည် ဆိုသောအခါ ထိုအခွင့်အလမ်းကို အမိရဆုပ်ကိုင်ကာ လေယာဉ်စီး၍ ပြန်လာခွင့်ရှိသည်။ အမိနိုင်ငံကတော့ ဘယ်လိုပဲဖြစ်ဖြစ် လက်ခံရမှာဖြစ်သည်။

www.foreverspace.com.mm

ဒုတိယနည်းလမ်းကတော့ တရားမဝင်နေရင်း အလုပ်လုပ်ရာမှ ငွေလေးကြေးလေးလည်း စုဆောင်းမိပြီ၊ ပြန်ချင်စိတ်လည်းရှိသည်ဆိုပါက ထိုင်းနိုင်ငံကိုဖြတ်၍ မိမိနိုင်ငံအတွင်းသို့ တရားမဝင်ပြန်ပြီး ခိုးဝင်တာရှိသည်။ ထိုလုပ်ငန်းကို ဝန်ဆောင်မှုလုပ်နေသူတို့လည်းရှိသည်။ မလေးရှားမှ မော်လမြိုင်၊ ရန်ကုန်၊ မန္တလေးအထိ စျေးအမျိုးမျိုးပေးရသည်။ ပို့ဆောင်စရိတ်ကို ကွာလာလမ်ပူတွင် ငွေချေရသည်။ ငွေချေပေးပြီးသူတိုင်းကို မြန်မာနိုင်ငံအရောက် အဆင့်ဆင့်သော သူတို့၏ ကိုယ်ပိုင်အဆက်အချိတ်များနှင့် ပို့ပေးကြသည်။ သူတို့အားလည်း ကျေးဇူးတင်ကြရပါသည်။ သူတို့ ပို့ပေးလို့ Over Stay မှ မိဘရပ်ထံပြန်နိုင်ကြတာဖြစ်သည်။ သို့သော်လည်း ထိုခရီးလမ်းတွင် အမျိုးမျိုးသောဆင်းရဲဒုက္ခတွေကလည်း အသင့်စောင့်ကြိုနေတတ်ပါသည်။

❐ ❐ ❐

www.foreverspace.com.mm

အခန်း (၁၂)

## ပြည်ပအလုပ်အကိုင်ရှာဖွေရေးအတွက် အရေးတကြီးလိုအပ်ချက်ကိစ္စများ

ကျွန်တော်တို့သည် မလေးရှားနိုင်ငံသို့ ပြည်ပအလုပ်အကိုင် ရှာဖွေရေးအတွက် တရားဝင်နိုင်ငံကူးလက်မှတ်ဖြင့် သွားရောက်ကြသော မြန်မာအလုပ်သမားများ၏ သွားရောက်ပုံ၊ သွားရောက်နည်း၊ ကုန်ကျစရိတ်၊ ကြုံတွေ့ရသောအခက်အခဲများ စသည်တို့ကို အကြမ်းဖျင်းတင်ပြခဲ့ပြီးဖြစ်ပါသည်။

ပြည်ပအလုပ်အကိုင် ရှာဖွေလုပ်ဆောင်ရန် စိတ်ကူးစိတ်သန်းရှိသော မြန်မာတစ်ဦးသည် ဤစာအုပ်ပါ အခန်း(၈)၊ အခန်း(၉)၊ အခန်း(၁၀)နှင့် အခန်း(၁၁)တို့ကို ကြေညက်အောင်ဖတ်ပါ။ နှစ်ခေါက် သုံးခေါက်ဖတ်ပါ။ တစ်ဖက်နိုင်ငံသို့ မသွားရောက်မီ သွားရောက်မည်ဟု စိတ်ကူးလျှင် မိမိသွားရောက်မည့်အရပ်ဒေသ၊ နိုင်ငံ၏ သတင်းအချက်အလက် အမှန်အကန်ရရှိဖို့လိုပါသည်။ မလေးရှားသို့သွားမည်

www.foreverspace.com.mm



**မလေးရောက်မြန်မာအလုပ်သမားများနှင့်အတူ မြန်မာစာရေးဆရာများ**

ဟု စိတ်ကူးစိတ်သန်းရှိစဉ်ကပင် မလေးရှား နိုင်ငံဆိုင်ရာ ဗဟုသုတများကို သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ အင်တာနက်တို့တွင် ရှာဖွေဖတ်ရှု၊ မှတ်စုထုတ်ထားပါ။ အတူသွားမည့်သူများကိုလည်း သတင်းအချက်အလက်ဝေငှပါ။

သေချင်တဲ့ကျား တောပြောင်း ဆိုသောစကားပုံ၊

ထိုင်နေအကောင်းသား ထ,သွားမှကျိုးမှန်းသိ ဆိုသော မြန်မာစကားပုံများရှိပါသည်။

ဖော်ပြပါအခန်း(၄)၊ အခန်း(၅)၊ အခန်း(၆)၊ အခန်း(၇) စသည်တို့တွင် မလေးရှားသွားမည် အလုပ်သမားတို့အတွက် အခြေခံ သတင်းအချက်အလက်များကို ပေးထားပြီးဖြစ်ပါသည်။ မလေးရှား ဆိုသည်မှာ ဆယ်ကြိမ် ဆယ်ခါရောက်ဖူးသော စာရေးသူကိုယ်တိုင် မည်မျှ စိုးရိမ်စိတ်ရှိရသည်ကို ဤစာအုပ်၏အခန်း(၁)၊ (၂)နှင့်

www.foreverspace.com.mm

(၃)တို့တွင် ရေးသားဖော်ပြ ထားပါသည်။ ဤစာအုပ်ကို သေသေချာချာဖတ်ပါ။ အကယ်၍ ဤစာအုပ်ပါ ရေးသားချက်အကြောင်းအရာတစ်ရပ်သည် မရှင်းလင်းဟုဆိုပါက စာရေးသူနှင့် တိုက်ရိုက်ဆက်သွယ်မေးမြန်း နိုင်ပါသည်။

သူတစ်ပါးနိုင်ငံသို့မသွားမီ

**သတင်းအချက်အလက်ပြည့်စုံအောင် ရယူပါ၊**

**သတင်းအချက်အလက်ပြည့်စုံအောင်ရယူပါ**

ဟု မှာကြားလိုပါသည်။

ဤစာအုပ်ဖြင့် သတင်းအချက်အလက်အတော်အတန်ရရှိပြီဟု ဆိုနိုင်ပါသည်။ ပြည်ပအလုပ်သွားရောက် လုပ်ကိုင်ရန် စိတ်ထက်သန်မှုရှိသော စာဖတ်သူနှင့်အတူ မလေးသို့သွားရောက် မည့်ဖြစ်စဉ်ကြီးတစ်ခုလုံးကို သုံးသပ်ကြည့်ပါစို့ -

ပြည်ပအလုပ်အကိုင်ရှာဖွေမှုလုပ်ငန်းကို တရားဝင်သွားရောက်ဖို့ စိတ်ကူးခြင်းဖြစ်ရာ ဤစိတ်ကူးစိတ်သန်းသည် နိုင်ငံတော်ကလည်းခွင့်ပြု၊ နိုင်ငံတကာဗဟုသုတအတွေ့အကြုံများရရှိ၍ ထိုသို့သွားရောက် နိုင်ခြင်းသည် ဂုဏ်သိက္ခာရှိသောလုပ်ငန်းဖြစ်သည်။ မသိမ်ငယ်ပါနှင့်၊ ခိုးကြောင်ခိုးဝှက် စိတ်ကူးတာမဟုတ်ပါ။

ငွေ ၁၀ သိန်းမှ ၁၅ သိန်းထိကုန်ကျခံ၍ သွားရောက်ခြင်းဖြစ်ရာ သွားရောက်မည်ဟု စိတ်ကူးထားသည်ကို အားမငယ်ပါနှင့်။ သွားမည်ဟုဆိုပါက ကျွန်တော်တင်ပြခဲ့သည့်အတိုင်း ကိုယ်စိတ်နှစ်ပါးကြံ့ခိုင်မှုရှိပြီဆိုပါက အတိုဆုံးနည်းလမ်းဖြင့်

"ပြည်ပအလုပ်အကိုင်ရှာဖွေရေး လုပ်ငန်းလိုင်စင်ရှိသော စေတနာရှိသော အေဂျင်စီ"နှင့်ဆက်သွယ်မှုရရှိဖို့လိုပါသည်။ မှန်ကန်သောအေးဂျင့်နှင့်မတွေ့ဘဲ အရပ်ပွဲစား၊ ကြားပွဲစားများထံတွင်

www.foreverspace.com.mm

ငွေကြေး ဆုံးရှုံးမှု၊ အလိမ်ခံရမှုများရှိပါက မိမိ၏ပြည်ပတွင်အလုပ်အကိုင် ရှာဖွေ၍ ဘဝတက်လမ်းရှာမည်ဆိုသည့် ကြီးမားသော ရည်မှန်းချက် ပျက်စီးသွားနိုင်၍ သတိပေးရခြင်းဖြစ်ပါသည်။

ဤနေရာတွင် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီတို့အကြောင်းကို အနည်းငယ်တင်ပြလိုပါသည်။ မြန်မာနိုင်ငံတွင် ထိုအလုပ်ကို လုပ်ကိုင်စားသောက်သော အေဂျင်စီ ၁၀၀ ခန့်ရှိပါသည်။ ၁၀၀ ရှိသည့်အနက် ၂၅ ခုလောက်မှာ သိပ်လှုပ်ရှားလုပ်ဆောင်ကြသူများမဟုတ်ပါ။ ၂၅ ခုမှာ ကိုးရီးယား၊ ဂျပန်နှင့် အရှေ့အလယ်ပိုင်းစသောနိုင်ငံကြီးများတွင် အလုပ်အကိုင်ရှာဖွေရန်ကိစ္စကိုစိတ်ဝင်စားသူများဖြစ်ကြသည်။

အချို့ကလည်း လိုင်စင်တော့ကိုင်ထားကြသည် လက်တွေ့အလုပ်မလုပ်နိုင်ကြသူများလည်းရှိသည်။ မလေး၊ စင်ကာပူ၊ ထိုင်းကိုကိုင်တွယ်လုပ်ဆောင်သူမှာ ၂၅ ခုလောက်ရှိသည်။ ယင်းတို့ကို Man power Agency လူစွမ်းအားအရင်းအမြစ်ဆိုင်ရာအေဂျင်စီများ Services ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာကုမ္ပဏီများ စသည်ဖြင့် နံမည်လှလှလေး များပေး၍ခေါ်ကြသည်။ သူတို့သည် အလုပ်အကိုင်ရှာဖွေပို့ဆောင်သော အလုပ်ကို လုပ်တတ်ကြသည်။

ပြည်ပအလုပ်အကိုင်ရှာဖွေသူ၏ဒုက္ခနှင့်သုခ၊ အောင်မြင်မှုနှင့် မအောင်မြင်မှုကိစ္စများသည် အလုပ်သွား လုပ်မည့်သူထံတွင် တဝက်ရှိသလို ယင်းအေဂျင်စီများတွင် တဝက်တည်မှီနေသောကြောင့် ကျွန်တော့်အနေနှင့်

**အေဂျင်စီများအရေးကြီးပါသည်**

**အေဂျင်စီများ အရေးကြီးပါသည်** ဟုဆိုရခြင်းဖြစ်ပါသည်။

www.foreverspace.com.mm

အေဂျင်စီများသည် ပြဋ္ဌာန်းဥပဒေများနှင့်အညီ ဥပဒေဘောင်အတွင်းမှ အဖိုးအခယူ၍ ဆောင်ရွက်ရာတွင် သူတို့သည် မြန်မာနိုင်ငံမှ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်လည်းကောင်း၊ အခြားရုံးများ၊ ဌာနများနှင့်လည်းကောင်း၊ တဖက်နိုင်ငံမှ ဤလုပ်ငန်းမျိုးကိုလုပ်ဆောင်သော မလေးရှားအေဂျင်စီများနှင့်လည်းကောင်း ဆက်သွယ်၍ နှစ်ဘက်နှစ်လမ်း ဆက်သွယ်ဆောင်ရွက်ကြရသူများဖြစ်သည်။

သူတို့၏လုပ်ဆောင်ချက်ကောင်းလျှင်ကောင်းသလို အလုပ်အကိုင်ချောမွေ့တတ်ပါသည်။သူနှင့်ဆက်ဆံသောတစ်ဘက်ကအေဂျင်စီက ညံ့လျှင်သူလည်း ညံ့သွားရသည်။ မညံ့အောင် မြန်မာ အေဂျင်စီသည် အစစအရာရာ သတိကြီးစွာထားရမည်ဖြစ်ပါသည်။ မြန်မာအေဂျင်စီများသည် ပြည်ပအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းကို လုပ်ဆောင်ရာတွင် မည်သည့်အမှားအယွင်းအပေါ်အဆ ဖြစ်စဉ်တစ်ခုတစ်လေကိုမှ ငွေသားခင်း၍ ရင်းနှီးရသောအလုပ်သမားဘက်မှ သည်းမခံနိုင်ပါ။ ယင်းဖြစ်စဉ်တစ်လျှောက်လုံးတွင် အမှားအယွင်း (သုည) Zero Earra ဖြစ်ဖို့အပ်လိုသည်။

မြန်မာအေဂျင်စီများအနေနှင့် သတိထားရမည့် အချက်မှာ မိမိတို့လုပ်ဆောင်သော လုပ်ငန်းသည်

"မြန်မာနိုင်ငံ၏ အင်အားပြည့်ဖြိုးသော တက်သစ်စ လူ့စွမ်းအားအရင်းအမြစ်များကို ကိုင်တွယ်လုပ်ဆောင်ရသော အလုပ်ဖြစ်သည်။ ဆိုသောအချက်ကို ဘယ်တော့မှ မမေ့ရန်လိုပါသည်။

မိမိသည် နိုင်ငံခြားသို့သက်မဲ့သစ်လုံးတွေပို့နေတာမဟုတ်။ ငရုတ်သီး၊ ကြက်သွန်၊ ပဲမျိုးစုံ ပို့နေသော ကုမ္ပဏီမဟုတ်။ သားငါးပုစွန်ကို နိုင်ငံခြားပို့ဆောင်သည့် ကုမ္ပဏီအေဂျင်စီမဟုတ်။ မိမိသည် လူ့စွမ်းအားအရင်းအမြစ်ကို ပို့ဆောင်နေသော အေဂျင်စီ

www.foreverspace.com.mm

ဖြစ်၍ ဂုဏ်ယူစရာလည်းဖြစ်ပါသည်။ စေတနာနှင့် လုပ်ဆောင်ဖို့လည်း လိုအပ်သည်။ စေတနာနည်းပါးပြီး စေ့စပ်သေချာမှုမရှိဘဲ မိမိထံတွင်ငွေထုပ်ပါအပ်နှံထားသော မြန်မာအလုပ်သမားကို လေယာဉ်ပျံပေါ်တင်ပေးလိုက်လျှင် ပြီးစတမ်းသဘောထားပါက

မြန်မာနိုင်ငံ၏လူသားအရင်းအမြစ်ဖြစ်သည့် မြန်မာ လူငယ်များ ဒုက္ခရောက်နိုင်သည်။ ကိုယ်လက်အင်္ဂါ ဆုံးရှုံးနိုင်သည်။ အသက်ပါဆုံးရှုံးသွားနိုင်သည်။ ထိုသို့ဆုံးရှုံးသွားသူ၊ သေဆုံးသွားသူသည် လူသားအရင်းအမြစ်ဖြစ်၍ ပေါ့ဆ၍မရပါ။

ပြည်ပအလုပ်အကိုင်ရှာဖွေရန် သွားရောက်မည့်သူသည် အေဂျင်၏ အလုပ်ရှင်လည်း ဖြစ်သည်။

"အေဂျင်တစ်ခုက ပို့လိုက်သည့် မြန်မာအလုပ်သမားသည် နိုင်ငံကူးလက်မှတ် သက်တမ်းသုံးနှစ် ကာလအတွင်း တစ်စုံတစ်ရာ ထိခိုက်မှု၊ နစ်နာမှုရှိပါက ထိုသုံးနှစ်ကာလ တစ်လျှောက်လုံး ထိုအေဂျင်စီတွင် ၅၀ ရာခိုင်နှုန်း တာဝန်ရှိသည်။

အချို့ အေဂျင်စီတို့က လူပို့တာကိုကုန်ပစ္စည်းပို့တာလိုပဲ FOBသဘော်ပေါ်၊ လေယာဉ်ပေါ်တင်လိုက်လျှင်ပြီးပြီ" ဟုသဘောထား တတ်ကြသည်။

လူသားအရင်းအမြစ်သည်နိုင်ငံ၏အဖိုးတန်ကျောက်မျက်ရတနာများထက်ပင်ပို၍တန်ဖိုးရှိသည်။

အေဂျင်စီများသည် နိုင်ငံခြားအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းအတွက် မြန်မာအေဂျင်က အမေရိကန် ဒေါ်လာ ၁၀၀ မလေးဘက်က အေးဂျင့်ကဒေါ်လာ ၄၀၀ လောက် အလုပ်လုပ်မည့်လုပ်သားတစ်ဦး အလုပ်မရခင်ကပင် ယူထားကြသောကြောင့် မြန်မာအလုပ်သမားတစ်ဦး အလုပ်ရပြီးရုံသာမက ပထမအကြိမ် နိုင်ငံကူးလက်မှတ်

www.foreverspace.com.mm

သက်တမ်းကုန်ဆုံးသည်အထိ နှစ်ဘက်အေးဂျင့်များတွင် တာဝန်ရှိကြသည်။ ကျွန်တော်ကဆိုရခြင်း ဖြစ်ပါသည်။

အေးဂျင့်များတွင်ရှိသော လုပ်ငန်းပိုင်ရှင်၊ ကိုယ်စားလှယ် အမှုထမ်းများသည် သူတို့စေတနာရှိလျှင် ရှိသလောက် အလုပ်သမားများခမျာ သက်သာခွင့်ရကြသည်။ အလုပ်သမားသည် လေယာဉ်ပေါ်တက်ရုံမျှမက လေယာဉ်ပေါ်တွင် စားသောက်တာ၊ အိမ်သာသွားတာ၊ အဝင်ကတ်ဖြည့်တာ၊ လေယာဉ်မှအဆင်းပစ္စည်းမမေ့ဖို့ သူ့နိုင်ငံလေဆိပ်ဝင်တွင် လူဝင်မှုကြီးကြပ်ရေး၊ အကောက်ခွန်ဌာန၊ X-ray စက်များကိုဖြတ်ဖို့ စသည့်ကိစ္စများကိုပါ ကုန်စင်အောင် အသိပေးလိုက်ရမည်ဖြစ်ပါသည်။ ဆက်သွယ်ရန်၊ အခက်အခဲကြုံပါလျှင် အကူအညီတောင်းရန် ဟိုဘက်အေးဂျင့်နှင့်ဆက်မိရန် မြေကြီးမှ လေယာဉ်ထွက်သည့်အချိန်မှစ၍ ဒေါ်လာလက်ခံယူထားသော မြန်မာအေးဂျင်သည် တာဝန်ရှိသည်။

အေးဂျင်ဆိုသည်မှာ ပြည်ပသို့ အလုပ် အကိုင်သွားရောက် လုပ်ကိုင်မည့်ပုဂ္ဂိုလ်က ငှားရမ်းထားသော သူသာဖြစ်သည်။ သူတို့နှစ်ဦးအကြားတွင် အလုပ်အကိုင်သွားရောက် လုပ်ကိုင်မည့် သူက အလုပ်ရှင်၊ အေးဂျင်က အလုပ်သမားဖြစ်သည်။ အလုပ်အကိုင်သွားရောက် လုပ်ကိုင်မည့်သူက ကျေးဇူးရှင် အေးဂျင့်က ကျေးဇူးခံကျေးဇူးစားဖြစ်ပါသည်။

ထို့ကြောင့် စေတနာစိတ်ထားမှန်ကန်သော အေးဂျင်နှင့်ဆက်မိ ဖို့လိုသည်။ နောင်တွင် စေတနာ စိတ်ထားမမှန်သော အေးဂျင့်များ ဤလုပ်ငန်းကို မလုပ်ကိုင်နိုင်တော့ဘဲ စေတနာမှန်တာဝန်ကျေတာဝန် သိတတ်သော အေးဂျင်များသာ ဤလုပ်ငန်းနယ်ပယ်တွင် ကျန်ရစ်မည် ဖြစ်ပါသည်။

www.foreverspace.com.mm

**အေးဂျင့်များသည် ဝန်ဆောင်မှုလုပ်နေကြသူများဖြစ်သည် ဆိုသည့်အချက်ကို မမေ့သင့်ပါ။ အေးဂျင့်တွင် လူကြီးတာဝန် ရှိသူကသာ ယဉ်ကျေးသိမ်မွေ့၍မရ။ အေးဂျင့်၌ လုပ်ငန်းတာဝန် ထမ်းဆောင်သူများအားလုံး ဝန်ဆောင်မှုစရိုက်ရှိရမည်ဖြစ်သည်။**

ပြည်ပအလုပ်အကိုင်ရှာဖွေလုပ်ဆောင်မည့်သူသည် မိမိသွားမည့်ဟုဆိုပါက တစ်ကိုယ်တော်၊ တစ်ဦးတည်း၊ တစ်ယောက်တည်း သွားသည်ထက် မိမိတို့ရွာ မိမိတို့အရပ်က ထွက်လာကတည်း ခရီးသွားဖော် ရဲဘော်ရဲဘက်အဖြစ် အနည်းဆုံး ၃ ဦး၊ ၅ ဦး၊ ၆ ဦး အထိ အစုအဝေးဖြင့်တိုင်ပင်ဖော် တိုင်ပင်ဖက်သွားကြတာ ကောင်းကြောင်း ကျွန်တော်သည် တစ်နေရာတွင်ရေးသားခဲ့ပြီးဖြစ်ပါသည်။ ဒါကလည်း အရေးကြီးပါသည်။

ရွာကထွက်လာတာ တစ်ဦးတည်းဖြစ်သော်လည်း နိုင်ငံကူး လက်မှတ်လုပ်ရာတွင်လည်းကောင်း၊ လမ်းတွင်ရထားပေါ်တွင် လည်းကောင်း၊ အေဂျင်တွင်လည်းကောင်း တွေ့ရှိသူအချင်းချင်း မိတ်ဖွဲ့၍ တိုင်ပင်ဖော် တိုင်ပင်ဖက်ရှာပါ။

ကဝမြို့နယ်မှ ပြည်ပအလုပ်အကိုင်သွားရောက်လုပ်ကိုင်သောအဖွဲ့၊ မရန်းချောင်းရွာကအဖွဲ့ သို့မဟုတ် ပီနန်မှအလုပ်လုပ်နေသောအဖွဲ့၊ လမ်ကာဝီအဖွဲ့စသည်ဖြင့် တိုင်ပင်ဖော်တိုင်ပင်ဖက်၊ ကူညီဖော်ကူညီဖက်များရှိထား နိုင်လျှင်ကောင်းပါသည်။ မလေးရှားတွင် ဘန်ဒါ တက်ကနော်လော်ဂျီ-ကာဂျန် သာရေးနာရေးအသင်းဖွဲ့စည်း လုပ်ဆောင်တာမျိုးဖြစ်သည်။ ထိုအသင်းတည်ရှိရာဌာနသို့ သွား၍ ကျွန်တော်တို့ ၂၀၀၇ခု၊ ဒီဇင်ဘာလ ၁၅ရက်နေ့က ဟောပြောပွဲပြုလုပ်ခဲ့ကြသည်။

www.foreverspace.com.mm

**ဘာသာစကား**

သူတစ်ပါးနိုင်ငံသို့ ခရီးသွားမှတော့ ထမင်းစားရေသောက် အင်္ဂလိပ်စကားတတ်ထားဖို့လိုပါသည်။ တရုတ်စကားလည်းတတ်ထားဖို့လိုသည်။ မလေးရှားရောက်ပါက မလေးစကား မဖြစ်မနေတတ်အောင်သင်ပါ။အသက် ၁၈ နှစ် ၃၀ အရွယ်ကြားသည် ဘာသာစကားတစ်ခုခုတတ်မြောက်အောင် သင်၍ကောင်းသော အရွယ်ဖြစ်သည်။

ကျွန်တော် ၁.၂.၂၀၀၈ နေ့ညက ကရဝိတ်ခန်းမတွင် ညစာဘူဖေးစားရင်း၊ မလေးရှားနိုင်ငံ Sumitomo Electric Wintec (Malayais) SDN BHD ကုမ္ပဏီ လူ့အရင်းအမြစ်စုဆောင်ရေးဌာနမှ HR ဝါရင့်မန်နေဂျာ Ms Sajni Dharamdass နှင့်တွေ့ဆုံရာတွင် သူက သူ့စက်ရုံအတွက် မြန်မာနိုင်ငံမှ အလုပ်သမားများကို ကိုယ်တိုင်လာ ရောက်စုဆောင်းခြင်းကိစ္စဖြင့်ရောက်ရှိလာသူ ဖြစ်ကြောင်းပြောရာ၊ ကျွန်တော်တို့က

"ယခင်က မြန်မာအလုပ်သမားများကို အသုံးပြုတဲ့ အတွေ့အကြုံရှိပါသလား" ဟုမေးပါသည်။

"ကျွန်မတို့စက်ရုံဟာ မြန်မာအလုပ်သမားအတွေ့အကြုံရှိပါတယ်" ဟုဆိုသည်။

"မြန်မာအလုပ်သမားတွေရဲ့ လုပ်ငန်းခွင်အခြေအနေ သိပါရစေ"

"မြန်မာလူငယ်တွေဟာ ကြိုးစားမှုရှိကြပါတယ်။ အလုပ်ကိုလည်း မခိုမကပ်ကြပါဘူး၊ ကျွန်မတို့ သူတို့နဲ့ အလုပ်လုပ်ရတာ ကျေနပ်မှုရှိပါတယ်"

"အခက်အခဲကော မရှိဘူးလား"

www.foreverspace.com.mm

"အလုပ်ဝင်စမှာ အခက်အခဲရှိပါတယ်၊ ဒါကဘာလဲဆိုတော့ ကျွန်မတို့စက်ရုံက ဝါယာကြိုးလုပ်တဲ့ စက်ရုံပါ။ ဝါယာကြိုးထဲမှာထည့်သုံးရတာက ကြေး Copper သတ္တုပါ။ ဒီပစ္စည်းကအဖိုးလည်းတန် ရှားပါးတဲ့သတ္တုလည်းဖြစ်တော့ အလေအလွင့်သိပ်မခံနိုင်ပါဘူး။ အသစ်ရောက်လာတဲ့ မြန်မာအလုပ်သမားများကိုလုပ်ငန်းခွင်မှာ စစချင်းအလုပ်လုပ်တဲ့အခါ ဘာသာစကားသဘောမပေါက်ရင်သင်ရတာ ခက်ပါတယ်။ မြန်မာအလုပ်သမားအဟောင်းတစ်ယောက်ရှိရင် သူကနေတစ်ဆင့်သင်ရတာက တော်ပါသေးတယ်။ ဒါမှ မဟုတ်ရင် မြန်မာအလုပ်သမားအသစ်ဆိုတာ စကားပြောပါဆိုတော့လည်း မပြောဘူး။ သူကပြောရမှာ ရှက်နေတယ်။ သူ့မျက်နှာလေးမှာကိုက ရှက်တာပေါ်နေတယ်။ စကားမပေါက်တော့ အကြိမ်ကြိမ်ပြပြီး လုပ်ခိုင်းတဲ့အခါမှာတောင် လုပ်ရင်းပျက်စီးတတ် ပါတယ်။ ကျွန်မတို့ အလုပ်ရုံကသိပ်ပြီး အပျက်အစီး မခံနိုင်ဘူး" ဟုဆိုပါသည်။

"ဒါကြောင့် ကျွန်မတို့က မြန်မာအလုပ်သမားဘွဲ့ရကိုပဲလိုချင်တယ်လို့ ပြောင်းခေါ်ပါတယ်။ ဘွဲ့ရဆိုတော့ အင်္ဂလိပ်လိုဆက်သွယ်ရတာ မဆိုးလှပါဘူး။ ဒါကြောင့် ဘာသာစကား မလေးပဲဖြစ်ဖြစ်၊ အင်္ဂလိပ်ပဲဖြစ်ဖြစ် တတ်လာစေချင်တယ်။ တခါတလေတော့လည်း မြန်မာလူငယ်တွေကတတ်တော့တတ်တယ် ပါးစပ်ထဲကစကားလုံးမထွက်တာလည်းရှိတယ်။ ဒါကျွန်မထင်တာက မြန်မာကျောင်းတွေမှာ အရေးပဲ အသင်များပြီး အပြောနဲ့အသံထွက်ဖတ်တာအားနည်းလို့လဲ ဖြစ်နိုင်ပါတယ်။ ကျွန်မတို့ မြန်မာကလေးတွေကိုနှစ်သက်ပါတယ်။ ပြဿနာကြီးကြီးမားမား မရှိပါဘူး။ ကျောင်းမှာကတည်းက အပြောပါသင်မယ်၊ အပြောအတွက်လည်း စာမေးပွဲစစ်မယ်ဆိုရင် ပိုကောင်းမလားပါပဲ"ဟုဆိုပါသည်။

www.foreverspace.com.mm

ထို့နေ့ကထမင်းဝိုင်းမှပင် မလေးဘက်မှ အေးဂျင့်လုပ်ငန်းလုပ်ကိုင်သူ Goosderman Resources SDN BHD မှ Mr.Julius C.K Yong နှင့်တွေ့ဆုံရာတွင် သူက

"မြန်မာအလုပ်သမား လူငယ်တွေနဲ့ လုပ်ဆောင်ရတာရော၊ မြန်မာအေးဂျင့်တွေနဲ့ လုပ်ရတာပါ အဆင်ပြေပါတယ်။ ကျွန်တော်တို့နှစ်နိုင်ငံဒီလုပ်ငန်းကို အကျိုးတူရေရှည် ပူးပေါင်းဆောင်ရွက်သွားလိုပါတယ်။ လုပ်သွားလို့ရတာတွေလည်းရှိပါတယ်။ အလုပ်လုပ်ကြရာမှာ ပိုမိုပွင့်လင်းနိုင်ကြရင် အကောင်းဆုံးပါပဲ" ဟုဆိုပါသည်။

ထို့ကြောင့် ပြည်ပအလုပ်အကိုင်သွားရောက်လုပ်ကိုင်မည့် မြန်မာတစ်ဦးသည် ကိုယ်နှင့်စိတ်ကြံ့ခိုင် ရုံသာမက "နှုတ်စွမ်းရည်ပါကြံ့ခိုင်ဖို့"၊ ကိုယ်၊ နှုတ်၊ နှလုံးသုံးပါး ကြံ့ခိုင်အောင် လုပ်ဆောင်သွားဖို့ တတ်နိုင်လျှင်အဖွဲ့ နှင့်တိုင်တိုင်ပင်ပင်သွားကြရန် အကြံပေးလိုပါသည်။

**မှတ်စုစာအုပ်လေးထားပါ**

ပြည်ပတိုင်းတစ်ပါး ရေမြေရပ်ခြားဒေသတွင် အလုပ်လုပ်ကိုင်မည်ဟု ဆိုကတည်းက လက်တစ်ဝါး လောက်ရှိသော မှတ်စုစာအုပ်လေးတစ်အုပ်ဆောင်ထားပါ။ မှတ်သားစရာလေးများလည်းမှတ်၊ လစဉ်၊နေ့စဉ် ဝင်ငွေကိုရော ကုန်ကျတာလေးများကိုပါ ထိုစာအုပ်တွင်မှတ်၍ မိမိအိပ်ကပ်တွင် ဆောင်ထားပါ။ ဘယ်နေ့က နိုင်ငံကူးလက်မှတ်ရသည်။ ဘယ်အေဂျင်နှင့် ဆက်သွယ်သည်။ ငွေရေးကြေးရေးအပေးအယူကိစ္စများကို တစ်ပြားတစ်ချပ်ကစ၍ မှတ်သားထားရန်လိုပါသည်။ လက်ရေးသေးသေးဝိုင်းဝိုင်းလေးနှင့် မှတ်စုစာအုပ်က ကာလကြာမြင့်စွာ ဆောင်ထားမှာမို့ အကောင်းစားလေး

www.foreverspace.com.mm

ဖြစ်ပါစေ။ အလှူရှင်ကြီး ပခုက္ကူဦးအုံးဖေသည် နေ့စဉ်နှစ်ပေါင်းများစွာ နေ့စဉ်မှတ်တမ်းရေးခဲ့သောကြောင့် သူသည် သူ့ဘဝမှတ်တမ်းစာအုပ်ကြီးကို အောင်အောင်မြင်မြင် မှတ်တမ်းပြုနိုင်ခဲ့သည်။ မလေးရှားနိုင်ငံသို့ ရောက်ရှိနေသော ပြည်ပအလုပ် အကိုင်ရှာဖွေသူတစ်ဦး၏တစ်နှစ်စာ အတွေ့အကြုံမှတ်တမ်းဒိုင်ယာရီသည်လည်း စာအုပ်တစ်အုပ်အဖြစ် ထုတ်ဝေ၍ရနိုင်ပါသည်။

ထိုစာအုပ်၏ ပထမမျက်နှာတွင် မိမိအမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နိုင်ငံကူးလက်မှတ်အမှတ်၊ အရေးကြီးပါက ဆက်သွယ်ရမည့် မြန်မာပြည်လိပ်စာ၊ အရေးပေါ်ဆက်သွယ်ရ မည့်လိပ်စာ၊ အမြဲနေထိုင်သည့်မိဘ၊ ဇနီးသားသမီးရပ်ရွာလိပ်စာ၊ မိဘအမည်များကို လက်ရေးလှလှဖြင့်ရေးထားပါ။

နိုင်ငံခြားသို့ သွားဖို့ကြိုးစားရာတွင် ကုန်ကျသည့် အသုံးစာရင်းကိုပြုစုပါ။ ထိုငွေက ပြန်ဆပ်ရမည့်ငွေ ဖြစ်သည်။ ထိုမှတ်စုစာအုပ်တွင် အရေးကြီးသောအချက်အလက်များကိုမှတ်ပါ။ ထိုစာအုပ်သည် ရေရှည်သုံးရမည့်စာအုပ်ဖြစ်သည်။ တစ်အုပ်ကုန်ပါက အသစ်တစ်အုပ်နှင့် မှတ်တမ်းပြုပါ။

### ချိုးခြံချွေတာပါ

သင်သည် မိဘကြွယ်ဝချမ်းသာ၍ ပြည်ပသို့ အလုပ်သွားလုပ်တာမဟုတ်။ မိဘကဆင်းရဲလို့၊ ဘဝပေးအခြေအနေအရ လိုအပ်လို့ အလုပ်သွားလုပ်ခြင်းဖြစ်သည်။ အပျော်အပါးခရီးမဟုတ်။ ကမ္ဘာလှည့် ခရီးသွားတာမဟုတ် နိုင်ငံခြားသို့သွားရောက်အလုပ်လုပ်ခြင်းသည် မိမိတို့မိသားစု မပြည့်စုံမှုကို ဖြည့်ဆည်းရန်သွားခြင်းဖြစ်သည်။

www.foreverspace.com.mm



ပထမအလုပ်က ကြွေးကြေအောင်ဆပ်ရမည်ဖြစ်သည်။ သူတစ်ပါးထံမှ ငါးကျပ်တိုး၊ တစ်ဆယ်တိုးနှင့် ယူခဲ့မှ အကြွေး မဟုတ်။ မိဘထံမှ အိမ်ပေါင်၊ ရွှေရောင်း၊ မိဘအိုစာနာစာထဲမှ ယူခဲ့သောငွေကိုလည်း ပြန်ဆပ်ရမည့် အကြွေးဟုမှတ်ပါ။

ကေဒါရကျေးမင်းလို ကြွေဟောင်းရော၊ ကြွေးသစ်ပါဆပ် ရမည်ဖြစ်သည်။

**ကြွေးဟောင်း**သည် အတိုးနှင့် ယူခဲ့ရသောအကြွေး အမေ့အိမ် ကို ပေါင်ပြီးယူလာခဲ့ရသောအကြွေး၊ ဆွေမျိုးများက စေတနာနှင့် အတိုးမဲ့ပေးလိုက်သော အကြွေးစတာတို့ဖြစ်ပါသည်။ ထိုကဲ့သို့သော အကြွေးများတွင် စေတနာနှင့်ပေးလိုက်သော အကြွေးကိုကျ မကျေကျေ အောင်ဆပ်ပါ။ အပေါင်ခံထားပြီး ချေးလာသော အကြွေးကို အတိုး သိပ်များနေပါက အပေါင်ဆုံးထားလိုက်ပါ။ ဆပ်မနေပါနှင့်

**ကြွေးသစ်**မှာ သံရုံးသို့ မိမိလုပ်အားခ၏ ၁၀ ရာခိုင်နှုန်းလစဉ် ပေးဆောင်ရမည့် အခွန်ငွေဖြစ်ပါသည်။ ဒါကလည်း စားစရာမရှိလျင် နေရမည်။ လျော်စရာရှိရမည်ဟုဆိုသည့်အတိုင်း သတ်သတ်မှတ်မှတ် သုံးလတစ်ကြိမ် ပေးသွင်းဖို့ မမေ့ပါနှင့်။ သုံးလတွင် မလေးငွေ ၁၅၀ RM လောက် ပေးသွင်းရပါမည်။

**ကြွေးပူ** ဆိုတာလည်းရှိသေးသည်။ ကြွေးပူလည်းမတင်ကြ ပါရစေနှင့်။ ကြွေးပူဆိုတာက မလေးရောက်မှ တိုးလာသော အကြွေး ဖြစ်ပါသည်။ ထိုအကြွေးက မလေးရှားရောက်တော့မှတင်လာသော အကြွေးဖြစ်သည်။ သူ့နိုင်ငံကလျှပ်စစ်မီးတွေထိန်ထိန်ညီးလျက် နတ်ဘုံ နတ်နန်းလို တိုးတက်နေသောနိုင်ငံဖြစ်သည်။ ကြည့်စရာတွေ အသစ် အဆန်းတွေက များသည်။ ဝယ်ချင်စရာတွေ၊ ခြမ်းချင်စရာတွေ ကများ သည်ကုန်တိုက်ကြီးများပေါ်တွင်မဆိုထားဘိ၊မိမိတို့နေသော လိမ်း

www.foreverspace.com.mm

ထိပ်မှ City Mark လိုဆိုင်မျိုးများတွင်ပင် လိုချင်တာတွေက အများကြီးဖြစ်သည်။ မိမိဝင်ငွေက ကွာလာလမ်ပူမြို့ကြီးမှ ဝယ်စရာတွေနှင့်ဆိုပါက သမုဒ္ဒရာတွင် ယုန်သူငယ်ရေသောက်သလောက်သာ ရှိရာ ဒါလောက်နှင့်တော့ မဝယ်ပါနှင့်တော့။ ကြွေးပူများ ဖြစ်ပေါ်လာမည်။

မိမိရန်ကုန်ကပါလာသော Walking Shoe လေး၊ ခါးပတ်လေး၊ အင်္ကျီလေးနှင့် ၆ လ တစ်နှစ် အသစ်မဝတ်ဘဲနေပါ။ အကြွေးကြေမှ အသစ်ဝယ်မည်ဟုစိတ်ပိုင်းဖြတ်ပြီးနေပါ။ သန္နိဋ္ဌာန် ချထားပါ။ တစ်ပတ်လျှင်ငွေ ၂၀ လောက် သက်သာအောင် စုပေါင်းချက်စားပါ။ အာဟာရပြည့်ဝအောင်တော့စားပါ။ အစားအသောက်ကို ကျန်းမာရေးထိခိုက်လောက်အောင် မခြိုးခြံပါနှင့်။ စားသင်တာစားပါ။

မလေးတွင် အင်္ကျီဒီဇိုင်းတွေ၊ လူသုံးကုန်ပစ္စည်းဒီဇိုင်းတွေက ခြောက်လတစ်ခါ၊ သုံးလတစ်ခါ ပြောင်းနေသည်။ ဒီဇိုင်းအသစ်နောက်သို့ လိုက်၍မရ။ ဒီဇိုင်းအသစ်ဆိုပြီး ဝယ်ထားပါက နောက်သုံးလကြာတော့ ဒီဇိုင်းကပြောင်းသွားသည်။ မိမိအရင်ဝယ်ထားသော ဒီဇိုင်းအသစ်က အဟောင်းဖြစ်သွားသည်။ မိမိဝယ်သမျှပစ္စည်းများ အဟောင်းချည်း ဝယ်နေတာဖြစ်၍ မဝယ်ပါနှင့်။ ပိုက်ဆံကိုရအောင်စုပါ။

ထိုသို့နေထိုင်ပါက ရှေ့အခန်းများတွင် ရေးသားသကဲ့သို့ ကြွေးပေးရမည့်ကိစ္စများလည်း မရှိတော့ဘဲ မိမိသည်နိုင်ငံကူးလက်မှတ်သက်တမ်းကုန်သည့်တိုင် တရားဝင်သက်တမ်းတိုး၍ နေနိုင်သောဘဝကိုရရှိမည် ဖြစ်ပါသည်။

မလေးမှာနေစဉ် ဆေးလိပ်၊ အရက်၊ ကွမ်း အစမလုပ်ပါနှင့်။ အရက်၊ ဆေးလိပ်၊ ကွမ်းစားတတ် သောက်တတ်သောသူ မလေးရှား

www.foreverspace.com.mm

သို့ ပြည်ပအလုပ်အကိုင်ရှာဖွေလုပ်ဆောင်ရန် မကြိုးစားပါနှင့်။ ဤကိစ္စများကို မြန်မာနိုင်ငံတွင်ရှိစဉ်ကတည်းက ဖြတ်ပစ်ပါ။

စည်းကမ်းရှိပါ။ သူတစ်ပါးပစ္စည်းယူငင်သုံးစွဲခြင်း၊ ခွင့်မရဘဲ သူများပစ္စည်းကို မတို့မထိ ကိုင်ပင်မကြည့်ပါနှင့် မြန်မာ အချင်းချင်း ညီအစ်ကို၊ မောင်နှမအရင်းအချာပမာ စိတ်ထားပါ။ လိမ်ညာမပြောပါနှင့်။ သူများသားမယား လင်ယောကျ်ားတို့နှင့် ကင်းအောင်နေပါ။ မလေးရှားတွင် ဘုန်းတော်ကြီးကျောင်း အများအပြားရှိ၍ မိမိယုံကြည်ကိုးကွယ်သောဘာသာနှင့် မကင်း မကွာနေပါ။

မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ပေါ်တွင် ဘုန်းတော်ကြီးကျောင်း ၁၀ ကျောင်းနီးပါးရှိရာ ယင်းကျောင်း များမှ ဆရာတော်များက မလေးရောက်လူငယ်များ စာရိတ္တမပျက်ဆီးဖို့ ကိုးကွယ်ယုံကြည်မှု အပေါ်တည်ရှိနေရန်၊ အသုံးအဖြုန်းမကြီးရန် စသည်တို့ကို ဆော်ဩ ညွှန်ကြားရန်တာဝန်ရှိရုံသာမက ဒုက္ခရောက်နေသော မြန်မာ အလုပ်သမားများကို စောင့်ရှောက်ခြင်း၊ ကယ်တင်ခြင်း၊ ဆေးရုံ၊ ဆေးခန်းရောက်နေပါက သွားရောက်ကြည့်ရှုခြင်း၊ ကူညီခြင်း၊ မြန်မာ အချင်းချင်း ညီညွတ်စေရန်၊ တရားဥပဒေနှင့်အညီ နေထိုင်ရန် စသော ကိစ္စများကို ဆော်ဩလှုံ့ဆော်လုပ်ဆောင်ကြရန်လိုအပ်ပါသည်။ ထိုအလုပ်များသည် မလေးရှားရောက် မြန်မာများအတွက် ဆရာတော်များ၊ ရဟန်းတော်များသည် လောကီလောကုတ္တရာနှစ်ဖြာစလုံး အကျိုးရှိအောင်နေနည်း ကျင့်ကြံနည်းများကို လမ်းပြသင့်ကြောင်း လျှောက်ထားအပ်ပါသည်။ လက်တွေ့ဘဝတွင် အကျိုးရှိပါသည်။

**မိဘဆွေမျိုးများနှင့် အဆက်အသွယ် မပြတ်ပါစေနှင့်**

ပြည်ပအလုပ်အကိုင်ရှာဖွေရင်း ပြည်ပရောက်မြန်မာ လူငယ်များသည် မြန်မာနိုင်ငံရှိ မိဘ၊ ညီအစ်ကို မောင်နှမ၊ ဇနီးမယားတို့ဖြင့်

www.foreverspace.com.mm

အဆက်အသွယ်မပြတ်ရန်လိုအပ်ပါသည်။ ငွေပို့ နိုင်ရန် ကြိုးစားပါ။ ငွေမပို့နိုင် သည့်တိုင် တယ်လီဖုန်းဆက်ခြင်း၊ ပို့စကတ်လေးဖြစ်ဖြစ် ပို့ခြင်း၊ အမေကိုနှုတ်ဆက်ခြင်း၊ ပြောခြင်းစသည်ဖြင့် ပြုလုပ်သင့်သည်။

မြန်မာနိုင်ငံရှိ မိဘများလည်း တစ်ပြည်တစ်နိုင်ငံအဝေးမှသက်စွန့်ဆံဖျား ပြုလုပ်ကာငွေရှာဖွေ ပို့နေသော မိမိတို့၏သားသမီး၊ အစ်ကို၊ နှမတို့၏ ချွေးစွန်းသောငွေ၊ သွေးစွန်းသောငွေများကို ဖြုန်းမပစ်ပါနှင့် အလဟဿသုံးမပစ်ပါနှင့်။ စုဆောင်းထားပါ။ မဆုံးရှုံးအောင်ကာကွယ်ပါ။ တိုးပွားအောင်လုပ်ဆောင်ပါ ဟုမှာကြားလိုပါသည်။ မိမိတို့၏သားသမီး၊ လင်သား၊ မောင်ဘွားတို့သည် သူ့နိုင်ငံတွင် မည်မျှအောက်ကျနောက်ကျခံကာ အလုပ်လုပ်၍ ထိုငွေကို ပို့ဆောင်ရသည်ကို ဤစာအုပ်ဖတ်လျှင် သိနိုင်ပါသည်။

အဓိကအားဖြင့် နိုင်ငံရပ်ခြားသို့ အလုပ်အကိုင်သွားရောက်လုပ်ကိုင်နေကြသော မြန်မာများသည် တရားဝင် ဥပဒေစည်းကမ်းနှင့်အညီ အလုပ်လုပ်ကိုင်နိုင်အောင် အမြဲကြိုးစားနေရန် လိုပါသည်။

တရားမဝင်နေထိုင်မှုမျိုးမဖြစ်အောင် နေပါ။

Over Stay မဖြစ်အောင်ကြိုးစားပါ။ ကိုယ့်နိုင်ငံတွင်လည်း ကိုယ်က အခြားနိုင်ငံသားကို ခွင့်ပြုချက်ကျော်၍ လာရောက် နေထိုင်တာကိုမကြိုက်သလို၊ သူတို့ကလည်း ကိုယ့်ကိုကြိုက်ကြမည် မဟုတ်ပါ။

သူတစ်ပါးနိုင်ငံတွင်နေစဉ် ခိုက်ရန်ဖြစ်ပွားခြင်းမရှိအောင် နေထိုင်ရန်လိုအပ်ပါသည်။

ဒါကဥပဒေနှင့်အညီ သူ့နိုင်ငံအတွင်းသို့ တရားဝင်ရောက် အလုပ်အကိုင်ရှာဖွေနေထိုင် သူတို့၏ ဘဝဖြစ်ပါသည်။ တရား

www.foreverspace.com.mm

မဝင် ရေကြောင်း၊ ကုန်းကြောင်းဝင်လာသူတို့လည်း နေ့စဥ်ရှိနေပါသည်။

သူတို့ဘယ်လို ဝင်ရောက်သွားကြသနည်း?

သူ့နိုင်ငံတွင် တရားမဝင် ဖြစ်လာပြီဆိုပါက ဘယ်လိုကြုံကြရသည်၊ တောင်တန်းကျသည်ဆိုပါက ဘယ်အထိခံစားကြရသည်များကို ကိုယ်တွေ့ကြုံကြရသူတို့၏ သူတို့ပြောကြားခဲ့သည့် စကားအတိုင်း ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံတို့တွင် နေရထိုင်ရ၊ သွားရလာရ ကြုံရပုံများကို သူတို့ကိုယ်တွေ့ဖြစ်ရပ်မှန်များကို သူတို့ပြောကြားသည် စကားများအတိုင်း တင်ပြထားပါသည်။ မိမိတို့၏မောင်ဘွား၊ သားသမီးများ၊ လင်ယောကျ်ားများသည် ထိုကဲ့သို့စွန့်စားနေထိုင်ကြ ရသည်၊ ထောင်တန်းကျပါက ထိုသို့နေထိုင်ကြရသည်များကို သင်ခန်း စာယူပြီး ထိုသို့ရှာဖွေစုဆောင်းခဲ့သောငွေကို မြန်မာနိုင်ငံတွင် ကျန်ရစ်နေသောမိသားစုတို့က သုံးဖြုန်းမပစ်ပါနှင့် စုဆောင်းထားရှိ၍ တိုးပွားအောင်လုပ်ပါဟု မှာကြားလိုပါသည်။

❐ ❐ ❐

www.foreverspace.com.mm

# အခန်း (၁၃)

## အခြားသိသင့်တာတစ်ခုအကြောင်း

မလေးရှားနိုင်ငံသို့ အလုပ်လုပ်ကိုင်ရန် တရားဝင်သွားရောက်သူတို့ သိသင့်သိထိုက်သော အခြားကိစ္စများ လည်းရှိသေးသည်။ ထိုကိစ္စများထဲ၌အောက်ဆို့ဇင်း (Outsourcing) ကိစ္စကိုလည်းပါဝင်သည်။

**အောက်ဆို့ဇင်း**

အောက်ဆို့ဇင်းOutsourcing ဆိုသည်မှာအင်္ဂလိပ်စာ အသုံးအနှုန်းဖြစ်သည်။ သူ့သဘောက မလေးရှားနိုင်ငံတွင် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်း၊ အလုပ်ဌာန၊ ကုန်စုံဆိုင်၊ စတိုးဆိုင်၊ ထမင်းဆိုင်စသည်တို့ မျိုးစုံရှိရာ ထိုဆိုင်အမျိုးမျိုးကအလုပ်သမား သုံးယောက်၊ လေးယောက်မှအစ အလုပ်သမား ၁၅ ယောက်၊ အယောက် ၂၀ ယောက်အထိ လိုအပ်ကြသည်။

www.foreverspace.com.mm



**တည်ဆောက်ဆဲ ဤဆောက်လုပ်ရေးလုပ်ငန်းခွင်၌လည်း မြန်မာအလုပ်သမားများရှိသည်**

ထိုကဲ့သို့သောလုပ်ငန်းများက သူတို့၏ပြည်ပအလုပ်သမား လိုအပ်ချက်၊ အလုပ်သမားနှစ်ယောက် သုံးယောက်စသည်ကို တစ်ဦးချင်းတစ်ယောက်ချင်းစီမှ အစိုးရထံလျှောက်နေပါက ဤကိစ္စသည် ဝန်ကြီးဌာနတစ်ခုအနေနှင့် လုပ်ကိုင်ရခက်ခဲမှု တစ်စုံတစ်ရာရှိသောကြောင့် အောက်ဆို့ဇင်း Outsourcing ကုမ္ပဏီများကို ပြည်ပအလုပ်သမားခေါ်ယူရေးအတွက် အလုပ်သမား ၁၀၀၀၊ ၂၀၀၀ စသည်ဖြင့်ခေါ်ယူခွင့်ပါမစ် စုပုံပေးထားလိုက်သည်။

အလုပ်သမားအနည်းအကျဉ်းသာလိုအပ်သော အလုပ်ရှင်များက အစိုးရထံတွင် လက်လီလျှောက်နေစရာမလိုဘဲ လိုအပ်သောအလုပ်သမားများကို အောက်ဆို့ဇင်းကုမ္ပဏီမှတစ်ဆင့် ခေါ်ယူနိုင်သည်။ အလုပ်သမားခေါ်ယူသည့်အတွက် လိုအပ်သောငွေကြေးကို အောက်ဆို့ဇင်းသို့ ပေးရသည်။

www.foreverspace.com.mm

လိုအပ်သောငွေကြေးကိုလည်း အောက်ဆို့ဇင်း သို့ပေးရသည်။

ထိုအခါ အောက်ဆို့ဇင်းက Free Permit ဟုဆိုကာ မိမိခေါ်ယူခွင့်ရှိသော အလုပ်သမားများကို ထိုဆိုင်များ၊ အလုပ်ဌာနများသို့ လက်ခွဲပေးလိုက်သည်။

အစိုးရက အောက်ဆို့ဇင်းကုမ္ပဏီကို လက်ကားပေးပြီး အောက်ဆို့ဇင်းက လုပ်ငန်းငယ်များကို လက်ခွဲပေးခြင်း ဖြစ်သည်။

ထို့ကြောင့် အောက်ဆို့ဇင်းဆိုသည်မှာ Free permit ကို ရောင်းစား၍ ပြည်ပအလုပ်သမားခေါ်ယူတင်သွင်း ဖြစ်သည်။

ထိုလက်ခွဲအပေးခံရသော ပြည်ပအလုပ်သမားသည် ပါမစ်သက်တမ်းကုန်ခါနီးပါက အောက်ဆို့ဇင်းကုမ္ပဏီနှင့်ပြန် ဆက်သွယ်ကာ သက်တမ်းတိုးကြရသည်။ ထို့ပြင်သက်တမ်းကာလ အတွင်း ရဲဖမ်းခြင်း၊ လူဝင်မှုကြီးကြပ်ရေးကစစ်ဆေးခံရခြင်းတို့ရှိပါက အောက်ဆို့ဇင်းကုမ္ပဏီကပင် ရှင်းပေးရန်တာဝန်ရှိသည်။

မြန်မာများ အောက်ဆို့ဇင်းနှင့်ဆက်၍ Free Permit ဖြင့် အလုပ်လုပ်ရတာကို သဘောကျကြသည်။

ဖရီးပါမစ်နှင့် လုပ်ဆောင်ရာတွင် မကောင်းတာကဘာလဲဆိုတော့ မလေးကုမ္ပဏီများသည် မြန်မာလိုပင် သူတို့က ဘာလုပ်လဲဆိုပါက သူတို့တင်သွင်းခွင့်ရှိသော ပြည်ပအလုပ်သမား ၃၀၀၀ သို့မဟုတ် ၅၀၀၀ ကို အဖိုးအခယူတင်သွင်းပြီး သူ ပါမစ်ရထားသော လူအရေအတွက် ပြည့်သောအခါ သူ့တာဝန်ဖြစ်သော အလုပ်သမားများ ရဲအဖမ်းခံရသည့်ကိစ္စ၊ အခြားကိစ္စများကို ဆောင်ရွက်ပေးရန်ရှိသော်လည်း ထိုကိစ္စများကို မလုပ်ဆောင်ပေးလိုသောကြကြောင့် သူ့ကုမ္ပဏီကို ဖျက်သိမ်းလိုက်သောအခါ ဖရီးပါမစ်နှင့် လုပ်ဆောင်သူ

www.foreverspace.com.mm

အလုပ်သမားသည် မလေးရှားတွင် အဖေမဲ့ဖြစ်သွားသည်။ တစ်နှစ်တစ်ကြိမ် သက်တမ်းတိုးရမည့်ကိစ္စတွင်လည်း သက်တမ်းတိုးပေးမည့်သူမရှိဘဲဖြစ်သွားသည်။ သက်တမ်းတိုးပေးမည့်သူမဲ့ကာ သက်တမ်းမတိုးဖြစ်တော့ဘဲ Over Stay ဖြစ်ကုန်ကြသည်။ တဖန်သူ့နိုင်ငံတွင် Over Stay နေပါက ရဲမှဖမ်းဆီးပြီးထောင်ချနိုင်သည်။ ဤနည်းဖြင့် ထောင်ကျရှာရသောမြန်မာအလုပ်သမားက မလေးထောင်ထဲတွင် အမြဲ ၁၀၀လောက်ရှိသည်။ မလေးရှားထောင် အတွေ့အကြုံကိုလည်း ထောင်တန်းအကျခံရသူတို့၏ ကိုယ်တိုင်အတွေ့အကြုံကို ဤစာအုပ်တွင် ရေးသားထားပါသည်။

တစ်ချက်မှတ်ထားရန်ရှိသည်မှာ မလေးရှားတွင် အလုပ်အမျိုးအစားလေးမျိုးရှိသည်။

၁။ စက်ရုံ၊ အလုပ်ရုံလုပ်ငန်း

၂။ ဟိုတယ်၊ စားသောက်ဆိုင်လုပ်ငန်း

၃။ ဆောက်လုပ်ရေးလုပ်ငန်း

၄။ စိုက်ပျိုးရေးလုပ်ငန်းတို့ဖြစ်သည်။

မြန်မာအလုပ်သမားတို့က စက်ရုံ၊ အလုပ်ရုံနှင့် စားသောက်ဆိုင်လုပ်ငန်းများတွင်သာ အလုပ်လုပ်ကြသည်။ ဆောက်လုပ်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် မလုပ်ကြ။ ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်ငန်းခွင် အန္တရာယ်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းများသည် မလေးနိုင်ငံ၏ဝေးလံသီခေါင်သော ရာဘာတော၊ ဆီအုန်းတောများတွင်လုပ်ရ၍ မလေးရှားတောထဲတွင် မြွေကိုက်ခံရခြင်း၊ စပါးကြီးမြွေအမျိုခံရသူများပင်ရှိသည်။

မြန်မာအလုပ်သမားများသည် အောက်ဆို့ဇင်းကုမ္ပဏီမှ စက်ရုံပါမစ်ယူထားသူသည် စားသောက်ဆိုင် စသည်တို့တွင်လုပ်ခွင့်

www.foreverspace.com.mm

မရှိ။ စားသောက်ဆိုင်ပါမစ် ယူထားသူသည်လည်း ဆောက်လုပ်ရေးလုပ်ငန်းတွင်လုပ်ခွင့်မရှိ။ အလားတူပင် ဆောက်လုပ်ရေးပါမစ်ယူထားပြီး စိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်ခွင့်မရှိ။ မိမိအလုပ်လုပ်သောလုပ်ငန်းနှင့် ပါမစ်တွင်ပါသောအလုပ်ခွင့်ပြုချက် မညီလျှင်လည်းရဲမှဖမ်းဆီးတရားစွဲ ထောင်ချနိုင်သည်။

ထို့ကြောင့်မလေးတွင် Over Stay ကြောင့်လည်းကောင်း၊ ပါမစ်တွင်ပါသောလုပ်ငန်းအမျိုးအစားတွင် မလုပ်ကိုင်သောကြောင့်လည်းကောင်း ဖမ်းဆီးအရေးယူ ရုံးတင်တရားစွဲ အပြစ်ပေး ထောင်ချနိုင်ပါသည်။

❐ ❐ ❐

www.foreverspace.com.mm

# အပိုင်း (၃)

## ပြေလည်တဲ့ သူလည်းရှိတယ်

အခန်း (၁၄) ပြည်ပအလုပ်အကိုင်ရှာဖွေရေးဘဝ၊ ဖြတ်သန်းခဲ့ရ ခရီးအသွယ်သွယ်
အခန်း (၁၅) ဘုရားတရားဂုဏ်၊ ရိုးသားတဲ့ဂုဏ် (မယဉ်ကျေးမေ ၏ဖြစ်ရပ်)

ပန်းမျိုးတစ်ရာစာပေ

www.foreverspace.com.mm

## အခန်း (၁၄)

## ပြည်ပအလုပ်အကိုင်ရှာဖွေရေးဘ၀ ဖြတ်သန်းခဲ့ရ ခရီးသွယ်သွယ် (၁)

မလေးရှားသို့ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအတွက် သွားရောက်ကြရာတွင် လူတိုင်းအလိမ်ခံကြရ ဒုက္ခရောက်ခံကြရသည် မဟုတ်။ လုံးလဝီရိယနှင့် သတိတရားထားရှိလုပ်ဆောင်မှုကြောင့် ပြေလည်သွားကြသောသူများလည်း ရှိကြသည်။

ထိုအထဲမှ ကျွန်တော့်မိတ်ဆွေတစ်ဦး၏ ပြေလည်ရာပြေလည် ကြောင်း ဖြစ်ရပ်တစ်ခုကို တင်ပြလိုပါသည်။ သူ့အမည်မှာ ဦးကိုလေး ဖြစ်ပါသည်။ သူနှင့်ကျွန်တော် ၁၉၉၂ ခုနှစ် ဝန်းကျင်က စီးပွားရေး လုပ်ငန်းတစ်ခုကို ရည်မှန်းလုပ်ကိုင်ဆောင်ရွက်ကြဖူးသည်။

ထိုစဉ်ကပင် ကျွန်တော်သည် မလေးရှားအတွေ့အကြုံ အတော်ရှိနေပြီဖြစ်သည်။ မလေးရှားအတွေ့အကြုံ အတော်ရှိသော် လည်း ပြည်ပအလုပ်အကိုင်ရှာဖွေလုပ်ကိုင်သည့် အလုပ်ကို ကျွန်တော်

www.foreverspace.com.mm

က လုပ်သည်မဟုတ်။ အတွေ့အကြုံသာရ၍ စာအုပ်ရေးသားခြင်းဖြစ်သည်။ ထိုစဉ်က ကျွန်တော်သည် လုပ်ငန်းအတူလုပ်ဆောင်သူလူငယ်အားလုံးအား နိုင်ငံတကာသို့ ထွက်၍ အလုပ်လုပ်ကြရန်၊ ထိုင်း၊ မလေးရှား၊ စင်ကာပူနိုင်ငံများသို့ သွားရောက်လေ့လာကြရန် ခပ်စိပ်စိပ်တိုက်တွန်းခဲ့ပါသည်။

"ကျွန်တော်တို့ ရည်မှန်းဆောင်ရွက်ခဲ့သည့်ကိစ္စတစ်ခုမှာ မရိုးသားမဖြောင့်မတ်သည့်ကိစ္စတစ်ရပ်ကြောင့် မပြေမလည်ဖြစ်ခဲ့ရာက ထိုကိစ္စရှေ့တန်းမှ ပါဝင်ဆောင်ရွက်ခဲ့သူ ဦးကိုလေးမှာ သူ ရှေ့ဘာဆက်လုပ်ရမည်ကို စဉ်းစားရင်း ဦးချစ်က မလေးရှားကို မြေစမ်းခရမ်းပျိုး သွားရောက်လေ့လာသင့်တယ်ဆိုသည့်ကိစ္စကို မကြာခဏသတိရတာနဲ့ ၁၉၉၆-၁၉၉၇ ခုနှစ်လောက်မှာ မလေးရှားနိုင်ငံ သို့ သွားရောက်ရေးအတွက် ခြေလှမ်းပြင်ပြီး ကြိုးစားခဲ့ပါတယ်။

မလေးရှားသွားရေးစိတ်ကူးရာမှ စင်ကာပူမှာ ရောက်နေသော သူငယ်ချင်းတွေဆီ စာလှမ်းရေး ဆက်သွယ်တော့ သူတို့ဆီကတုံ့ပြန်မှုကလည်း ဘာမှမရတာနဲ့ ကိုယ့်ဟာကိုယ်ပဲ ကြိုးစားမယ်ဆိုပြီး ၁၉၉၇ ခုနှစ်တွင် အလည်အပတ်ဗီဇာနှင့် ထိုင်းနိုင်ငံမှ မလေးရှားနိုင်ငံသို့ ဝင်ခဲ့သည်။ မြန်မာပြည်မှာ မလေးဗီဇာဘယ်လိုယူရမှန်းမသိလို့ ထိုင်းနိုင်ငံရဲ့ဗီဇာကိုယူပြီးမှ ထိုင်းမှာရှိတဲ့ မလေးသံရုံးမှာ မလေး ဗီဇာယူပြီး အဲဒီကမှတစ်ဆင့် လေကြောင်းခရီးဖြင့် ကွာလာလမ်ပူကိုရောက်ခဲ့ခြင်းဖြစ်သည်"ဟု ဦးကိုလေးက ပြောပြပါသည်။

မလေးရှားသို့ရောက်လာတော့ ကျွန်တော့်မိတ်ဆွေသည် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ချက်ချင်းအလုပ်အကိုင် ရရှိရေး

www.foreverspace.com.mm

ကို ဆောင်ရွက်တော့သည်။ ထိုက်ထိုက်တန်တန်အလုပ်ရရှိရန် သိပ်ပြီးမချောမွေ့ဘဲ ဖြစ်နေသည်။ ထို့ကြောင့် သူ့မိတ်ဆွေတစ်ဦး၏ အကူအညီကိုယူရသည်။

သူ့မိတ်ဆွေက ကွာလာလမ်ပူတွင် ထမင်းဆိုင်ဖွင့်ထားသည်။ ထို့ကြောင့် ကျွန်တော့်မိတ်ဆွေသည် သူ့ထမင်းဆိုင်တွင် ည ၉ နာရီမှ နောက်တစ်နေ့ မနက် ၃ နာရီအထိ တစ်ညလုံး ထမင်းဆိုင်မှ စားပြီးသား ပန်းကန်များကို ဆေးပေးရသည်။ ဆေးပြီး၍ နံနက် ၃ နာရီထိုးသောအခါ မိတ်ဆွေကို ချဲတွက်ပေးရသည်။ တစ်နာရီခန့် ချဲတွက်ပေးပြီး နံနက် ၄ နာရီထိုးသောအခါ မိတ်ဆွေက မလေးငွေ ၁၀ RM နှင့် စီးကရက်တစ်ဘူး ပေးသည်။

ထို့ကြောင့် နေ့စဉ်နံနက် ၄ နာရီထိုးတော့မှ အိပ်ရသည်။ ၅ နာရီခန့်အိပ်ပြီး နံနက် ၉ နာရီတွင် အိပ်ရာမှပြန်ထ ကာရေမိုးချိုး၊ လည်ပင်းတွင် ကြောင်ရှာသီးတွေဘာတွေချိတ်၍ တစ်နေကုန် အလုပ်ရှာထွက်ရသည်။ အလုပ်ကရှာလေခက်လေဖြစ်သည်။ ရှာလေသမျှ လက်ပန်းကျခမန်းဖြစ်ရသည်။ အလုပ်က ၁၉၉၇ခုနှစ်၌ အာရှတွင် စီးပွားရေးကပ်ဆိုက်ရောက်သောကာလဖြစ်ရာ အလုပ်ရှင်များကလည်း ဘယ်သူကမှ အလုပ်မခန့်နိုင်ရှာဘဲရှိသည်။

ထိုအခါ ဒီလိုတော့နေ၍ မဖြစ်တော့ဘူးဆိုကာ မိဘလက်ငုပ် အလုပ်ဖြစ်သော သံပိုက်များကို ဂဟေဆော်သည့်အလုပ် Welding ကို ဝင်လုပ်ရသည်။ ဘယ်မှာလုပ်ရသလဲဆိုတော့ KLCC ဟုခေါ်သော မလေးရှားနိုင်ငံ၏ အမြင့်ဆုံး Twin Tower ကြီးအား (Aircon ) လေအေးစက်တပ်ဆင်ရေးအလုပ်၏ ဂဟေဆော် လုပ်ငန်းတွင် ပါဝင် လုပ်ဆောင်ရခြင်းဖြစ်သည်။ သို့သော်လည်း KLCC တွင် ၃ လသာ လုပ်၍ အလုပ်မှာပြီးပြတ်သွားသည်။

www.foreverspace.com.mm

ထိုအခါ ကျွန်တော့်မိတ်ဆွေသည် နောက်အလုပ်တစ်ခု လိုက်ရှာရပြန်သည်။ နောက်အလုပ်မှာ ကွာလာလမ်ပူ၏ ပတ်ထလင်ဂျာရာရပ်ကွက်၊ အီလက်ထရွန်နစ်စက်ရုံတစ်ခုတွင် အလုပ်ရပြန်သည်။ အလုပ်မှာ Welding ဆော်သည့်အလုပ်ပင်ဖြစ်သည်။ သူဌေးက ဆိုင်ကယ်နှင့်သွားလျှင် သူ့ဆိုင်ကယ်နောက်မှ ခွစီးပြီး လိုက်ရသည်။ ဦးကိုလေးခမျာ အင်ဂျင်နီယာအလုပ်ရရှိရေးအတွက် လျှောက်လွှာများကိုလည်း ဘောင်းဘီအိတ်တွင်ထည့်၍ အခွင့်သာလျှင်သာသလို ထိုက်ထိုက်တန်တန်အလုပ်ရရေးအတွက် ပြင်ဆင်ထားရာ တစ်နေ့တွင် ဘောင်းဘီအိတ်ထဲမှ လျှောက်လွှာများထွက်ကျသည်ကို အီလက်ထရွန်နစ်စက်ရုံမှ သူဌေးကတွေ့၍ဖတ်ကြည့်ပြီး

"မင်းက အင်ဂျင်နီယာပဲ ဘာပြုလို့ ဒီမှာဂဟေလာဆော်နေတာလဲ" ဟုမေးသည်။

"ငါလည်း အင်ဂျင်နီယာအလုပ်ရှာနေတာ၊ မရတာနဲ့ ရရာအလုပ်လုပ်နေရတာ၊ အရင်ကဆိုငါက ပန်းကန်တောင် ဆေးဖူးသေးတယ်" ဟုဦးကိုလေးကပြောသည်။

"ဒါဆို ငါတို့စက်ရုံမှာ အလုပ်လုပ်မလား၊ လုပ်ချင်ရင် မနက်ဖြန် အင်တာဗျူးလာခဲ့၊ အင်တာဗျူး အောင်ရင်မင်းကို အလုပ်ခန့်မယ်"ဟုပြောခဲ့သဖြင့် နောက်တစ်နေ့၌ အင်တာဗျူးဝင်ဖြေခဲ့ရာ ထိုစက်ရုံမှ သဘောကျပြီး

"မင်းကို အလုပ်ခန့်လို့ရတယ်၊ ဒါပေမယ့် မင်းက မလေးရှားနိုင်ငံမှာ တရားမဝင်အလုပ်သမားဖြစ်နေပြီ၊ ဒါကိုပြန်ပြီး တရားဝင်အောင်ပြုလုပ်ရမယ်"ဟုဆိုကာ အလုပ်အကိုင်ရှာဖွေရေး အေးဂျင့်တစ်ဦးထံအပ်နှံ၍ Employment Pass (EP) ရအောင် လျှောက်ထားရသည်။

www.foreverspace.com.mm

"EP လျှောက်ထားစဉ် အလုပ်မလုပ်ပါနဲ့၊ တရားမဝင် အလုပ်လုပ်နေပါက မတော်လို့ ရဲကဖမ်းမိပြီး ထောင်ကျသွားပြီး ထောင်ကျနေတုန်း EP ကျလျှင် ဆောင်ရွက်ရတာခက်မည်" ဟုဆို၍ ဂဟေဆော်သည့် အလုပ်ကိုရပ်နားလိုက်ရသည်။ မကြာမီ အီလက် ထရွန်းနစ်ကုမ္ပဏီမှ ဆောင်ရွက်ပေးမှုကြောင့် EP ရရှိသည်။ ထိုအခါ ဗန်ကောက်သို့ပြန်ကာ ဗန်ကောက်ရှိ မလေးရှားနိုင်ငံသံရုံးတွင် EP ကိုပြ၍ ဗီဇာလျှောက်ရသည်။ ဒါတွေက မလေးရှားနိုင်ငံမှ သတ်မှတ် ထားသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အလုပ်သမားရေးရာဆိုင်ရာ စည်းကမ်းများ ပြည့်စုံအောင်ဆောင်ရွက်ရခြင်းဖြစ်သည်။

ဦးကိုလေးကို ၁၉၉၈ ခုနှစ် ဩဂုတ်လတွင် ထိုကုမ္ပဏီမှ အလုပ်ခန့်လိုက်သည်။ အာရှသည် စီးပွားရေးကပ်မှ လူလဲကုန်းထချိန် ဖြစ်ပါသည်။ ၁၉၉၈ ခုနှစ် ဒီဇင်ဘာလသို့ ရောက်သောအခါ ကုမ္ပဏီမှ

"မစ္စတာကိုလေး၊ မင်းလိုမြန်မာအင်ဂျင်နီယာမျိုး ငါးယောက်လိုတယ်ရှာပေးပါ" ဟုဆိုလာပါသည်။

ထိုအခါ ဦးကိုလေးသည် မြန်မာပြည်သို့ပြန်လာပြီး သူငယ်ချင်းအင်ဂျင်နီယာ ၅ ယောက်ကိုစုကာ မလေးသို့ခေါ်လာပြီး သူ့ကုမ္ပဏီတွင် အလုပ်ပေးခဲ့သည်။ ထိုအခါ ကုမ္ပဏီနှင့် သူငယ်ချင်း များကပါ ပွဲစားခတော့ မဟုတ်၊ ကျေးဇူးသိတတ်စွာဖြင့် အခကြေးငွေ ပေးကြသည်။

၁၉၉၉ ခုနှစ်သို့ ရောက်သောအခါ ဦးကိုလေးတို့ ကုမ္ပဏီမှ အလုပ်ရှင်၏မိတ်ဆွေ အခြားကုမ္ပဏီတစ်ခုမှ မြန်မာ အင်ဂျင်နီယာ ၅ ယောက်အလိုရှိ၍ ကူပါဦး ဟုဆိုသောအခါ မြန်မာ ပြည်သို့ပြန်လာ ပြီး အင်ဂျင်နီယာ ၅ ယောက်ကိုရှာပေးသောအခါတွင်လည်း

www.foreverspace.com.mm

ယခင်ကလိုပင် ကုမ္ပဏီနှင့် သူငယ်ချင်းများကပါ ကျေးဇူးသိတတ် ငွေပေးကြကမ်းကြပါသည်။

ဒီလိုနှင့် အီလက်ထရွန်းနစ်ကုမ္ပဏီနှင့် ၂ နှစ်စာချုပ်ပြည့် သွားသည်။ တကယ်တော့ ဦးကိုလေးသည် သူ တကယ်စိတ်ဝင်စား သည်မှာ စင်ကာပူဖြစ်သည်။ စင်ကာပူတွင် EP ယူ၍ စင်ကာပူမှပင် Permentnent Resisane (PR) လျှောက်ပြီးနေလို့ရသူဖြစ်၍ ၂ နှစ်ကြာ ပြီး စာချုပ်ပြည့်တော့ သူက ကုမ္ပဏီအား "ကျွန်တော် ဒီထက်အခွင့် အလမ်းသာတဲ့ အလုပ်တစ်ခုကို စင်ကာပူမှာရှာပါရစေ၊ မရရင်ဒီမှာ ပြန်လာလုပ်ပါမယ်။ ကျွန်တော်က စင်ကာပူမှာ အလုပ်လုပ်ကိုင်ဖို့ ရည်မှန်းချက်ရှိလို့ပါ" ဟုဆိုတော့ ကုမ္ပဏီက

"အေး ဟုတ်တာပေါ့၊ တက်လမ်းလည်း ရှာသင့်တာပေါ့၊ ခင်ဗျားသွားလုပ်ပါ၊ အလုပ်မကောင်းရင်ပြန်ခဲ့ပါ။ ခင်ဗျားကို အလုပ် က မဖြုတ်ပစ်ဘူး၊ ၆ လခွင့်ယူထားတဲ့သဘောထားပါ့မယ်" ဟု ဆိုကာ ခွင့်ပေးလိုက်သည်။ ဦးကိုလေးမှာ စင်ကာပူ၏အင်ဂျင်နီယာ ဘဝပိုကောင်းသည်ဟုယူဆ၍ စင်ကာပူတွင် တက်လမ်းရှာရခြင်းဖြစ် သည်။ စင်ကာပူတွင် နောက်အလုပ်တစ်ခုမရခင် ပထမအလုပ်ကို လည်း လွှတ်မပစ်လိုက်နဲ့ဆိုသော ဒေးကာနက်ဂျီ၏ သီအိုရီအတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

စင်ကာပူတွင် ကောင်းတာတော့ ကောင်းပါသည်။ ဦးကိုလေးမှာ မလေးရှားနယ်ပယ်သည် သူ၏စားကျက်ဖြစ်နေပြီဖြစ် သည်။ စင်ကာပူမြင်းထက် မလေးရှားမြင်းကိုစီးခြင်းသည် မိမိအတွက် ပို၍တွက်ခြေကိုက် မည်ဟုစဉ်းစားမိချိန်တွင် ၂၀၀၀ပြည့်နှစ်သို့ ရောက်သောအခါ မြန်မာနိုင်ငံမှ အစိုးရအချင်းချင်း မြန်မာအလုပ် သမား ကို Gorverment to Gorverment အစိုးရမှစေတနာအပြည့်နှင့်

www.foreverspace.com.mm

အဖိုး အခမယူဘဲ စေလွှတ်ပေးသောကိစ္စဖြစ်ပေါ်ခဲ့သည်။ အစိုးရကိုယ်တိုင် ဆောင်ရွက်ခြင်းသည် လက်ဝင်သောကိစ္စလေးများရှိ၍ "မြန်ဂုဏ်မြင့်"ကဲ့သို့သော ကုမ္ပဏီများအား လိုင်စင်ချပေးရာ ထိုကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခွင့်များရှိလာသောကြောင့် ယခင်က မြန်မာအင်ဂျင်နီယာ ၁၀ ဦးအား မလေးသို့ပို့သော အတွေ့အကြုံရှိပြီးဖြစ်၍ ထိုအတွေ့အကြုံကို အခြေခံကာ ဦးကိုလေးသည် မြန်မာနှင့်မလေးရှားနိုင်ငံအကြား ပြည်ပအလုပ်အကိုင် ရှာဖွေရေး လုပ်ငန်းကို တရားဝင်လုပ်ဆောင်ရန် စိတ်ကူး၍ ထိုလုပ်ငန်းကို စတင်ဆောင်ရွက်သည်။

၂၀၀၁ ခုနှစ်မှစ၍ ပြည်ပအလုပ်သမားရှာဖွေရေးလုပ်ငန်းကို ဇနီးဖြစ်သူက မြန်မာနိုင်ငံဘက်မှ လုပ်ကိုင်၍ ဦးကိုလေးသည် စင်ကာပူဘက်မှ တနင်္ဂနွေနှင့်စနေနေ့များတွင် မလေးရှားသို့ကူးပြီး ဇနီးပို့ပေးသော အလုပ်သမားများအတွက် ကိစ္စအဝဝကို ဆောင်ရွက်ပေးသည်။ သို့သော် စနေ၊ တနင်္ဂနွေ(၂)ရက်သာဆောင်ရွက်၍ မပြီးနိုင်ဘဲ အလုပ်သမားကိစ္စဆောင်ရွက်ဖွယ်တို့သည် များပြားလေရာ ဦးကိုလေးသည် စင်ကာပူအလုပ်အား လက်လွှတ်၍ ဇနီးနှင့်အတူ တွဲကာ ပြည်ပအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့ရာ ၂၀၀၆ခုနှစ်တွင် တရားဝင်လိုင်စင်ရခဲ့သည်။

ယခုအခါ ဦးကိုလေးနှင့်ဇနီးတို့သည် မြန်မာအလုပ်သမား ၅၀၀၀ခန့်ကို မလေးရှားသို့ ပို့ဆောင်ခဲ့ပြီးဖြစ်၍ စီးပွားရေးအရ အထိုက်အလျောက် ပြေလည်မှုရခဲ့သည်။

နှစ်နိုင်ငံအလုပ်သမားနှင့် အလုပ်ရှင်အကြား နှစ်နိုင်ငံ လူမျိုးများအကြာ နှစ်နိုင်ငံဥပဒေ၊ ယဉ်ကျေးမှုတို့ကြား ပြဿနာသည် မမျှော်လင့်ဘဲရှိသည်။ ထိုအခါ မြန်မာအေးဂျင့်သည် မြန်မာဘက်တွင်

www.foreverspace.com.mm

ရုံးဖွင့်၍ လုပ်ဆောင် ရုံသာမက မလေးနိုင်ငံဘက်တွင်ပါ ကိုယ့်လူထား ရှိပါက တစ်ပန်းသာပါသည်။ မြန်မာဘက်တွင် ဇနီးသည် အခိုင်အမာ ရပ်တည်၍ ဟိုဘက်တွင် ဦးကိုလေးက မြန်မာမှ ဒီဘက်ကပို့ပေးသမျှ သော အလုပ်သမားများကိစ္စများကို ဒိုင်ခံဖြေရှင်းမှုပေးခြင်းသည် မြန်မာအလုပ်သမားများ၏ဘေးဒုက္ခအပေါင်းကို ကင်းစေအောင် ဆောင်ရွက် နိုင်မှုပင်ဖြစ်၍ ပြည်ပအလုပ်အကိုင်ရှာဖွေသူတို့သည် ဟိုဘက်ဒီဘက် အေဂျင့်ကိုယ်စားလှယ် ရှိသောသူများနှင့် ဆက်သွယ် လုပ်ဆောင်ပါက ပို၍ပြေလည်သည်။ ဟိုဘက်ဒီဘက် ကိုယ်စားလှယ် ထား၍ ဆောင်ရွက်သောအခြား ပြည်ပအလုပ်ရှာဖွေရေးအေဂျင့် တစ်ခုမှာ

Myanmar Worker Management Services Co.,Ltd.

အမှတ်(၉)၊ ပထမထပ်၊ ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်း၊ တာမွေ ဖြစ်ပါသည်။

ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီသည် မြန်မာပြည် ဘက်မှ ဂျပန်အလုပ်အကိုင်ရှာဖွေရေးအတွေ့ အကြုံရှိသော ဖခင်ကြီး ဦးဝင်းထွန်းမှဆောင်ရွက်၍ မလေးနိုင်ငံတွင် ဦးဝင်းနောင်ထွန်းက နေထိုင်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းစဉ် ချောမောပြေပြစ်မှုရှိသည်ဟု ဦးဝင်းနောင်ထွန်းကဆိုပါသည်။

❒ ❒ ❒

www.foreverspace.com.mm

## အခန်း (၁၅)

## ဘုရားတရားဂုဏ်၊ ရိုးသားတဲ့ဂုဏ်

ကျွန်တော် မလေးရှားတွင်ရှိနေစဉ်အတွင်း မိန်းကလေးတစ်ဦးနှင့်တွေ့ရပါတယ်။ သူက ကျွန်တော်တို့ စာပေဟော ပြောပွဲကိုလာတာပါပဲ။ စာပေဟောပြောပွဲအပြီးမှာ သူက ကျွန်တော့်ကို မလေးပိုက်ဆံ ၅၀ RM ကို စာအိတ်ကလေးတစ်အိတ်ထဲမှာထည့်ပြီး-

"ဆရာကို ကန်တော့တာပါ"ဆိုပြီးလာပေးပါတယ်။

ကျွန်တော်က

"အခုလိုကန်တော့ရတဲ့ ကျေးဇူးကြောင့် မိဝေးဖဝေးတစ်ရပ်တစ်ကျေးမှာ သမီး ဘေးမသီ ရန်မခဘဲ ကျန်းမာပါစေလို့"ဆုတောင်းပေးရပါတယ်။

ကလေးမလေးက

"ဆရာကြီးပေးတဲ့ဆုနဲ့ပြည့်ပါစေ"လို့ပြောပါတယ်။

www.foreverspace.com.mm



**ကွာလာလမ်ပူ၏ပထမအကြိမ်စာပေဟောပြောပွဲသို့ ရောက်ရှိလာကြသောမလေးရောက်မြန်မာအလုပ်သမားများ။**

ကျွန်တော်က ကလေးမလေးရဲ့ အမည်ကို မေးတော့ ယဉ်ကျေးမေလို့ ပြောပါတယ်။

"ဟယ် နာမည်လေးကလည်း လှလိုက်တာ" လို့ကျွန်တော် ကပြောမိပါတယ်။

"ကျွန်မအဖေကလည်း စာရေးဆရာပါ၊ ဒီနာမည်က အဖေစိတ်ကြိုက်ပေးထားတဲ့နာမည်ပါ" လို့လည်း ပြန်ပြောပါတယ်။

"ဒါနဲ့သမီးက မလေးရှားကို ဘယ်လိုရောက်လာတာလဲ၊ ဘာလုပ်နေလဲ" လို့ဆိုတော့ "ဆရာကြီးရယ် ပြန်ပြောရရင် တုန်လှုပ် စရာလည်းကောင်း၊ အံ့သြစရာလည်းကောင်း ကျွန်မအဖေကမသွား ပါနဲ့ သမီးရယ်လို့ တားတဲ့ကြားက ထွက်လာတာ ဒုက္ခလည်းတွေ့ပါရဲ့၊ စွန့်လဲစွန့်စားရပါရဲ့ အခုတော့ ဘုရားတရားကျေးဇူးကြောင့်

www.foreverspace.com.mm

သမီးက မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့လယ်မှာ ဆိုင်ပိုင်ရှင်ဖြစ်နေပြီ၊ ဂျလန်းလို အဓိကနေရာကြီးမှာ မဟုတ်ပေမယ့် ဝင်ငွေလည်းမဆိုးပါဘူး၊ ဆရာကြီးတို့အဖွဲ့ကိုလည်း ဖိတ်ချင်ပါတယ် ဟုပြောသည်။

"မလေးရှားမှာ ဆိုင်ပိုင်ရှင်ဖြစ်နေပြီဆိုတော့ သမီးကြိုးစားအားထုတ်မှုကလည်း စိတ်ဝင်စားစရာ ကောင်းမှာဘဲ" ဆိုတော့ မလေးရောက်ဆိုင်ပိုင်ရှင်မိန်းကလေး မယဉ်ကျေးမေက သူ့ဘဝကို ပြောပြပါသည်။ စာဖတ်သူစိတ်ဝင်စားမည်ထင်၍ သူပြောသည့်အတိုင်းဖော်ပြရပါသည်။

သမီးကမိသားစုမှာ အငယ်ဆုံးပါ။ မမကြီးနဲ့မမလေးက အိမ်ထောင်တွေနဲ့၊ သူတို့မှာအလုပ်တွေ ကိုယ်စီရှိကြပါတယ်။ သမီးလည်း GTI ကနေ အစားအသောက်နဲ့ ဓာတုဗေဒအောင်ပြီး၊ ရူပဗေဒဘွဲ့အောင်ထားပါတယ်။ သမီးရန်ကုန်မှာတော့ အိမ်တိုင်ယာရောက် ကျူရှင်ပြစားပါတယ်။ တစ်လတစ်သိန်းနီးပါးတော့ ရတာပေါ့ ဆရာကြီးရယ်။ ဒါပေမယ့် ဟိုအိမ်သွား ဟိုရပ်ကွက်သွားနဲ့ ကျူရှင်လိုက်ပြရတာက အရမ်းပင်ပန်းပါတယ်။ အိမ်ပြန်ရောက်ရင် အသက်ရှူလို့မဝအောင်ကိုပင်ပန်းပါတယ်။

အဲဒီလိုနဲ့ဘဝကို ရပ်တည်ခဲ့တာ ငါးနှစ်ကျော်ရှိခဲ့ပါတယ်။ တစ်နေ့သမီးရဲ့သူငယ်ချင်း တစ်ယောက်နဲ့ တွေ့တော့ သူ စင်္ကာပူကို သွားလိုက်လာလိုက်လုပ်နေကြောင်းပြောပါတယ်။ ဟိုမှာတစ်လ ၅ သိန်း၊ ၆ သိန်း လွယ်လွယ်နဲ့ငွေရနိုင်ကြောင်းပြောတော့ သမီးလည်း အရမ်းစိတ်ဝင်စားသွားပါတယ်။ အဲဒါနဲ့ လူငယ်ဆိုတော့ သမီးနိုင်ငံခြားသွားတယ်။ နိုင်ငံခြားသွားဖို့ လုံးပန်းရတာ ၆ လလောက်ကြာသွားတယ်။ နိုင်ငံတကာ အတွေ့အကြုံလည်းလိုချင်တယ်။လူငယ်ဖြစ်ပြီး နိုင်ငံခြားအတွေ့အကြုံမရှိတာကိုလည်း လူငယ်တစ်ယောက်

www.foreverspace.com.mm

မဟုတ်သလို ခံစားရတယ်။ နိုင်ငံခြားသွားချင်စိတ် အရမ်းဖြစ်သွား ချင်တဲ့စိတ်က သမီးကိုအရမ်းလှုံ့ဆော်နေ ပါတယ်။ နိုင်ငံခြားသွားဖို့ လုပ်နေတုန်း ရန်ကုန်ကနေ မော်လမြိုင်ကို မိဘများ ကိစ္စနဲ့ နှစ်ခေါက်သွားလိုက်ရတယ်။ မော်လမြိုင်ကို ဒုတိယအခေါက် သွားရာမှာတော့ အသွားမှာကားချင်းတိုက်လို့ သမီးတစ်ကိုယ်လုံး ပွန်းရာပဲ့ရာတွေနဲ့ မျက်နှာမှာလည်း သွေးတွေရဲသွားတာပဲ၊ ကိုယ့်ကို ကိုယ်လည်း ဘယ်လောက်အထိဒဏ်ရာရတယ်ဆိုတာ မသိဘူး။ ဘေးမှာအတူပါလာတဲ့ ခရီးသည်တစ်ဦးကတော့ မျက်နှာပါး စောင်းပြဲ သွားပြီး သွေးကိုရဲနေတာပဲ။ မျက်လုံး မထိတာ ကံကောင်းသွားတယ်။ သူ့ဒူးမှာလဲ လေးလက်မလောက်ကွဲသွားတယ်။ ကားပေါ်မှာလည်း လူ ၆ ယောက်ပွဲချင်းပြီးဆုံးရှာတယ်လို့ သိရပါတယ်။ ကားတိုက်တဲ့ သတင်းက နေ့စဉ်သတင်းစာထဲမှာပါပါတယ်။ ကားတိုက်ခံရတာကို ရက် ၂၀ လောက်ကြာအောင် ဆေးကုရပါတယ်။ အဲဒီနောက်မှာတော့ သမီးလည်း ကျူရှင်ဆက်မပြတော့ဘဲ နိုင်ငံခြားထွက်ဖို့ပဲ ဆက်ကြိုးစား ပြီး ထွက်ခဲ့တာပါပဲ။

သမီးက စင်္ကာပူကိုစထွက်ခဲ့တာပါ။ ထွက်ခဲ့တာက မြန်မာ့ လေကြောင်းနဲ့ပါ လေယာဉ်ပေါ်ရောက်တော့ လေယာဉ်မစီးဖူးတဲ့ သမီးအတွက် နတ်ပြည်ကို ပန်းရထားကြီးစီးပြီးတက်နေရသလိုခံစား ရတယ်။ အဲဒီပျော်ရွှင်ခံစား မှုက ခဏပဲခဲ့ပါတယ်။ တအောင့်ကြာ တော့ လေယာဉ်ပေါ်မှာ White card ဖြည့်ရတယ်။ အဲဒီ White card ဖြည့်ရတာကို သမီးစိတ်ထဲမှာ စာမေးပွဲဖြေရသလို ထိတ်လန့်ခံ စားရပါတယ်။ သမီးလည်းဘွဲ့ရဆရာမ တစ်ယောက်ပဲ ဒါပေမယ့် ပြည်ပအတွေ့အကြုံကမရှိတော့ ကြောက်နေတာပါ။ White card

www.foreverspace.com.mm

ကိုဘယ်လိုဖြည့်လိုက်တယ် မသိပါဘူး။ ဒါနဲ့ပဲ စင်္ကာပူရောက်သွားတယ်ဆိုပါတော့ ဆရာကြီးရယ်။

စင်္ကာပူရောက်စ အတွေ့အကြုံတွေတော့ မပြောတော့ပါဘူး။ ဒီလိုနဲ့သူငယ်ချင်းတစ်ယောက်ရဲ့ အကူအညီနဲ့ စင်္ကာပူကို ရှောရှောလျူလျူနဲ့ ရောက်သွားပါတယ်။ မရောက်ဖူးတော့ နိုင်ငံခြားဆိုတာ သမီးမြင်တွေ့ရတော့အားလုံးက အဆန်းတွေ၊ အလှတွေချည်းပါပဲ။ အားလုံးကို ငေးကြည့်နေရပါတယ်။ နည်းနည်းပါးပါးတော့ လျှောက်လည်လိုက်ပါတယ်။ လည်ပတ်တယ်ဆိုပေမယ့် ကိုယ့်မှာငွေများများ မပါတော့ သိပ်မလည်ရဲပါဘူး။ သိပ်မကြာပါဘူး။ စင်္ကာပူမှာနေခွင့် (Stay) ရက်က ကုန်လာပါပြီ။ အဲဒီကစပြီး သမီးသောက၊ ဒုက္ခ၊ အနာတရတွေ စတော့တာပါပဲ။ အလုပ်ရှာတော့လည်း မလွယ်ပါဘူး။ လာတုန်းကတော့ သူ့အားကိုးနဲ့လာခဲ့တာ အကောင်းပဲ၊ ခုတော့ သူငယ်ချင်းကလည်း သမီးအပေါ်ဆက်ဆံတာတစ်မျိုးဖြစ်လာတယ်။ ဆက်ဆံရေး ကျဲလာတာပေါ့လေ။ သမီးလက်ထဲမှာ ငွေကလည်းနည်းနည်းပဲ ကျန်တော့တယ်။ သမီးမှာ အနေအထိုင်ကြပ် စိတ်ညစ်နေရတဲ့ အချိန်မှာ သူကတော့ အေးဆေးဆေးပဲ သူ့မှာကအားကိုးရှိတာရယ်။ အရင်ကလည်းသွားလာနေကျဆိုတော့ သူကဘာမှမပူရဘူးလေ။ သူက သမီးတို့တည်းခိုနေတဲ့အခန်းပိုင်ရှင်နဲ့က စတေးတူဂဲသား(Stay together) ခေတ်ပေါ်အနေအထိုင်မျိုးနဲ့နေ နေတယ်ဆိုတာသမီးသိလာ ရတယ်။ သမီးအဖို့ သူ့ကိုအားကိုးပြီး လိုက်လာတာ သူကဆက်ဆံမှု စိမ်းလာတာလည်းပြ အိမ်ရှင်နဲ့ကလည်း အဲသလိုနေဆိုတော့ သမီးမှာ ပိုပြီး အနေကြပ်တာပေါ့။

သူက Shoping ခဏခဏထွက်တတ်တယ်။ ပထမသမီးလည်းမရောက်ဖူးတော့ လိုက်ပါတယ်။ နောက်တော့ ကိုယ်လက်ထဲ

www.foreverspace.com.mm

ငွေနည်းနေတာကြောင့် မလိုက်တော့ဘူး။ အဲဒါကိုသူက သူနဲ့မလိုက်လို့ဆိုပြီး မကြိုက်ပြန်ပါဘူးလေ။ သမီးက ကိုယ့်အခက်အခဲနဲ့ကိုယ်ပါ။ အခန်းမှာနေရတာကလည်း သူအိမ်ရှင်အမျိုးသား နဲ့အတူနေဆိုတော့ သမီးကဧည့်ခန်းမှာ အိပ်ရပါတယ်။ တစ်နေ့မှာ ဘာပြောလဲဆိုတော့ ငါ့လိုအနေချောင်ချင်ရင် ငါ့လိုနေပေါ့လို့ပြောတယ်။ အဲဒီလိုအပြောခံရတော့ သမီးအရမ်းအံ့သြသွားတယ်။ ရှက်လည်းရှက်သွားတာပေါ့။ ကျွန်မက မိကောင်းဖခင်သားသမီးပါ။ မိဘအဆုံးအမ၊ ဆရာသမားအဆုံးအမနဲ့ ကြီးပြင်းလာတဲ့သူပါ။ ဒီလိုပြောတာဟာ ကျွန်မအတွက်မကြားဝံ့မနာသာပါပဲ။ သူ့အတွက်ကတော့ ဒါက ထမင်းစားရေသောက်ပဲ နောက်ပြီးတစ်ဖက်ခန်းက ယောကျာ်းတွေနဲ့လည်း မိတ်ဆက်ပေးတယ်လေ။ ဒီလိုနဲ့ပဲ သူခင်းပေးတဲ့ဇာတ်ကို သမီးမကလို့လားမသိဘူး။ နောက်တော့ သိပ်တောင်စကားမပြောတော့ဘူး။ ခပ်တန်းတန်းဖြစ်လာတယ်။ သူ့ကိုအားကိုးလာတဲ့သမီးအဖို့ အရမ်းအနေရခက်လာတာပေါ့။ ဒီလိုနဲ့နောက် ၅ ရက်လောက်ကြာတော့ သူနဲ့အတူနေ အခန်းပိုင်ရှင်အမျိုးသားက သမီးကိုဒီမှာလက်မခံနိုင်ဘူး။ အခြားမှာသွားနေပါဆိုပြီး နှင်ပါတော့တယ်။ အဲဒီမှာ ဆရာကြီးပဲ စဉ်းစားပါတော့ နိုင်ငံက သူများနိုင်ငံမှာ ဆွေမရှိ၊ မျိုးမရှိ၊ အသိမရှိ၊ အားကိုးမရှိတဲ့ သမီးအဖို့ ချုံးပွဲချငိုရုံကလွဲလို့ အခြားဘာအားကိုးမှမရှိဖြစ်ခဲ့ရတာပါပဲ။

အဲဒီလိုနှင်ချတဲ့အချိန်မှာ ကျွန်မသူငယ်ချင်းက ရှောင်နေတော့ ပိုဆိုးတာပါပဲ။ ဒီကြားထဲ Stay ရက်လည်း ကုန်နေပြီလေ။ မိတ်ဆွေတစ်ဦးကမလေးရှားကိုသွားပြီး Stay ရှောင်ဖို့အကြံပေးပါတယ်။ သမီးမှာမလေးရှားကိုသွားပြီး Stay ရှောင်ဖို့ငွေကလည်း မလုံလောက်ဘူး။ အဖေ့စကားနားမထောင်တဲ့သမီး ဒုက္ခလှလှကြီး တွေ့ရတာပါပဲ။

www.foreverspace.com.mm

သေချင်တဲ့ကျားတောပြောင်းဆိုတာ ဒါပါပဲ သေဖို့အတွက်တောပြောင်း လာခဲ့တာပါပဲ”

အဖေကိုလည်း အရမ်းသတိရတယ်။ ဒါပေမယ့် အဖေဆီလဲ မဆက်သွယ်ရဲဘူး။ ကျွန်မဒုက္ခကို သူတို့သိတော့ရော စိတ်ဆင်းရဲရ တာပဲရှိမယ်။ သူတို့ကရော ဘာတတ်နိုင်မှာလဲ။ အဖေကနိုင်ငံခြားမှာ အလုပ် လုပ်ခဲ့ဖူးတဲ့ သက်တမ်းလေးနှစ်လောက်ရှိတယ်။ အဲဒီကာလ မှာOver stay နဲ့အဖမ်းခံရတာတို့၊ မြန်မာပြည်ပြန် အပို့ခံရတာတို့ ကြုံခဲ့ဖူးတယ်။ အဲဒါကြောင့် အဖေကနိုင်ငံခြားဆို သိပ်ကြောက်တယ်။ သမီးကိုလည်း နိုင်ငံခြားမသွားဖို့ အတန်တန်ပြောခဲ့ပါတယ်။ သမီးက လည်း ငွေရလိုမှုနဲ့ သမီးရဲ့စိတ်က စေ့ဆော်မှုတွေကြောင့် အတင်းထွက် ခဲ့တာပါ။

အခုတော့ အဖေစကားနားမထောင်လို့ မှားရပြီပေါ့။ သမီး ဘုရားတရားသံဃာကလွဲလို့ ဘာအားကိုးမှ မရှိတော့ဘူးပါ။ ငါဟာ အားကိုးရာမဲ့မဟုတ်ဘူးဆိုပြီး သမီးအားပြန်တင်းရပါတယ်။ အားတင်း ရုံကလွဲလို့လည်း ဘာမှမရှိတော့တဲ့အချိန် အဲဒီလိုအခက်အခဲတွေ အမျိုးမျိုးဖြစ်နေချိန်မှာ သမီးရဲ့အစ်ကိုတစ်ဝမ်းကွဲတစ်ယောက်က မြန်မာပြည်ကနေ စင်္ကာပူကိုရောက်လာတယ်။ သမီးက အစ်ကို့ကို နိုင်ငံခြားမထွက်ခင်က စင်္ကာပူမှာ သမီးတည်းမယ့် လိပ်စာကိုပေးထား ခဲ့ဖူးပါတယ်။ သူကအရင် နိုင်ငံခြားသင်္ဘောမှာ အရာရှိအဆင့်ပါ။ သင်္ဘောအလုပ်နဲ့ရေထဲ မှာနေရတာငြီးငွေ့တယ်ဆိုပြီး စင်္ကာပူက သင်္ဘောကျင်းမှာ အလုပ်လုပ်ဖို့လာတာလေ။ အဲဒီအစ်ကိုက သူစင်္ကာပူ ရောက်နေတုန်း သမီးဆီဖုန်းဆက်တယ်။ ဘုရား မတာပါ။ မိုးပေါ်က သိကြားမင်းကြီး ဆင်းကယ်တာပါ။ ဒီတော့အစ်ကိုကို သမီးအခက်အခဲ တွေပြောပြတော့ အစ်ကိုကသမီးနဲ့လည်းလာတွေ့ ချက်ချင်းလည်း

www.foreverspace.com.mm



**မလေးနိုင်ငံနာမည်ကြီးပူထရာမလေးရှားတက္ကသိုလ်ကြီးတွင်
မြန်မာစာရေးဆရာများ၏ဟောပြောပွဲအပြီး မြန်မာကျောင်းသူများနှင့်အတူ။**

ငွေတစ်ချို့ထုတ်ပေးပါတယ်။ ပြီးတော့ အခန်းတစ်ခုကိုငှားပြီး မောင်နှမနှစ်ယောက်နေခဲ့ရပါတယ်။ တော်သေးတာပေါ့။ အစ်ကိုဖြစ်သူရောက် လာလို့ ရောက်မလာရင်သမီးဘဝကငရဲပါပဲ။ ငရဲကဆီပူအိုးထဲဆင်းပြီး ရင်ရေလုံပြုတ်ခံရမယ်ဆိုတာသိနိုင်တယ်။ သမီးဘဝက ဘာဖြစ်မယ် ဆိုတာ သိကိုမသိနိုင်တဲ့ဘဝပါရှင်။ ဘုရားမတာပါပဲ။ ဒါတောင် မောင်နှမနှစ်ယောက်အတူနေတာကို ပြောကြတဲ့သူတွေကရှိပါသေးတယ်။

နိုင်ငံခြားသွားပြီးမလည်မဝယ်နဲ့ တွေ့တဲ့လူကိုအားကိုးတွေ့တဲ့လူကိုယူကြရတာလည်းရှိတယ်။ တချို့ဆိုရင် ကလေးအဖေကိုလူပျိုဆိုပြီး ညာအယူခံရတာလည်းရှိကြပါတယ်။ ကလေးအဖေ

www.foreverspace.com.mm

ဆိုတာသိရက်နဲ့ ယူလိုက်ရတာလည်းရှိတယ်။ အခြားလမ်းကရွေးစရာ မရှိဘူးလေ။ ကလေးအဖေကိုယူလိုက်ရတာက အသက်သာဆုံး နည်းလမ်းဆိုတော့ ဒါကိုပဲရွေးရတာပေါ့။ အမျိုးမျိုးပါပဲဆရာကြီးရယ်။

နောက်ဆုံး သမီးအစ်ကိုရဲ့အကူအညီနဲ့ မလေးရှားဘက်ကို Stay ရှောင်နေရပါတယ်။ Stay ရှောင်ပြီး စက်ရုံကို အလုပ်ရှာမယ် ဆိုပြီးပြန်ဝင်လာပါတယ်။ အဲဒီအချိန်မှာ အစ်ကိုက အရင်အခန်းမှာ မရှိပြန်ဘူး။ ကျွန်မ မလေးရှား သွားခိုက်မှာအစ်ကိုက အခန်းပြောင်း သွားပါတယ်။ မေ့သွားတာလား၊ ကမန်းကတန်းပြောင်းသွားတာလား၊ ဘာလားတော့မသိဘူး။ ပြောင်းသွားတဲ့ လိပ်စာကလည်းမေးလို့မရဘူး လေ။ အစ်ကိုက မှာတော့ မှာခဲ့မှာပဲ မှာတဲ့လူနဲ့ သမီးနဲ့မတွေ့တော့တာ လဲဖြစ်နိုင်ပါတယ်။ ဒါနဲ့သမီးလည်း အဲဒီနေ့ရဲ့ညမှာတော့ တည်းခိုခန်း ခလည်း မတတ်နိုင်တာကြောင့် ညလုံးပေါက်လမ်းဘေး စားသောက် ဆိုင်မှာပဲ ထိုင်ငိုက်ပြီး မိုးလင်းခဲ့ရတယ်။ မနက်လင်းတော့ မလေးရှား ကိုပဲပြန်လိုက်တယ်။ မလေးရှားမှာက စက်ရုံထက်စာရင် အလုပ် အကိုင်ရှာဖို့ နည်းနည်းလွယ်တယ်။ အဖမ်းအဆီးလည်း ရှောင်နိုင် ရင်ရတယ်ဆိုတာကို ကြားဖူးထားတယ်လေ”

မလေးကိုပြန်ရောက်တော့ သမီးအလုပ်ရှာတာ ဘယ်မှာမှ မရပြန်ပါဘူး။ စကားမတတ်တော့ ပိုဆိုးတာပေါ့။ နိုင်ငံခြားမှာက စကားမတတ်ရင် အလုပ်မဖြစ်တာအမှန်ပါပဲ။ အနည်းဆုံးလက်ညှိုး ထောင်၊ ခေါင်းညိတ်ကိုယ်အမူအရာ၊ နှုတ်အမူအရာနဲ့ ပြောတတ်ဖို့ လောက်တော့ လိုပါတယ်ဆရာကြီးရယ်။

နိုင်ငံခြားရောက်စ လူ ၁၀ ယောက်မှာ ၃၊ ၄ယောက်ပဲ အဆင်ပြေတာမျိုးတွေ့ရတယ်။ သမီးလည်း နောက်ဆုံးရရာအလုပ် လုပ်မယ်ဆိုပြီး လမ်းဘေးဆိုင်တစ်ဆိုင်မှာ အလုပ်သွားမေးတော့

www.foreverspace.com.mm

ပန်းကန်ဆေးမလားတဲ့၊ လုပ်မယ်ဆိုတာနဲ့ အလုပ်ရသွားတယ်။ အလုပ်ကပန်းကန်ဆေးရတယ်။ အသားကင်ရတယ်။ ခေါက်ဆွဲပြုတ် ရတယ်၊ အသုပ်သုပ်ရတယ်၊ ကြော်ရတယ်၊ လှော်ရတယ်၊ အသားလှီးရတယ်၊ ကြက်သွန်ခွာရတယ်၊ ပြီးတော့ စားပွဲလည်းထိုးရတယ်။ တစ်ဆိုင်လုံးကို ကိုယ့်လက်ကိုယ်ခြေမနေမနားရအောင် လုပ်ရတယ်။ လူသုံး၊ လေးယောက် လောက်လုပ်ရမယ့် အလုပ်ကိုတစ်ယောက်တည်းပတ်ချာလည်လုပ်ရတာလေ။

ဆရာကြီးရယ် ကျွန်မလည်းအလုပ်လုပ်ရင်းနဲ့ စဉ်းစားပါတယ်၊ ကိုယ့်တိုင်းပြည်မှာလည်း ဒီလောက် အပင်ပန်းခံရင် နိုင်ငံခြားမှာရတယ်ဆိုတဲ့ ငွေလောက်နီးနီး ရနိုင်ပါတယ်လို့ပေါ့။ ဒါပေမယ့် ကိုယ်တိုင်းပြည်မှာထက်ကောင်းမယ်ထင်ပြီး ထွက်လာခဲ့ကြတာ၊ အလုပ်က အဲသလောက်ပင်ပန်းပေမယ့် လုပ်ခတော့ မဆိုးလှပါ ဘူး။ တစ်နေ့ဝင်ငွေက ငါးရက်လောက်စားသောက်နိုင်ပါတယ်။ အဝတ်လည်းလှ ဝမ်းလည်းတယ်လို့ ဆိုနိုင်ပါတယ်။ ဒီလိုလုပ်ခပိုတာလေးမက်ပြီး ဒါကြောင့် နိုင်ငံခြားထွက်ကြတာကိုးလို့လည်း စဉ်းစားမိပါတယ်။

"သမီးလုပ်တဲ့လမ်းဘေးဆိုင်ပိုင်ရှင်မှာက အခုလိုထမင်းဆိုင်မျိုး ဆိုင် ၉ ဆိုင်ရှိတယ်လို့သိရပါတယ်။ ဆိုင်ရှင်က သမီးတို့လုပ်တတ်ကိုင်တတ်အောင်လုပ်ပြပြီး ရင်ဆိုင်ကို သမီးတို့နဲ့ပဲအပ်ထားခဲ့တာ။ သူက ဆိုင်တွေမှာ လိုအပ်တာတွေ လိုက်ကြည့်ပြီး ဖြည့်ဆည်းပေးပါတယ်။ သူက အလုပ်မရှိရင် လေးကောင်ဂျင် သွားကစားတတ် တယ်။ ဒီလိုနဲ့ အလုပ်လုပ်ခဲ့တာ ၅ လလောက်ရှိတော့ နည်းနည်းတော့ အမြင်ကျယ်လာတယ်။ နေသားလည်း ကျလာပါတယ်"

www.foreverspace.com.mm

သမီးရတဲ့လခက မလေးမှာအနိမ့်ဆုံးလို့ဆိုရမလားမသိဘူး။ တစ်လမှ မလေးရင်းဂစ် ငါးရာ့ငါးဆယ် ပဲရတယ်။ လခနည်းတော့ သမီးကဆိုင်ရှင်ကိုပြောတယ်။ လခတိုးပေးပါလို့ဆိုတော့ ဆိုင်ရှင်က

လခမတိုးပေးနိုင်ဘူးတဲ့။ နင့်ကိုလခတိုးပေးရင် နင် တစ်ယောက်တည်းတိုးပေးလို့မရဘူး။ အခြားဆိုင်က ကလေးမတွေလည်း တိုးပေးရမှာ။ နင်တွက်ခြေမကိုက်ရင် နင်ရောင်းနေတဲ့ငါ့ဆိုင်ထဲကငွေ နည်းနည်းပါးပါးခိုး ပေါ့လို့ပြောပါတယ်။

ဒီတော့စကားကြားတော့ သမီးအရမ်းအံ့ဩသွားတယ်။ သူ့ဆိုင်ကရတဲ့ငွေထဲက ခိုးဖို့သူကပြောတာလေ။သိပ်ထူးဆန်းတာပဲ သမီးက မခိုးချင်ဘူး၊ ငါတို့လူမျိုးက သူတစ်ပါးပစ္စည်းကို မခိုးဘူး။ ပေးမှယူတာဆိုတော့ ဘယ်ကလာဟုတ်ရမှာလဲ အခြားဆိုင်က နင်တို့လိုမြန်မာတွေလည်း ခိုးနေတာပဲဟာ နင်လည်းခိုးပေါ့တဲ့။ ဒါမှ နင့်အတွက် ကိုက်မှာပေါ့ လို့ပြောပါတယ်။ ငါ့စီးပွားပျက်လောက်အောင်တော့ မခိုးနဲ့ပေါ့ အဲသလောက်ခိုးရင်တော့ အလုပ်ဖြုတ်ပစ်မယ်လို့ ပြောတယ်။ သမီးစိတ်ထဲမှာ ဘယ်လိုဆိုင်ရှင်လဲပေါ့။ သူ့အတွေးအခေါ်ကလည်း အဆန်းပါလားလို့ တွေးမိပါတယ်။ အဖေကပြောဖူးတယ် အတွေးအခေါ်ပညာရှင်ကြီးကားလ်မတ်က ပြောတယ် အရင်းရှင်ဆိုတာ လုပ်ခတော့တိုးမပေးဘူး စက်တိုင်တက်ဆိုတက်မယ်ဆိုတာ ဒါမျိုးနဲ့တူတယ်လို့လဲစဉ်းစားမိပါတယ်”

ဒါနဲ့သမီး အဲဒီဆိုင်မှာပဲ အလုပ်ဆက်လုပ်နေတယ်။ တစ်နှစ်နီးပါးကြာတော့ ဆိုင်ရှင်က သမီးကို နင်ခိုးလည်း မခိုးပါလားတဲ့။ သမီးကငယ်ငယ်ကတည်းက မခိုးတတ်တော့ မခိုးချင်ဘူး ခိုးလည်း မခိုးတတ်ဘူးလို့ ပြောလိုက်တယ်။ ဆိုင်ရှင်က နင်တော်တော်ခက်ပါလားတဲ့လေ၊ နင်ငါ့ဆီမှာလခနည်းတယ်ဆိုရင် အခြားမှာ အလုပ်ရှာ

www.foreverspace.com.mm

ကြည့်ပါလားတဲ့၊ သမီးလည်း ဘာမှမပြောဘဲ သူ့ဆိုင်မှာပဲဆက်ပြီး အလုပ်လုပ်နေခဲ့တယ်”

တစ်နေ့ ဆိုင်ရှင်ဟာ ဖဲရောလေးကောင်ဂျင်ပါရှိုးလာတယ်။ သူအရမ်းစိတ်ရှုပ်နေပုံပဲ သမီးလုပ်တဲ့ဆိုင်မှာလာပြီး ငိုင်တိုင်တိုင်နဲ့ လာထိုင်နေတယ်။ သမီးကိုလည်းကွက်ကြည့် ကွက်ကြည့်ကြည့်နေတယ်။ သမီးက မသိချင်ယောင်ဆောင်ပြီး ကိုယ့်အလုပ်ကိုယ်လုပ်နေတယ်။ စားသောက်သူတွေပါးသွားတဲ့ အချိန်မှာ သမီးကို လက်ယပ်ခေါ်ပြီး ထိုင်ခိုင်းတယ်။ သမီးကလည်းဘာများလဲပေါ့။ နင်ငါ့ဆိုင်ကို ဝယ်မလားတဲ့ သမီးက မဝယ်နိုင်ဘူး၊ ဘယ်လိုဝယ်ရမှာလဲ၊ ငါမှာ ငွေမရှိဘူးလို့ပြောရတယ်။

ဆိုင်ရှင်က နင့်မှာငွေရှိပါတယ်။ နင်ငွေသုံးတာမတွေ့ဘူးတဲ့။ မြန်မာပြည်ငွေပို့တာလည်း မတွေ့ရဲဘူး။ နင့်လက်ထဲမှာငွေကျိန်းသေရှိတယ်လို့ပြောပါတယ်။ သမီးက မလိမ်တတ်တော့ ငွေဘယ်လောက်ရှိတယ်ဆိုတာ ပြောလိုက်တယ်။ ဆိုင်ရှင်က အဲဒီငွေနဲ့ဝယ်ပေါ့တဲ့။ သမီးသူ့ဆိုင်မှာလုပ်တာ တစ်နှစ်ခွဲလောက်ရှိပါပြီ စားစရိတ်လဲ မကုန်ဘူး။ နေစရိတ်လည်းမကုန်ဘူး။ လစာကသူ့ပိုက်ဆံ ၅၀၀ RM ကျော်နဲ့ ဆိုင်ကဘောက်ဆူးတွေ ဘာတွေရတာနဲ့ဆိုတော့ တစ်လ ၆၀၀ RM လောက်စုမိတယ်။ တစ်နှစ်ခွဲဆိုတော့ မလေးငွေတစ်သောင်း ၁၀၀၀၀ RM ကျစ်ကျစ်ပါအောင်စုထားတာပေါ့။ မလေးငွေ ၁ ကျပ် က မြန်မာငွေ ၄၀ လောက်နဲ့ညီတော့ သူ့ငွေတစ်သောင်းက မြန်မာငွေ သိန်း ၄၀ လောက်ရှိပါတယ်။

ဒါနဲ့သမီးက ငါ့မှာဒီလောက်တော့ရှိတယ်။ ဒီငွေလောက်နဲ့ နင့်ဆိုင်ကို ရောင်းမှာလားဆိုတော့ ဒီငွေလောက်နဲ့တော့ ဘယ်ရမလဲ လို့ပြောတယ်။ ဒီငွေသူ့ကိုလောလောဆယ်ပေး၊ ကျန်တာကို အင်စ

www.foreverspace.com.mm

တော်မင်အရစ်ကျနဲ့ ဆပ်သွားပေါ့လို့ပြောတယ်။ ဆိုင်ရှင်ဟာ ငွေအတော်လိုနေပုံရတယ်။ သမီးကလည်း ဆိုင်ပိုင်ရှင်အရမ်း ဖြစ်ချင်နေတာရယ်၊ ဆိုင်ရှင်ကိုလည်း သနားတာရယ်နဲ့ သူပြောတာကို သဘောတူပြီး အဲဒီလမ်းဘေးကဆိုင်ကို သမီးဝယ်လိုက်ပါတယ်။ ဝယ်လိုက်တယ်ဆိုပေမယ့် ဆိုင်ကတော့ သူ့နာမည်နဲ့ပါပဲ၊ အပြန်အလှန် ယုံကြည်မှုပေါ့လေ။ နိုင်ငံခြားသားတွေက ငွေရေးကြေးရေးမှာ သစ္စာရှိကြတာကတော့ အံ့သြစရာပါ။ သမီးနဲ့သူမှာရှိတဲ့ နှုတ်ကတိကို နည်းနည်းလေးမှ မဖောက်ဖျက်ပါဘူး။ ဒါကြောင့်လည်း သူတို့ကြီးပွား တိုးတက်တာထင်ပါတယ် ဆရာကြီးရယ်။

ဒါနဲ့သမီးဆိုင်ပိုင်ရှင်ဖြစ်သွားတယ်။ ဆိုင်အလုပ်ကိုလည်း သမီးက ကောင်းကောင်းလုပ်တတ်နေပြီလေ။ ဈေးဝယ်တဲ့ကိစ္စကိုတော့ ဆိုင်ရှင်ကသုံး၊ လေးရက် လိုက်ပြပေးတယ်။ အခုသမီးဝယ်တတ်ရောင်းတတ်ဖြစ်နေပါပြီး ဝင်ငွေလည်း အရင်နဲ့စာရင်သုံးဆလောက်တိုးရနေပြီပေါ့။ နောင်သမီးရဲ့လုပ်ငန်းဟာ လမ်းဘေးဆိုင်ဆိုပေမယ့် မျှော်လင့်ချက်ရောင်ခြည်ဦးသန်းနေပါပြီ။ ဒီလိုဖြစ်လာတာဟာ ဘုရားတရားသံဃာဂုဏ်ကျေးဇူးနဲ့ မိဘဆရာသမားများရဲ့ ဂုဏ်ကျေးဇူးတွေအပြင် မိမိရဲ့ရိုးသားကြိုးစားမှုကြောင့်လို့ ခံစားယုံကြည်မိပါတယ်ရှင့်။ သမီးရဲ့ ပြည်ပအလုပ်အကိုင်ရှာဖွေရေး လှုပ်ရှားမှုအတွေ့အကြုံကတော့ဒါပါပဲ။ ဆရာကြီးတို့ကိုလည်း သမီးဆိုင်ကို ဖိတ်ပြီး ညနေစာကျွေးချင်ပါတယ်ဟုဆိုပါသည်။

သို့သော်လည်း ကျွန်တော်တို့ မယဉ်ကျေးမေဆိုင်တွင် ထမင်းမစားဖြစ်ခဲ့ပါ။

❒ ❒ ❒

www.foreverspace.com.mm

# အပိုင်း (၄)

## မပြေလည်တဲ့ သူတွေလည်းရှိတယ်


အခန်း (၁၆) ဘင်္ဂလားပင်လယ်အော်ကို ဖြတ်ကျော်၍

အခန်း (၁၇) ရန်ကုန်မှ ဗန်ကောက်ကိုဖြတ်၍ KL သို့

အခန်း (၁၈) အမျိုးမျိုးအဖုံဖုံ အကောင်း၊ အဆိုး အစုံစုံ

အခန်း (၁၉) မလေးရှားမှာ အလုပ်လုပ်သည်ဆိုရာဝယ်

အခန်း (၂၀) ဖားရိုက်သူရိုက်၊ ကန်ဘောင်လျှောက်သူလျှောက်

အခန်း (၂၁) ထိုင်းနယ်စပ်မယ် ပြေးဟယ်လွှားဟယ်


ပန်းမျိုးတစ်ရာစာပေ

www.foreverspace.com.mm

## အခန်း (၁၆)

## ဘင်္ဂလားပင်လယ်အော်ကို ဖြတ်ကျော်၍

မလေးရှားနိုင်ငံသို့ တရားဝင် မည်သို့မည်ပုံသွား ရောက်ရမည်ဆိုသောကိစ္စနှင့် ပတ်သက်၍သိသင့် သိထိုက်သမျှ လိုသလောက် တင်ပြပြီး ဖြစ်ပါသည်။

ယခုအခါ မလေးရှားနိုင်ငံသို့ တရားမဝင်သွားရောက်၍ အလုပ်အကိုင်ရှာဖွေလုပ်ကိုင်ကြပုံကို လေ့လာနိုင်ရန်တင်ပြလိုပါသည်။

မြန်မာ့ရေပြင်နှင့် ထိုင်း၊ မလေးရှားရေပြင်တို့သည် တစ်ဆက်တည်းတည်ရှိပါသည်။ မြန်မာနိုင်ငံ၏ ရေပြင်ကနတ်မြစ်ဝမှ ဘုရင်နောင့်အငူ (ယခင်ဝိတိုရိယအငူ)တိုင် မိုင်ပေါင်း ၁၂၀၀ ကျော်ရှည်လျားရာ ထိုမျှရှည်လျားသောမည်သည့် ကမ်းခြေ နေရာကမဆို မလေးနိုင်ငံ၊ ထိုင်းနိုင်ငံများသို့ သွားနိုင်သည်။ ထိုနည်းမှာ ရေကြောင်းမှဖြစ်သည်။

ကုန်းပိုင်းကဆိုပါက ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသောနေရာများဖြစ်ကြသည့် -

www.foreverspace.com.mm

တာချီလိတ် - မယ်ဆိုင်

မြဝတီ - မဲဆောက်

ကော့သောင်း - ရနောင်း

စသောအထင်ကရနေရာများမှ သာမက အခြားနယ်စပ်နေရာအများ အပြားမှလည်း ဝင်ရောက်နိုင်ကြသည်။ ယခင်မှောင်ခိုလမ်းကြောင်း များသည်လည်း တရားမဝင် လူသွားလမ်းများဖြစ်သည်။

တစ်နေ့နံနက် ပီနန်မြန်မာဘုန်းတော်ကြီးကျောင်း၌ ကျွန်တော် အိပ်ပျော်နေစဉ် လူငယ်တစ်ယောက်က တံခါးခေါက်ပြီး ကျွန်တော့် အခန်းထဲသို့ ဝင်ရောက်လာပါသည်။ ကျွန်တော်က ဘယ်သူဘယ်ဝါ လည်းဟုမေးတော့ ကျွန်တော်တို့အရပ်မှ ဖြစ်နေသည်။ လူငယ်၏ အသက်သည် ၂၅ နှစ် ကျော် ၃၀ လောက်ရှိမည်။ သူ့နာမည်မှာ မောင်လှမြင့် ဟုဆိုသည်။ သူနှင့်ကျွန်တော် ဆွေမျိုးစပ်လိုက်တော့ ဒီသူငယ်က ကျွန်တော်တို့အရပ်မှဖြစ်သည်။

"မောင်လှမြင့် ပီနန်ရောက်နေတာကြာပလား"

"ငါးနှစ်လောက်ရှိနေပြီ အန်ကယ်"

"မြန်မာပြည် ပြန်ရောက်သေးလား"

"မရောက်ဖြစ်ပါဘူး"

"မရောက်ဖြစ်ပေမယ့်၊ အိမ်တော့ပြန်ဆက်သွယ်ဦး မှပေါ့ မြန်မာပြည်ဘက်က မိဘဆွေမျိုးတွေကလည်း စိတ်ပူနေကြမှာပေါ့"

"ကျွန်တော့်အမေကို ငွေနှစ်သိန်းလောက်တော့ ပို့ပေးခဲ့ဖူးပါ တယ်"

"သိပ်ကောင်းတာပေါ့ကွာ၊ အမေ့ကအတွက်ကတော့ နှစ်သိန်းဆိုလည်း ရွာမှာကအတော်ကလေး စားလို့သောက်လို့ရပါ တယ်။ မင်းအလုပ်ကဘာလုပ်ရတာလဲ"

ပန်းမျိုးတစ်ရာစာပေ

www.foreverspace.com.mm

"ကျွန်တော့်အလုပ်က မလေးတောရွာတွေမှာ ဝက်လိုက်ဝယ်ရတယ်"

"မလေးရှားနိုင်ငံက အစ္စလာမ်နိုင်ငံမှာ ဝက်မွေးလား?"

"မွေးတယ်၊ တရုတ်လူမျိုးတွေလည်း နေကြတယ်။ ကျွန်တော့်သူဌေးက တရုတ်မ၊ ကျွန်တော့်ကိုလည်း ယုံကြည်စိတ်ချမှု ရှိတယ်၊ အားလည်းကိုးပါတယ်"

"ကိုယ့်သူဌေးနဲ့ အဆင်ပြေရင်ကောင်းတာပေါ့"

"အခု အန်ကယ် ကျောင်းမှာရှိတယ်ဆိုတာနဲ့ ကျောင်းတံခါး ဖွင့်ဖွင့်ချင်း ကျွန်တော်လာတွေ့တာပါ။ ဒီနေ့မနက် ကျွန်တော်က နယ်ထွက်စရာရှိလို့၊ နယ်ထွက်ရင် သုံးလေးရက် ကြာတတ်လို့၊ ပြန်လာမှဆို မတွေ့ရမှာစိုးလို့ အစောကြီး တံခါးလာခေါက်ရတာပါ"

"ကိစ္စမရှိပါဘူး၊ ကိုယ်ကလည်း မနက်အစောကြီး နိုးနေတာပါ၊ ကဲ ကျောင်းဝင်းထဲလမ်းလျှောက်ရင်း စကားပြောကြရအောင်"ဟုဆိုကာကျွန်တော့်တို့ ကျောင်းဝင်းထဲ၌လမ်းလျှောက်သည်။ ကျောင်းထဲ၌ အခြားသူများလည်းဝင်ရောက် ဘုရားဝတ်ပြုနေကြပြီ ဖြစ်သည်။

ပီနန်မြန်မာဘုန်းတော်ကြီးကျောင်းသည် ကျောင်း၊ ကန်၊ ဘုရား၊ စေတီပုထိုး၊ ဥယျာဉ်၊ နတ်လမ်းစကြံတို့ဖြင့် အလွန်သာယာကြည်ညိုဖွယ်ကောင်းသောကျောင်းဖြစ်သည်။ မလေးရှားနိုင်ငံ၊ ပီနန်ကျွန်း၊ ကားတောင်ပြည်နယ်၏ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်သော Tourist Site တစ်ခုလည်း ဖြစ်ပါသည်။ တကယ့်မြန်မာ့လက်ရာနဂါးရုပ်၊ ဂဠုန်ရုပ်၊ ဆင်အရုပ်များ၊ မြန်မာပန်းချီဆရာတို့၏ လက်ရာများ၊ ဗုဒ္ဓဝင်ရုပ်လုံးရုပ်ကြွအင်္ဂတေ လက်ရာများ၊ စကျင်ကျောက်သား ဆင်းတုတော်များနှင့် လေ့လာစရာ

www.foreverspace.com.mm

ပုဇော်စရာ များစွာရှိသောကျောင်းတစ်ကျောင်းလည်း ဖြစ်ပါသည်။

ကျွန်တော်နှင့် မောင်လှမြင့်တို့သည် စကားစမြည် ပြောရင်း လမ်းလျှောက်လာခဲ့ရာ ကျွန်တော်က-

"မောင်လှမြင့်က ဘယ်လိုအကြောင်းဆိုက်ပြီး ဒီလို ရောက်လာရတာလဲ" မေးပါသည်။

"ဘယ်လိုမှအကြောင်းဆိုက်ပြီး ရောက်လာတာ မဟုတ်ပါဘူး။ ကျွန်တော်လည်း အမေနဲ့စကားများပြီး ဘကြီးတော်သူရှိရာ ကျိုက္ခမီ-မုဒုံကိုရောက်လာရာက ဒီဘက်မှာက မလေး၊ ပီနန်ကို ဥဒဟိုသွားနေကြတာ ကျွန်တော်တို့ လာတုန်းကတော့ လူတစ်ယောက် ၅ သောင်း ကောင်းပေးရတယ်။ ကျွန်တော်ကတော့ ကျိုက္ခမီမှာနေရင်း စက်လှေ ပိုင်ရှင်နဲ့ရင်းနှီးရာက သူ့လှေပေါ်မှာ အလုပ်သမားလုပ်ပြီး လိုက်လာရာက ရောက်လာတာပါ။ ရေလမ်းကနေရောက်လာတာ။ လှေပေါ်ကကိစ္စတွေဝိုင်းလုပ်ရင်း လှေခမပေးရပါဘူး။ ပီနန်ရောက်ရင် လှေပေါ်က ဆင်းနေပြီး ပီနန်မှအလုပ်လုပ်ဖို့ပါ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ် တောင်ဘက်က မြန်မာတွေ ဒီလိုပဲလှေနဲ့ ရောက်လာတတ်ပါတယ်။ အဲဒီလှေတွေက မှောင်ခိုစက်လှေ မဟုတ်ဘူး။ လူကိုသက်သက်ပို့ ပေးတာ၊ စက်လှေတွေက တစ်ရာကျော် နှစ်ရာလောက် ပါတတ်ပါ တယ်။ စက်လှေက အပြန်မှာလည်း လူရတယ်။ အလုပ်လုပ်ပြီး ငွေလေးဘာလေး စုဆောင်းပြီးလို့ မြန်မာပြည်ပြန်ချင်တဲ့လူတွေ တင်ခဲ့ရ တာ။ ပီနန်မှာကလည်း မြန်မာပြည်ပြန်ချင်တဲ့ လူကလှေကြုံအလာ စောင့်နေတာ လှေနဲ့လာရ တာကတော့ လှေဖိုးပဲကုန်တယ် ဆိုပေမယ့် တော်တော်အန္တရာယ် ကြီးပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း မသေလို့ကျန်နေတာ။ ဟို ဆရာသောင်းဝေဦးရေးတဲ့စာလို သေကံမရောက်သက်မပျောက်လို့ပါပဲ အန်ကယ်ရာ"

www.foreverspace.com.mm

"စိတ်ဝင်စားစရာဖြစ်မှာပဲ ပြောပြစမ်းပါဦး"

"ကျွန်တော်တို့စီးလာတဲ့ စက်လှေက လမိုင်ဘက် ထွက်ခဲ့တာ၊ လှေပေါ်မှာ လူနှစ်ရာကျော်ပါပြီး ပင်လယ်ထဲမှာ ခြောက်ရက်ကျော်ကြာနေပြီးမှ မလေးရှားကိုရောက်လာခဲ့ရတာပါ။ ကံကောင်းလို့ အသက်မသေဘဲ ကျန်ခဲ့တာလည်း ဖြစ်ပါတယ်။ စက်လှေပေါ်မှာ ခြောက်ရက်ကြာခဲ့ရာက ထမင်းနှစ်ရက်ပဲစားခဲ့ရပြီး ကျန်လေးရက်မှာတော့ ပါလာတဲ့ မုန့်ပဲသရေစာဘဲစားခဲ့ရပါတယ်။ အချို့လူတွေက စားစရာ ဘာမှဝယ်မလာမိလို့ လေးရက်လုံးလုံး ရေသောက်ပြီးလိုက်ခဲ့ကြရတာပါ။ ပီနန်မရောက်ခင်နှစ်ရက်အလိုမှာ သောက်ရေပါပြတ်သွားလို့ ရေတောင်မသောက်ရတော့ပါဘူး။ ကံကောင်းလို့ မိုးလေးရွာတာနဲ့ အင်္ကျီလုံချည်တွေကိုတမင်ရေစိုခံပြီး အဲဒီအဝတ်ကို ပါးစပ်ထဲ ညှစ်ချပြီး ရေကိုသောက်ခဲ့ရလို့ တော်သေးတာပေါ့ အန်ကယ်ရာ။ လာတဲ့အချိန်က မိုးဦးကျဆိုတော့ လှိုင်းကကြီး ဗိုက်ကဆာ၊ လှိုင်းမူးနဲ့ အတော်ခံခဲ့ရတယ် အလူးအလဲဆိုတာ အမှန်ပဲ။ လမ်းခရီးမှာ မြန်မာရေတပ်နဲ့မတွေ့ဖို့၊ မလေးရှားကမ်းခြေစောင့်တပ်နဲ့ မဆုံမိဖို့ တစ်လမ်းလုံးဆုတောင်းပြီး လိုက်လာကြရတာ။ ဒီကြားထဲ ပင်လယ်ဓားပြကိုလည်း ကြောက်ရပါသေးတယ်။ ကျွန်တော်တို့လှေက လူပို့တဲ့လှေဆိုတော့ ဘာလက်နက်မှ မယ်မယ်ရရမပါဘူး။

"လှိုင်းမူးပြီးမထနိုင်ပဲကြားက ဗိုက်ကလည်းဆာ ရေလည်းမသောက်ရတော့ အမေရေ ကျွန်တော်ဒုက္ခကို ကယ်ပါအုံးဗျ လို့အော်ငိုတဲ့သူက ရှိပြန်ပါသေးတယ်။ ဒီတော့လည်း သူနဲ့ပဲ လိုက်ငိုရမလို၊ ရယ်ရမလိုနဲ့ပေါ့ အန်ကယ်ရယ်"

"နောက်ဆုံးညသန်းခေါင်ကျော် တစ်ချက်တီးလောက်မှာ ပီနန်နဲ့ မနီးမဝေးမှာ လူသူရှင်းတဲ့ကမ်းခြေမှာ စက်လှေကပ်ဖို့လုပ်တော့

www.foreverspace.com.mm

လှေကသောင်တင်ပြန်ပါရော၊ ဒါကို သောင်ပေါ်က လှေကိုထိုးချ၊ ဆွဲချပြီး ကမ်းခြေ ပြန်ကပ်ရပါတယ်။ ကမ်းနဲ့ဝါး လေးငါးရိုက် လောက်ရောက်တော့ စက်လှေပေါ်မှာပါတဲ့လူတွေကို ဝါးဆစ်ပိုင်း၊ ပလတ်စတစ်ပုံးတွေပေးပြီး ရေထဲခုန်ချ ကမ်းအရောက်ကူးကြဖို့ စက်လှေဆလင်ကပြောတော့ သူထက်ငါအရင် ခုန်ဆင်းကြတာ ရေစီး သန်သန်မှာ ဝါးဆစ်ပိုင်းနဲ့ ပလတ်စတစ်ပုံးတစ်ခြားလူ တစ်ခြားဖြစ်လို့ ရေနစ်သူနစ်နဲ့ အနည်းဆုံး ဆယ်ယောက်ကျော်ကျော် သေသွား တယ်လို့ထင်တာပါပဲ။ ဒီလိုကူးနေတုန်း မလေးရှားပီနန်ကမ်းခြေစောင့် ကင်းလှည့်တဲ့ သင်္ဘောကမနီးမဝေးမှာ ဘွားကနဲရောက်လာ မီးမောင်း ထိုးပြီး သေနတ်နဲ့လှမ်းပစ်တော့တာပဲ။ သေနတ်မှန်သံကြားပေမယ့် ကိုယ်လွတ်ရုန်း ပြေးရတာကြောင့် ပြန်တောင်လှည့်မကြည့်ရဲဘဲ ကိုယ်လွတ်ရုန်းပြီး ကမ်းပေါ်အပြေးတက် ကမ်းပေါ်ရောက်တော့ လည်း တောင်သုံးလုံးကျော်ပြေးရတော့ ဆူးခြစ်ရာ၊ ဒူးပွဲပေါင်စုတ် နဲ့အဝတ်တွေလည်း စုတ်ပြတ်တဲ့အထိဖြစ်ပြီး တစ်နေရာမှာ ဝမ်းလျား မှောက်ပြီးပုန်းနေကြရပါတယ်။ မနက်အာရုဏ်တက်မှာ စမ်းတဝါးဝါး နဲ့လာခဲ့ကြရာက ကားလမ်းမတစ်ခုကို ရောက်သွားပြီး ကုန်တင်ကား တစ်စီးတွေ့တာနဲ့ တားစီးတော့ နာရီဝက်ကျော်ကျော်မှာ ပီနန်မြို့ကို ရောက်သွားတယ်။ ကျွန်တော်တို့လူတွေလည်း မစစ်နိုင်တော့ပါဘူး အတူပါလာတဲ့ လူတွေအသက်ရှင်တယ်လို့ မှတ်ရတာပါပဲ။ စက်လှေ ကိုလည်း ပီနန်ကမ်းခြေစောင့်တပ်က ပစ်ခတ်နစ်မြှုပ် ပစ်လိုက်တယ်လို့ ဆိုပါတယ်။ ပီနန်မှာအဝတ်အစားလဲပြီး ကွာလာလမ်ပူထွက်တဲ့ အဝေးပြေးဘတ်စ်ကား စီးပြီးလိုက်သွားတယ်။ လမ်းခုလပ်မှာရှိတဲ့ ဂိတ်တွေမှာ ရဲတက်စစ်တော့ ကားခုံနောက်မှာ ဝပ်ပြီးပုန်းနေလို့ လွတ်ခဲ့တာပါ။ ဒီလိုသက်စွန့်ကြိုးပမ်း ကံကောင်း လို့ရောက်လာတဲ့

www.foreverspace.com.mm

သူတွေ အများကြီးရှိသလို လမ်းမှာဖမ်းဆီးချုပ် နှောင်ခံရတဲ့သူတွေလည်း ဒုနဲ့ဒေး။

"ဒီလိုနဲ့ မလေးကိုရောက်လာပြီး ကွာလာလမ်ပူမှာ အလုပ်ရှာပါတယ်။ ဟိုမှာက မြို့ကလည်းကြီး ရဲဖမ်းတာလည်း စိပ်တာနဲ့ ကျွန်တော်ပီနန်ပြန်လာပြီး အလုပ်လုပ်တာ ပထမအလုပ် တစ်ခုနှစ်ခုက အဆင်မပြေပါဘူး။ အခုမှ တရုတ်မသူဌေးနဲ့ အဆင်ပြေတာပါ။ စက်လှေနဲ့က ဘူးသီးတောင် မောင်တောဘက်၊ အိန္ဒိယ အမျိုးသားတွေရော၊ မုတ္တမပင်လယ်ကွေ့နှင့် ဘင်္ဂလားပင်လယ် အော်ကိုဖြတ်ပြီး မလေးရှားကို ခိုးဝင်ကြတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား တွေလည်းရှိကြပါတယ်" ဟုပြောရင်း၊ 'အန်ကယ်နောက်မှကျွန်တော်လာတွေ့ပါဦးမယ်' ဟုဆိုကာ ကျွန်တော့်အားကန်တော့ပြီး ထွက်သွားရှာသည်။

ကျွန်တော် မောင်လှမြင့်နှင့်တွေ့ခဲ့ကြောင်း သူ့အမေကိုပြောတော့ ဝမ်းသာနေရှာပါသည်။

သူ့ထံသို့ငွေပို့ကြောင်းလည်း ပြောပါသည်။

သူ့အမေထံ ငွေတစ်ကြိမ်နှစ်ကြိမ်ပို့ပြီး သူ့အမေသည် မောင်လှမြင့်နှင့် အဆက်အသွယ်ပြတ်သွားသည် ဟုဆိုပါသည်။ ကျွန်တော်နှင့်လည်း မောင်လှမြင့် လုံးဝမတွေ့တော့ပါ။ ပီနန်ရောက်တိုင်း စုံစမ်းပါသော်လည်းမရပါ။ တစ်ကြိမ်ပီနန်ရောက်တော့ လွန်ခဲ့သောတစ်နှစ်က ဝက်တင်လာသော ကားပေါ်မှအလုပ်သမားတစ်ယောက် လိမ့်ကျပြီးသေဆုံးသွားသည် ဟုဆိုပါသည်။

မောင်လှမြင့် မဖြစ်ပါစေနှင့်။

❐ ❐ ❐

www.foreverspace.com.mm

## အခန်း (၁၇)

## ရန်ကုန်မှ ဗန်ကောက်ကိုကျော်၍ KL သို့

သည်ပုဂ္ဂိုလ်က အသက်ကတော့ ကြီးနေပါပြီ။

မလေးရှားကို ရောက်နေတာလည်း တော်တော်ကြာနေပြီ ဟုဆိုပါသည်။ သူနှင့် ကျွန်တော်လည်း ပီနန်မှာတွေ့ခဲ့ကြခြင်းဖြစ်သည်။ သူ့အတွေ့အကြုံကလည်း စိတ်ဝင်စားဖွယ်ဖြစ်၍ ဖော်ပြအပ် လိုက်ပါသည်။

သူ့နာမည်က ကိုအုန်းသိန်းဟုခေါ်သည်။ မြန်မာပြည်ကို မပြန်တာလည်း (၁၀)နှစ်ရှိပြီဟုဆိုပါသည်။ သူတို့ခေတ် တုန်းက မလေးရှားသို့ရောက်ခဲ့ပုံကို ကျွန်တော့်အား အောက်ပါအတိုင်း ပြောပြပါသည်။

ဆရာရေ ကျွန်တော်မလေးရောက်လာပုံကို မကွယ်မဝှက် ဘဲ ပြောပါရစေ။ သူများတကာတွေ နိုင်ငံခြားတွေ သွားကြတယ် ဆိုတော့ ကျွန်တော်လည်း သွားချင်လာတာပေါ့။ နိုင်ငံကူးလက်မှတ်

www.foreverspace.com.mm

ဆိုတာ လည်း တစ်ခါမှမတွေ့ဖူးပါဘူး။ နိုင်ငံခြားသွားချင်ရင် နိုင်ငံကူး လက်မှတ်လုပ်ပေးမယ့် ပွဲစားကလည်း ရှိနေပါတယ်။ သူကလည်း သူဘယ်လိုပိုင်ကြောင်း မိုးတစ်လုံးလေတစ်လုံးနဲ့ ပြောနေတာ အေးလေ ဘာပဲဖြစ်ဖြစ် နိုင်ငံခြားသွားဖို့ဆိုတာ ငွေမရှိရင် မဖြစ်တာကြောင့် ပထမငွေ ရှာဖို့က အရေးကြီးတာဆိုပြီး ကျွန်တော်လည်းတိုက်တွေ၊ ကားတွေနဲ့နေကြတဲ့ညီအစ်ကို မောင်နှမတွေဆီကငွေတစ်သိန်းစ၊ နှစ်သိန်းစစီ လျှောက်ချေးတာ အစ်ကိုက ပေးချင်ပေမယ့် မရီးလုပ်သူ ကအင်းမလှုပ် အဲမလှုပ်တာနဲ့ မှန်းချက်နဲ့နှမ်းထွက် မကိုက်လို့နောက် ဆုတ်ခဲ့ရပါတယ်။

အေး နိုင်ငံကူးလက်မှတ်ကတော့ ကိုယ်ဟာကိုယ်လုပ် မယ်ဆိုပြီး ရန်ကုန်သားပဲ နိုင်ငံကူးလက်မှတ် လုပ်တဲ့ရုံးသွား တန်စီ ဆိုစီ ဘာစာရွက်ယူဆိုယူပေးပြီး လုပ်လိုက်တာ ပွဲစားပြောသလောက် ငွေမကုန်ဘဲ Pass Port လို့ခေါ်တဲ့ နိုင်ငံကူးလက်မှတ် ကျွန်တော့် လက်ထဲရောက်လာပါတယ်။ နိုင်ငံကူးလက်မှတ်ရတော့ နိုင်ငံခြား ထွက်ဖို့ကိစ္စက နောက်ဆုတ်လို့ မရတဲ့သဘော ဖြစ်သွားပါတယ်ဆရာ။

ငွေကြေးကမပြည့်စုံတော့ ရှေ့ဆက်လုပ်ဖို့က အခက်အခဲ ဖြစ်နေလို့ ဘယ်သူ့ကို အကူအညီတောင်းရမှန်း မသိခဲ့ပါဘူး။ ရွှေပေါင် ငွေပေါင်ပေး ချေးငှားဖို့ကလည်း ရွှေလည်းမရှိ၊ ကိုယ်ပိုင်တိုက်၊ ကိုယ်ပိုင်ကား အပေါင်ထားစရာမရှိတာမို့ ဘာလုပ်လို့လုပ်ရမှန်း မသိဘဲ ယောင်လည်လည်ဖြစ်နေရာက ငွေကြေးချောင်လည်တဲ့ သူငယ်ချင်းတွေဆီမှာလည်း သွားအကူအညီတောင်းတော့၊ သူတို့က ဘာပြောတယ်မှတ်သလဲ။ မင်းတို့ညီအစ်ကိုမောင်နှမတွေ ချမ်းသာကြ သားနဲ့ ငါတို့ဆီလာချေးရသေးသလားကွာလို့ ပြောကြပါတယ်။ ဒါလည်း ဟုတ်တုတ်တုတ်ဆိုတော့ အသာငြိမ်နေရပြန်ပါတယ်။ ဒီလိုနဲ့

www.foreverspace.com.mm

နေလာတာ ကံကောင်းတာလား၊ ဆိုးတာလား တော့ မသိတော့ပါဘူး ဖြစ်ချင်တော့လည်း အရင်တုန်းက အတုံ့အလှယ်ရှိခဲ့ဖူး တဲ့ အဒေါ်ကြီး တစ်ယောက်အိမ်ကိုလာလည်ရင်းက တစ်လငါးကျပ် အတိုးနဲ့ ရွှေပေါင် ငွေပေါင်မပေးရဘဲ ငွေထုတ်ချေးတာကြောင့် ကျွန်တော်လည်း နိုင်ငံ ခြားသွား အလုပ်လုပ်မယ့်လမ်းကြောင်းကြီး ပွင့်ခဲ့ပါတယ်။ ငွေရတာနဲ့ ရက်မကြာခင်မှာဘဲ အတူသွားမယ့် မိတ်ဆွေ ကိုရှာပြီး ချက်ချင်းပဲ လေယာဉ်လက်မှတ်ဝယ်ပြီးတော့ မြန်မာပြည် ကနေ လေယာဉ်အကြီး ကြီးကိုစီးပြီး ယိုးဒယား(ထိုင်း)မြို့တော် ဗန်ကောက်ကို ထွက်ခဲ့ပါ တယ်။ သွားဖို့ ကတော့ မလေးရှားကိုပါပဲ။ မလေးရှားကိုသွားရင် လေယာဉ်စရိတ်ကကြီးတယ်။ မလေးရှားနိုင်ငံ ကလည်း အဲဒီတုန်းက နယ်စပ်ကနေ ဗီဇာမပါဘဲ ဝင်လို့ရတာကြောင့် ဗန်ကောက်က တစ်ဆင့် လေယာဉ်စီးပြီးဝင်ခဲ့ရတာပါ။ လေယာဉ်ပေါ်က အကြောင်းလေးလည်း ပြောပါရစေ။ လေယာဉ်စီးလို့ တအောင့်ကြာတော့ လေယာဉ်မယ် ချောချောလေးတစ်ယောက်က စားစရာတွေ လာချပေးတယ်။ ယိုးဒယား(ထိုင်း)မလေးနဲ့တူပါတယ်။ စားစရာတွေနဲ့အတူ အထုပ် သေးသေးလေး၊ ငါးထုပ်လည်းပါပါတယ်။ ဆား၊ သကြား၊ ကော်ဖီမှုန့်၊ နို့မှုန့်တွေလို့ဆိုပါတယ်။ အဲဒီအထဲမှာ ငရုတ်ကောင်းမှုန့်လည်းပါ တယ်""

""အဲဒီငရုတ်ကောင်းမှုန့်ကို ကျွန်တော်က အမှတ်တမဲ့ ကော်ဖီထဲထည့်ဖျော်မိတယ်။ အမှန်က ဒီငရုတ်ကောင်းမှုန့်ဟာ အသားညှပ်မုန့်အပေါ် ဖြူးစားဖို့ဆိုတာကို နောက်မှသတိပြုမိတယ်။ သတိပြုမိတဲ့အချိန်မှာတော့ အဲဟိုကော်ဖီကို ကျွန်တော်သောက်ပြီး နှင့် ပါပြီ။ ငရုတ်ကောင်းလို့ရေးထားတဲ့ အင်္ဂလိပ်စာကို မသိလို့ခံရ တာပါ။ ကျွေးတာလေးစားပြီးတာနဲ့ မကြာခင်မှာပဲ ပြဿနာက (White card)

www.foreverspace.com.mm

ဝိုက်ကတ်ခေါ်တဲ့ပုံစံဖြည့်ဖို့ လေယာဉ်မယ်ကလာပေးပြန်တယ်။ White card ဝိုက်ကတ်မှာနာမည်၊ နိုင်ငံကူးလက်မှတ်နံပါတ်၊ နိုင်ငံကူးလက်မှတ်ထုတ်ပေးသည့်နေ့စွဲ ထုတ်ပေးသည့်နေရာ၊ ကိုင်ဆောင်သူသည် ကျားလား၊ မလား၊ သွားရောက်မည့် ကိစ္စသည် အလည်အပတ်လား (သို့မဟုတ်) စီးပွားရေးကိစ္စလားစသဖြင့် ဖြည့်ရပါ တယ်။ မဖြည့်တတ်တဲ့သူကလည်း သူ့မေးငါ့မေးနဲ့ ဖြည့်ပြီးသားဖြစ်သွားကြပါတယ်။ ပုံစံဖြည့်ပြီး သိပ်မကြာခင်မှာဘဲ ယိုးဒယား(ထိုင်း) နိုင်ငံမြို့တော် ဗန်ကောက်လေဆိပ်ကိုရောက်ခဲ့တယ်”

လေဆိပ်ကအထွက်မှာ ဘယ်လမ်းကထွက်ရမှန်း မသိလို့ တလည်လည်ဖြစ်ခဲ့ရတယ်။ လေဆိပ်က အထပ်က သုံးထပ်ဆိုတော့ ဘယ်လမ်းကထွက်ရမလဲဆိုတာမသိပါဘူး။ ကျွန်တော်တို့မှာ ချက်ချင်း သုံးနှစ်သား ကလေးဘဝလောက်ကို ပြန်ရောက်သွားပါတယ်။ ဒါတောင် အဲဒီတုန်းက ဒို့မောင်း လေဆိပ်မှာပါ။ အခုဆိုထိုင်းနိုင်ငံက အဲဒီထက်ကြီးကျယ်တဲ့ သုဝဏ္ဏဘုမ္မိလေဆိပ်ကြီး တည်ဆောက်ထားပြီးလို့သိရပါ တယ်။ ဒီလိုနဲ့ အထပ်အပိုးတွေနဲ့ ယောင်ချာချာဖြစ်နေရာက ကံကောင်းချင်တော့ ကျွန်တော်တို့နဲ့အတူပါတဲ့ မောင်မျိုးမင်းရဲ့ မိတ်ဆွေကလာကြိုနေတာကြောင့် အဆင်ပြေသွားတယ်။ အဲဒီနေ့က ဗန်ကောက်မှာ ညအိပ်ကြရပါတယ်။ ညမအိပ်မီမှာ ရှေ့ဆက်ရမယ့် ခရီးစဉ်အတွက် အတူလာတဲ့သူအချင်းချင်း ဆွေးနွေးပြီး မလေးရှားကို လိုက်ပို့မယ့် ပွဲစားနဲ့ ဆက်သွယ်ရပါတယ်။ အဲဒီမှာဖြစ်တာကရှိသေးတယ်။ ကျွန်တော်တို့က နိုင်ငံခြားအလုပ်လား လုပ်တာဆိုတော့ ကုတ်အင်္ကျီတွေ ရှူးဖိနပ်တွေ နက်ကတိုင်တွေနဲ့ ပွဲစားကဒါတွေဝတ် ပြီး သွားလို့မရဘူးတဲ့။ ကုတ်အင်္ကျီတွေဘာတွေ အားလုံး ဗန်ကောက်မှာထားခဲ့ရမယ်လို့ဆိုလို့ မြန်မာပြည်က တန်ဖိုးကြီးပေးပြီး ဝယ်ယူလာ

www.foreverspace.com.mm

တဲ့ ကုတ်အင်္ကျီကြီးကို ဗန်ကောက်မှာထား ခဲ့ရတာပါပဲ။ သူတို့ပြောတဲ့ အတိုင်းလိုက်နာ သူတို့တောင်းတဲ့ အခကြေးငွေကိုပေးပြီး နောက်တစ်နေ့ ဗန်ကောက်က မီးရထားနဲ့ခရီးဆက်ခဲ့ရာမှာ ရထားပေါ် ညအိပ်ပြီး နောက်နေ့မှာမှ ဟိုက်ချိုင်ခေါ်တဲ့ ယိုးဒယား(ထိုင်း)နဲ့ မလေးရှားနယ်စပ်မြို့ ကလေးကိုရောက် သွားပါတယ်"

အဲဒီနောက် ကားစီးပြီး တောလမ်းကိုဖြတ်မောင်းတယ်။ တောထဲက မလေးအိမ်ကလေးတစ်အိမ်မှာ ကားကိုရပ်ပြီး ကျွန်တော်တို့အားလုံးကို ချထားခဲ့ပါတယ် ဆရာရယ်။

အဲဒီညမှာ ထမင်းမစားရပါဘူး။ ပါလာတဲ့ပဲလှော်၊ ပေါင်မုန့်ခြောက်၊ ထန်းလျက်ခဲစားပြီး ရေတွင်းထဲက ရေတစ်ပုံးခပ်ပြီး ဝိုင်းသောက်ကြပါတယ်။ တည်းရတဲ့ မလေးအိမ်မှာ ဘင်္ဂလားဒေ့ရှ်နှစ်ဆယ်လောက် ကိုတွေ့ရပါ တယ်။ ယိုးဒယား(ထိုင်း) သုံး၊ လေးယောက်လည်း တွေ့ရပါ တယ်။ သန်းခေါင်ယံတစ်ချက်တီးကျော်လောက်မှာ မလေးရှားသုံးယောက် ကားနဲ့ရောက်လာကြပါတယ်။ ခုချက်ချင်း ခရီးဆက်ရမယ်လို့ လက်ဟန်ခြေဟန်နဲ့လာ ပြော တာနဲ့ ကမန်းကတန်းကားပေါ်ကို အထုပ်ဆွဲပြီးတက် လိုက် သွားရတယ်"

"ညက လကွယ်ညမို့ ပတ်ဝန်းကျင်ကိုလည်း ကောင်းကောင်းမမြင်ရဘူးပေါ့။ နာရီဝက်ကျော်ကျော်၊ တစ်နာရီခန့် ကားကိုမောင်းသွားပြီးတော့ လမ်းမဟုတ်တဲ့ နေရာမှာ ကားကိုချိုးမောင်းပြီး တစ်အောင့်ကြာတော့ ကားကို ရပ်ပါတယ်။ ကျွန်တော်တို့အဲဒီနေရာထဲ ကားပေါ်က ဆင်း ကြရပါတယ်။ ဘယ်သူမှ စကားမပြောဖို့ အသံမထွက်ဖို့ ပြောပြန်ပါတယ်။ အဲဒီမှာ ဖြစ်တာကရှိသေးတယ်။ ကျွန်တော်တို့က နိုင်ငံခြားအလုပ်လာလုပ်တာ ဆိုတော့ ကုတ်အင်္ကျီတွေ၊ ရှူးဖိနပ်တွေ၊ နက်ကတိုင်တွေနဲ့။ ပွဲစားက ဒါတွေဝတ်ပြီးသွားလို့မရဘူးတဲ့။ ကုတ်

www.foreverspace.com.mm

အင်္ကျီတွေဘာတွေ အားလုံးဗန်ကောက်မှာထားခဲ့ရမယ်လို့ဆိုပါတယ်။ ချောက်ကမ်းပါးတစ်ခုထဲကို မမြင်မစမ်းနဲ့ ဆင်းကြရပါတယ်။ ချောက်ကမ်းပါးအောက်ရောက် တော့ ချောင်းလိုလို မြစ်လိုလိုကို လှေကိုထိုးဝါးနဲ့ ထိုးပြီး တစ်ဖက် ကမ်းကိုသွားကြရပြန်ပါတယ်။ အဲဒီအချိန်မှာ မိုးကဖွဲဖွဲကလေး ရွာလာပြန်တယ်။ ကျွန်တော်တို့ အားလုံး လမ်းပြနောက်လိုက်ကြရ ပါတယ်။ တောင်နှစ်လုံးကိုကျော်ပြီး တောင်ခြေရောက်တော့ တောလမ်းအတိုင်းဆက်လျှောက်ရ ပြန်ပါတယ်။ တောလမ်းဆုံးတော့ ရော်ဘာတောနဲ့ ဆီအုန်းခြံတွေကို ဖြတ်ရတယ်။ ရော်ဘာခြံနဲ့ ဆီအုန်းခြံတွေကို ခြံခတ်ထားတဲ့ သွပ်ဆူးကြိုးတွေကိုလည်း အတန်တန် ကျော်ခဲ့ရတဲ့အတွက် သွပ်ဆူးကြိုးခြစ်ရာတွေက တစ်ကိုယ် လုံးပွနေ တာပါပဲ။ ဘောင်းဘီအင်္ကျီတွေလည်း စုတ်ပြတ်ကုန်တာပေါ့။ အဲဒီလို တစ်ညလုံးလမ်းလျှောက်လိုက်တာ နံနက်အာရုဏ် တက်ငါးနာရီခွဲ လောက်မှာ ကတ္တရာလမ်းတစ်ခုကိုရောက်လာပါတယ်။ ကျွန်တော်တို့ အဖွဲ့ကိုလာကြိုဖို့ ကားကမရောက် သေးလို့ သစ်ပင် အမှောင်ရိပ်ထဲမှာ မိုးစိုစိုနဲ့စောင့်နေရပါတယ်။ ရာသီဥတုက မိုးတ ဖွဲ့ဖွဲ့နဲ့ချမ်းလိုက်တာ လည်း မပြောပါနဲ့တော့။ စောင့်နေတုန်းကိုယ်မှာ ယားကျိကျိဖြစ်နေလို့ ကုတ်လိုက်တော့ ကျွတ်နဲ့မျှော့တွေက ဘယ်ကဘယ်လိုပါလာ မှန်း မသိဘဲ သွေးတွေဝပြီး တွယ်ထားတာ ကိုတွေ့ပါတယ်။ အချင်းချင်း လက်နှိပ်ဓာတ်မီးနဲ့ထိုးပြီး ကျွတ်နဲ့မျှော့ကို ခွာပစ် ကြရတယ်။ ဒီတော့ လမ်းပြကလာပြီး လက်နှိပ် ဓာတ် မီးမထိုးဖို့လာရောက် ဆူပူကြိမ်း မောင်းပါတယ်”

တအောင့်ကြာတော့ ကားနှစ်စီးရောက်လာပါတယ်။ ပေါင်မုန့်ပုံ၊ ဘောက်စ်ဝက်ဂွန်ကားနှစ်စီးမှာ နောက်ခုန် လည်းမပါဘူး။ အဲဒီကားထဲကို ကျွန်တော်တို့ ကြက်တွေ ၊ ဝက်တွေလိုထိုးသိပ်ဝင်စေ

www.foreverspace.com.mm

ပြီး အပေါ်ကတာလပတ်တစ်ခုအုပ် လိုက်ပါတယ်။ အဲဒီလိုအုပ်ပြီးတဲ့အခါမှာတော့ ကားကို အရှိန်ကုန်မောင်းတော့တာပါပဲ။ မနက်ခုနစ်နာရီလောက်ရောက်တော့မှတောလမ်း၊ တစ်နေရာက တိုက်ပုကလေး တစ်ခုနားမှာ ကားကိုရပ်ပြီး အဆင်းခိုင်းပါတယ်ဆရာရယ်။ အားလုံးတိုက်ပုံကလေးထဲဝင်နေဖို့ ပြောပြန်ပါတယ်။ အားလုံးအထဲဝင်ပြီးတဲ့အချိန်မှာ ကျွန်တော်တို့ကိုလိုက်ပို့တဲ့ ကားဒရိုင်ဘာ ကအပြင်ကနေကန့်လန့်ထိုးထားပြီး ပြုတင်းပေါက် သံစကာကလာပြီး မင်းတို့တစ်ယောက်ကို မလေးငွေတစ်ရာ စီပေးရင် ကွာလာလမ်ပူမြို့အထိဆက်ပြီးကားနဲ့ လိုက်ပို့ပေးမယ့်ဆိုတဲ့ အကြောင်း၊ မပေးနိုင်တဲ့သူကိုတောအနီးဆုံးရဲစခန်းကို အကြောင်းကြား အဖမ်းခိုင်းလိုက်မယ်ဆိုတဲ့အကြောင်းပြောပြီး စတင်ခြိမ်းခြောက်ပါတယ်။ ကျွန်တော်တို့ကအကုန်လုံးကို ကွာလာလမ်ပူမြို့အထိ လိုက်ပို့ပေးဖို့ပွဲစားကို ငွေအကုန်ပေးထားပြီးတဲ့ကြောင်းပြောတော့။ သူမသိဘူး သူ့ကိုဒီအထိ ပဲလိုက်ပို့ခိုင်းလိုက်တယ်လို့ ပြောတယ်။ အဲဒီတော့ ကျွန်တော်မှာ ဗန်ကောက်-ရန်ကုန် Return ticket အပြန်လေယာဉ် လက်မှတ်ကိုဗန်ကောက်မှာရောင်းထားတဲ့ငွေပိုရှိတာနဲ့ ငါ့မှာ ဒီငွေတော့ရှိတယ်။ ကျန်တဲ့လူတွေမှာလည်း မင်းတောင်းတဲ့ ငွေတစ်ရာစီမရှိကြဘူး။ ဒီငွေဟာအကုန်လုံးပဲ၊ နောက်ထပ် လည်းမရှိတော့ဘူးဆိုတာနဲ့ အဲဒီဒရိုင်ဘာက ခေါင်းကုတ်ပြီး စဉ်းစားသေးတယ်။ ပြီးတော့မှ ငွေကိုယူပြီးအဝေးပြေးကား တစ်စီးကိုလှမ်းတားပြောဆိုပြီး ကျွန်တော်တို့ကို ကားပေါ်တင်ပေး လိုက်ပြီးကားခကိုတော့ သူရှင်းပေးသွားပါတယ်။ ပိုငွေကိုတော့ သူ့အိတ်ထဲထည့်လိုက်တာပါပဲ။ ကျွန်တော်တို့ အားလုံးကမအူမလည်တွေဆို တော့ကလိမ်ကကျစ်လုပ်တာကို ကြောင်တောင်ခံလိုက်ရတာပါ။ အဲဒီနေ့ည ၈ နာရီ လောက်မှာဘဲ အစာငတ်ရေငတ်နဲ့ မလေးရှား နိုင်ငံမြို့တော်ကွာလာလမ်ပူမြို့ကို ရောက်ခဲ့တယ်။

ပန်းမျိုးတစ်ရာစာပေ

www.foreverspace.com.mm

ကျွန်တော်တို့ဟာ သည်းထိတ်ရင်ဖို တကယ့်ခရီးကြမ်း ခရီးဆိုးကို ဖြတ်ခဲ့ရတာဖြစ်ပါတယ်။ ကွာလာလမ်ပူ ရောက်တော့ မြို့ကြီးကကြီး သူများနိုင်ငံ၊ သူများရေမြေမှာ မျက်စိသူငယ်နားသူငယ် ဆိုတဲ့ဘဝရောက်နေရတာပါ။ အားငယ်လိုက်တာဆိုတာကလည်း မပြောပါနဲ့ဆရာရယ်။

မှားပြီး လာမိတာမှားပြီလို့လည်း အကြိမ်ကြိမ်ရွတ်ဆို မိပါတယ်။

အခု ကျွန်တော်တို့ ကွာလာလမ်ပူအထိ ရောက်ခဲ့ကြ တာက ၆ ယောက်ပါ။ အဲဒီထဲမှာ ကိုတင်အုံးဆိုတဲ့ သူတစ်ယောက်ပဲ သူက အရင်ကတစ်ခေါက်ရောက်ဖူးသူ ပါပါတယ်။ ကျွန်တော်တို့က ဆင်ကန်းတောတိုး လာခဲ့ကြတာ ဆိုတာ ခုမှသဘောပေါက်မိပါတယ်။

"ကိုတင်အုန်းက Over Stay နဲ့နေရင်း မလေးကရုံခါ တဲ့ အပတ်မှာခပ်ကြမ်းကြမ်းဖမ်းပြီး ကြိမ်ဒဏ်ပါ ပေးမယ်ဆိုတာနဲ့ ကြောက်ပြီး တောလမ်းကပြန်ခဲ့တာ၊ အခုတစ်ခါ ကွာလာလမ်ပူ ပြန်ရောက်တော့ သူကလည်းအတူတူပဲ၊ အားလုံးက ပြောင်းလဲ နေပြီတဲ့။ သူလည်း မမှတ်မိတော့ဘူးလို့ ပြောပါတယ်။

ကျွန်တော်တို့အဖွဲ့ဟာ ဒီလိုနဲ့လမ်းဘေးမှာ မိုးတိုးမတ် တပ်ရပ်နေလို့ မဖြစ်ဘူးဆိုပြီး အနားကတိုက် တစ်တိုက်ရဲ့ လှေကား ထစ်မှာ ခဏထိုင်ကြရပါတယ်။ ဘဝကဘယ်လောက် မရေရာ ဘယ်လောက်မတိကျလိုက်သလဲ ဆိုတာကြည့်ပါတော့ ဆရာရယ်။

ဒီလိုထိုင်နေလို့တော့မဖြစ်ဘူး။ အဆက်သွယ်ရ အောင်ကြံကြ ရအောင်လို့ဆိုပြီး ကိုတင်အုန်းက အရင်တစ်ခါ ဒီမှာ နေဖူးတယ် ဆိုတော့ ကျွန်တော်နဲ့ကိုတင်အုန်းထွက် စနည်းနာမယ်၊ ကျန်တဲ့လူတွေ ဒီလှေကားထစ်မှာ နေခဲ့ကြဆိုပြီး ကျွန်တော်တို့ နှစ်ယောက်က

www.foreverspace.com.mm

လူလည်ကြီးတွေလုပ်ပြီး ထွက်လာကြရပါတယ်။ ဒီလိုမှမထွက်ရင်လည်း မရပါဘူး။

ကျွန်တော်နဲ့ကိုတင်အုန်းလည်း ရောက်လာတဲ့ ဘတ်(စ)ကားတစ်စင်းပေါ်တက်ပြီး ဘယ်သွားလို့ ဘယ်လာမှန်းမသိ။ ဘတ်စ်ကားခကိုလည်း ဘယ်လိုပေး ဖြစ်မှန်းမသိဘဲ ကမ္ဘာ့အကြီးဆုံးမြို့ထဲမှာတစ်ခုအပါအဝင်ဖြစ်တဲ့ KL လို့ ခေါ်တဲ့ ကွာလာလမ်ပူမြို့ကြီးမှာ ဘတ်စ်ကားစီးပြီးထွက် လာခဲ့ကြတာဟာ ဗိုလ်ရှုခံထွက်သလိုပါပဲ။

ကားဟာလဲ တစ်မှတ်တိုင်ကနေ နောက်တစ်မှတ်တိုင်ကျော်လာပါတယ်။ ခုနလေ့ကားထဲမှာ ကျန်နေတဲ့ သူတွေနဲ့ကျွန်တော်တို့နဲ့ ပြန်ဆုံမယ် မဆုံဘူးဆိုတာလည်း မသိနိုင်တော့တဲ့ဘဝပါ။

ဒုက္ခအကြီးအကျယ်ရောက်တော့ မြန်မာနိုင်ငံကိုလည်း သတိရလိုက်တာ။ ဘုရားကယ်ပါ၊ ရွှေတိဂုံစေတီတော်ကြီး ကယ်မပါဆိုပြီး ဆုတောင်းရ၊ ဘုရားရှိခိုးရ၊ ဘုရားစာရွတ်ရနဲ့ လာခဲ့ကြတာဘယ်နေရာမှာ ဆင်းရမယ်ဆိုတာလည်း မသိပါဘူး”

ဘုရားစာတန်ခိုးကြောင့်ပဲဖြစ်မှာ ကျွန်တော်တို့ စီးလာတဲ့ဘတ်စ်ကားပေါ်က ဘေးကိုအကြည့် ကိုတင်အုန်းက ဟိုမှာဟိုမှာကျွန်တော်တို့နေခဲ့ဖူးတဲ့နေရာဆိုပြီး ပြောတာနဲ့ သူနဲ့ကျွန်တော်ဟာကားရှေ့မှတ်တိုင် အထိလိုက်ပြီး မှတ်တိုင်ရောက်တော့ဆင်းပြီးပြန်လမ်းလျှောက်ရပါတယ်။

ကိုတင်အုန်းအလုပ်လုပ်ခဲ့တဲ့ နေရာက ဒင်ဆန် DIM SUM ပေါက်စီနဲ့ ဝက်သားပေါင်းအရောင်းဆိုင်ပါ။ ကျွန်တော်လည်း ကိုတင်အုန်းကိုခေါင်းဆောင်တင်ပြီး ဒင်ဆန်ဆိုင်က သူဌေးနဲ့သွားတွေ့ရပါတယ်။ သူဌေးကတော့ သူ့တပည့် ကိုတင်အုန်းကိုချက်ချင်းပဲ

www.foreverspace.com.mm

သူ့ဆိုင်မှာ အလုပ်လုပ်ဖို့လက်ခံ လိုက်ပါတယ်။ ကိုတင်အုန်းက ကံကောင်းသွားတာပေါ့။

ကျွန်တော်တို့အတွက်လည်း ကံကောင်းကြတာပါပဲ။ ကျွန်တော်တို့အဖွဲ့က ၆ ယောက်ပါ။ မိန်းကလေး က ၂ ယောက်၊ ယောက်ျားလေးက ၄ ယောက်ပါ။ ကိုတင်အုန်း အလုပ်ရသွားတော့ ကျွန်တော်တို့လှေကားမှာ ထားခဲ့တဲ့ ကျန်တဲ့လူတွေကို သွားပြန်ခေါ် ရပါတယ်။ ပြီးတော့ အားလုံးအတွက် အနီးအနားကဆိုင်တွေမှာ အလုပ်ရှာကြရပြန်ပါတယ်။ နှစ်ရက်အတွင်းမှာဘဲ တစ်လမလေး ရင်းဂစ်ငွေ ၄၅၀ RM နဲ့ အလုပ်ရခဲ့ကြပါတယ်။ လစာဟာ အတော် နည်းမှန်း သိပေမယ့် ဝင်လုပ်ကြရပါတယ်။ ဒါကတော့ ကျွန်တော် မလေးကို ရောက်ခဲ့ရတဲ့ ရောက်ခဲ့ပုံ၊ ရောက်ခဲ့နည်းပါဟု ကိုအုန်းသိန်း က ပြောပြသော မလေးနိုင်ငံသို့ဝင်ရောက်ခဲ့ပုံ နည်းတစ်ဖုံကို ဖော်ပြ လိုက်ရပါတယ် ခင်ဗျာ။

❒ ❒ ❒

www.foreverspace.com.mm

## အခန်း(၁၈)

## အမျိုးမျိုးအဖုံဖုံ အကောင်းအဆိုးအစုံစုံ

ကိုအုန်းသိန်းက ထိုကဲ့သို့ ရန်ကုန်မှ ဇန်ကောက်ကို ဖြတ်၍ မလေးသို့လာပြီးနောက် သူဘဝ ကွာလာလမ်ပူတွင် ဘယ်လိုရုန်းကန်ခဲ့ရပုံကို ဆက်ပြောပြပါသည်။

ဆရာရယ် ကွာလာလမ်ပူမှာ ပုလိပ်ဘေး၊ ရဲဘေး ကလည်း လွတ်၊ နေစရာလေးလည်းရ၊ ထမင်းစားဖို့ လည်းရတယ် ဆိုတော့ ကံကောင်းတယ်လို့ဆိုရမယ့် ဘဝမျိုးပေါ့လေ။ လစာနည်းတယ် အလုပ်ပင်ပန်းတယ်စသည်ဖြင့် ဂျီးမများနိုင်ပါဘူး။ KL ရောက်ရောက်ချင်းနေ့က တိုက်လှေ ကားထစ်မှာ ခိုကပ်နားနေရတာ ထက်စာရင် အခုနေရတာက ဝမ်းသာစရာပါ။

ရောက်လာတဲ့ ကျွန်တော်တို့ခြောက်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက်အလုပ်လုပ်ကြတဲ့နေရာ ဆိုတာတွေကလည်း မနီးမဝေးဆိုတော့ တစ်ဦးကိုတစ်ဦးလည်း စောင့်ရှောက်ကြပါတယ်။

www.foreverspace.com.mm

လေယာဉ်ပျံနဲ့ ထွက်လာခဲ့တဲ့ခရီးကအစ ဗန်ကောက်မှာ အထိတ်တလန့်နေခဲ့ရတဲ့ည၊ ထိုင်းနယ်စပ်ကနေ မလေးနယ်စပ်ခရီးမှာ ကျွတ်တွေ၊ မြွေတွေ အတွယ်ခံရတဲ့ အကြောင်းတွေကို စားမြုံ့ပြန်ပြောကြရင်း ကျွန်တော်တို့တစ်တွေဟာ ရယ်ကြရတဲ့အခါလည်းရှိတယ်။ စားစရာ၊ နေစရာလေးရလို့ ပျော်ခဲ့ကြရာက တစ်လလောက်တောင် မကြာခင်မှာဘဲ ကျွန်တော်တို့တစ်တွေဟာ ကိုယ်ကျိုးအတ္တတွေ ကိုယ်စီနဲ့ပစိပစပ်တွေ တဖြေးဖြေးပေါ်လာခဲ့ပါတယ်။ ကျွန်တော် အပြန်လေယာဉ်လက်မှတ်ရောင်းပြီး လမ်းခရီးမှာ သူတို့ချေးငှားသုံးစွဲခဲ့တဲ့ ကျွန်တော့်ငွေတွေကိုလည်း ပြန်မဆပ်ကြ ပြန်မပေးကြတော့ပါဘူး။ ကျွန်တော့်ရဲ့ ဗန်ကောက်-ရန်ကုန် Return ticket အပြန်လေယာဉ်လက်မှတ်ကို ရောင်းပြီးရခဲ့တဲ့ ငွေနဲ့စိုက်ပြီးလမ်းခလပ်ကနေ ကွာလာလမ်ပူမြို့အရောက် အဝေးပြေးကားခပေးခဲ့တဲ့ ငွေကိုလည်း တစ်ယောက်လောက်ကပဲပြန်ပေးပြီး ကျန်လူတွေက ခပ်တည်တည်နဲ့ မပေးတော့ဘဲ ရှောင်ဖယ်ဖယ် လုပ်နေခဲ့ကြလို့ အခုထိမရတော့ဘူးပေါ့။ အရေးပေါ်လို့ လမ်းခုလပ်မှာ ကယ်တင်ကူညီခဲ့တဲ့ငွေကိုတောင် မပေးချင်ကြတာတော့ အံ့သြစရာပါပဲ”

မကြာပါဘူး ကျွန်တော်တို့နဲ့ပါလာတဲ့ မိန်းကလေးနှစ်ယောက်ထဲက ကလေးနှစ်ယောက် အမေဖြစ်တဲ့ မိန်းကလေးတစ်ဦးက မလေးရှားမှာအနေကြာပြီဖြစ်တဲ့ ကိုရွှေဗမာတစ်ဦးနဲ့ ရင်းနှီးပြီး အဲဒီမောင်စားဖားက ဟိုလိုက်ပြ၊ ဒီလိုက်ပို့နဲ့တတွဲတွဲလုပ်ရင်း ပြောင်ပြောင်တင်းတင်းပဲ ငြိကြပါတယ်။ အမျိုးသားကလည်း မြန်မာပြည်မှာကလေး သုံးယောက်နဲ့ဆိုတာလည်း အားလုံးကသိကြတယ်။ အတူလာတဲ့ အဲဒီအမျိုးသမီးရဲ့မောင်က မျက်နှာဘယ်ထားရမှန်းမသိဖြစ်ပြီး ဓားကြိမ်းကြိမ်းတော့လည်း အရှိန်ကမလျှော့ဘဲနဲ့

www.foreverspace.com.mm

ပိုတောင်ရှုပ်ကုန်ကြပါတယ်။ ပြောမရလို့ သူမောင်က သူ့အစ်မကို ပုလင်းနဲ့ခေါင်းကိုရိုက်တော့ ကျွန်တော်တို့တစ်တွေ ကသူ့မောင်ကို မြှောက်ပေးလို့ဖြစ်တာဆိုပြီးရန်တွေ့ခံကြ ရပြန်ပါတယ်။ အဲဒီကလေးနှစ်ယောက်အမေရဲ့ ယောကျ်ားက မြန်မာပြည်မှာ ဘိန်းဖြူမှုနဲ့ ထောင်ကျနေတာလို့လည်း သိရပါ တယ်။

နောက်မိန်းကလေးတစ်ဦးက မြန်မာပြည်မှာက တည်းက ကျွန်တော်တို့နဲ့က မကင်းရာမကင်းကြောင်းပါ။ အဲဒီမိန်းကလေးရဲ့ ယောကျ်ားကတော့ မြန်မာပြည်မှာ ရုံးဝန်ထမ်းပါ။ သူ့ယောကျ်ား လုပ်စာနဲ့ မလောက်ငှလို့ဆိုပြီး ထွက်လာခဲ့တာလို့ပြောပါတယ်။ သူလည်း အနေအထိုင် မဟုတ်လို့ ကျွန်တော်တို့က ဝိုင်းပြောကြတော့ ရှင်တို့နဲ့ဝေးတာပဲကောင်းတယ်ဆိုပြီး တစ်ခြားအလုပ်တစ်နေရာကို ပြောင်းသွားပါတယ်။ ကျွန်တော်တို့မသိတဲ့ တစ်နေရာက ဆေးခန်းမှာ ဝင်အလုပ်လုပ်နေတယ်လို့တော့ ကြားတာပဲ။ နောက်ဘာဖြစ်လဲဆိုတာ တော့ မသိကြတော့ပါဘူး” ခက်တာက ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် နိုင်ငံခြားရောက်သွားရင် ငါတော့လွတ်လပ်ပြီး၊ ငါဘာလုပ်လုပ် ဘယ်သူသိတာ မှတ်လို့ဆိုတဲ့ စိတ်တွေကဝင်သွားတတ် ကြပါတယ်။ အဲဒီကနေ အမှားတရားလမ်းကြောင်းကို ရောက်ကုန်ကြ တော့တာပါဘဲ။

နောက်တစ်မျိုးက ယောကျ်ားလေးတော်တော်များ များတွေက နိုင်ငံခြားမှာအနေကြာတော့ အရက်၊ ဘီယာတို့ သောက်ဖြစ်လာ ကြရုံသာမကဘဲ ဖဲကလည်းမကြာခဏ၊ နိုက်ကလပ် Night Club ကလည်းတစ်လ သုံး၊ လေးခါ၊ ဆေးခြောက်နဲ့ငါးလို့ခေါ်တဲ့ ဖင်စီဒိုင် ကလည်းတွေ့မရှောင်။ နံပါတ်ဖိုးဆိုရင်လည်းတွေ့တဲ့အခါ မို့လုပ်တာ ပါဆိုပြီး လုပ်လာကြတာတွေလည်း တွေ့လာရပါတယ်။

www.foreverspace.com.mm

အချို့က အိမ်မှာပြောမနိုင်ဆိုမရတာကြောင့် လွှတ်လိုက်သလားလို့တောင် အောက်မေ့ရတယ်။ အတိုချုပ်ပြောရရင် နိုင်ငံခြားမှာ အတော်ပျက်စီးလွယ်တာကိုတွေ့ရတယ်။ လူတိုင်းတော့မဟုတ်ဘူးပေါ့။ မိန်ကလေးအချို့ကြတော့လည်း မိမိကိုယ်မိမိသိက္ခာ ကိုထိန်းသိမ်းပါလျက်နဲ့ ပတ်ဝန်းကျင်ကခြိမ်းခြောက် အနိုင်ကျင့် ခံရရာကပျက်စီးသွားတာတွေလည်းရှိပါတယ်။

ဒါကြောင့်ကျွန်တော်တို့ မြန်မာနိုင်ငံအစိုးရက မိန်းကလေးတွေကို နိုင်ငံခြားကို အကြောင်းကိစ္စခိုင်ခိုင်မာမာ မရှိဘဲပေးမထွက်ဘူးဆိုတဲ့ သတင်းကြားတော့ ကျွန်တော်က နိုင်ငံအစိုးရကိုလေးစားကျေးဇူးတင်မိပါတယ်။

နိုင်ငံရပ်ခြားသွားအလုပ်လုပ်တဲ့ သူတွေရဲ့ဘဝအခြေ အနေကိုကျွန်တော်ဆက်ပြီးတင်ပြရရင် ရင်နာစရာ၊ မခံချင် စရာတွေကလည်းအများကြီးပါပဲ။ ပြောမယုံကြုံဖူးမှသိမယ်ဆိုတဲ့ စကားလိုပါပဲဆရာရယ်။

နိုင်ငံရပ်ခြားတိုင်းတစ်ပါးမှာ အလုပ်သွားလုပ်ကြတဲ့သူအတော်များများဟာ အခြေမဲ့အနေမဲ့လူတန်းစားအတော်နည်းပါတယ်။ ဒါပေမယ့် ၁၀ သိန်း၊ ၁၅ သိန်းရှိတဲ့ လူ၊ ချေးငှားလာနိုင်တဲ့သူတွေဖြစ်ကြပါတယ်။ ဒါပေမယ့် နိုင်ငံခြား ရောက်သွားပြီး အလုပ်လုပ်ရတဲ့အခါ အိမ်ရှင်နိုင်ငံက အလုပ်ရှင်တွေက ကျွန်တော်တို့ကိုအရမ်းအထင်သေးကြတယ်။ အားလုံးကို အခြေမဲ့အနေမဲ့တွေလို့ယူဆပြီး သူတို့လူမျိုး တွေမလုပ်ချင်တဲ့အလုပ်၊ မလုပ်ဝံ့တဲ့အလုပ်တွေမှာအများဆုံး ခိုင်းစေပြီး လုပ်ခကျတော့ အနိမ့်ဆုံးပဲ ပေးချင်ကြပါတယ်။အလုပ်ချိန်ကိုမသိမသာကနေသိသိသာသာပို့ခိုင်းတတ်ပါတယ်။

www.foreverspace.com.mm

လုပ်ခပေးဖို့ကျတော့ ဟိုကတ်ဒီကတ်လုပ်ပြီး နေ့ရွှေ့ ရက်ရွှေ့လုပ်ချင်ကြပါသေးတယ်။ လခတိုးပေးဖို့လည်း အကြောင်း အမျိုးမျိုးပြ ရှောင်လွှဲတတ်ပါတယ်။ မခံနိုင်တဲ့ အဆုံးအလုပ်က ထွက်မယ်ပြောတော့မှ နည်းနည်းတိုးပေးလေ့ ရှိတယ်။ တိုးမပေးခင်မှာ မင်းကအလုပ်လုပ်တာ နှေးတယ်။ ပျင်းတယ်။ မင်းကပိန်တယ်၊ ဒီလောက်ရရင်နည်းသေးလား။ မင်းတို့နိုင်ငံမှာ ဒီလောက်တောင်ရတာ မဟုတ်ဘူး။ မင်းတို့နိုင်ငံငွေကြေးနဲ့တွက်ရင် ငါ ပေးတာများတောင်များနေသေးတယ် စသဖြင့် ပစိပစပ်လည်း ပြောပါသေးတယ်။ အလုပ်သမားတစ်ယောက်ကို သူတို့စိတ်တိုင်းမကျတော့ဘူး ဆိုရင် ကြံဖန်အကြောင်းပြပြီး ထုတ်ပစ်ကြပါတယ်။ အရင်ကျွန်တော်တို့လုပ်ခဲ့တဲ့ဆိုင်နားက ပအိုဝ့်အမျိုးသား လူငယ်တစ်ယောက်ဆိုရင် ဝက်ခြံပေါက်တာ အညှော်မိပြီး ပါးတစ်ခြမ်းရောင်တာကို မင်းမှာကူးစက်ရောဂါ AIDS ရှိနိုင်တယ်ဆိုပြီး အလုပ်က နေ့ချင်းရက်ချင်း ထုတ်ပစ်လိုက်တာကိုတွေ့ရပါတယ်။

"ကျွန်တော် သူငယ်ချင်းတစ်ယောက်စက်ရုံတစ်ခုမှာ အလုပ်လုပ်တာ တစ်နေ့လုပ်ခက စားစရိတ်သာသာပဲရတယ်။အိမ်ကိုငွေပို့ရတာနည်းလွန်းလို့ အချိန်ပို (Over time) လုပ်တယ်။ တစ်နာရီလုပ်ခ ၃ ဒေါ်လာပေးမယ်ပြောပြီး တကယ်ငွေရှင်း ပေးတော့ တစ်ဒေါ်လာခွဲပဲ ပေးပါတယ်။ မကျေနပ်လို့ အလုပ်ရှင်သူဌေးကိုပြောတော့ ငါစီးပွားရေးမကောင်းလို့ ဒီလောက်ပဲယူပါလို့ ပြောပြန်ပါတယ်။ ကျွန်တော့်သူငယ်ချင်းကမခံချင်တာနဲ့ မင်းပြီးခဲ့တဲ့နှစ်က စီးပွားရေးအရမ်းကောင်းတော့ကော ငါတို့ကိုပိုပေးခဲ့လို့လား လို့ပြောတော့၊ အလုပ်ရှင်သူဌေးက မင်းမကျေနပ်ရင် အလုပ်က ထွက်နိုင်တယ်လို့ပြောတယ်။

www.foreverspace.com.mm



သူငယ်ချင်းမှာက ဟိုအလုပ် ဒီအလုပ်ပြောင်းရင်နေရေးစားရေး ခက်ခဲမှာနဲ့ အလုပ်သစ်ရှာဖို့ အတွက်ကလည်း အလုပ်ရှာပေးတဲ့ပွဲစားကို ပေးရမယ်ပွဲခကိုငဲ့ပြီး အဲဒီမှာပဲ အောင့်အည်းသည်းခံပြီးဆက် လုပ်ခဲ့ရပါတယ်”

နိုင်ငံခြားတိုင်းပြည်တွေမှာ အလုပ်အပြောင်းအလွဲ လုပ်ဖို့က သိပ်လွယ်တာမဟုတ်ပါဘူး။ ပထမဘုန်းကြီးက တချက်ခေါက်ပြီး နောက်ဘုန်းကြီးကျမှ နှစ်ချက်အခေါက်ခံရမဲ့ ဘဝမျိုး၊ ကျားကြောက်လို့ရှင်ကြီးကိုး ရှင်ကြီးကျားထက်ဆိုး ဆိုတာမျိုး ကြုံရမှာကိုလည်း ကြောက်ရပါသေးတယ်။ တချို့အလုပ်ရှာပေးတဲ့ ပွဲစားတွေက ဘယ်သူသေသေ ငတေမာပြီးရောလုပ်မှာကို ကြောက်ရတာကတစ်မျိုး၊ ပွဲစားဆိုတာက သူကူညီရင်ဒုက္ခပေးတတ်တဲ့ ရှေ့နေဆိုးနဲ့ သိပ်မကွာဘူး။ မှန်မှန်ကန်ကန်ပွဲစားတော့ရှိပါတယ်။ ဒါပေမယ့် သိပ်ကိုရှားတယ်။

အလုပ်လည်းမရှိ အသိမိတ်ဆွေလည်းမရှိ၊ မသွားတတ် မလာတတ်၊ မပြောတတ် မဆိုတတ်တဲ့ မိန်းကလေးများ တွေ့ရင်တော့ တချို့ပွဲစားတွေကအမဲလို့ သဘောထားပြီး အလုပ်ကောင်းကောင်း ဘယ်လိုရအောင်ရှာပေးမယ် ဘာညာနဲ့ မစားရဝခမန်းပြောပြီး တကယ်ကျတော့ အလုပ်ကို ချက်ချင်း ရှာမပေးသေးဘဲ သူ့အခန်းမှာ ခေါ်ထားတယ်။ ယောက်ျား ဆိုရင်တော့ အခန်းနေခ၊ စားစရိတ် အကုန်ပေးရတယ်။ မိန်းကလေးဆိုရင်တော့ ဒါတွေကိုမတောင်းတော့ဘူး။ သူ့ကိုယ်သူ မဟာကယ်တင်ရှင်ကြီး ဖြစ်အောင်အယုံသွင်းပြီး သူ့အခန်းမှာ တစ်လကျော်ကျော်ထားပြီး စောင်မတတ်ကြပြန်ပါတယ်။ ပြီးတော့မှ သင့်ရာအလုပ်တစ်ခုခုကို ရှာပေးလိုက်ပြီး ရုံခါလိုက်ပါတယ်။ ပွဲစားတွေတင်ယုတ်မာကြတာ မဟုတ်ပါဘူး။ လုပ်ဖော်ကိုင်ဖက် မြန်မာအချင်းချင်းကလည်း သူ့ကိုယ်သူလူပျိုပါ

www.foreverspace.com.mm

ဆိုပြီး မိန်းကလေးတွေနဲ့ Stay together အတူနေဘဝနဲ့ လုပ်နေကြတာလည်း အများကြီးပါပဲ၊ အချို့က မြန်မာပြည်ကထွက်လာကတည်းက လမ်းမှာငြိခဲ့ပြီး ဒီမှာ ဆက်ပြီးငြိ ကြတာတွေလည်း ရှိပါတယ်။ မြန်မာပြည် ပြန်ရောက်ရင် အတည်ယူကြမယ်လို့ အမှန်ပြောတဲ့သူတွေရှိသလို လိမ်တဲ့လူတွေ လည်းရှိကြပါတယ်။

အချို့မိန်းကလေးတွေက အိမ်ဖော်လုပ်ရင်း အိပ်ဖော် ဖြစ်နေတာတွေ့ရတယ်။ အိမ်ရှင်တွေက အရေးပေးထားတော့ သူတို့ကြည့်ရတာ ခပ်ပေ့ပေ့၊ ခပ်ပျော်ပျော်ပါပဲ။ တချို့ အလုပ်ရှင်တွေက မိန်းကလေးချောချောလေးတွေကို လခပိုပေးပြီး သူ့အလုပ်မှာ ခိုင်းလည်းခိုင်းတယ်ပြီးတော့ အတူလည်းတွဲကြတယ်။ ဒါတွေကို တွေ့ရတော့ နိုင်ငံတကာကို ဘယ်မြန်မာမိန်းကလေးမှလာပြီး အလုပ်မလုပ်စေချင်ဘူး။ အေး… အေဂျင်နဲ့ဆက်သွယ် လုပ်ကိုင်ပြီး Over Stay လည်း မဖြစ်အောင်တရားဝင်နေနိုင်ရင်တော့ ကောင်းတာလည်းရှိပါတယ်။ မြန်မာလူမျိုးကို အားလုံးမကောင်းဘူးလို့ ပြောလို့ တော့မရပါဘူး။ တကယ့်စေတနာရှင် စိတ်ထားဖြူစင် သူတွေလည်းရှိပါတယ်။

သစ်စက်တစ်ခုမှာ လုပ်တဲ့ကျွန်တော့် မိတ်ဆွေ ကိုမြင့်သိန်းနဲ့ ကျောင်းဆရာဘဝက အလုပ်ထွက် အငြိမ်းစားယူပြီး အလုပ်လာလုပ်နေတဲ့ ဦးဒါနဆိုရင်မလေးရှားမှာ ရောက်နေတာလည်းကြာပြီ အဲဒီဆရာနှစ်ယောက်က မလေးရှားမှာ အလုပ်လက်မဲ့ ဖြစ်ဒုက္ခရောက် နေတဲ့သူတွေ့ရင် ပွဲခမယူဘဲ အခမဲ့အလုပ်ရှာပေးတယ်။ စားစရိတ် ထောက်ပံ့တယ်။ နေစရာမရှိသေးရင် သူ့အခန်းမှနေခွင့် ပေးသေး တယ်။ အတော်တော်တဲ့ စေတနာရှင်တွေလို့ဆိုရမှာ ဖြစ်ပါမယ်။ ဒါကြောင့်လည်း မြန်မာပြည်ကသူ့အိမ်ကိုသူများနည်းတူ ငွေများများ

www.foreverspace.com.mm

မပို့နိုင်ရှာပါဘူး။ ဒီလိုကူညီရတာ သူ့အတွက် အလှူလုပ်ရသလို ကျေနပ်ခံစားပြီး လုပ်ဆောင်တာပါလို့ပြောတဲ့ လူလည်းရှိပါတယ်။

နောက်ကျွန်တော်တွေ့ရသူက ကိုဂျိုးဇက်ပါ။ အဖေက ဟိန္ဒူဗုဒ္ဓဘာသာ၊ အမေက ခရစ်ယာန်ပါ။ တစ်နေ့ အချိန် မတော်ညဆယ်နာရီလောက်မှာ အချိန်ပိုဆင်းရာက အပြန် မိန်းကလေး တစ်ယောက်ကို လမ်းမှာတွေ့လို့ဆိုပြီး သူ့အခန်း ကိုခေါ်ခဲ့ပါတယ်။ အဲဒီမိန်းကလေးကမြန်မာပအို့မလေး တစ်ယောက်ပါ မွန်ပြည်နယ်၊ သထုံဘက်က လို့ဆိုပါတယ်။ ယိုးဒယား(ထိုင်း)နဲ့ မလေးရှားအကြား တောလမ်းခုလတ်မှာ သူ့ယောကျ်ားနဲ့သူလမ်းမှာ မျက်ခြေပြတ် လူချင်းကွဲပြီးရောက် လာတာလို့ပြောပါတယ်။ ပထမပွဲစား တစ်ယောက်နဲ့တွေ့ပြီး အဲဒီပွဲစားအိမ်ကို ရောက်သွားတယ်။ ပွဲစားကသူမကိုထိကပါး ရိကပါးနဲ့မြူဆွယ် ကြံစည်တာကိုရိပ်မိလို့ ပွဲစားအိမ်ကခိုး ထွက်လာတာလို့သိရပါတယ်။ အဲဒီမိန်းကလေးကို ကိုဂျိုးဇက်တို့ ညီအစ်ကိုတစ်သိုက်က သူတို့အိမ်မှာခေါ်တင် ထားပြီး အခန်းတစ်ခန်းသီးခြားပေးထားတယ်။ မိန်းကလေးကတော့ ကျွန်မအခု မြန်မာပြည်ကို စာရေးထားတယ်။ ပြီးတော့ ရန်ကုန်မြို့မှာရှိတဲ့ အမျိုးတွေကတဆင့် ကျွန်မအဖေနဲ့ အမေဆီကိုရော ယောက္ခမတွေ ဆီကိုပါ ဖုန်းဆက်အကြောင်းကြားထားပြီးပါပြီ ဖုန်းအဆက်အသွယ်ကို ကျွန်မမလုပ်တတ်တာကို ကိုဂျိုးဇက်တို့ ညီအစ်ကိုတွေကပဲ ဖုန်းဆက် ပေးပြီးကူညီပါတယ်။ အခုထိ သူ့ယောကျ်ားလည်း သေသလား ရှင်သလား မသိပါဘူးလို့ မျက်ရည်စက်လက်ဖြင့် ပြောရှာ ပါတယ်။ ကိုဂျိုးဇက်က ဘာမှမပူနဲ့အစ်မ၊ အစ်မ ယောကျ်ားနဲ့ တစ်နေ့နေ့ အဆက်အသွယ်ရမှာပါ ဒုက္ခမရောက်အောင် ကျွန်တော်တို့ကူညီ

www.foreverspace.com.mm

ပါမယ့်။ နောက်ဆုံးအစ်မ မြန်မာပြည် ပြန်ချင်ရင်တောင် ကျွန်တော်တို့စရိတ်ခံပြီး ပို့ပေးပါမယ်လို့ အားပေးစကားပြောပါတယ်”ဟု မလေးမှာ နေရတဲ့ ဘဝအစုံစုံအား ကိုအုန်းသိန်းကပြန်ပြောပြသည်ကို ကြားခဲ့ရပါသည်။

❒ ❒ ❒

www.foreverspace.com.mm

## အခန်း (၁၉)

## မလေးရှားမှာ အလုပ်လုပ်သည်ဆိုရာမှာ

မလေးရှားမှာ အလုပ်လုပ်ရတာက Over Stay နေတာလည်း မဟုတ်ဘူး၊ သံရုံးအခွန်ကိုလည်း မှန်မှန်ပေးမယ်၊ လဲဗီးကြေးလည်း ပြန်သွင်းပေးမယ်ဟုဆိုပါက တစ်လတွင် မလေးရှားငွေ (၇၀၀-၇၅၀ RM) မှမရလျှင် မလုပ်နိုင်ကြ။ သို့သော် အိုဗာစတေးသမားများကျတော့ သူတို့ကတော့ နိုင်ငံကူးလက်မှတ်ကလည်းသက်တမ်းကုန်၊ မလေးရှားကို ဝင်လာကတည်းကလည်း နိုင်ငံကူးလက်မှတ်မရှိသူများ ကျတော့ ... သူတို့ကတော့ တစ်လတွင် မလေးရှားငွေ (၄၅၀-၅၀၀ RM)နှင့် လုပ်နိုင်ကြသည်။

အိုဗာစတေးသမားများကိုတော့ မလေးအလုပ်ရှင်တို့ကလည်း ထိုထက်ပိုမပေးတတ်ကြပေ။ ထိုသူများကတော့ ဘယ်တော့များဝင်ဖမ်းမလဲ ဝင်ဖမ်းမလဲဟုဆိုကာ ပူပန်မှုနှင့် နေကြရသည်။

www.foreverspace.com.mm

ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်များတွင် ကြုံရာကျဖမ်းလုပ်ဆောင်နေသူ ကိုစိုးမြင့်ကျော်နှင့် မလေးရှားတွင် တွေ့တော့ သူကဘာပြောလဲဆိုတော့–

ဆရာရယ် ကျွန်တော်အလုပ်လုပ်တဲ့ဆိုင်ဆိုရင် ပေါက်စီအမျိုးမျိုး၊ အသားပေါင်း၊ ကြက်ခြေထောက်၊ ဘဲခြေထောက်၊ ဝက်နံရိုးပေါင်း စတာတွေကို ရောင်းတဲ့ တရုတ်လက်ဖက်ရည်ဆိုင်ပါ။ အဲဒီစားစရာတွေကို ရေနွေးအငွေ့နဲ့ ပေါင်းခံအိုးထဲက ခွက်အငယ်တွေထဲမှာထည့်ပေါင်းပြီး အငွေ့တထောင်းထောင်းနဲ့ ရောင်းတဲ့ဆိုင်ပါ။ စားတဲ့သူလည်း များပါတယ်။ အဲဒီဆိုင်ကနေခင်းနဲ့ ညနေပိုင်းကျတော့ ထမင်းဟင်း ဆက်ရောင်းပါတယ်။

ကျွန်တော့်အလုပ်က အဓိကအဲဒီလာစားတဲ့လူတွေကို ရေနွေးကြမ်းအိုးချပေးတဲ့ အလုပ်ကိုလုပ်ရပါတယ်။ ရေနွေးကြမ်းက လက်ဖက်ခြောက်ခုနစ်မျိုးလောက်ရှိတယ်။စားသောက်တဲ့ ပရိသတ်က မှာတဲ့အတိုင်း ရေနွေးအိုးကိုထည့် ပေးရတယ်။ ရေနွေးကြမ်းအပြင် ဆန်ပြုပ်၊ လောင်းမိုင်းကိုင်ခေါ် ကြက်သား ကောက်ညှင်းပေါင်း၊ ကျီချောင်ဖန်လို့ခေါ်တဲ့ မုန့်လိပ်ပြာလိုလို အသားသွပ်မုန့်၊ ရှုမိုင်ဝက်သားလုံးပေါင်း၊ ကြက်ခြေထောက်၊ ဘဲခြေထောက်၊ ဝက်နံရိုးပေါင်းတွေကိုလည်း မှာရင်မှာသလိုကြားဖြတ် အပြေးအလွှားချပေးရတယ်။ ပန်းကန်လည်း ပြေးဆေးရသေးတယ်။ ဒီလောက် အလုပ်များပြီးအပြေးအလွှားလုပ်နေတာတောင် သူဌေးကအားမလိုအားမရနဲ့ နေးတယ်ကွေးတယ်လို့ တရုတ်လိုဆဲတာကရှိသေး။ တရုတ်လိုဆဲတော့ နားလည်တစ်ဝက် နားမလည်တစ်ဝက်မို့ နာရကောင်းမှန်းလည်း သိပ်မသိဘူးပေါ့။

အဲဒီလိုနဲ့ဒီဆိုင်မှာ ကျွန်တော်လုပ်လာခဲ့တာ တစ်နှစ်ကျော်နှစ်နှစ်နီးပါးလောက်ရှိခဲ့ပါတယ်။ ကျွန်တော့် လခကတော့ မလေးရှားငွေ

www.foreverspace.com.mm

၆၀၀ ရပါတယ်။ အလုပ်စဝင်ခါစက သုံးလတစ်ကြိမ် ပုံမှန်လခ တိုးတိုးပေးမယ် ပြောခဲ့တာဆိုတော့ ကျွန်တော်အမှန်ရထိုက်တာက ၇၅၀ လောက်ရသင့်နေပြီဖြစ် ပါတယ်။ ဒါပေမယ့်ကျွန်တော့်ကိုတစ်လ ၆၀၀ ပေးရတာကို တောင်နောက်ပိုင်းမှာ ဆိုင်ရှင်သူဌေးက သူ့ဘက်ကနာသလိုလို ယူဆလာပါတယ်။ မင်းတို့ကို ငါ ၆၀၀ ရာတောင်ပေးထားရတယ်။ မင်းတို့ကိုထုတ်ပစ်ပြီး လူသစ်ခေါ်ရင် ငါ ၄၅၀၊ ၅၀၀ လောက်ပဲပေးရ မှာလို့ပြောပါတယ်။ ဒါကလည်း သူပြောတာမမှားပါဘူး"

ကျွန်တော်က အသက် ၄၀ ကျော်ဆိုတော့နောက်ထပ် အလုပ်သစ်ရှာရ ခက်ခဲမှာကိုစိုးရိမ်လို့က တစ်ကြောင်း၊ အလုပ်သစ်ကို တခြားမှာစဝင်ရင်လခ ၄၅၀၊ ၅၀၀ ကပြန်စ လုပ်ရမှာမို့ ဒီအလုပ်ကို မစွန့်ရဲဘဲဆက်လုပ် နေရတာပါ။ ဒါကိုလည်း သူဌေးကသိပါတယ်။ ကျွန်တော်က အလုပ်ကို ပိုလုပ်ပြရပါတယ်။ လူငယ်တွေနဲ့ယှဉ်ရင် နေးကွေးတယ်ပြောမှာစိုးလို့လည်း မြန်မြန်ဆန်ဆန် လုပ်ကိုင်ပြရပါ တယ်။ အဲဒီလို မြန်မြန် သွက်သွက် လုပ်ရတော့။ သာမန်ထက်ပိုပင်ပန်း တာ ပေါ့လေ။ ဒီလောက်လုပ်နေတဲ့ကြားက လူသစ်ခေါ်သုံးရင် အလုပ်ရှင်သူဌေးက သူ့အတွက်လုပ်ခသက်သာမှာ ကိုကြည့်ပြီး ကျွန်တော်ကိုအလုပ်က မထွက်ထွက်အောင်လုပ် စလုပ်ပါတယ်။ ကျွန်တော်ပထမအလုပ်လုပ်ချိန်က ညဦးပိုင်း ၇ နာရီမှ နံနက်မိုးလင်း ၆ နာရီထိ၊ နောက်တော့ နံနက်ပိုင်းမှာ ထပ်ဖွင့်တဲ့ ထမင်းဆိုင်အလုပ်ကို မနက်(၉)နာရီကနေ နေ့လည် (၁၂)နာရီထိ ထပ်လုပ်ခိုင်းတယ်။ ဒီအတွက် ထိုက်သင့်သလို ပေးမယ်လို့တော့ ပြောတယ်။ တကယ်တမ်း လခထုတ်တော့ ဆိုင်ရှင်သူဌေးက သူစီးပွားရေးမကောင်းလို့ မပေးနိုင် ဘူးလို့ ပြောင်ပြောင်တင်းတင်း ပြောပါတယ်။ ဒါဟာ ညစ်ပတ်တာ

www.foreverspace.com.mm

ပဲလို့ဆိုတော့ မလုပ်နိုင်ရင်လည်း ဆောရီးပဲတဲ့။ မြန်မာ အလုပ်သမားတွေဟာ သူ့နိုင်ငံသူ့မြေပေါ်မှာ သူလုပ်သလိုခံ ကြရပါတယ်ဆရာရယ်။

အဲဒီမှာ ကျွန်တော်က မခံနိုင်တော့တာနဲ့ ဆိုင်မှာရှိတဲ့ မြန်မာတွေအားလုံး အလုပ်ကထွက်ဖို့ ဆန္ဒပြတဲ့အနေနဲ့ လုပ်ဖို့ ပြောတယ်။ အဲဒါကို ကိုယ့်မြန်မာထဲက တစ်ယောက်က မျက်နှာလိုမျက်နှာရလုပ်ပြီး ဆိုင်ရှင်သူဌေးကို သွားပြောပါတယ်။ ဆိုင်ရှင်က ကျွန်တော့်ကို ပိုနှိမ်လာသလို၊ သူ့မိန်းမကလည်း ကျွန်တော့်ကို ကြည့်မရတော့ပါဘူး။ ကျွန်တော်က မြန်မာတွေကို လခမှန်မှန်တိုးမပေးတဲ့အပြင် လခကို လကုန် ကုန်ချင်းမပေးဘဲ ၁၀ ရက်ကျော် ၁၅ ရက်မှပေးတဲ့ သူဌေးကို လခတိုးတောင်းဖို့နဲ့ လခကိုလကုန်တာနဲ့ ချက်ချင်းပေးဖို့ ဝိုင်းဝန်းပြောကြဖို့ တိုက်တွန်းပါတယ်။ အဲဒါကို သူဌေးကို ဖားနေတဲ့ ဘဝတူကိုယ်တော်က ခင်ဗျားတို့သူဌေးကို ဝိုင်းပြီး လခ တိုးတောင်းတော့ သူဌေးစီးပွားကျသွားရင် မင်းတို့လျော်မှာလားဆိုပြီးပြောပါတယ်။ အဲဒီတော့ ကျွန်တော်က ဒီလောက်လက်မလည်အောင်ရောင်းနေရတာကို ဘယ်လုပ်ပြီး စီးပွားကျစရာရှိသလဲ။ တရားသဖြင့်တောင်းတဲ့ အခွင့်အရေးကို မင်းကဝင်ပြီး ကာဆီးကာဆီးနဲ့၊ မင်းနမပေးထားရလို့လားလို့ ပြောရတဲ့အထိရောက်သွားရပါတယ်။ ဒီလိုနဲ့ သူဌေးက တစ်စတစ်စ ပိုဆိုးလာပါတယ်။ အဲဒါကိုယ့်လူ သူ့ဘက်သား ရွှေမြန်မာရဲ့ အကြံပြုချက်နဲ့ သူဌေးက ဘာလုပ်လဲဆိုတော့ လူဟောင်းထဲက လခနည်းနည်းပိုများလာတဲ့သူတွေကိုထုတ်ပစ်ပြီး လူသစ်ကိုအစားထိုးခန့်ရင်လခ အပေးရနည်းတယ်လို့ ဆိုင်ရှင်ကိုနည်းလမ်းပေးသူကလည်း သူပဲဖြစ်တယ်။ ဘာဖြစ်လို့ ဒီလောက်တောင်ကိုယ့် မြန်မာအချင်းချင်းအပေါ် ဒီလိုလုပ်

www.foreverspace.com.mm

ရသလဲဆိုတော့အကြောင်းရှိတယ်။ အကြောင်းက ဒီရွှေမြန်မာက မလေးရှားမှာ နှစ်ကြီးသမား၊ နှစ်ကျော့ပြန်၊ သုံးကျော့ပြန် မလေးရှားမှာ အလုပ်လုပ်နေ သူဆိုတော့ အခုမှလာအလုပ်လုပ်တဲ့ လူသစ်တွေနဲ့ စာရင်သူက စကားကလည်းပိုတတ်တော့ သူကလူလည်ကြီး၊ ဆရာကြီး ဖြစ်နေတယ်။ သူကကြုံရင်ကြုံသလို အလုပ်ရှာပေးတဲ့ ပွဲစားအလုပ်ကို လုပ်သေးတယ်။ ဒီတော့ ကျွန်တော်တို့ လုပ်နေတဲ့ ဆိုင်မှာ လူလိုလို့အလုပ်သမားအသစ်ရှာပေး ဖို့ရှိရင် အလုပ်လုပ်ချင်တဲ့ လူဆီကမလေးငွေ ၁၀၀ RM ဆိုင်ရှင် သူဌေးဆီက မလေးငွေ ၅၀ RM လောက်ပွဲခရတော့ ဆိုင်မှာ လူပြောင်း လူလွဲများရင် သူ့အတွက်က ရိတ်ကွက်ဖြစ်တဲ့အပြင် ဆိုင်ရှင်လူယုံအဖြစ် သူ့ကိုယ်သူခံယူပြီးကျန်တဲ့ အလုပ်သမား ရွှေမြန်မာအချင်းချင်း အပေါ် ဗိုလ်ကျလို့ရတာကိုး။

အဲဒီဆိုင်ရှင်သူဌေးကလည်း အတော်သမာဓိ သိပ်မရှိဘူး။ သူက အလုပ်သမားတွေအပေါ်တင်မကဘူး၊ သူနဲ့စီးပွားရေး ဆက်ဆံတဲ့ လူတိုင်းအပေါ်မှာပါ သစ္စာမရှိဘူး။ ဆိုင်မှာလိုအပ်တဲ့ သား၊ ငါး၊ အသီးအရွက်၊ ခေါက်ဆွဲ၊ ကြာဆံ၊ ဂျုံ၊ အချဉ်ရည်၊ ကြက်၊ ဝက်၊ မီးဖိုးသုံးဂက်စ် အိုးစတာတွေကို အကြွေးစနစ်နဲ့ ဝယ်သုံးတယ်။ ပြီးတော့ အကြွေးတွေကိုပြန်မဆပ်ဘူး။ ရှောင်တောင်တောင်လုပ်တယ်။ နေ့ရွှေ့ရက်ရွှေ့ချိန်းတယ်။ ပေးလို့မဖြစ်တဲ့အဆုံး သူ့မိန်းမကို ကောင်တာမှာ အထိုင်ခိုင်းပြီး သူကတစ်နေရာရာမှာ သွားပြီး ရှောင်နေတတ်တယ်။ သူ့မိန်းမကလည်း ဒီအကြွေးကိစ္စ ငါ မသိဘူး။ ငါ့ယောက်ျားနဲ့တွေ့မှတောင်းပါလို့ ပြောပြောလွှတ် တယ်။ မခံနိုင်တဲ့ ခပ်ကြမ်းကြမ်းအကြွေးရှင်က ဆိုင်ရှင်မိန်းမ ဆီမှာအတင်း အကျပ်တောင်းတော့ ဆိုင်ရှင်မိန်းကပါ ဆိုင်ကောင်တာ မှာမထိုင်တော့ ဘဲ။ မျက်နှာလွှဲစာရေးမ ကိုလို့ရတဲ့ ဆိုင်မှာ ငွေသိမ်းခိုင်းတယ်။

www.foreverspace.com.mm

ကောင်တာ ထိုင်ခိုင်းတယ်။ စာရေးမကလည်း သူတို့သင်ပေးထားတဲ့ အတိုင်းအကြွေးရှင် လာရင်ဆိုင်ရှင်နဲ့တွေ့မှ တောင်းပါ။ သူမက အလုပ်သမားပါ လို့ လိုးလွဲပြောလွှတ်တယ်။ နောက်ဆုံး အကြွေးရှင်တွေ စိတ်ပျက်ပြီးမလာတော့ရင် ဆိုင်မှာလိုအပ်တဲ့ပစ္စည်း၊ သားငါးတွေနဲ့ အသီးအရွက်၊ ဂစ် စ် စတာတို့ကို ဖောက်သည် အသစ်လိုက်ရှာပြီး အကြွေးထပ်ယူတယ်။ ဒီနည်းနဲ့ပဲ သူ့ဆိုင်ဟာလည်းပတ်နေတာပဲ"

"သူဌေးက ဆိုင်ပိုရောင်းကောင်းလို့ ငွေစကလေး ရှင်လာရင် ယိုးဒယား(ထိုင်း)ကိုသွားပြီး ဟိုတယ်တွေမှာ သွားပျော်တယ်။ ဖဲရိုက်တယ်။ ဒါမှမဟုတ် စက်ဘပူကို အပျော်ခရီးထွက်တယ်။ ဆိုင်ရှင်မိန်းမက အသွင်တူလို့ကြင်သူ ဖြစ်တယ်ဆိုရမလားဘဲ။ အတော်ဆိုးတယ်။ အလုပ်သမားတွေ ထိုင်ရင်ထိုင်ပြန်ပြီ ထရင်ထပြန်ပြီ။ ထမင်းစားများရင်လည်း မကြိုက်ဘူး၊ ညနေပိုင်း ကျွေးတဲ့ ထမင်းဟင်းတွေက နေ့ခင်းကရောင်းလို့ မကုန်တာတွေကို နွှေးတောင် မနွှေးဘဲကျွေးတယ်။ မကုန်လို့လွှင့်ပစ်ရမယ် ဟာတွေကျရင်တော့ အတင်းစားစားနဲ့ ကျွေးတော့တာဘဲ၊ အလုပ်သမားတွေ အလုပ်နဲ့လက်မပြတ်ဖြစ်နေမှ ကြည်ဖြူတယ်။ အလုပ်မရှိရင် ယင်ကောင် ဖမ်းခိုင်း၊ မောင်းခိုင်းတယ်၊ အဲဒီတော့ ကျွန်တော် တို့ဟာ International ယာဉ်မောင်းလိုင်စင်မရှိဘဲ မလေးရှားမှာ ယင်မောင်းအလုပ်တွေ လုပ်ကြရတယ်။ သူတို့လင်မယားနှစ်ယောက်စလုံးဟာ သူတစ်ပါးအပေါ် တင်စီးဖို့နဲ့ ကောက်ကျစ်ဖို့ အမြဲစဉ်းစားနေပုံပါပဲ။

အလုပ်ဝင်စတုန်းက ကျွန်တော်တို့ကို လကုန်ပြီး ရက်သတ္တတစ်ပတ်မှာ လခထုတ်ပေးတယ်။ နောက်တော့လကုန်ပြီး ၁၀ရက်ကျော်မှထုတ်ပေးတယ်။ ကြာလာတော့ ၁၅ ရက်၊ အရက် ၂၀ မှထုတ်ပေးတယ်။ နောက်ဆုံးမှာတော့ ၁၅ ရက်ကျော်ရင် လခရဲ့

www.foreverspace.com.mm

တစ်ဝက် နောက်ရက် ၂၀ ကျော်မှ ကျန်တစ်ဝက်ခွဲပေးတဲ့အထိ ညစ်ပတ်လာတယ်။ လခပေးတော့လည်း ရှော့ရှော့လျှူလျှူပေးတာ မဟုတ်ဘူး။ လူကို ဒဏ်ပေးသလို သူ့စားပွဲရှေ့မှာထိုင်ခိုင်းထားပြီး ဟိုစာရွက် လှန်သလို ဒီစာရွက်လှန်သလို၊ တယ်လီဖုန်းကိုကိုင်လိုက် ချလိုက်၊ ဟိုနားထသွား ပြန်ထိုင်လိုက်၊ ဂဏန်းတွက်စက်ကို ကလိလိုက်နဲ့ လုပ်နေလိုက်တာ တစ်နာရီကျော်ကျော်ကြာ တယ်။ သူဒီလိုကြာနေလို့ ငေးငိုင်နေမိရင် မင်းတော်တော်ငေး ပြီးပျင်းတဲ့ ကောင်ပဲလို့ ပြဿနာရှာပြောတတ်သေးတယ်။ လခပေးခါနီးရင် မင်းသိပ်ပိန်တယ်၊ အလုပ်လုပ်ရင်လည်းနှေးတယ်။ မင်းကို လတိုးပေးဖို့ ငါအတော်စဉ်းစားရမယ်တဲ့။ဝတဲ့ သူကျတော့ မင်းသိပ်အစားပုပ်တဲ့ ကောင် မင်းဒီလောက် ဝတုတ်အောင်စားတော့ ငါ့မှာစရိတ် ပိုတယ်တဲ့။ ဒီလိုပေါက် ပေါက်ရှာရှာပြောတာက ပုံမှန်တိုးပေးရမယ့်လခကို တိုးမပေးချင်တာကြောင့်ကာပြော ပြောတာပါ။

တနေ့အလုပ်သမားတွေ အားလုံးကိုခေါ်တယ်။ အလုပ်ပို လုပ်ကြဖို့ပြောတယ်။ အလုပ်ကိုသွက်သွက်လက်လက် လုပ်နိုင်အောင် ပိန်တဲ့လူ၊ ဝတဲ့သူ၊ အသက်ကြီးတဲ့သူ၊ အသား မည်းတဲ့ သူကိုမလိုချင် ဘူးတဲ့။ အရွယ်ကောင်းကောင်း ရုပ်ဖြောင့်ဖြောင့်ကိုပဲ ထားမယ်လို့ ပြောပြီး ကျွန်တော်နဲ့တခြား နှစ်ယောက်ကို လကုန်ပြီးရင် အလုပ်က ထုတ်မယ်လို့ပြောတယ်။ ကျွန်တော်တို့သုံးယောက်က အလုပ်ထုတ်မယ် ပြောသံ ကြားတာနဲ့ ဝမ်းမနည်းတဲ့အပြင် သုံးယောက်စလုံးပေါ့ ပါးဝင်း လက်တဲ့မျက်နှာနဲ့ အိုကေ ဘော့(စ်)၊ သင့်ကျူ ဗဲရီးမတ် ချ် OK. Boss, Thank you very much လို့ မတိုင်ပင်ဘဲ အသံပြိုင် ထွက်လာ တော့ သူ့ငွေးကအံ့သြသွားတယ်။ သူထင်နေတာက ဒီကောင်တွေ အတော်စိတ်ထိခိုက်သွားမယ်ပေါ့"

www.foreverspace.com.mm



ဤပန်းအရောင်းဆိုင်လေးတွင်လည်း မြန်မာအလုပ်သမားများရှိသည်။

ကျွန်တော်တို့က ဒီလိုထုတ်ပစ်တာကို ဝမ်းသာတာက သူ့ကို စိတ်နာပြီး နဂိုကတည်းက ထွက်ချင်နေတဲ့ ဆန္ဒအပြည့်ရှိနေလို့ပါပဲ။ မိမိဆန္ဒနဲ့မိမိထွက်ရင် ဆိုင်ရှင်ကပြဿနာရှာ ရင်ရှာ၊ မရှာရင်တစ်လ မပြည့်သေးဘဲ ကိုယ်လုပ်ထားတဲ့လခကို ဆယ်ရက်ကျန်ကျန် ဆယ့်ငါးရက်ကျန်ကျန် ဒီရက်တွေအတွက် သူ့ဌေးကလုပ်ခ မပေးတော့ဘူး။ ဒီလိုမပေးရအောင် လခတွေကို ဆယ့်ငါးရက်ကျော်မှ ပေးတဲ့သဘော လည်းပါတယ်။ ဒါမှသူ့အတွက် ရက်ပိုလုပ်ခတွေ ဖြတ်ပြီးကျန်ခဲ့မှာ ကိုး”

ကံကောင်းချင်တော့ ကျွန်တော်တို့နဲ့ အတူအလုပ် လုပ်ခဲ့ဖူးတဲ့ ညီအစ်ကိုနှစ်ယောက်က သူတို့လုပ်နေတဲ့ Sea food ပင်လယ်စာ အဓိကရောင်းတဲ့ စားသောက်ဆိုင်နဲ့ ဟိုတယ်မှာ လူလိုကြောင်း လာသတင်းပေးတယ်။ ကျွန်တော် Sea food ဆိုင်သစ်ကို အလုပ်

www.foreverspace.com.mm



ပြောင်းသွားတယ်။ လခနဲ့ တစ်မန်းနီးခေါ်တဲ့ ရောင်းရမှုအပေါ် တွက်ချက် ပေးငွေစုစုပေါင်း ၆၅၀ RM နီးနီးပေးတယ်။ ဆိုင်က Hight way အဝေးပြေးလမ်းမကြီး ပေါ်မြို့ပြင်မှာပါ။ ဆိုင်ရှင်က တကယ်ချမ်းသာတဲ့ သူဌေးကြီးပိုင်တယ်။ သူ့မိန်းမငယ်ငယ် ချောချော လေးက ဆိုင်ကိုဦးစီးတယ်။ သူကိုယ်တိုင်က တစ်ခါတစ်ရံမှ လာတတ်တယ်။ သူဌေးကြီးက အလုပ်အပေါ်စည်းကမ်းစနစ်ကြီးတယ်။ ခိုင်း စရာရှိရင် ခိုင်းသလိုပေးစရာရှိရင်လည်း ပြတ်ပြတ်ပေးတယ်။ အရောင်းအဝယ်ကပုံမှန်ဆိုတော့ အလုပ်လုပ်ရတာပို အဆင်ပြေတယ်။ မလေးရှားမှာ အလုပ်လုပ်ကြရတယ်ဆိုတာက ဒီလိုပါ ဆရာရယ်ဟု ကိုစိုးမြင့်ကျော်က ရှင်းပြပါသည်”

❒ ❒ ❒

www.foreverspace.com.mm

## အခန်း(၂၀)

## ဖားရိုက်သူရိုက်၊ ကန်ဘောင်လျှောက်သူကလျှောက်

မလေးရှားတွင် ကျွန်တော်နှင့်တွေ့ဆုံခဲ့ရသူ အခြား တစ်ဦးက ကိုကျော်တင့်ဖြစ်သည်။ သူက လူလတ်ပိုင်းသို့ ရောက်ရှိနေသူတစ်ဦးဖြစ်၍ သူကလည်း မလေးရှားမှ မိဝေးဖဝေး၊ မိတစ်ကွဲ၊ ဖတစ်ကွဲ၊ သားတစ်ကွဲ၊ မယားတစ်ကွဲနှင့်လာရောက် အလုပ်လုပ်ကိုင်နေကြသူတို့နှင့်ပတ်သက်၍ ဘဝအထွေထွေ၊ လုပ်ငန်းအထွေထွေ၊ အလုပ်အထွေထွေကို သုံးသပ်ပြပါသည်။

ဆရာရေ တရားဝင်အေးဂျင့်နဲ့လာတဲ့သူတွေရှိသလို၊ ငွေမရှိတဲ့သူတွေကလည်း တောင်ကျော်ပြီး ကုန်းကြောင်းလာ တဲ့သူ၊ ရေလမ်းကလာတဲ့သူ၊ တချို့ကျတော့ ကိုယ့်စရိတ်နဲ့ မဟုတ်ဘဲ သာသနာပြုအဖွဲ့တွေ ကနေတစ်ဆင့်လာကြတဲ့ သူတွေလည်းရှိပါတယ်။ တချို့ကြတော့လည်း ရွာကဆရာတော်ဘုန်းကြီး အစီအမံနဲ့ လာကြတဲ့သူတွေရှိပါတယ်။ ရွာကဆရာတော်ကမတည်ပြီး ပထမ

www.foreverspace.com.mm

ကလေးနှစ်ယောက် သုံးယောက်ကို လွှတ်တယ်။ အဲဒီ နှစ်ယောက်က ရွာကတစ်ခြား အရွယ်ရောက်ပြီးလူလေးငါးယောက် ထပ်ခေါ်တယ်။ သူတို့ကတစ်ခါ ဆယ်ယောက်ထပ်ခေါ်နဲ့ ရွာမှာကင်းသမားတောင် မရှိတော့လောက်အောင် ရောက်လာကြတာ တွေလည်းရှိတယ်။ အခုလို လာပုံလာနည်းအမျိုးမျိုးရှိသလို ရောက်လာကြတဲ့သူတွေကလည်း တစ်ယောက်ချင်းစီက တစ်မျိုးစီပါ၊ နိုင်ငံခြားတရပ်တကျေးမှ လာရောက်အလုပ်လုပ်ကြတာခြင်း အတူတူ ကိုယ့်ကိုကိုယ်ဘဝင်မြင့်ပြီး လူတွင်ကျယ် လူလည်လူတတ် လူကြီး လူကျယ် လုပ်ချင်တဲ့လူတွေက လည်း ရှိပါသေးတယ်။ တစ်ခါကတော့ မောင်စိုးဆိုတဲ့ လူတစ်ယောက်နဲ့ တွေ့ဘူးတယ်။

“သူကခုနကျွန်တော်ပြောတဲ့သူ့ကိုယ်သူအလွန် အထင်ကြီး တဲ့အထဲကပါ။ အကြွားကလည်း ပိုတယ်။ သူများထက် နည်းနည်းဖြစ် ဖြစ်သာချင်တယ်။ ဆရာလုပ်တယ်။သူတော်ကြောင်း တတ်ကြောင်း ကိုယ့်ဂုဏ်ကိုယ်ဖော်တတ်တယ်။ သူ့နာမည်ကိုလည်း (ကို)တပ်ပြီး ကိုစိုးခေါ်မှ ကြိုက်တယ်၊ သူ့မှာ (Work Permit) အလုပ်လုပ်ခွင့် လက်မှတ်ရှိကြောင်း၊ အရင်က Air Con လေအေးစက်ရုံမှာ လုပ်ခဲ့ဖူး ကြောင်း၊ လခမည်မျှရကြောင်း သူဌေးကသူကိုအရေးပေးပြီး ရွှေမြန်မာ အယောက်နှစ်ဆယ်ကို အုပ်ချုပ်ရကြောင်း၊ မိမိစကား နားမထောင်သူ ဘယ်နှစ်ယောက်ကို ရိုက်ခဲ့ကြောင်းစသည့်ဖြင့် ပြောတတ်ပါ သေးတယ်။ နေပုံထိုင်ပုံ သွားပုံ လာပုံပြောပုံတွေက ရိုက်ပေါက်၊ ဒါကြောင့်လည်း သူရောက်လေရာမှာရန်ဖြစ် ဖြစ်ပြီး အလုပ်ပြုတ်ခဲ့တာ ချည်းပဲဆိုတဲ့ သတင်းလည်း ကျွန်တော်တို့ကရထား တာပါ”

သူကလူတစ်ယောက်ကို ချက်ချင်းခင်မင်ရင်းနှီးအောင်၊ အထင်ကြီးအောင်၊ အားကိုးယုံကြည်အောင်တော့ အာဝဇ္ဇန်းစွမ်းကောင်း

www.foreverspace.com.mm

ကောင်းနဲ့တော့ ပြောတတ်တာအမှန်ပါပဲ။ တွေ့တွေ့ချင်း ကျအောင်ပေါင်းတတ်ပါတယ်။ ဒါပေမဲ့သူနဲ့ တစ်ပတ်လောက်ပေါင်းကြည့်ရင် အပြောတစ်မျိုး၊ အလုပ်တစ်မျိုး၊ ကြီးကြီးကျယ်ကျယ် ပြောတတ်တဲ့လူမှန်လည်း သိရောလူတွေက သူနားကအလျှိုလျှိုထွက်သွားကြတယ်။ သူ့ကိုဘယ်သူမှ ဟက်ဟက်ပက်ပက်မရှိကြတော့ တဖြည်းဖြည်းသူ့အတွက် မိတ်ဆွေသူငယ်ချင်းမရှိသလောက် ဖြစ်လာရင် သူက စိတ်တိုပြီး ဘေးလူတွေကို ရန်လုပ်ချင်လာပြန်တယ်။ အဲဒါကိုမခံနိုင်တဲ့ ထားဝယ်သားကြီးတစ်ယောက်ကရေချိုးခန်း အထွက်မှာ နှစ်တစ်လက်မတုတ်နဲ့ ရိုက်ဖို့လုပ်တော့ ကျွန်တော်ကပဲ ဒို့နိုင်ငံခြားလာတာရန်ဖြစ်ဖို့လာတာ မဟုတ်ဘူး။ ငွေလိုချင်လို့လာတာလို့ပြောပြီး ဝိုင်းတားလိုက်ရ တာတောင်ရှိပါတယ်။ အလုပ်ခွင်မှာ သူ့ဘာသာသူ ပြဿနာဖြစ်လို့ မန်နေဂျာကကြိမ်းတာကို ဘေးကလူတွေ အတို့ထောင်လုပ်လို့ဆိုပြီး လူတွေကိုစကားမပြောတော့ဘူး၊ နောက်ဆုံးတော့ အလုပ်မှာမပျော်လို့ဆိုင်ပြောင်းမယ်ပြောပြီး လကုန်တော့ အလုပ်ကထွက်သွားတယ်။ သူပြောင်းသွားမှ ကျွန်တော်တို့ အားလုံးနားအေး၊ မျက်စိအေးဖြစ်သွားရတယ်။ ဒီလိုလူမျိုး တွေနဲ့လည်းကြုံရတယ် ဆိုတာပြောတာပါ ဟုဆိုသည်”

မလေးရှားမှာကတော့ လူအမျိုးအတော်စုံတယ် ဆိုရမှာပါ။ တော်တော်များများကတော့ အပြောကြီးတတ်ကြပါတယ်။ သူတို့က ရိုးအေးတဲ့သူတွေကို နင်းချင်စီးချင်ကြောင့် မလေးမှာဘယ်သူ့ကိုမှ လျှော့တွက်လို့မရဘူး ဆရာရေဟုဆိုပါသည်။ အားလုံးကတော့ ကြယ်ပွင့်နဲ့ချည်းပဲ၊ ခေသူ မဟုတ်လို့သာမှတ် ရမှာပါဆရာ။

မလေးရှားနိုင်ငံမှာ နိုင်ငံခြားသားအတော်များများ လုပ်ကြရတဲ့အလုပ်တွေက အများအားဖြင့် ဆောက်လုပ်ရေး၊ စက်ရုံအလုပ်ရုံနဲ့

www.foreverspace.com.mm

စားသောက်ဆိုင်တွေ၊ ဟိုတယ်တွေမှာ အများဆုံးပါ။ ဝင်ငွေအကောင်းဆုံးက ဆောက်လုပ်ရေးလုပ်ငန်း၊ ထိခိုက်မှုအန္တရာယ်လည်းရှိတယ်၊ ရဲအဖမ်းအဆီးလည်းများတဲ့အလုပ်မျိုး ဖြစ်တယ်။ ဆောက်လုပ်ရေး လုပ်ငန်းတစ်ခုပြီးဆုံးသွားတဲ့အချိန်မှာ အလုပ်နေရာအပြောင်းအရွှေ့ မကြာခဏ ဖြစ်တတ်တယ်။ အလုပ်ကကြမ်းတမ်းတော့ တော်ရုံတန်ရုံခွန်အားဖွဲ့ မရှိလို့မရဘူး။ မြန်မာတွေမလုပ်တတ်ကြပါဘူး။" စက်ရုံအလုပ်ရုံကုန်ထုတ်လုပ်ငန်းတွေကျတော့ လုပ်ခနည်းတယ်။ ဒါပေမယ့်အချိန်ပိုလုပ်ခကို မျှော်လင့်အားထား လုပ်ရတဲ့အလုပ်မျိုး၊ အချိန်ပိုကောင်းရင် ဝင်ငွေကောင်းတာပါပဲ၊ တချို့တစ်နေ့သုံးဆယ့်ကျော် ထိရကြတာတောင်ရှိ ပါတယ်။ နေစရိတ်စားစရိတ်နုတ်ပြီးတစ်လ ၇၀၀ ကျော်၊ ၇၀၀ နီးနီးကျန်ရင်မဆိုးပါဘူး။ အချို့စက်ရုံတွေက စက်လည်ပတ်မှုနဲ့အမျှ လိုက်လုပ်နေရတော့ အတော်ပင်ပန်းတယ် သက်သာတဲ့စက်ရုံတော့ ရှိတယ်။ ရှားပါတယ်"

စားသောက်ဆိုင်၊ ဟိုတယ်တွေကျတော့ အများအားဖြင့် မလေးရှားရင်းဂစ်ငွေနဲ့ ၅၀၀၊ ၆၀၀၊ ၇၀၀ RM ရတတ်ကြပြီး အချို့ကလခနဲ့သာမကဘူး တစ်မန်းနီး ဘောက်ဆူးပါရတာလည်းရှိပါတယ်။ စားစရိတ် နေစရိတ်အလွတ်ဖြစ်ပြီး အလုပ်သဘာဝက အလွန်အကျွံပင်ပန်းတာမျိုးမဟုတ် တော့ အသက်ကြီးကြီး ငယ်ငယ် ကျား၊ မ မရွေးလုပ်နိုင်တဲ့ အလုပ်မျိုးပါ။ အချို့ဆိုင်တွေက တစ်နေ့လုံး ပေါက်ရောင်းရ တယ်။ အချို့ဆိုင်တွေ ကျတော့ညလုံးပေါက်ရောင်းကြတယ်။ မတူကြဘူး။ ပင်လယ်စာ(ဆီးဖု)အဓိကရောင်းတဲ့ စားသောက် ဆိုင်တွေကျတော့ အလုပ်ချိန်ကနှစ်ပိုင်းလုပ်ရတယ်။ နံနက် ၁၀ နာရီအလုပ်စဝင်ပြီး ညနေပိုင်း ၃ နာရီမှာဆို ခဏပိတ်တယ်။ ညနေပိုင်း ၅နာရီမှာပြန်ဖွင့်ပြီး ည ၁၁ နာရီဆိုင်ပိတ် အလုပ်သိမ်းတယ်။

www.foreverspace.com.mm

မော်တော်ကားပြင်ရုံ၊ တွင်ခုံလုပ်ငန်း၊ မော်တော် ကားဘော်ဒီနဲ့ ဆေးမှုတ်လုပ်ငန်း၊ သံဂဟေဆက်လုပ်ငန်း ကျတော့ လူတိုင်းရေရှည်မလုပ်နိုင်ကြတာကို တွေ့ရတယ်။ အဲဒီလုပ်ငန်းတွေမှာ မွန်အမျိုးသား တော်တော်များများ လုပ်ကြတယ်။ မလေးကလည်း မွန်လူမျိုးများကိုကြိုက်တယ်။

မလေးရှားမှာ လုပ်ငန်းအမျိုးမျိုး ဝင်ငွေအမျိုးမျိုး ရှိကြသော်လည်း မိမိတိုင်းပြည် မိမိမိသားစုကို ငွေပို့နိုင်မှုချင်း ကျတော့ သိပ်မကွာတာကိုတွေ့ရတယ်။ အချို့က ဝင်ငွေများ များရတော့ မြက်မြက်ကလေး သုံးတယ်။ အချို့ကဝင်ငွေ နည်းနည်းရတဲ့သူက ရသမျှကလေးကိုခြစ်ကုတ်စုပြီးပို့တယ်။ မလေးရှားပျော်ကြီးတွေ လည်း အများကြီးရှိတယ်။ သူတို့ ကတော့ အမိနိုင်ငံမိသားစုကို မေ့နေကြပုံဘဲ။ စားစားသောက်သောက် ပျော်ပျော်ပါးပါး အပူအပင် မရှိဘဲ အမြဲမူးနေတာတွေ့ရတယ်။ သူတို့က"ပြောသေး တယ်။ ကျွန်တော်တို့ အိမ်ကိုငွေပို့စရာမလိုဘူး အိမ်ကိုငွေပြန်မမှာရရင် ပျော်သ လောက်နေလို့ အဖေအမေကပြောတယ်ဆိုတာပဲ အချို့ လူငယ်တွေက ဆံပင်အရှည်ကိုနောက်မှာကြိုးစည်းပြီးနားမှာလည်း နားကပ်အသေး လေးတွေတစ်သီကြီး၊ နှာခေါင်းမှာလည်း နှာကွင်းနဲ့၊ သူတို့ကရဲကို မကြောက်၊ ဘာကိုမှလည်း ကြောက်ပုံမပေါ်ဘူး၊ ဖြစ်ချင်ရာဖြစ် မောင်ဘချစ်ဆိုတဲ့ လူငယ်တွေပေါ့။

အဲဒီလူငယ်တွေနဲ့အတူ ပျော်နေတဲ့အသက်လေး ဆယ်ကျော် ငါးဆယ်ကြီးတွေလည်း မကြာခဏတွေ့ရ တတ်သေးတယ်။ သူတို့က တစ်ခါတစ်လေ လူငယ်တွေထက် တောင်ကဲတဲ့အပြင် ဆင်ခြေဆင် လက်ကများများနဲ့ပြောရ ခက်ဆိုရခက်ပုံမျိုး Passport ပေါင်ပြီး ဖဲချ၊ အရက်သောက် ပစ်တဲ့အထိဆိုးတဲ့ လူဆိုးတွေကလည်း မရှားပါဘူး။

www.foreverspace.com.mm

ဒီအပြင် ဖားရိုက်တဲ့သူ၊ မလိုင်စားတဲ့သူ၊ အစ်မနဲ့ စကား သင်တဲ့သူ၊ ကံဘောင်လျှောက်တဲ့လူ၊ ယိုးဒယားက ကတဲ့လူ၊ ရွှေတူး တဲ့သူတွေက ရှိသေးတယ်။

"ဖားရိုက်တယ်ဆိုတာက ဖိလစ်ပိုင်မနဲ့တွဲတာ၊ မလိုင်စား တယ်ဆိုတာက မလေးရှားမနဲ့ငြိတာ၊ အစ်မနဲ့စကား သင်တာဆိုတာက အင်ဒိုနီးရှားမနဲ့တတွဲတွဲလုပ်တာ၊ ကံဘောင် လျှောက်တယ်ဆိုတာက ကမ္ဘောဒီးယားမနဲ့ လျှောက်လည်တာ၊ ယိုးဒယားကကတာက ယိုးဒယားမနဲ့ညမှာ နိုက်ကလပ်သွားတာ၊ ရွှေတူးတယ်ဆိုတာက ကိုယ့်မြန်မာမကို မြန်မာပြည် ရောက်ရင်ယူပါ့မယ်လို့ပြောပြီး တတွဲတွဲ လုပ်သူတွေကို ပြောတာပါ။ တချို့လူတွေက ရွှေတူးရမှာ အကြောက် ဆုံးလို့ ပြောတဲ့သူလည်းရှိပါတယ်။ ရွှေတူးရင်း ငှက်ဖျားမိတတ်တယ်။ ပြဿနာများတယ်။ မြန်မာပြည်ပြန်ရောက်တဲ့အထိ ပြဿနာက မဆုံးဘူးတဲ့"

နောက်ဆုံးတော့ မလေးရှားမှာ လူအမျိုးမျိုး၊ အလုပ် အမျိုးမျိုး၊ အဖြစ်အပျက်မျိုးစုံကြုံရပြီးတဲ့နောက် အချိန်တန်အိမ်ပြန်ရဖို့ နီးလာတော့တာပါပဲ။ ပင်ပန်းခံဆင်းရဲခံခဲ့လို့ ရတဲ့ငွေနဲ့ ကိုယ့်တိုင်းပြည် ပြန်ရောက်ရင် ဘာလုပ်ကိုင်စားရပါ့ မလဲဆိုတာက အဓိကပါ။ လော လောဆယ်မှာတော့ အိမ်ကရေးရေးလိုက်တဲ့ စာတွေထဲမှာ ကုန်ဈေးနှုန်း ကြီးတဲ့အကြောင်း၊ မီးမလာတဲ့အကြောင်း၊ ငွေအသုံးမခံလို့ ချွေတာ သုံးစွဲနေတဲ့ ကြားကကောင်းကောင်း မစုမိဘူးဆိုတဲ့ အကြောင်းက အမြဲပါ ပါနေတော့ ပြန်ဖို့ကလည်း ခပ်ခက်ခက်ပါပဲ။ ကျွန်တော်နဲ့အတူ မလေးရှားကိုအတူလာခဲ့တဲ့ ကိုစန်းအောင်ဆိုရင် အိမ်မှာ ဝင်ငွေလုပ်ငန်း ကမရှိ၊ ရှိတဲ့မိသားစုကများ၊ ယောက္ခမကိုလည်း အိမ်ပေါ်တင်ကျွေး ထားရတော့ စားစရိတ်ကကြီးပြီး သမင် မွေးရင်း ကျားစားရင်း

www.foreverspace.com.mm

ဖြစ်နေလို့ ကျွန်တော် ဘယ်လိုလုပ်ပြီး မြန်မာပြည်ပြန် ရမှန်းတောင် မသိတော့ဘူးဗျာလို့ ပြောရှာသူလည်းရှိပါတယ်။ နိုင်ငံခြား မထွက်ခင် ကတော့ ငါနိုင်ငံခြားကပြန်ရင် ရင်းဖို့နီးဖို့နဲ့ အိမ်ကလေးတစ်လုံး တော့ရမှာပဲလို့ မာန်ကြီးပြီး ထွက်ခဲ့တာ အခုများပြန်ရင် အလွှာတိုက်ခန်း ကလေးတောင် ဝယ်နိုင်ဖို့ မလွယ် ဖြစ်နေတာကတော့အမှန်ပါ ပဲ။ စီးပွားရေးလုပ်ဖို့ကျတော့ လည်း ကိုယ်ရတဲ့ငွေနဲ့တူတူ တန်တန်ဘာစီးပွားရေးမှ မည်မည်ရရ လုပ်နိုင်ဖို့ကမလွယ်။

ဒီလိုသာတွက်နေပြန်တော့လည်း ဒီဘဝသာမဟုတ်၊ နောင်ဘဝတောင် ကိုယ့်ပြည်ကိုယ့်မြေကို ပြန်ဖြစ်တော့မှာ မဟုတ်ဘူး။ ဒါကြောင့် ကျွန်တော်ကတော့ ဒီလိုစဉ်းစားတယ် ဆရာရေ။ ကိုယ်တိုင်းပြည်ဟာ ငတ်မွတ်မွဲတေနေတဲ့ တိုင်းပြည်မဟုတ်ဘူး။ ဆန်ရေစပါးနဲ့ သယံဇာတလည်းထွက်တဲ့နိုင်ငံ၊ စီးပွားရေးအခွင့် အလမ်းတွေလည်း အထိုက်အလျောက်တော့ရှိနေတာအမှန်ပဲ၊ အရင်ကထက်စာရင် တိုးတက်နေတဲ့ အနေအထားလည်းရှိနေပါတယ်။ ငါ့မှာ အရင်းအနှီးလုံးဝမရှိခင်တုန်းကတောင် မငတ်အောင်စား နေနိုင်ခဲ့သေးတာပဲ၊ အခုအရင်းအနှီးလည်း ရတန်သလောက် ရပြီးပြီ၊ ရသလောက်နဲ့ဖြစ်အောင် ရုန်းကန်လုပ်စားနိုင်ရမယ်။ နိုင်ငံရပ်ခြား သွားပြီး အလုပ်မလုပ်ဘဲ ကိုယ်တိုင်းပြည်မှာကိုယ် စီးပွားရှာပြီး ကြီးပွားချမ်းသာနေတဲ့သူတွေ၊ အဆင်ပြေနေတဲ့ သူတွေလည်း အများကြီးပါလို့ စိတ်ကိုတင်းပြီး အားမာန် အပြည့်နဲ့ အခုကျွန်တော် အမိနိုင်ငံကိုပြန်ဖို့ကြိုးစားပြီး လမ်းစရိတ်စုနေပါတယ်ဆရာဟု သနားစဖွယ်ပြောပြသူလည်း ရှိပါသည်။

❒ ❒ ❒

ပန်းမျိုးတစ်ရာစာပေ

www.foreverspace.com.mm

# အခန်း(၂၁)

## ထိုင်းနယ်စပ်မယ်၊ ပြေးဟယ်၊ လွှားဟယ်

ကျွန်တော်ဒီစာအုပ်ရေးနေရင်း ကိုကျော်တင့်ဆိုသည့် လူတစ်ယောက်ကို ၅၁ လမ်းထိပ်က ဖက်ဖူးရောင် လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ တစ်မနက်တွေ့ခဲ့ရသည်။ သူက ကျွန်တော့်မိတ်ဆွေတစ်ဦးနှင့်အတူပါလာတာဖြစ်သည်။ ကျွန်တော့်မိတ်ဆွေက "ဆရာ ဘာစာအုပ်ရေးနေလဲ"ဆိုတာနဲ့ကျွန်တော်က

"အေးဂျင့်ရယ်၊ ပွဲစားရယ်၊ မလေးရှားရယ်ဆိုတဲ့ စာအုပ်ရေးနေပါတယ်။ အကြောင်းကတော့ မလေးရှားမှာ အလုပ်သွားလုပ်ရင်း ကြုံရတဲ့ဘဝအထွေထွေ အောင်မြင်တာ တွေ၊ မအောင်မြင်တာတွေ မလေးသွားရင် အလိမ်မခံရဘဲ တရားဝင် ဘယ်လိုသွားရမယ်ဆိုတာတွေ ရေးနေတာပါ" ဟုဆိုသည်။

ထိုအခါ ကျွန်တော့်မိတ်ဆွေနှင့်အတူပါလာတဲ့ ကိုကျော်တင့် ဆိုသူက "ကျွန်တော်လည်း ထိုင်းနယ်စပ်မှာ အလုပ်သွား လုပ်ဖူးတဲ့

www.foreverspace.com.mm

အတွေ့အကြုံရှိတယ်။ ကျွန်တော်အလုပ်သွား လုပ်တဲ့အတွေ့အကြုံလေးက သဲထိပ်ရင်ဖို စရာလည်းဖြစ် ရင်တုန်ရင်ခုန်စရာလည်းဖြစ်ပြီး နောက်ဆုံးသမ္ဗုဒ္ဓေဂါထာတော်နဲ့ လွတ်အောင်ထွက်ပြေးလာခဲ့ရတဲ့ ကြောင်း ပြောပြပါရစေ”ဟုဆိုကာသူ့အကြောင်းကို စီကာပတ်ကုံးပြောပြပါသည်။

ကိုကျော်တင့်အကြောင်းကလည်း စိတ်ဝင်စားစရာ ကောင်း၍ သူပြောသည်ကို ကက်ဆက်ဖြင့်ဖမ်းပြီး သူပြောသည့်အတိုင်းဖော်ပြလိုက်ပါသည်။

ကိုကျော်တင့်က ရန်ကုန်မှာဈေးတကာလှည့်ပြီး ဆေးရောင်းနေရာက ဆေးကလည်းသိပ်ရောင်း မကောင်းတာကြောင့် ထိုင်းနယ်စပ်မှ အလုပ်သွားလုပ်ရအောင်ဆိုပြီး သူငယ်ချင်းတစ်ယောက်က အဆွယ်ကောင်းတာနဲ့ နယ်စပ် ထိုင်းဘက်ကမ်းမှာ အလုပ်သွားလုပ်ပုံကို အောက်ပါအတိုင်း ပြောပြပါသည်။

လွန်ခဲ့တဲ့ ၃ နှစ်လောက်ကပေါ့ဆရာရယ် ကျွန်တော်လည်း စိတ်လေလေနဲ့ထိုင်းနယ်စပ် မြို့လေးတစ်မြို့မှာသွားပြီး အလုပ်လုပ်ဖြစ်ပါတယ်။ ရန်ကုန်ကနေပြီး (ကြယ်ငါးပွင့်ပိုင်) မြစ်ကြီးနား သင်္ဘောနဲ့ ကော့သောင်းမြို့ကိုသွားခဲ့ပါတယ်။ ရန်ကုန်မြို့ သာကေတ ကြယ်ငါးပွင့်သင်္ဘောဆိပ်ကနေ ညနေစောင်းမှာ သင်္ဘော စထွက်ခဲ့ပါတယ်။ တစ်ညအိပ်ပြီးနောက်နေ့ညနေမှာ ရောက်တယ်။ ရောက်တယ်ဆိုပေမယ့် မြို့ကိုပဲ လှမ်းမြင်ပြီး ကမ်းပေါ်မတက်ရဘဲ မြိတ်မြို့ရဲ့ တစ်ဘက်မှာရှိတဲ့ ပထော်ကျွန်းတောင်နားမှာ မြိတ်မြို့တွင် သင်္ဘောကို ရပ်ထားပါတယ်။ အဲဒီမှာ သင်္ဘောဆိပ်ကို ကပ်ခွင့်မရလို့ မြိတ်မြို့ကို လှမ်းမြင်နေလျက်နဲ့ ရေပြင်မှာ သင်္ဘောကျောက် ချပြီးအိပ်ခဲ့ရတယ်။ မနက်မိုးလင်း ၈ နာရီမှာ မြိတ်မြို့ဆိပ်ကမ်းမှာကပ်ပါတယ်။ မြိတ်မြို့မှာ

www.foreverspace.com.mm

ကုန်တင်ကုန်ချ၊ လူတင်လူချလုပ် ဖို့ဆိုပြီးနှစ်ညအိပ်နေခဲ့ရ တယ်။ နောက်နေ့နံနက် စောစောမှာမြိတ်မြို့မှ ကော့သောင်းမြို့ကို သင်္ဘော ထွက်ခဲ့ရာ ရေလမ်းခရီးမှာ တစ်ညအိပ်ပြီး နောက်တစ်နေ့ နံနက် ဇနာရီလောက်မှာ ကော့သောင်းမြို့ကို ရောက်ခဲ့ပါတယ်။ ကော့သောင်း မြို့ဟာ မြန်မာပြည်ရဲ့အစွန်းဆုံးမြို့လည်း ဖြစ်ပါတယ်။ ကော့သောင်း ရောက်တော့ ရန်ကုန်ကစီစဉ်လာခဲ့တဲ့အတိုင်း ထိုင်းနဲ့ တရုတ်စပ်ကပြား ကိုဘန်းကျော်အိမ်ကို လိပ်စာအတိုင်း သွားရပါတယ်။

ကိုဘန်းကျော်ရဲ့ အကူအညီနဲ့ ကျွန်တော်တို့က ကော့သောင်း မြို့ရဲ့ တစ်ဘက်ကမ်းမှာရှိတဲ့ ထိုင်းနယ်စပ်မြို့ ဖြစ်တဲ့ ရနောင်းမြို့ကို သွားကြရပြန်ပါတယ်။ ရနောင်းမြို့ပေါ်ကို ဖန်းပလားဆိပ်ကမ်းက တက်ပြီး ရနောင်းမြို့တွင်းကို အလုပ်လုပ်ဖို့ အလုပ်လိုက်ရှာတော့ အလုပ်အမျိုးမျိုးတွေ့ရပါတယ်။ အလုပ်တွေက ပေါပေမယ့် လူတိုင်း လုပ်နိုင်တဲ့ အလုပ်မျိုးတော့ရှားပါတယ်။

ငါးလှေလုပ်သား၊ သစ်စက် လုပ်သား၊ မြေတူးလုပ်သား၊ ဥယျာဉ်လုပ်သား၊ ရာဘာခြံ လုပ်သား၊ ပင်လယ်ရေငုပ်ဆယ်ယူတဲ့ လုပ်သား၊ သစ်ခုတ်ထင်း ခုတ်လုပ်သား၊ မီးသွေးဖိုလုပ်သားစသည်ဖြင့် အလုပ်တွေ အစုံရှိပါတယ်။

ငါးခွဲအခြောက်လှန်း၊ ငါးပိလုပ်ငန်း၊ ပွဲရုံအထမ်းသမား အလုပ်တွေလည်းရှိတယ်။ ကျွန်တော်ကရုံး အလုပ်သမားက ထွက်လာ တာဆိုတော့ အလေးအပင်မလုပ်နိုင်လို့ အလုပ်အတော် ရှားပါတယ်။

## ပင်လယ်ရေငုပ်လုပ်ငန်း

အလုပ်ရွေးနေရင်လည်း စားရေး၊ နေရေးကမ လွယ်ဘူး။ ဒါကြောင့်ကျွန်တော်ပင်လယ်ရေငုပ်လုပ်ငန်းမှာဘဲအလုပ်ဝင် လုပ်လိုက်

www.foreverspace.com.mm
ပါတယ်ဆရာ။ အလုပ်ကတော့ အတော်ကြမ်းပါတယ်။ ပင်လယ်ရေခူတွေကို စက်လှေပေါ်က ထမ်းချရတယ်။ နောက် ရေခူစိမ်တဲ့ အင်တေကန်ထဲထည့်ရတယ်။ ပြီးတော့ ဆား၊ ကျောက်ချဉ်၊ ဆော်ဒါတွေနဲ့ အဆင့်ဆင့်စိမ်တဲ့ကန်ထဲထည့်မွှေရ စီရတယ်။ ရေခူရဲ့အကျိ အချွဲတွေ တစိုစိုနဲ့ ညှီညှီဟောက်ဟောက် လုပ်ရတဲ့ အလုပ်မျိုးပေါ့။ အဲဒီမှာ သုံးလလောက်ကြာပါတယ်။

**ရေခဲချောင်း၊ ရေခဲမုန့်**

ပင်လယ်ရေခူရဲ့ အယားဒဏ်၊ အညှီအဟောက် အချွဲအစိုဒဏ်ကို မခံနိုင်တော့တာကြောင့် ကျွန်တော်လည်း ရေခဲချောင်း၊ ရေခဲမုန့်ကိုပေါင်မုန့်၊ ကိတ်မုန့်နဲ့တွဲဖက်စားရတဲ့ မုန့်လှည်းလေးနဲ့ ရနောင်းမြို့တွင်း လမ်းကြိုလမ်းကြားလိုက် ရောင်းရတဲ့အလုပ်ကို ပြောင်းလုပ်ပါတယ်။ များများရောင်း ရရင် များများဝင်ငွေရတဲ့ အလုပ်မျိုးပါ။ ရေခူလုပ်ငန်းထက် တော့ နည်းနည်းပိုကောင်းသလိုရှိပါတယ်။ တစ်နေ့ကို ထိုင်း ငွေဘတ် ၅၀၊ ၆၀၊ ၇၀ လောက်တော့ ရတယ်။ တစ်နေ့ ထမင်းဖိုးက ဘတ် ၄၀ လောက်ကုန်တယ်လေ။ ထိုင်းမှာက ကျွန်တော်တို့မြန်မာတွေ လွတ်လွတ်လပ်လပ်နေရ၊ လုပ်ရတာ ကိုင်ရတာမျိုးမဟုတ်တော့။ အဖမ်းအဆီးကို ကြီးလန့်စာစားဘဝနဲ့ လုပ်ကိုင်နေရတာပါ။ ရေခဲမုန့်ကိုရွာစဉ်လှည့်သွားပြီး ရောင်းစားရာမှာ ရဲတွေ့ရင်ဖမ်းမှာ ကိုတော့အမြဲတမ်း အသေအလဲ စိုးရိမ်နေရပါတယ်။ ရပ်ကွက်တကာလှည့်ရောင်းရတာဆိုတော့ ခွေးလေခွေးလွင့်အကိုက်ခံရမှာကိုလည်းစိုး ရသေးတယ်။ တစ်ခါ တစ်ရံဆိုးတဲ့ကလေးအုပ်စုနဲ့တွေ့ရင် ရောင်းမယ့် မုန့်တွေကိုလုစားခံရတာမျိုးလည်းရှိတယ်။ ကလေးတွေကတော့ အပျော်လုပ်တာပါ။ ဒါပေမယ့် ကျွန်တော်တို့အမြတ်ရတဲ့အထဲက ပါသွားတော့တစ်နေ့တာ နေဝင်လို့ မိုးချုပ်အမောပဲ အဖက်တင်တာမျိုးပေါ့ဆရာရယ်။

www.foreverspace.com.mm

တနေ့သော နံနက်စောစော ၅ နာရီလောက်မှာ ရေခဲမုန့်၊ ရေခဲချောင်း၊ မုန့်တွေရောင်းဖို့အရောင်း လှည်းငယ် ထဲထည့်နေစဉ်မှာ ရဲကကျွန်တော်တို့ လက်ကားမုန့်ရုံ (မုန့်ဆိုင်) ကိုလာပြီးဖမ်းတော့ ကျွန်တော်တို့ နောက်ပေါက်က ထွက်ပြေးရတာ မြောင်းထဲကျ ဗွက်ထဲ လူးနဲ့ မနည်းသုတ် ခြေတင်ပြေးခဲ့ ရပါတယ်။ အဲဒီတုန်းက ဗမာ ၅ ယောက် အဖမ်းခံလိုက်ရတယ်။ ကျွန်တော်ကတော့ သုံးပေအချင်း ရှိတဲ့ ချီးပိုက်လုံးထဲ ဝင်ပုန်းနေလို့ လွတ်သွားတယ်။ ချေးပိုက်ထဲမှာက တစ်ပေလောက်အညစ်အကြေးတွေ ရွှံ့ဗွက်တွေ၊ ချေးတုံးတွေလည်း ပေါလောမျောနေသလားမသိပါဘူး၊ ချေးပိုက်ထဲ ဝင်လိုက်တာ ထက်ရဲလက်ထဲဝကွက်ပြီးအဖမ်းခံရတာမှ တော်သေးကြောင်း အဲဒီအထဲရောက်မှ သိပါတယ်။ ချေးပိုက်ထဲမှာ ဒါလောက် ဆိုးမှန်းသိရင် အဖမ်းခံလိုက် ပါတယ်ဆရာရယ်။ ရဲရန်ကအေးမှ ချေးပိုက်ထဲကထွက်ခဲ့ရပေမယ့် ရေခဲချောင်း၊ ရေခဲမုန့်ဆိုင်မှာ လုပ်နေရတာက ရဲကခဏခဏလာ ဖမ်းတာများတာ ကြောင့် ကျွန်တော်လည်း အလုပ်ပြောင်းရပြန်ပါတယ်။

### သဲတင်တဲ့လုပ်ငန်း

ဒါနဲ့ရနောင်းမြို့ဆင်ခြေဖုံးက ရပ်ကွက်တစ်ခုမှာ ချောင်းထဲ ကသဲ(အိမ်ဆောက်သဲ)ကို ကမ်းပါးပေါ် သယ်တင် ရတဲ့ အလုပ်ကို ပြောင်းလုပ်ကြပြန်ပါတယ်။ သဲဟိုက်လပ်စ် ကားတစ်စီးလောက် ချောင်းထဲက ကမ်းပေါ် တင်ရင် ဘတ်ငွေ ၁၀၀ ကျော်ကျော်ရပါ တယ်။ အတော်ပင်ပန်းတဲ့ အလုပ်ပါ ဆရာရယ်။ ချောင်းကမ်းပါးက ၆ ပေ ကျော်ကျော်မြင့်ပါတယ်။ အဲဒါကိုကျော်တက်ပြီး သဲကိုကမ်းပါး မှာပုံရပါတယ်။ အလုပ်ကပင်ပန်းလွန်းလို့ မျက်စိထဲကမီးပွင့်သလို ခံစားရပါ တယ်။ မျက်စိထဲမှာကြယ်တွေလတွေ ထွက်ထွက်သွားတာ

www.foreverspace.com.mm

မျိုးပဲ ဆိုတာပေါ့ဆရာ။ သဲကရေစိုတော့ ပိုလေးတယ်လေ၊ ၆ ပေ ကျော်ကျော်ကမ်းပါး ပေါ်အခေါက် ခေါက်အခါခါ သယ်တင် ရတာဆို တော့ စဉ်းစားကြည့်ပါဦး။ နေကလည်းပူ၊ သဲကလည်းလေး၊ အမလေး လေးပေ့၊ ဒီလောက်ပင်ပင် ပန်းပန်းသယ်ထားတဲ့ သဲတွေကိုအလစ်မှာ လက်ညိုးထိုးပြီးခိုးရောင်းတဲ့သူတွေကလည်းရှိသေးတယ်။ ကျွန်တော် တို့ ဗမာတွေထဲက ဆေးသမားလူလည်တွေ အချင်းချင်းလုပ်ကြ တာပါ။ ထိုင်းတွေက မလုပ်ကြပါဘူး။ အဲဒီ အလုပ်လုပ်တုန်းကဆိုရင် ကျွန်တော့်မှာ လူဟာလူရုပ်မပေါက်တော့ ဘူး။ မဲလို့သဲလို့ပေါ့။ နဂိုကတည်းက ကျွန်တော့်က အသားကလဲ မည်းတော့ လူနဲ့မတူဘူး။ အမျိုးအမည်မသိ တိရစ္ဆာန်တစ်ကောင် နဲ့ပဲ တူနေတော့တာပါပဲ ဆရာရယ်။

## သေတ္တာပုံးရိုက်တဲ့လုပ်ငန်း

အဲဒီအလုပ်ကိုလည်း ရေရှည်မလုပ်နိုင်ပြန်ဘူး။ ဒါနဲ့ငါးစိမ်း ငါးစိတွေထည့်တဲ့ သေတ္တာပုံးရိုက်တဲ့ အလုပ်ကို ပြောင်းသွားတယ်။ အလုပ်တစ်လုပ်ကနေတစ်လုပ် ပြောင်းတယ်ဆိုတာကလည်း လွယ်တာ မဟုတ်ပါဘူး။ အလုပ်ပြောင်းရတဲ့ ဒုက္ခကိုတော့ ရိုးမယ်ဖွဲ့ပြီး မပြော တော့ပါဘူး။ သေတ္တာရိုက်တဲ့လုပ်ငန်းမှ အဲဒီအလုပ်ရှင်က သူကိုယ်တိုင် ရဲဘက်က ဆာဂျင်ကြီးပါ။ ရဲဆာဂျင်ရဲ့အလုပ်မှာ လုပ်ရတော့အဖမ်း အဆီးတော့ သိပ်မကြောက်ရဘူး။ သူကကာကွယ်ပေးပါတယ်။ လုပ်ခကျတော့ အရမ်းနည်းတယ်။ ခိုင်းတာကလည်း အရမ်းခိုင်းပဲ မနက် ၅နာရီကနေ ညနေ ၇နာရီထိ အလုပ်နဲ့ လက်မပြတ် အောင် ခိုင်းတယ်။ အလုပ်လုပ်ရတာကအီးတောင်ပေါက်ချိန် မရလောက် အောင်ပါပဲ။ အလုပ်လုပ်နေရင်း တပိုတပါးသွားတာတောင် ကြာကြာ

www.foreverspace.com.mm

ထိုင်လို့ မရဘူး။ ကြာရင်အိမ်သာကိုလာပုတ်ပြီး မြန်မြန် လုပ်မြန်မြန် လုပ်လို့ဆိုပါတယ်။ ဒါပေမယ့်အဖမ်းအဆီး အကာအကွယ် ရတာလေးကို မက်ပြီးလုပ်ခဲ့တာလေ သစ်ပါးပြားတွေကို ၂ ပေခွဲ၊ ၃ ပေခွဲ လက်ထိုးလွှနဲ့ဖြတ်ရတယ်။ ပြီးတော့ သူပြောတဲ့သေတ္တာ ပုံစံတွေကို ရိုက်ပေးရတယ်။အလုပ်ကျွမ်းကျင်တဲ့ သူတွေက ကျွန်တော်တို့လောက် မပင်ပန်းဘူး။ သူတို့ကျတော့ ပျဉ်ပြားတွေကို လက်ထိုးလွှနဲ့ မဖြတ်ရဘူး။ စက်လွှနဲ့ဖြတ်ရတယ်။ သက်သာတာပေါ့။ ကျွန်တော်တို့ကစက်လွှကိုမကိုင်တတ်ဘူး။ တစ်နေ့သေတ္တာ ဘယ်နှလုံးအနည်းဆုံးပြီးရမယ်လို့ သတ်မှတ်ထားပြန်တော့ မပြီးပြီးအောင် လုပ်ရတယ်။ ကြာလာတော့ အလုပ်ရှင်ဆာဂျင်ကြီးက အလုပ်လုပ်ခကို မှန်မှန် မပေးချင်ပြန်ပါဘူး။ ငွေမှန်မှန်မပေးတော့ ကျွန်တော်တို့က အလုပ်က ထွက်မယ်ဆိုတော့ မင်းတို့ကိုငါဖမ်းပြီး အချုပ်ပို့မယ် လို့ ခြိမ်းခြောက်တယ်။

ဒုက္ခပါပဲ ဘယ်လိုလုပ်ရမယ်ဆိုတာ စဉ်းစားလို့ မရတော့ဘူး ဖြစ်သွားတယ်။ ဆက်ပြီးနေရင်လည်း ထမင်းစား ကျွန်ခံသေတဲ့အထိ လုပ်ရတော့မယ်ကိန်းဆိုက်နေတော့။ ကျွန်တော်တို့လည်း ကြံရပြန်တာ ပေါ့ ဆရာရယ်။ ဘာလုပ်လဲဆိုတော့ ကျွန်တော်တို့ခိုးပြီး ထွက်ပြေးခဲ့ ရတယ်။ ကျန်နေတဲ့ လုပ်ခတွေလည်းမရ လိုက်ဘူးပေါ့။ ဆာဂျင်ကြီး ကိုလည်းရှောင် ပုန်းလျှိုးကွယ်လျှိုးနဲ့ တလည်လည်နဲ့ အလုပ်ရှာခဲ့ရာက ရနောင်းမြို့စွန်ကို ရောက်ခဲ့တယ်။ ဘယ်သွားလို့ ဘယ်ဝင် ရမှန်း မသိနဲ့ပေါ့။ ညကလည်းမှောင်လာပြီး ခပ်ဝေးဝေးမှာ မီးရောင် လက်လက် အဆောက်အဦတစ်ခုကိုပါတယ်။ ရန်သူဖြစ်မလား၊မိတ်ဆွေဖြစ်မလားမသိပါဘူး။ အဲဒီကိုပဲဦး တည်လျှောက်သွားတော့ အဲဒီနားရောက်တော့ အိမ်ရှင်ထိုင်း လင်မယားနဲ့ သားနှစ်ယောက်

www.foreverspace.com.mm

ထွက် လာတယ်။ ကျွန်တော်က "အနီးထမင်း"လို့ ထိုင်းစကားနဲ့ ပြောတော့ အလုပ်လုပ် မလို့လားလို့ပြောတယ်။ ကျွန်တော်ကခေါင်း ညိတ်ပြတယ်။ ဒါနဲ့အလုပ် အဆင်ပြေသွားတယ်။ ဒီလင်မယားက ဝက်မွေး ကြပါ တယ်။ ကျွန်တော်တို့က ဝက်မွေးခြံမှာလုပ် ကြရတာပါ။ မနက်ကျတော့ကျွန်တော် ဝက်ခြံသန့်ရှင်းရေး ဝက်သန့်ရှင်းရေး ရေချိုးပေးရတယ်။ ဝက်စာကျွေးရတယ် ဝက်ကိုရေတိုက်ရတဲ့ အလုပ် တွေ လုပ်ရ တယ်။ အလုပ်ကလုပ်ခဲ့တဲ့ အလုပ်ထဲမှာ အသက်သာဆုံး လို့ဆိုနိုင်ပါတယ်။ မြို့နဲ့လည်းဝေးတော့ရဲရန်ကလည်း စိတ်အေးရပါတယ်"

အဲဒီမှာပဲ ကျွန်တော်တို့အတော်ကြာကြာ လုပ်ခဲ့ရပါတယ်။ မြို့ပြင်ဆိုတော့ အဖမ်းအဆီးလည်း မရှိပါဘူး။ ဒါကြောင့် အဲဒီမှာ ကျွန်တော်တို့ ၂ နှစ်နီးပါးကြာအောင် လုပ်ခဲ့တယ်။ ဝက်ခြံရှင်က သဘောကောင်းတယ်။ အဲသလောက်ပင်ပင်ပန်းပန်း ၂ နှစ်ကျော် ၃ နှစ်လုပ်ခဲ့ရပေမယ့် ကျွန်တော်တို့မှာ စုမိလာဆိုတော့လည်း တစ်ပြားမှ မစုမိမဆောင်းမိပါဘူး။ ကျွန်တော်က ကုတ်ကုတ်စီစီဆိုတော့ သူများ ထက်စာရင် ခါးကြားထဲ လိပ်ထားတဲ့ ပိုက်ဆံလေးတော့ရှိပါတယ်။

ဒီလိုနဲ့နေလာတာ တစ်နေ့ကျတော့ ဝက်ခြံကို ရဲတွေရောက် လာတယ်။ ကျွန်တော်ကဝက်စာ ကျွေးနေချိန်ပေါ့။ ကျွန်တော် အရမ်းကြောက်သွားတယ်။ ကျွန်တော့်ကိုဖမ်းဖို့ လာတယ်ထင်တာလေ။ ရဲတွေက ကျွန်တော့်ကိုလည်းတွေ့ပါတယ်။ အလုပ်သမားတစ်ယောက် ပဲဆိုတဲ့အကြည့်နဲ့ပဲ ကြည့်ပါတယ်။ ပြီးတော့ ဝက်ခြံရှင်ကို ခေါ်သွား တယ်။ သူ့မိသားစုက ငိုပြီးကျန်ခဲ့တယ်။

နောက်မှသိရတာက ဝက်ခြံရှင်ကလိုင်စင်မဲ့ ဝက်သတ်မှုနဲ့ အရေးယူခံရတာပါတယ်။ နောက်တစ်ရက်ခြား၊ နှစ်ရက်ခြားရဲတွေ ဝက်ခြံရှင်ရဲ့မိန်းမနဲ့ စကားလာလာပြောတယ်။ ဝက်ခြံနားလာ၊ ဝက်

www.foreverspace.com.mm

အကောင်တွေကိုလည်းလာ ရေတွက်ပြီးထွက်သွားတယ်။ ကျွန်တော်ကို လည်း ထိုင်းစကားနဲ့ပြောတယ်။ ဘာတွေပြောမှန်း ကောင်းကောင်း မသိပါဘူး။ ကျွန်တော်ပြန်ပြောရင် မြန်မာစကားဝဲဝဲ အသံနဲ့ဆိုတော့ မြန်မာမှန်းသိပြီး ဖမ်းခံရမှာကကြောက်ရသေးတော့။ ကျွန်တော်က အအယောင်ဆောင်ပြီး ပြန်မပြောဘဲနေ လိုက်တယ်။

ဝက်ခြံရှင်မိန်းမကလည်း ရဲကို သူက အအ စကားမပြော တတ်ဘူး။ နားလည်းလေးတယ်လို့ပြောလိုက်တယ်။ ရဲက ကျွန်တော့်ကို သနားလို့ထင်ပါရဲ့။ စီးကရက်တစ်လိပ် မီးညှိပြီး ပေးသွားသေးတယ်။ နိုင်ငံခြားမှာက တစ်ခြားနိုင်ငံသားကို တရားမဝင်အလုပ်ခိုင်းထားရင် အလုပ်ရှင်ကိုပါ အရေးယူတရားစွဲလို့ရပါတယ်။ ဒါကြောင့် အလုပ်ရှင် တွေကလည်း ကြောက်တာပဲလေ။ လိုင်စင်မဲ့ဝက်သတ်တာက တစ်မှု။ နိုင်ငံခြားသားတွေကို အလုပ်ခိုင်းတာကတစ်မှုနဲ့ နှစ်မှုဖြစ်သွားမှာ အလုပ်ရှင်ကလည်းစိုးရိမ်ပါတယ်။ ဒီလိုနဲ့ ဝက်ခြံရှင်ဟာ ရဲနဲ့လိုက် သွားတာ ၁၀ ရက်လောက် အိမ်ပြန် ရောက်မလာတော့ဘူး။ ၁၀ရက် ကျော်မှစိတ်ဆင်းရဲ ကိုယ်ဆင်းရဲပုံနဲ့ ပြန်ရောက်လာတယ်။ မင်းကို ငါခင်ပါတယ်ကွာတဲ့။ ဒါပေမယ့်ငါအလုပ်စီးပွားရေး မကောင်းလို့ အလုပ်သမား မထားတော့ဘူးလို့ပြောတယ်။ အဲဒါနဲ့ပဲ ကျွန်တော်နဲ့ ဝက်မွေးခြံဟာ ဇာတ်လမ်းသိမ်းခဲ့ရပါတယ်။

**ပန်းရုံအလုပ်ပြောင်းရ**

ဒီနောက်ကီလိုဆန်းဆိ(မိုင်၃၀)ရပ်ကွက်မှာ ပန်းရုံအလုပ် သွားလုပ်ပါတယ်။ နေ့စားပေါ့။ တစ်နေ့ဘတ် ၆၀ ရပါတယ်။ အုတ်၊ သွပ်၊ သဲသယ်၊ ဘိလပ်မြေမဆလာ ဖျော်ပေါ့လေ။ နည်းနည်း ပါးပါး အလုပ်ကျွမ်းကျင်လာတော့ တစ်နေ့ဘတ်ငွေ ၈၀ ထိရပါ တယ်။ ဒါပေမယ့် ပန်းရုံအလုပ်က တစ်ခါတစ်ခါအလုပ်က ပြတ်သွား

www.foreverspace.com.mm

တတ်တယ်။ တစ်နေ့အတူပန်းရံလုပ်တဲ့မိတ်ဆွေက တိုက်ပုလေး တစ်လုံးဆောက်ဖို့အလုပ်ရတယ်။ အဲဒါအတူ လုပ်ကြမလားလို့ လာစပ်ပါတယ်။ ကျွန်တော်ကလည်း ဒါအခွင့်အရေးပဲလုပ်မယ်ပေါ့။ သူက လည်းကျွန်တော့်လိုပဲ လက်သမား၊ ပန်းရံအလုပ်ကိုကျွမ်းကျင် သူတော့ မဟုတ်ဘူး။ နောက်လိုက်သာသာအဆင့်ပဲရှိတာ။

ဒါနဲ့ ကျွန်တော်တို့ နှစ်ယောက်ပေ ၂၀ × ပေ ၃၀ ရှိတဲ့ တိုက်ပုလေး တစ်လုံးကို လက်တည့်စမ်းပြီး ဆောက်ကြပါတယ်။ ကျွန်တော်တို့ ဘိလပ်မြေဖျော် အုတ်စီ၊ အချောကိုင်လုပ်တတ်ကြပါတယ်။ ပန်းရံလုပ်ငန်းကတော့ ကျွန်တော်တို့အတော်လေးလုပ်တတ်နေပြီလေ။ လက်သမားကိစ္စသာမလုပ်တတ်တာပါ။ ဒါကလည်း ကျည်းဘောင် ခွေ၊ တံခါးတပ်ဖို့ကိစ္စကို ကျွန်တော်တို့ မကျွမ်းကျင်ပေမယ့် အခက်အခဲတော့သိပ်မရှိပါဘူး။ အသင့်လုပ်ပြီး ကျည်းဘောင်နဲ့ တံခါးကိုဝယ်တပ်လိုက်ကြပါတယ်။ ဒါလဲအဆင်ပြေသွားပါတယ်။ ပြီးတော့ သွပ်မိုးမိုးဖို့ ကျန်ပါတယ်။ ဒါလည်း ကျွန်တော်တို့ လုပ်တတ်ကြ ပါတယ်။

အိမ်ပု၊ တိုက်ပုလေးဆေးသုတ်ဖို့ကလွဲလို့ အကုန်လုံး ပြီးစီးသွားပါတယ်။ နောက် ၃ ရက်ဆိုရင် အိမ်အပ်ပြီး လက်ခ မြက်မြက်ကလေးထုတ်ယူရုံပဲ ကျန်တော့တယ်။ ကျွန်တော်တို့ နှစ်ယောက် စိတ်ကူးနဲ့ပျော်နေ ကြတာပေါ့။

ကျွန်တော်တို့အတွက်ကတော့ တွက်ရေးမှာတော့ စက်သူဌေးပါပဲ။ ဒီလိုနဲ့နေရင်း အဲဒီညနေမှာ မိုးရွာလိုက်ပါတယ်။ ထိုင်းမိုးက ခပ်ပြင်းပြင်းရွာတတ်တယ်။ ကျွန်တော်တို့ လည်းကျွန်တော်တို့ဆောက်ထားတဲ့ တိုက်ပုလေးထဲမှာ မိုးလုံလေလုံနဲ့ ကိုယ်အိမ်ကိုယ်ဆောက်ပြီး

www.foreverspace.com.mm

ကိုယ်ပိုင်တိုက်မှာ နေသလိုကျေနပ်မှု အဝဝနဲ့နေတုန်းမှာ…။ အဲဒီညမှာ ဘာဖြစ်သလဲဆိုတော့ ဘုရား…ဘုရား…တိုက်ပုလေးထဲ မိုးရေတွေ ယိုတာလာတွေ့ရတော့။ ကျွန်တော်တို့ နှစ်ယောက် စလုံးမျက်လုံးပြူး သွားတယ်။ တိုက်ပိုင်ရှင်မရှိလို့ တော်သေးတာပေါ့။ ဒါနဲ့ကျွန်တော်တို့ လည်း ဘာပြုလို့မိုးယိုရတာလဲဆိုတာ ခေါင်မိုးပေါ်တက်ကြည့်ကြ ပါတယ်။ အဲဒီတော့ ဘာတွေ့လဲဆိုတော့ အမလေးလေး မြတ်စွာ ဘုရား… ကျွန်တော်တို့နှစ်ယောက်မိုးထားတဲ့ သွပ်ပြားတွေက ပြောင်းပြန်တွေမိုးထားတာတွေ့ရပါတယ်။ နှစ်ယောက်စလုံးက မကျွမ်း မကျင်ဆိုတော့ အမှတ်တမဲ့အမှားဟာတကယ့် အမှားကြီး ဖြစ်နေတာကို တွေ့ရတယ်။ ပြန်ပြင်ဖို့ လည်းမလွယ်ဘူး။ အိမ်ရှင်သိရင်လည်း လျော်ကြေးပေးလို့ ဆုံးမှာမဟုတ်ဘူး။ တစ်သက်လုံးကျွန် ခံတာတောင် ပြီးမှာ မဟုတ်ဘူး။ မလျော်နိုင်ရင်လည်း ရဲလက်အပ်ခံရရင် တစ်ပူက နှစ်ပူမကဖြစ်ရတော့မယ်။

ဒါနဲ့ကျွန်တော်တို့နှစ်ယောက်လည်း မိုးရေစက်တွေကို အဝတ်တွေနဲ့အမြန်သုတ်ဖြစ်ရတယ်။ မိုးကလည်း တိတ်သွားပါတယ်။ မိုးတိတ်လို့ မိုးရေသုတ်ပြီးတဲ့အချိန်မှာပဲ တိုက်ပိုင်ရှင် ရောက်လာပြီး သူ့တိုက်ပုလေးကိုသူက သူ့ဟာသူကျေနပ်ပြီး ပိုင်ရှင်က ကျွန်တော်တို့ ကို မင်းတို့သိပ်တော်တယ်။ တစ်လမကြာဘဲပြီးအောင် ဆောက်နိုင် တယ်လို့ ချီးကျူးပါတယ်။ သူအဲဒီလိုချီးကျူးနေချိန်မှာ မိုးခြိမ်းသံကို ကြားလိုက်ရတော့ ကျွန်တော်တို့နှစ်ယောက် လိပ်ပြာပျောက်သွား မတတ်ပါပဲ စိုးရိမ်နေရတယ်။ ကျွန်တော်တို့ နှစ်ယောက်စလုံး ရင်တုန် နေရပါပြီ။ ဒါပေမယ့်တော်ပါသေးတယ်။ ထိုင်းမိုးက ခြိမ်းရုံ ခြိမ်းပြီး မရွာလိုက်လို့ပါ။ အဲဒီအခြေအနေမှာ ကျွန်တော့် လုပ်ဖော်ကိုင်ဖက်က

www.foreverspace.com.mm

ဖြတ်ထိုးညဏ်နဲ့ တိုက်လေးပိုင်ရှင်သူဌေးကို သူ့အင်္ကျီ အိတ်ကပ်ထဲက စာရွက်တစ်ရွက်ကိုထုတ်ပြပြီး သူ့အမေသေလို့ အခုချက်ချင်း မြန်မာပြည်ပြန်ရမယ်။ တတ်နိုင်ရင် လုပ်ခလေး အမြန်ရှင်းပေး ဖို့ပြော တယ်။ တိုက်ပုပိုင်ရှင်က ကျေနပ်နေတာဆိုတော့ချက်ချင်းပဲ တိုက် ဆောက်ခကိုထုတ် ပေးလိုက်ပါတယ်။ အဲဒါနဲ့ ကျွန်တော်တို့ နှစ်ယောက်လည်း မိုးခြိမ်းသံနောက်တစ်ကြိမ်မကြားမီ ထိုင်းမိုး တစ်ကြိမ်ထပ်မရွာမီ အလွတ်ပြေးမှပဲဆိုပြီး တိုက်ပုလေးနဲ့ ဝေးနိုင်သမျှ ဝေးအောင်ခြေကုန်သုတ်ပြီး ပြေးခဲ့ကြရတာပါပဲ။ ထိုင်းဘက်ကမ်းမှာ လည်း မနေရဲတော့ပါဘူး။ တိုက်ပုလေးပိုင်ရှင်နဲ့ဝေးရာ မြန်မာပြည် ဘက်ကမ်း ကော့သောင်းမြို့ကို အရောက်ပြေးခဲ့ ရကြတာပါခင်ဗျာ။ အဲဒီနောက်မှာတော့ ကျွန်တော်တို့လည်း နိုင်ငံနယ်ခြားဆို ခြေဦးတောင် မလှည့်တော့ပါဘူးလို့ တိုက်ပုပိုင်ရှင်ကို ကျွန်တော့်မိတ်ဆွေက အမေ သေလို့ဆိုပြီး ထုတ်ပြတဲ့စာရွက်ကတော့ အိမ်ကသမီးကရောက်ရာ အရပ်မှာ ရွတ်ဖို့ဆိုပြီး ထည့်ပေးလိုက်တဲ့ သမ္ဗုဒ္ဓေဂါထာတော် ဖြစ်ပါ တယ်။

သမ္ဗုဒ္ဓေဂါထာတော်မရွတ်ဖတ်ဘဲ သူ့ချည်းတောင် ကျွန်တော်တို့ကို ဒုက္ခတွင်းထဲက ကယ်ခဲ့တယ်။ တကယ့် အန္တရာယ် ကင်းပါတယ်လို့ ဆိုရမှာပဲဖြစ်ပါတယ် ဆရာရယ်။ အဲဒီသမ္ဗုဒ္ဓေဂါထာ တော်ကတော့ ဟောဒီစာရွက်လေးပါပဲ။ ခုထိ ကျွန်တော့်မှာ အန္တရာယ် ကင်းအောင်ဆိုပြီး ဒီစာရွက်လေးကို ဆောင်ထားပါတယ်ဟုဆိုကာ သူ့အိတ်ကပ်ထဲမှ ဝါကျင်ကျင် ဖြစ်နေပြီး စာလုံးတွေတောင်မသဲမကွဲ ဖြစ်နေတဲ့ စာရွက်လေးတစ်ရွက် ကိုထုတ်ပြပါသည်။

နိုင်ငံခြားမှာ အလုပ်သွားလုပ်တယ်ဆိုတာက အဲသလို ပါပဲ။

အစားတစ်လုပ်တုတ်တစ်ချက်ဆိုသလို မစားရသေးခင်ပုလိပ်သံ၊ ရဲသံကိုနားစွင့်ပြီး အလုပ်လုပ်ကြရတာပါ။ အခုလိုပြေးဟယ်လွှားဟယ်၊ မစင်တွေပြည့်နေတဲ့ အိမ်သာ ပိုက်လုံးထဲ ဝင်ပုန်းဟယ်နဲ့ ကျွန်တော့် အနေနဲ့ပြောရ ရင်တော့ ကိုယ့်နိုင်ငံမှာ ကိုယ်ဆားနဲ့စားတာ ပဲကောင်း ပါတယ်လို့ ပြောချင်တာပါပဲဆရာရယ်။

❒ ❒ ❒

www.foreverspace.com.mm

# အပိုင်း (၅)

## မလေးရှားမှ ထောင်သားဘဝအတွေ့အကြုံ

အခန်း (၂၂) ထောင်နန်းစံရသူ၏ အပြန်လမ်း (၁)
အခန်း (၂၃) ထောင်နန်းစံရသူ၏ အပြန်လမ်း (၂)
အခန်း (၂၄) ထောင်နန်းစံရသူ၏ အပြန်လမ်း (၃)

ပန်းမျိုးတစ်ရာစာပေ

www.foreverspace.com.mm

## အခန်း (၂၂)

## ထောင်နန်းစံရသူ၏ အပြန်လမ်း (၁)

ကျွန်တော် မလေးရှားနိုင်ငံမှာရှိစဉ် ဝမ်းကဖေးမှာ စကားလက်ဆုံကျခဲ့ရတဲ့သူတစ်ဦးက ကိုမြင့်ထွန်းမောင် ဖြစ်သည်။ ကိုမြင့်ထွန်းမောင်ကို ကျွန်တော်က မလေးရှားနိုင်ငံ ရောက်လာတဲ့ အတွေ့အကြုံ၊ မလေးရဲလိုက်လို့ ပြေးရတဲ့ အတွေ့အကြုံလေးတွေရှိရင် ပြောပါဦးဆိုတော့-

"ဆရာရယ် ရဲလိုက်တာတော့ အကင်းပဲ ကျွန်တော်က ထောင်ပါကျဖူးတာ" ဟုဆိုပါသည်။

"ဒါဆိုလည်း နားထောင်ရတာပေါ့။ ကျွန်တော့် စာအုပ်ထဲမှာက ထောင်ကျတဲ့အတွေ့အကြုံ မပါသေးလို့ပါ။ ပြောပါဦး" ဟုဆိုရသည်။

"ထောင်က မလေးရှားထောင်၊ မလေးရှားအချုပ်၊ ထိုင်းထောင်၊ ထိုင်းအချုပ်တစ်တွဲလုံး ပြောလို့ရပါတယ်ဆရာ"

www.foreverspace.com.mm

ဟုဆိုကာ ကိုမြင့်ထွန်းမောင်က သူ၏အတွေ့အကြုံဘဝ မှတ်တမ်းကို အောက်ပါအတိုင်း ပြောပြပါသည်။

ကိုမြင့်ထွန်းမောင်က သူသည် အစပထမတုန်းကတော့ အစိုးရဝန်ထမ်းတစ်ဦးဖြစ်သည် ဟုဆိုပါသည်။ လူကြီးတွေနှင့်တောင် အနီးကပ်နေခဲ့ရပြီး သတင်းလုပ်ငန်းများ ကို တာဝန်ယူခဲ့သူတစ်ဦး ဖြစ်သည် ဟုဆိုသည်။ ထိုကဲ့သို့ လုပ်နေရာမှ လူတကာကလည်း နိုင်ငံခြားထွက်၊ နိုင်ငံခြားက ပြန်လာတဲ့ သင်္ဘောသားတွေကလည်း ကားတစ်ဝီဝီနဲ့ဆိုတော့ နိုင်ငံခြားထွက်ရင်ကောင်းမှာပဲဆိုပြီး အပေါ် လမ်းကဆိုရင်ငွေ ကုန်ကြေးကျ အတော်များတာဖြစ်လို့ အောက်လမ်း ကပဲ မလေးရှားနိုင်ငံကို ထွက်ခဲ့တာဟုဆိုပါသည်။

ကျွန်တော် မလေးရှားကို ထွက်ခဲ့တော့ အသက် ၄၀ လောက်ရှိပြီ၊ တကယ်တမ်းထွက်သင့်တာကတော့ ၁၈ နှစ်ကနေ ၃၀ မပြည့်ခင်အထိပါ။ ၄၀ ရောက်မှ ထွက်လာတော့လည်း ထိန်းထိန်းသိမ်းသိမ်းနေ နိုင်တာပေါ့လို့ဆိုရင်လည်း မမှားပါဘူး။ လူငယ်တွေလို အဝတ်အစားဆိုလည်း ပြေးဝယ်။ ရုံးပိတ်ရင်လည်း အပြင်တွက်လည်တာမျိုးမရှိဘဲ ရသမျှပိုက်ဆံကို ခြစ်ခြစ်ကုတ်ကုတ် စုတော့ အိမ်ကိုပို့ နိုင်ပါတယ်။ ကျွန်တော်မလေးရှားကိုရောက်တော့ အသက်ကြီး တယ်လို့ဆိုပြီး သူဌေးတွေက မခိုင်းချင်ကြဘူး။ ဒါကြောင့် ခိုင်းကြည့်ပါဦးဆိုပြီး မခိုမကပ်နဲ့ ပိုအပင်ပန်းခံပြီး လုပ်ပြ တော့ သူဌေးကသဘောကျပါတယ်။ စရောက်ကတည်းက စားသောက်ဆိုင်မှာ လုပ်ရတာပါ။ တစ်နှစ်ခွဲလောက်လုပ် ပြီးတော့ တစ်ခြားဆိုင်တစ်ဆိုင်ကို ပြောင်းလုပ်ပါတယ်။

ပထမဆိုင်မှာက ပိုင်ရှင်က တစ်စတစ်စစီးပိုးလာလို့ နောက် တစ်ဆိုင်ပြောင်းခဲ့ကြတာ၊ ဒုတိယဆိုင်ရှင် သူဌေးက တော့မဆိုးလှ

www.foreverspace.com.mm

ပါဘူး။ ညှာညှာတာတာလေးရှိတော့ ကျွန်တော်တို့လည်း လုပ်ပျော်ပါတယ်။

မလေးရှားနိုင်ငံရဲ့ရာသီဥတုက ဆောင်းရယ်၊ နွေရယ် လို့မရှိဘဲ မိုးဦးကျလို နေတစ်ပြိုက် မိုးတစ်ပြိုက်နဲ့ တစ်နှစ်ပတ်လုံး တစ်ရာသီတည်းသာရှိတဲ့ နိုင်ငံဖြစ်ပါတယ်။ ဘယ်လိုရာသီပဲရှိရှိ ကျွန်တော်တို့ကတော့ ကိုယ်လုပ်စရာရှိတာတွေကို နေ့စဉ်လက်ပြတ်ကျမတတ် လုပ်ကြရတဲ့သူတွေပါ။ အဲဒီလို လုပ်နေရာက တစ်နေ့မှာ နေရောင်ခြည်ကလည်း ခါတိုင်းထက် ပိုပူနေသလိုပါပဲ။ ကျွန်တော်တို့စားသောက်ဆိုင်မှာလည်း ခါတိုင်းထက် ပိုမိုရောင်းကောင်းပြီး လူကျနေတော့ ကျွန်တော်တို့လည်း ချွေးတစ်လုံးလုံးနဲ့ကိုယ့်အလုပ်ကို ခါတိုင်းထက် သွက်သွက်လက်လက်လုပ်နေကြရပါတယ်။ အဲဒီအချိန်မှာ ရုတ်တရက် မော်တော်ကားနှစ်စီးက ကျွန်တော်တို့ ဆိုင်ရှေ့မှာ ထိုးဆိုက်လာပါတယ်။ ဆိုင်ကယ်ပေါ်က နှုတ်ခမ်းမွေးထူထူနဲ့ ထောင်ထောင်မောင်းမောင်း လူခြောက်ယောက်ဆင်းလာပြီး ဆိုင်ရှေ့မှာ ပိတ်ဆို့နေရာယူကြပါတယ်။ ကျန်နှစ်ဦးက ကျွန်တော်တို့ဆိုင်ရဲ့သူဌေးကမျက်နှာလွှဲထားတဲ့ မစ္စတာအဝီးကို မင်းတို့ဆိုင်မှာ နိုင်ငံခြားအလုပ်သမားရှိသလားလို့ မေးမြန်းနေတဲ့ပုံမျိုးကို ကျွန်တော်တို့လှမ်းမြင်လိုက်ရပါတယ်။ အဲဒီအခြေအနေတွေကို တွေ့လိုက်ကတည်းက ငါတို့တွေကို ရဲတွေဖမ်းဖို့ ရောက်လာတာဆိုတာကို သတိထားလိုက်မိပါတယ်။ အဲဒီလိုသိလိုက်တဲ့အချိန်မှာတော့ ကျွန်တော်တို့အားလုံး ချောင်ပိတ်မိနေပြီး သားဖြစ်နေလို့ ဘာမှမလုပ်နိုင်ကြတော့ပါဘူး။ နောက်ပြီးဒီလူတွေက ကျွန်တော်တို့ကို တန်းစီထိုင်ခိုင်းပြီး အိုင်စီ၊ အိုင်စီ (ပတ်စ်ပို့၊ ပတ်စ်ပို့လို့) ပြောပြီး နိုင်ငံကူး လက်မှတ်ပတ်စ်ပို့တွေကို တောင်းယူပြီး သိမ်းတော့တာပါပဲ။ နိုင်ငံကူးလက်မှတ်ကပါတဲ့

www.foreverspace.com.mm



လူလည်းပါ ရှိတဲ့လူလည်းရှိ ကျွန်တော်မှတော့ မရှိပါဘူး။ ရဲအဖွဲ့ဝင် တစ်ယောက်က လက်ကိုင်တယ်လီဖုန်းနဲ့ အချုပ်ကားကိုလှမ်းခေါ် နေတာကိုလည်း ကြားရပါတယ်။ မကြာပါဘူး သံဇကာတွေ အထပ် ထပ်ကာထားတဲ့ အချုပ်ကားကြီးတစ်စီး ဝေါကနဲ့ရောက်လာပါတယ်။ ဒီဆိုင်မှ ကျွန်တော်တို့ မြန်မာ ၁၂ ယောက်ရှိတယ်။ အားလုံး အဖမ်းခံကြရတာပါပဲ။ ပြီးတော့ ကျွန်တော်တို့ကို ဆင်းကိုင်းဗလို့ Sungaibloh ရဲစခန်းကို ခေါ်သွားကြတာပါဘဲ။ ရဲစခန်းရောက်တော့ လည်း ကျွန်တော်တို့ကို အချုပ်ကားထဲက မဆင်းခိုင်းသေးဘဲ ရဲစခန်း အဝမှာ ကားကိုအကြာကြီးရပ်ထားပါတယ်။ ကားကိုနေပူထဲ ရပ်ထား တော့ ကျွန်တော်တို့လည်း အချုပ်ကားထဲမှာ မွန်းအိုက်အိုက်နဲ့ ချွေးဒီဒီး ကျနေကြရတာပါ။ စိတ်အိုက်၊လူအိုက်နဲ့မလူးသာမလွန့်သာပါဘဲ။ ဒီလိုနဲ့တော်တော်ကြာတော့ ကျွန်တော်တို့ဆိုင်ရှင်သူဌေးကသူကားနဲ့ လိုက်လာတာကို လှမ်းမြင်လိုက်ရပါတယ်။ သူဌေးက ကျွန်တော်တို့ကို လာထုတ်တာပဲဆိုပြီး ကျွန်တော်တို့လည်းဝမ်းသာသွားကြပါတယ်။ သူဌေးကချက်ချင်းပဲ ရဲစခန်းထဲ ဝင်သွားပြီး ရဲတွေနဲ့သူဌေး သူတို့ အချင်းချင်းညှိနေကြတာလည်း အတော်ကြာပါ တယ်။ နောက်တော့ စခန်းထဲက သူဌေးထွက်လာပါတယ်။ ထွက်လာ ပြီးတော့သူဌေးက ကျွန်တော်တို့ကို စိတ်မကောင်းတဲ့ ခံစားချက် မျက်လုံးနဲ့ တစ်ချက် စွေကြည့်ပြီး သူ့ကားကို သူမောင်းပြီးထွက်သွား တယ်။ ကျွန်တော်တို့ လည်း ဘာနားလည်ရမှန်းမသိတော့ဘူး။ ဒါပေမယ့် ကျွန်တော်တို့ကို ချုပ်ထားတဲ့ အချုပ်ကားကြီးဟာ သူဌေး ထွက်သွားပြီး မကြာခင်မှာ ကျွန်တော်တို့ကိုခေါ်ခဲ့ရာ လမ်းအတိုင်း ပြန်မောင်းလာပါတယ်။ ဒီတော့ ကျွန်တော်တို့ အားလုံးက သူဌေးနှင့် ညှိပြီးလို့ ဒို့ကိုတော့ပြန်ပို့ပြီလို့ မှတ်ပြီး ပြုံးသူပြုံး၊ ပျော်သူပျော်ပေါ့။ ဒါပေမယ်မှန်းချက်နဲ့

www.foreverspace.com.mm

နှမ်းထွက် ကမကိုက်ခဲ့ပါဘူး။ အချုပ်ကားကြီးက ကျွန်တော်တို့ စားသောက်ဆိုင်ကိုကျော်ပြီး ဆူပန်းလေဆိပ် (မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူ လေဆိပ်ကြီး) ကိုဖြတ်ကာ ပက်တလင်းဂျာရာ (PJ) အချုပ်ကို မောင်းသွားပါတယ်။ ကျွန်တော်တို့ အချုပ်ကို ရောက်တော့ ကားပေါ်က ဆင်းပြီး ကျွန်တော်တို့ရဲ့ အဝတ်အစား၊ နာရီနဲ့ ငွေကြေးတို့ကို ရဲကြပ်ကြီးတစ်ဦးထံမှာ ပေးအပ် ရပါတယ်။ ပြီးတော့မှ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ သံတံခါး အထပ်ထပ်၊ သံတိုင်အထပ်ထပ်ကာရံထားတဲ့ အချုပ် ထဲကိုသွင်း လိုက်ပါတယ်။ အချုပ်ခန်းက ၆ပေ ၉ပေ အကျယ် အခန်း ၅ ခန်းရှိပြီး အခန်းတိုင်းမှာ လူတွေပြည့်ကျပ်လျက် ရှိနေတာကို တွေ့ရပါတယ်။ အများစုက အင်ဒိုနီးရှားလူမျိုးနဲ့ ဘင်္ဂလားဒေ့ရှ်က ဖြစ်ပြီး မြန်မာကတော့အနည်းစုပါ၊ အချုပ်ခန်းထဲမှာ လူဘယ်လောက်များလဲဆိုတော့ ကျောတစ်ခင်းစာနေရာရဖို့ မလွယ်ပါဘူး။ အချုပ်သားတွေနဲ့ အိုက်လှောင်ပြီး အသက်ရှူမဝဖြစ်ရတဲ့အထိပါပဲ။ အိမ်သာကလည်း အဲဒီအချုပ်ခန်းထဲမှာပဲရှိတာမို့ အိမ်သာနံ့က တငွေ့ငွေ့နဲ့ လှိုက်ပြီး နံစော်နေသေးပါတယ်။ လူများတော့ အသံများ၊ အသံများလို့ဆိုပြီးနားကို ပိတ်ထားလို့လဲမရဘူး။ ပြဿနာအမျိုးမျိုးပဲ ကြုံရပါတယ်။

ဒုက္ခသည်အချင်းချင်းအပေါ် အနိုင်ကျင့်ချင်တဲ့သူကလည်း မရှားပါဘူး။ မိုက်ကန်းကန်းနဲ့ နေရာချဲ့ယူထားပြီး ဗိုလ်ကျတဲ့သူကလည်းရှိပါတယ်။ မင်းတို့ထပ်ရောက်လာလို့ အချုပ်ခန်း နေရာကျပ်သွားတယ်ဆိုပြီး နောက်လာတဲ့သူကို မျက်စောင်းထိုးကြည့်တဲ့သူကလည်း ရှိပါသေးတယ်။ အမျိုးမျိုးတွေ့ရပြီး စိတ်ညစ်ဖို့ကောင်းပါတယ်။ ဒီလောက် စိတ်ညစ်စရာကောင်းတဲ့ နေရာမှာ သီချင်းတကြော်ကြော်ဆိုပြီး ဆိုင်းချက်မှန်မှန်တီးနေတဲ့ လူကလည်း ရှိပါ

www.foreverspace.com.mm

တယ်။ တချို့ကဋ္ဌင်းတလို မှိုင်နေတဲ့လူ၊ တရှုံ့ရှုံ့နဲ့ငိုနေတဲ့သူတွေ လည်း ရှိပါတယ်။ တချို့ကြတော့ ထမင်းထုပ်ကိုပတ်ပေးလိုက်တဲ့ သားရေကွင်းတွေကိုယူပြီး နံရံနဲ့မီးချောင်းဘေးက ပိုးကောင်နဲ့ အိမ်မြှောင်တွေကို လက်တည့်စမ်းပြီး ပစ်ချတဲ့လူတွေကိုလည်း ရှိပါသေးတယ်။ အချုပ်ခန်းထဲမှာ စုံတာမှတကယ်စုံတာပါ။

အုတ်နံရံပေါ်မှာလည်း ဟိုရေးဒီခြစ် ရေးထားကြတာ လည်း စုံနေတာပါပဲ။ မလေးလို၊ အင်္ဂလိပ်လို၊ အင်ဒိုနီးရှားလို၊ ဖိလစ်ပိုင်လို၊ ဘင်္ဂလားဒေ့ရှ်လို၊ မြန်မာလိုစသည်ဖြင့် အမျိုးမျိုး ကိုတွေ့ရတဲ့အပြင် ရုပ်ပုံတွေလည်း အမျိုးမျိုးရေးခြစ် ထားကြပါတယ်။ အညောင်းမိမှာစိုးလို့ ထိုင်ထလုပ်သူကလုပ်၊ တစ်နေရာတည်းမှာ ခုန်ပေါက်နေသူက ခုန်နဲ့ ရှုပ်ယှက်ခတ်နေတာပါပဲ။ ကျွန်တော်တို့လိုရောက်ခါစ လူတွေအဖို့ ငုတ်တုတ်အသက် ထွက်သွားနိုင်တဲ့ နေရာမျိုးပါ။ အေးအေးဆေးဆေးအိပ် ချင်လို့လည်း မအိပ်ရ၊ ထိုင်လို့လည်းမကောင်း၊ ထလိုလည်း မကောင်းနဲ့ အတော်အနေရအထိုင်ရခက်တဲ့ အချုပ်ပါပဲ။ ကျွန်တော့်မှာဆောင့်ကြောင့်ထိုင်ပြီး မျက်လုံးအစုံက မျက်ရည် တစ်ပေါက်စီကျလာပါတယ်။ အမေကိုရော သားသမီးတွေကိုရော ဇနီးကိုပါ သတိရနေပါတယ်။ ကိုယ့်တိုင်းပြည်ကိုလည်း သတိရပါတယ်။ ငါ့တိုင်းပြည်မှာဆိုရင် ငါဒီလိုခံရမှာ မဟုတ်ဘူး။ ငါဘာလုပ်ရမလဲ။ ထောင်ဝင်စာ လာတွေ့ဖို့နေနေသာသာ ရှေ့ဘာဆက်ဖြစ်နေမယ်ဆိုတာလည်း မသိဘူး။ အားကိုစရာမရှိတာဟာ အဆိုးဆုံးပါပဲ။

"ထမင်းစားချိန်ရောက်တော့ ထမင်းမလောက်မင ဟင်းမလောက်မငပါတဲ့ လက်သီးဆုပ်လောက်ရှိတဲ့ ထမင်း ထုပ်ပေါက်စလေးတွေကို လာပေးပါတယ်။ အဆာလွန်နေတဲ့ ကျွန်တော်တို့ဟာ ထမင်းထုပ်ကို အငမ်းမရ ဖြေစားပြီး ရေအဝသောက်လိုက်ပါတယ်။

www.foreverspace.com.mm

သောက်ရေက သီးခြားပေးထားတာမရှိပါဘူး။ အိမ်သာနားက ရေဘုံဘိုင်ကရေကိုပဲ သောက်ရ၊ ဆေးရတာပါ။ ဒီရေပဲသောက်၊ ဒီရေ ပဲချိုး၊ ဒီရေနဲ့ပဲ အိမ်သာဆေး၊ ဒီရေနဲ့ပဲ အလေးအပေါ့သွားပြီး၊ ဒါနဲ့ပဲ ဆေးရတာပါ။ ပေးထားတာက တစ်ခန်းလုံးအတွက် ဒီရေဘုံဘိုင်တစ်ခုပဲရှိပါတယ်။ ဒါကြောင့်အစမှာတော့ ဒီဘုံဘိုင်က ရေကို အသုံးပြုဖို့ အတော်ဝန်လေးမိပါတယ်။ ဒါပေမယ့် ဒီရေကိုမှ မသုံးရင် မသောက်ရင်လည်း သေဖို့သာရှိတာကြောင့် နောက်ဆုံးမှာတော့ သောက်သုံးရတာပါပဲ။ အဲဒီမှာဆိုးတာက မွတ်စလင်အမျိုးသားများ တယ်၊ သူတို့ဘာသာဓလေ့အရ သူတို့အင်္ဂါကြီးငယ်ကို စင်စင်ကြယ် ကြယ်ဆေးတတ်ကြပါတယ်။ အချုပ်ထဲမှာ သူတို့က ဒီရေဘုံဘိုင်နဲ့ပဲ ပယ်ပယ်နယ်နယ် ဘောင်းဘီထဲက ထုတ်ပြီးဆေးနေတော့ ဒီရေကို သောက်ရတာ ဘယ်လိုမှမျိုချလို့ ကျစရာအကြောင်း မရှိပေမယ့် ရေ မသောက်ရင်သေမှာဆိုတော့ သူတို့ဟိုဟာ ဆေးတဲ့ရေကိုပဲ မရွံနိုင်မရှာ နိုင်ဘဲ သောက်ရတဲ့ ဒုက္ခကလည်းကြီးလှပါတယ်''

ဒီလိုနဲ့ချုပ်ထားပြီး သုံးရက်မြောက်တဲ့နေ့မှာတော့ ရဲစစ်ချက် ယူဖို့ လက်ထိပ်ခတ်ပြီး ရုံးခန်းကိုခေါ်သွားတယ်။ စစ်ချက်ယူပြီးတော့ လက်မှတ်ထိုးခိုင်းပါတယ်။ လက်ဗွေတွေလည်း ယူပါတယ်။ မနက်က တည်း ကခေါ်ထုတ်သွားတာ အကြာကြီးထိုင်ခိုင်းထားပြီးမှ ညနေ စောင်းတော့ အချုပ်ထဲ ပြန်သွင်းပါတယ်''

နောက်ငါးရက်ကြာတော့ ကျွန်တော့်တို့ကို လက်ထိပ်ခတ်ပြီး အပြင်ကို ခေါ်သွားပြန်ပါတယ်။ ကျွန်တော်တို့လည်း ဘုမသိဘမသိ နဲ့ပါသွားတယ်။ Imagration ရုံးကိုပါ။ ရုံးခန်းထဲမှာ ကလူရှင်းနေပြီး ထိုင်နေတဲ့ပုဂ္ဂိုလ် ၄၊ ၅၊၆ ယောက်က ခပ်တည်တည်ကြီးတွေမို့ ကျွန်တော်တို့ မှာမျက်နှာငယ် ကလေးနဲ့ပဲ ခပ်ယို့ယို့လေးရပ်စောင့်နေရ

www.foreverspace.com.mm

တယ်။ တစ်အောင့်ကြာတော့ တရုတ်ကပြားပုံ မျက်မှန်ထူထူနဲ့ ခပ်ဝဝ ပုဂ္ဂိုလ်တစ်ဦးဝင်လာပြီး သူကတစ်ယောက်ပြီးတစ်ယောက် စစ်ချက် ယူပြန်ပါတယ်။ သူက စစ်မေးတဲ့အခါ မလေးရှားဘာသာ စကားနဲ့မေး တော့ ကျွန်တော်တို့မှာ နားလည်တစ်ချက် မလည်တစ်ချက်နဲ့ အ၊ အင်၊ ဉနဲ့ ထစ်ငေါ့နေတာပေါ့။ ဒါကို သဘောပေါက်တဲ့ လူဝင်မှု ကြီးကြပ်ရေးအရာရှိက-

"မင်းတို့ အင်္ဂလိပ်စကားပြောတတ်သလားလို့" အင်္ဂလိပ်လို မေးပါတယ်။ မေးတာတွေက နာမည်၊ အသက်၊ မိဘအမည်၊ အိမ်ထောင်ရှိ-မရှိ၊ ဇနီးအမည်၊ ဘယ်နေ့က မလေးရှားကို ရောက်တယ်။ ဘယ်လိုခရီးစဉ် နဲ့ရောက်လာ တယ်။ ဘာအလုပ်လုပ်ပြီး လခဘယ်လောက်ရသလဲ စသည်ဖြင့် မေးတာပါ။ ကျွန်တော်တို့ အထဲက အင်္ဂလိပ်စကားမပြောတတ် သူတွေအတွက်ကိုလည်း ကျွန်တော်ကပဲ ဘာသာပြန် လုပ်ပေးရပါတယ်။

အရာရှိကြီးမေးသမျှကို ကျွန်တော်တို့လေးလေးစားစား ပြန်ဖြေတော့ အဲဒီအရာရှိက ကျွန်တော်တို့ မြန်မာတွေ အပေါ်ခင်မင် လေးစားမှုနဲ့ ပြန်ဆက်ဆံတာကို တွေ့ရပါတယ်။ သူက အလာပ သလ္လာပသဘောနဲ့ ကျွန်တော့်တို့ မြန်မာပြည်အကြောင်း၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုစသည်တို့ကို စိတ်ပါဝင် စားစွာမေးပါတယ်။ မြန်မာပြည် မှာ မန္တလေးမြို့ဟောင်းနန်းတော်တွေ တကယ်ပဲရှိသလားတဲ့?၊ ပုဂံဆိုတဲ့နေရာမှာ ဗုဒ္ဓဘာသာတကယ်ပဲ ထွန်းကားခဲ့ပြီး စေတီဘုရား တွေ အများကြီးဆိုတာ အခုထိရှိသေးလားတဲ့၊ စာထဲမှာရေးထားတာ တွေဟာ တကယ်အမှန်ပဲလားလို့မေးပါတယ်။ သူလည်း ဗုဒ္ဓဘာသာ ဝင်ပဲတဲ့။ မလေးရှားနိုင်ငံမှာ မွေးတဲ့တရုတ်ကပြား အဖေတရုတ်နဲ့ မလေးရှားအမေတို့က မွေးတာဖြစ်လို့ သူကတရုတ်ဗုဒ္ဓဘာသာလို့ ပြောပါတယ်။

www.foreverspace.com.mm

ဒါ့အပြင် အဲဒီပုဂ္ဂိုလ်ကြီးက မြန်မာပြည်ကိုတစ်ခါ တစ်ခေါက်အလည်သွားချင်တယ်ဟုလည်း ဆိုပြန်ပါတယ်။ နောက်ပြီး မင်းတို့အချုပ်ထဲမှာ ဆေးလိပ်သောက်ခွင့်မပြုတော့ သောက်ချင် နေကြမှာပဲလို့ပြောရင်း သူ့ဆေးလိပ်ဘူးကိုထုတ် တိုက်ပါတယ်။ ကျွန်တော်တို့အားလုံးဟာ အဲဒီပုဂ္ဂိုလ်ကြီး ရဲ့ညှာညှာတာတာ ဆက်ဆံခံ ရလို့ အထူးပဲကျေးဇူးတင်ရပါတယ်။ ကျွန်တော်တို့ အားလုံးက သူ့ကိုလေးစားဂါရဝထားတာကို သူလည်းကျေနပ်ပုံရပါတယ်။ သူနောက်ဆုံး တောင်းပန်စကားပြောတာက တာဝန်အရစစ်မေးရတာ ကိုခွင့်လွှတ်ပါလို့လည်း ပြောပါတယ်။ အဲဒီလိုလေးစားအပ်တဲ့ ဝန်ထမ်းကောင်းတွေကိုလည်းတွေ့ရတော့ ကျွန်တော်တို့မှာကိုယ့် ဆွေမျိုးသားချင်းနဲ့တွေ့ရသလို တကယ်ပဲသံယောဇဉ်လည်း ဖြစ်မိပါတယ်။ ဒီပုဂ္ဂိုလ်ကြီးကျန်းမာပါစေလို့လည်း ဆုတောင်း ရပါတယ်။

ပြီးတော့ လူဝင်မှုကြီးကြပ်ရေးရုံးခန်းရဲ့ အပေါ်ဆုံးထပ်ကို ကျွန်တော်တို့အားလုံး ခေါ်သွားပြီး တရားခံမှတ်တမ်းဓာတ်ပုံ (ရှေ့တည့် တည့်ပုံ၊ ဘေးတိုက်ပုံ)တို့ကိုရိုက်ပြီး အချုပ်ထဲပြန်ပို့ပြန် ပါတယ်ခင်ဗျာ။ နောက်သုံးရက်လောက်ကြာမှ ကျွန်တော်တို့ကို အချုပ်ခန်းထဲကထုတ်၊ လက်ထိပ်ခတ်ပြီး အချုပ်ကားကြီးနဲ့ တစ်ခါခေါ်ထုတ်သွားပြန်ပါတယ်။ ဆယ်မိနစ်လောက်ကားမောင်းပြီးတော့ ပက်တလင်းဂျာရာ တရားရုံး P.J Court ကိုရောက် လာပါတယ်။ ကားပေါ်က ဆင်းခိုင်းပြီး တရားရုံး ယာယီအချုပ်ခန်းထဲမှာ ပိတ်ထားလိုက် ပြန်ပါတယ်။ တစ်နာရီ နီးပါး ကြာတော့ ကျွန်တော်တို့ကို တရားရုံးအပေါ်ကို လက်ထိပ်ကိုယ်စီနဲ့ ခေါ်သွားပြီး တရားသူကြီးထိုင်တဲ့ ခုံရှေ့မှာရှိတဲ့ ခုံတန်းရှည်မှာ ထိုင်ခိုင်းတယ်။ တစ်အောင့်ကြာတော့ ကျွန်တော်တို့ကို စစ်ချက်ယူခဲ့တဲ့

www.foreverspace.com.mm

လူဝင်မှုကြီးကြပ်ရေး အရာရှိကြီးရယ်၊ ရဲအရာရှိရယ်၊ ရှေ့နေ၊ တရားသူကြီးနဲ့ တာဝန်ရှိသူအသီးသီးရောက်လာ ကြပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့က မတ်တပ်ထပြီး ဂါရဝပြုဖို့ ရဲကြပ်ကြီး တစ်ဦးက လက်ဟန်ခြေဟန်နဲ့ ပြောပါတယ်။ ပြီးတော့ ကျွန်တော်တို့ အားလုံးကို ပြန်မတ်တပ်ရပ်စေပြီး မလေးရှားဘာသာစကားနဲ့ စစ်မေး တော့တာပါပဲ။

ကျွန်တော်တို့က We Don't know နားမလည်ကြောင်း ပြောတော့ စကားပြန်အဖြစ်ကြိုတင်ခေါ်ထားတဲ့ အဒေါ်ကြီး တစ်ယောက်က မြန်မာဘာသာပြန်အဖြစ် ဆောင်ရွက်ပေးပါတယ်။ အဒေါ်ကြီးက တရားသူကြီးမေးတာက မင်းတို့ ဒီမလေးရှားနိုင်ငံမှာ တရားမဝင်လာအလုပ် လုပ်တဲ့အတွက် အပြစ်ရှိလား? မရှိဘူးလား? လို့ မေးပါတယ်။ အပြစ်ကို ဝန်ခံ၊ မခံပြောပါလို့ ဆိုပါတယ်။ ဒါကို အဒေါ်ကြီးကဘာသာ ပြန်ပြီးမေးပါတယ်။ ကျွန်တော်တို့က အပြစ် ရှိကြောင်း ဝန်ခံလိုက်ကြပါတယ်။ Passport ရှိသလားလို့ ထပ်မေး တော့ ကျွန်တော်တို့ ဘာပြောရမှန်းမသိဖြစ်နေတုန်းမှာ ကျွန်တော်တို့ ကိုစစ်ချက်ယူခဲ့တဲ့ လူဝင်မှုကြီးကြပ်ရေးအရာရှိက တရား သူကြီး မမြင်အောင် သူ့ကိုယ်လုံးနဲ့ကွယ်ပြီးလက်ခါပြပါတယ်။ ဒါကိုဘာသာ ပြန်အဒေါ်ကြီးက သဘောပေါက်ပြီး တရားသူကြီးမင်းကို Passport မရှိကြပါဘူးလို့ ကြားကဖြေပေးလိုက်တော့ တရား သူကြီးက ကျွန်တော်တို့အားလုံးကို ထောင်ဒဏ်သုံးလစီ ချမှတ် လိုက်ပါတယ်။ တရားခွင်ရပ်နား ချိန်ကြတော့ သဘောကောင်းတဲ့ လူဝင်မှုကြီးကြပ် ရေးအရာရှိကြီးက ကျွန်တော်တို့အနားရောက်လာပြီး ကျွန်တော့် ကိုပခုံး ပုတ်ပြီး very sorry friend မင်းတို့မှာ ပတ်စပို့ မရှိဘူးလို့ ပြောဖို့ ငါမှာမထားမိဘူး။ ကံကောင်းလို့ အကုန်ဒုက္ခဖြစ်

www.foreverspace.com.mm

ကုန်တော့ မလို့ဟု ပြောပြီးလက်ပြကာ ထွက်သွားပါတယ်။

အဲဒီအချိန်မှာ ဘာသာပြန်အဒေါ်ကြီးက "အန်တီ အခြေအနေကိုရိပ်မိလို့ကြားကဝင်ပြီး မင်းတို့မှာပက်စ်ပို့ မရှိကြ ဘူးလို့ ဖြေလိုက်လို့သာပေါ့။ နို့မို့ရင် ဒီအမှုမျိုးမှာ ပတ်စ်ပို့ရှိ တယ်ဆိုရင် အနည်းဆုံးထောင်ဒဏ် ရှစ်လ၊ ခြောက်လအထိချ တတ်တယ်"လို့ ပြောပါတယ်။ ပတ်စ်ပို့ရှိတယ်ဆိုရင် အပြစ် ပေါ့မယ် ထင်နေကြတဲ့ ကျွန်တော်တို့အဖို့ အခုလိုကူညီ စောင့်ရှောက်တဲ့ လူဝင်မှုကြီးကြပ်ရေး အရာရှိနှင့် ဘာသာပြန် အန်တီကြီးတို့ကို အထူးပဲကျေးဇူး တင်မဆုံး ဖြစ်ခဲ့ရပါတယ်။ လူချင်းမခွဲမီမှာ ဘာသာပြန် အဒေါ်ကြီးက သူမဟာတစ်ချိန် ကရန်ကုန်၊ တာမွေ အ.ထ.က (၂)မှာ ဆရာမ လုပ်ခဲ့ဖူးကြောင်း၊ နာမည်မှာ ဒေါ်ပြုံးမမဖြစ်ကြောင်း လည်းပြောသွား ပါတယ်။ တကယ်ပါပဲ ဆရာမကြီး ဒေါ်ပြုံးမမနဲ့ လူဝင်မှုကြီးကြပ်ရေး အရာရှိကြီးတို့ကို ကျွန်တော်တို့ မြန်မာတစ်သိုက်ဟာ ခုထက်ထိ သတိရတိုင်း ကျေးဇူးတင်လျက်ရှိပါတယ်။

ပက်တလင်း ဂျာရာ PJ အချုပ်မှာ ရက်သတ္တနှစ်ပတ် အကြာ အချုပ်ခံရပြီးတဲ့နောက် ကျွန်တော်တို့ မြန်မာဆယ့်နှစ်ယောက် စလုံးကို မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တော် အလယ်မှာရှိတဲ့ ပူဒူးပန်ဂျာရာ (ပူဒူးထောင်) ကိုပို့လိုက်ပါတယ်။ အခုလက်ရှိမှာတော့ မလေးရှားနိုင်ငံ မှာပူဒူးထောင်ကို အသုံးမပြုတော့ပါဘူး။ ပက်တလင် ဂျာရာအချုပ် ကနေ ပူဒူးထောင်ကိုအသွားလမ်းတစ်လျှောက်မှာတော့ မလေးရှား အလံနဲ့ မြန်မာနိုင်ငံအလံကို ယှဉ်တွဲထူထားတာကို အချုပ်ကား ထဲကနေမြင်တွေ့ရတော့ ကျွန်တော်တို့မြန်မာနိုင်ငံက အကြီးအကဲ တစ်ယောက် မလေးရှားနိုင်ငံကို လာတာဖြစ်ရမယ်လို့ မှန်းဆမိရပါတယ်။

ပန်းမျိုးတစ်ရာစာပေ

www.foreverspace.com.mm

အဲသလိုတွေ့ရတော့ ကျွန်တော်တို့ အတော့်ကိုပဲ ဝမ်းနည်းရပါတယ်။ ကျွန်တော်တို့ရဲ့နိုင်ငံတော်အလံဟာ မလေးရှားနိုင်ငံရဲ့ လေထဲမှာတဖျပ်ဖျပ်လွန့်လူးနေပါတယ်။ အလံမှာရှိတဲ့ အပြာရောင် ကလဲပြာလို့၊ အနီရောင်ကလည်း နီရဲလို့နေပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံတော်အလံလေထဲမှာ တဖျပ်ဖျပ်လွန့်လူးနေတာဟာ သူ့သားတွေကို ချုပ်နှောင်ခေါ်ဆောင်သွားလို့ အမေဖြစ်သူက ဆတ်ဆတ်လူးခံစားနေသလို ဖြစ်နေတာလားလို့လည်း စဉ်းစားမိပါတယ်။

အမေရေ ..... အမေခင်ဗျာ ......

သားဆိုးသားမိုက်တွေဖြစ်တဲ့ ကျွန်တော်တို့ တစ်တွေသူများ၊ မြေသူများရေပေါ်မှာ ထောင်ကျ တန်းကျခဲ့ပါပြီး။

ဒီကိစ္စကို ဇနီးမယားက သိရင်လည်း ရင်ကွဲရှာမှာပဲ။

သားသမီးများကသိရင်လည်း ညှိုးနွမ်းသိမ်ငယ် ရှာမှာပါပဲ။

ရှိပါစေတော့လို့ သဘောထားပြီး ကျွန်တော်က ကဲ ငါတို့တတွေ အမျိုးသားသီချင်းဆိုကြရအောင်ဆိုပြီး ကျွန်တော်က စတင်လို့ဆော်လိုက်ပါတယ်။ ဒီတော့ အားလုံးက သူတို့မျက်လုံးက ကျနေတဲ့မျက်ရည်တွေကို ပုတ်ခတ် ပုတ်ခတ်နှင့်ပြန်သွင်းပြီး-

တရားမျှတလွတ်လပ်ခြင်းနဲ့မသွေ
ဒို့ပြေ(ပြည်) ---- ဒို့မြေ
များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့
ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ပြေပြည်)
ဒို့ပြေ(ပြည်) ဒို့မြေ
ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ
အဓိဋ္ဌာန်ပြုပေ၊ ထိန်းသိမ်းစို့လေ .....

www.foreverspace.com.mm

(ကမ္ဘာမကြေ၊ မြန်မာပြေ(ပြည်)၊ ဒို့ဘိုးဘွားအမွေ
စစ်မို့ ချစ်မြတ်နိုးပေ)၂
ပြည်ထောင်စုကို အသက်ပေးလို့ ဒို့ကာကွယ်မလေ
ဒါ ဒို့ပြေ(ပြည်) ဒါဒို့မြေ ဒို့ပိုင်နက်မြေ
ဒို့ပြေ(ပြည်) ဒို့မြေ အကျိုးကို ညီညာစွာ ဒို့တစ်တွေ
ထမ်းဆောင်ပါစို့လေ ဒို့တာဝန်လေ အဖိုးတန်မြေ ·····။

အမိမြေသည် အမှန်လည်း အဖိုးတန်လှပေသည်။ သို့သော် ကျွန်တော်တို့အမိမြေမှ ဝေးကွာရာနေရာသို့ ရောက်ရှိနေရပါပြီ တကား။

❒ ❒ ❒

www.foreverspace.com.mm

# အခန်း(၂၃)

## မလေးရှား၌ ထောင်နန်းစံရသူ၏အပြန်လမ်း(၂)

ကိုမြင့်ထွန်းမောင်၏အဖြစ်ကိုကြားရတော့ အားလုံးကစိတ်မကောင်းဖြစ်ရသည်။ သူ့အဖြစ်ကိုကြားရသောကြောင့် စိတ်မကောင်းသာဖြစ်ကြရသည်။ မေးကြည့်တော့ မလေးရှားရောက်မြန်မာတိုင်းက အနည်းနှင့် အများထောင်ကျဖူးသူချည်းဖြစ်ကြသည်။

ကိုယ်တိုင်းပြည်ကိုယ်လူမျိုး၊ ကိုယ်ဆွေကိုယ့်မျိုး ကိုမပြောပြချင်၍သာ မျိုသိပ်ထားကြသည်။ မလေးရှား ရောက် လူတိုင်းလိုလိုတွင် မလေးရှားထောင်အတွေ့အကြုံရှိကြသည်။ သူ့နိုင်ငံတွင် သူ့စည်းသူ့ကမ်းရှိသည်။ ဒါကို မလိုက်နာပါက သတ်မှတ်ထားသော အပြစ်ဒဏ်ကိုခံကြရမည် ဖြစ်သည်။ သူ့နိုင်ငံတွင် အလုပ်လုပ်ပိုင်ခွင့်မရှိဘဲ နိုင်ငံကူး လက်မှတ်မရှိဘဲ နေထိုင်လျှင် သူ့နိုင်ငံတရားရုံးကတော့ စီရင် ချက်ချမှတ်မည်သာဖြစ်ပါသည်။

www.foreverspace.com.mm

ကျွန်တော်က

"ကိုမြင့်ထွန်းမောင် အားတော့နာပါရဲ့ဗျာ ဝန်မလေး ရင် ပူဒူးထောင်အတွေ့အကြုံလေးလည်း ပြောပါဦး၊ အကျဉ်းသားဘဝ မှတ်တမ်းလေးလည်း ဖြစ်အောင်ပေါ့ဗျာ"ဟု ကျွန်တော်က ဆိုတော့

"ပူဒူးထောင်အကျဉ်းသားဘဝ အတွေ့အကြုံကို ကျွန်တော် လည်းပြောပြချင်ပါတယ်၊ သင်ခန်းစာ ယူရအောင် ထောင်ထဲ မရောက်ဖူးသေးတဲ့လူ ထောင်ထဲကျရင်ဒီလိုဆိုတာ သိအောင်ပေါ့ ပါဗျာ" ဟုဆိုသည်။

ပူဒူးထောင်က KL မြို့၏မြို့လယ်ကောင်တွင်ဖြစ်သည်။ ထောင်ပြင် ပန်ရံတစ်လျှောက်လုံးတွင် ပန်းချီများရေး ဆွဲထားသည်။ ထိုကြောင့်ထောင်နံရံအပြင်ဘက်မှ တစ်ဆက် တည်းဆွဲထားသော ပန်းချီကားကို ကမ္ဘာ့အရှည်လျားဆုံးပန်းချီ ကားဟုဆိုကာ ဂုဏ်ယူကြ သည်။ ကမ္ဘာပေါ်တွင် အမြင့်ဆုံး အလံတိုင်သည်လည်း မလေးရှားတွင် ရှိသည်။

ကမ္ဘာ့အမြင့်ဆုံး အဆောက်အဦးလည်း မလေးရှားနိုင်ငံ တွင်ရှိခဲ့သည်။ ယခုတော့ သူထက်မြင့်သော အဆောက်အဦထပ်၍ ကိုမြင့်ထွန်းမောင်က ပူဒူးထောင်အကျဉ်းသားဘဝ အတွေ့ အကြုံကို ဤသို့ပြောပြခဲ့သည်။ ပေါ်လာခဲ့သည်။ အမြင့်ဆုံး အကြီးဆုံးဆိုတာမျိုး ကို မလေးရှားကအတော်ဂုဏ်ယူသည်။

"ပူဒူးထောင်ထဲရောက်တော့ ထောင်ဝန်ထမ်းများက ကျွန်တော်တို့ရဲ့ ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်ကို ယူပါတယ်။ နောက်ပြီး ကိုယ်အလေးချိန်ကိုလည်းချိန်၊ အရပ်အမောင်းကိုလည်း တိုင်း၊ ကိုယ်မှာရှိ တဲ့ထင်ရှားတဲ့ အမှတ်အသားကိုလည်း ရှာဖွေပြီး မှတ်တမ်းတင်သည်။

www.foreverspace.com.mm

ဟိုဘက်အချုပ်ကနေ လွှဲအပ်ပေးလိုက်တဲ့ပစ္စည်း၊ နာရီ၊ ငွေကြေး၊ အဝတ်အစား၊ ပတ်စ်ပို့ပါရင် ပတ်စ်ပို့ တို့ကို သူတို့ထံတွင် ထပ်အပ်ရသည်။ ထောင်ကဒါတွေကို စနစ်တကျ မှတ်သားပြီး သိမ်းဆည်းထားပါသည်။ ထောင်ကလွှတ်သောအခါ ဒါတွေ အကုန်ပြန်ပေးသည်။

နောက်တော့ အကျဉ်းထောင်ဝန်ထမ်းများက ကျွန်တော်တို့ မြန်မာတစ်သိုက်ကိုထားရှိမည့်အဆောင်ဆီသို့ ခေါ်သွားသည်။

ထောင်ကြီးက အထပ်သုံးထပ်ရှိကာ လက်တန်ကား စနစ်နှင့်ဆောက်ထားသော ရှေးခေတ်ဟောင်းက ထောင်ကြီး ဖြစ်သည်။ ဗြိတိသျှကိုလိုနီခေတ် ထောင်ကြီးလည်းဖြစ်သည်။

ထောင်ကြီး စတင်တည်ဆောက်ခဲ့သောခုနှစ်ကို ထောင်အဝတွင် ၁၈၉၅ခုနှစ်ဟု ထောင်နံရံအင်္ဂတေတွင် ကြေးပြားနှင့် ရေးထွင်းမှတ်သားပြီး အသေကပ်ထားသည်။

ထိုနောက်တော့ ထောင်အင်္ကျီထောင်အဝတ်၊ ထောင်ဝတ် ထောင်စားများနှင့် ထောင်အခန်းကျဉ်းတစ်ခုထဲသို့ သွင်းလိုက်ပါသည်။ ကျွန်တော်တို့နေရသော ထောင်အခန်းအကျယ်က ၇ ပေ × ၁၁ ပေရှိသည်။

ထိုအခန်းထဲတွင် လေနှင့်အလင်းရောင်ဝင်နိုင်သော အပေါက်သုံးခုရှိသည်။ အခန်းထဲသို့မပို့မီ သောက်ရေခွက် တစ်လုံး၊ ရေချိုးခွက် တစ်ခု၊ ထမင်းပုံစံခွက်တစ်ခွက်နှင့် စောင်ပိုင်း တစ်ထည် စီပေးပါသေးသည်ဟု ကိုမြင့်ထွန်းမောင်က ပြောပါသည်။

ထိုအခန်းထဲတွင် လူလေးယောက်မှ ရှစ်ယောက်အထိ ထားရာ လူနည်းနေသေးသော အခန်းများထဲသို့ ကျွန်တော်တို့ လူသိုက်

www.foreverspace.com.mm
အားခွဲ၍ နေရာချထားသည်။ အပေါ့အလေးသွားရန် ပလတ်စတစ်အိုး နှစ်အိုးထားပေးထားသည်။

နံနက်ခုနစ်နာရီ လောက် အခန်းတံခါးလာဖွင့်ပေးချိန်တွင်တော့ အပေါ့အလေးသွားထားတဲ့ အိုးနှစ်လုံးကို အကျဉ်းသားနှစ်ယောက်စီအလှည့် နဲ့သွန်ရသည်။ သွန်တာကလည်း အရမ်းသွန်ရတာမျိုးမဟုတ်ဘူး၊ ထောင်အလယ်က ကွက်လပ်ဘေးမှာ လူတန်းစီသောနေရာတွင် ပထမအစစ်ခံဖို့ ပုံစံထိုင်ရသည်။ ပုံစံထိုင်ပြီးမှ အပေါ့အလေးအိုးကို သွားသွန်ရသည်။ သွန်ပြီးသောအိုးကို ဆေးကြောပြီး ပုံစံပြန်ထိုင်ရသေးတယ်။

ထို့နောက်မှ ကိုယ့်အခန်းကိုယ်ပြန်ရသည်။ အလေးအပေါ့သွားသော ချေးအိုး သွန်ပြီးသောအခါမှ အချိုဓာတ်၊ အဆီဓာတ်ကင်းမဲ့ပြီး နွားမတန်းမ၏ ကျင်ငယ်ရည်လိုကြဲ တောက်တောက်ရှိသည့် အလွန်ပူသောကော်ဖီကို ပေါင်မုန့်ကြမ်းကြမ်းတစ်ချပ်နဲ့စားကြရသည်။

ကော်ဖီကြဲကြဲပူပူနှင့် ပေါင်မုန့်ကြမ်းကြမ်း ကြီးကိုစားပြီးနောက် ကျွန်တော်တို့သည် ထောင်ထဲက ကွက်လပ်အလယ်မှာရှိသော ရေကန်ပိုင်းကြီးပတ်လည်မှာ ရေချိုး၊ မျက်နှာသစ် အဝတ်လျှော်လုပ်ရသည်။ ထိုသောအချိန်တွင် အညောင်းပြေအားကစား လုပ်ချင်ရင် လုပ်ခွင့်ပြုနိုင်သည်။

နံနက်ပိုင်း တီဗွီအစီအစဉ်ကိုလည်း ကြည့်နိုင်အောင်အချိန်ခဏလေးစီစဉ်ပေးသည်။ နံနက်ဆယ်နာရီမိနစ်သုံးဆယ်မှာတော့ ပုံစံပြန်ထိုင်စေပြီး လူစစ်ပြန်တယ်။ ထောင်အချုပ် သားသုံးထောင်ခန့်ကို အကန့်လိုက်ခွဲပြီး ထောင်မှူးချုပ် ကိုယ်တိုင်လိုက်စစ်ဆေးသည်။ လူစစ်ပြီးမှ နံနက်စာကို တန်းစီယူစေပြီး မိမိအခန်းထဲမှာ ပန်းမျိုးတစ်ရာစာပေ

www.foreverspace.com.mm

သွားစားစေသည်။ သို့သော် ထမင်းကို ကိုယ့်အခန်းထဲကိုတန်းပြီး ယူသွားလို့မရသေးဘဲ အခန်းထဲမဝင်ခင် လူသွားလမ်းတွင်ထပ်ပြီး ပုံစံထိုင်ခိုင်းသေးတယ်။ သဘောကတော့ ဦးချိုးတဲ့သဘောမျိုးဖြစ်သည်။ တစ်ခါတစ်လေနေပူကြဲကြဲထဲမှာ ထမင်းစားခိုင်းတာလည်း ရှိသည်။ ထမင်းပေးချိန်တွင်ရော တန်းစီပုံစံထိုင်ရာမှာပါ အနိုင်ကျင့်၊ ကျော်ဖြတ်၊ နေရာလုတတ်တဲ့ တရုတ်တစ်သိုက်နဲ့ တမီလ်ကုလားဒိန်တွေရဲ့ စော်ကားမှုကို အမြဲသည်းခံနေရသည်။ အဲဒီတရုတ်တွေနဲ့ ကုလားဒိန်တွေက မလေးရှားမှာ မွေးပြီး မလေးရှားနိုင်ငံသားခံယူထားသူများဖြစ်၍ သူတို့ကိုယ်သူတို့ မလေးရှားနိုင်ငံသားဆိုပြီး နိုင်ငံခြားသားဖြစ်ကြတဲ့ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ နီပေါ၊ ပါကစ္စတန်၊ မြန်မာစတဲ့သူတွေအပေါ် ကျောချင် အနိုင်ကျင့်ချင်ကြတာဖြစ်သည်။

အမှန်က မလေးရှားနိုင်ငံသည် မူးယစ်ဆေးဝါး ဘိန်းဖြူအရောင်းအဝယ်လုပ်သူများကို တင်းကြပ်စွာ အရေးယူ၍ သေဒဏ်အထိအဖြစ်ပေးသောနိုင်ငံဖြစ်သည်။ မလေးရှားမှ ဘိန်းဖြူနှင့်မူးယစ်ဆေးဝါးကို များသောအားဖြင့် ဒီတရုတ်တွေက လုပ်ကြခြင်းဖြစ်သည်။

ညနေပိုင်း လေးနာရီတွင် အခန်းထဲကပြန်ထွက်ပြီး တန်းစီပြ၊ ပုံစံထိုင်ပြရပြန်ပါတယ်။ လူစစ်တာ ဖြစ်သည်။ လူစစ်၊ တန်းစီ ထမင်းပေးပြီး ထပ်ပြီးပုံစံထိုင်ရသေးသည်။ ပြီးမှအခန်းထဲဝင်၍ သော့ခတ်ထားသည်မှာ မိုးအလင်းအထိ ဖြစ်သည်။ အခန်းကျဉ်းထဲမှာ ကိုယ့်အစီအစဉ်နဲ့ကိုယ်၊ ကိုယ်လက်လှုပ်ရှားမှုပြုလုပ်နိုင်သည်။ အချိန်ရရင်ရသလို ဘုရားရှိခိုး၊ တရားထိုင်လည်းလုပ်နိုင်သည်။ အချိန်ပိုနေသေးရင် ဟိုအကြောင်းသည်အကြောင်းပုံတို ပတ်စ၊ အတွေ့အကြုံပါမကျန်အချင်းချင်း အပျင်းပြေပြောကြသည်။ တစ်ခါတစ်လေ သူရဲ၊

www.foreverspace.com.mm

တစ္ဆေအကြောင်း၊ စုန်းကဝေများအကြောင်းလည်းပါသည်။ ကျွန်တော်တို့အထဲမှာ မအူပင်၊ ရေလဲလေး ကျေးရွာ ကကိုဝင်းနောင်ကတော့ အပြောအဟောကောင်း တစ်ယောက်ဖြစ် သည်။ သူတို့ရေလဲကလေး ကျေးရွာတွင် ဦးရှင်ကြီးတင်ခဲ့တဲ့ အကြောင်းနှင့်ကွင်းပိုင်မြွောက်ခဲ့ပုံ အကြောင်းကိုတော့ အတော့်ကို ဟာသမြောက် အောင်ပြောနိုင်သည်။

ဟင်္သာတက မောင်ဝင်းဌေးကတော့ သူ့အမေနဲ့ အဖေကို သတိရကြောင်း၊ ရည်စားကိုအောက်မေ့ကြောင်းပြော တာအပ်ကြောင်းထပ်နေသည်။ ရန်ကုန်၊ မြောက်ဥက္ကလာပက မောင်ဝဏ္ဏက သူ့အမေမျက်မမြင် မုဆိုးမကြီးကို လုပ်ကျွေး မယ်လို့အိမ်ပေါင်ပြီး နိုင်ငံခြားကိုထွက်လာရာက အခုလို အဖမ်းခံရတာကို ဝမ်းနည်းကြေကွဲ မဆုံးဖြစ်ပြီး ငိုချင်းဖွဲ့ကာ သူ့ဘဝဇာတ်ကြောင်းကို ပြောပြတောလည်း ကျွန်တော်တို့မှာ ရင်ထုမနာဖြစ်ရသည်။ သို့သော်လည်းထောင်ထဲတွင် ထောင် သားအချင်းချင်း ဘယ်သူကဘယ်သူကိုမှမကူနိုင်။

တစ်ညတွင်ထောင်ထဲသို့ ထောင်ပုလိပ်တွေတစ်အုပ်ကြီးဝင်လာပြီး ထောင်သားတွေ အားလုံးကိုရုတ်တရက် တန်းစီ၊ လူစစ်၊ ပုံစံထိုင်ခိုင်းသည်။ ထောင်မှူးချုပ်ကြီးလည်း ပျာပျာသလဲနှင့်ဖြစ်သည်။ ကျွန်တော်တို့တစ်တွေလည်း နံပါတ် တုတ်ကိုယ်စီနဲ့ ထောင်ပုလိပ်တွေကိုကြည့်ပြီး အရိုက်ခံရမှာကို ကြောက်နေကြသည်။ နံပါတ်တုတ်က ကြောက်စရာကောင်း လှသည်။ တစ်ချက်မိလိုက်ရင် နံရိုးကျိုးသွားနိုင်သည်။ ခေါင်းဆိုပါက ခေါင်းခွဲကွဲသွားနိုင်သည်။ ထောင်မှူးချုပ်ကြီးပါ ဆင်းလာတာက ထောင်သားနှစ်ယောက်ပျောက်နေသည် ဟုဆိုသည်။ တန်းစီစစ်တော့လည်း တကယ်ပဲ နှစ်ယောက်လိုနေသည်။ တအောင့်လောက်ကြာတော့ လူနှစ်ယောက်ကို ထောင်ပုလိပ် ကရိုက်ပုတ်ပြီး ဆွဲခေါ်လာသည်။ သူတို့ နှစ်ယောက်က ရှူးကြောင်ကြောင်မို့

www.foreverspace.com.mm

ထောင်မှူးကြီးက ဆက်မရိုက်ဖို့ပြောသည့်ကိုကြားရသည်။ အရှုံးတစ်ယောက်က ထောင်မှူးကြီးကို "You get out" "မင်းထွက်သွား" လို့ လက်ညှိုးတငေါက်ငေါက်နဲ့ပြောနေသည်။ သူကလူမည်း ကပ္ပလီလူမျိုး၊ အဲဒီရှုးကြောင်ကြောင် နှစ်ယောက်ကို ထောင်ပုလိပ်တွေလက်ထိပ်ခတ်ခေါ်သွားပြီးမှ ကျွန်တော်တို့ ထောင်သားအားလုံး အခန်းထဲပြန်ဝင်ရသည်။ အဲဒီညမှာ ကျွန်တော်တို့လည်းကောင်းကောင်းမအိပ်ရတော့ဘူး။ နောက်နေ့ကျတော့ အကျဉ်းသားအားလုံးကို ဦးခေါင်းငုံ့ထိုင် ခိုင်းထားပြီး တစ်ဦးချင်းကို မူးယစ်ဆေးဝါးရှာဖွေကြသည်။ ကိုယ်လုံးတီး ချွတ်ပြီး စအိုဝနဲ့ပါးစပ် ကိုပါ ဖြဲရှာတဲ့အထိပြုလုပ်ကြသည်။

သည်လိုနဲ့ပူဒူးထောင်ထဲမှာ ရက်လေးဆယ်ကြာပြီးတော့ ဘာကြောင့်ရယ်မသိ၊ ကျွန်တော်တို့ ကဂျန်းထောင်သို့ပြောင်းကြရသည်။ ကဂျန်းထောင်ဆိုတာ ကွာလာလမ်ပူမြို့ အပြင်ဘက်မှာရှိပြီး တောင်သုံးလုံးမျက်နှာချင်းဆိုင်ကာရံ ထားတဲ့ နေရာမှာ တည်ဆောက်ထားသောထောင်ဖြစ်သည်။ နေရာတည်ဆောက်ပုံက အတော်လေးကို ပုံကျသည်။ ခေတ်မီထောင်ဟုလည်းဆိုနိုင်သည်။ ထောင်အုတ် နံရံကြီး ကာရံထားသည့် မြင်ကွင်းမှအပ ထောင်အတွင်းရှိ အဆောင်များမှာ ထောင်နဲ့မတူဘဲ၊ စက်မှုလက်မှုကျောင်း၊ တက္ကသိုလ်ကျောင်း တို့မှာ ရှိတဲ့ ကျောင်းသားကျောင်းသူများနေသည့် အဆောင်များနှင့် တူနေသည်။ ပန်းခြံပန်းခင်းများက အလှအပတန်ဆာဆင်ထားပြီး၊ လုံခြုံမှုလည်း အလွန်ကောင်းသည်။ ထောင်အတွင်းရှိ အခန်းများကိုလည်း ကျန်းမာရေးနှင့်ညီညွတ်အောင် လေနဲ့အလင်းရောင်ရအောင် အခန်းများဖွဲ့ထားသည်။ အဆောင်ကိုလည်း အေ၊ ဘီ၊ စီ၊ ဒီ၊ အီး၊ … စသဖြင့်ခွဲထားပြီး အထူးအဆောင်တွေလည်းရှိသေးသည်။ ထောင်

www.foreverspace.com.mm

ဆေးရုံ၊ ထောင်ရုံးခန်းတွေ၊ စတိုခန်းတွေ၊ ဧည့်တွေ့ဆုံခန်းတွေ (ထောင်ဝင်စာတွေ့ခန်း)လည်း စနစ်တကျဖွဲ့စည်း တည်ဆောက်ထားတာကို တွေ့ရသည်။

ထောင်တွင်းသို့စတင်ရောက်လာချိန်မှာ ပစ္စည်းများ၊ ငွေများ အပ်ရာတွင်လည်း စည်းစနစ်နှင့်ကြပ်မတ် ထားပြီး၊ အရာရှိကြီးများ၊ ထောင်မှူးချုပ်များက မျက်ခြည်မပြတ် ကွပ်ကဲမှုကြောင့် ပစ္စည်း အပျောက်အရှ၊ လာဘ်ပေးလာဘ် ယူများမရှိအောင် ကြီးကြပ်ထားကြ သည်ကို တွေ့ရသည်ဟု ပြောပြပါသည်။

ကဂျန်းထောင်ထဲတွင် ကျွန်တော်တို့ကို ချမှတ်တဲ့ အပြစ်ဒဏ် သုံးလမပြည့်မီ ဆယ်ရက်အလိုမှာတော့ Camp လို့ခေါ်တဲ့ ကဂျန်း ထိန်းသိမ်းရေးစခန်းသို့ ပြောင်းရွှေ့နေထိုင် ကြရသည်။ ထိန်းသိမ်းရေး စခန်းတည်ဆောက်ပုံက အလျား ပေ၂၀၀၊ အနံပေ ၂၀၀ခန့်ရှိသည်။ လေးထောင့် ကွက်လပ်အလယ်၌ ချန်လျက်လေးဘက်လေးတန်တွင် နှစ်ထပ် အဆောက်အဦကိုဆောက်ထားပြီး အေ၊ ဘီ၊ စီ၊ ဒီ အဆောင် လေးဆောင်ထားရှိသည်။ အဆောင်အတွင်းရှိ အခန်းများမှာ အနည်းဆုံး ၁၆ပေ×၂၈ပေခန့်ကျယ်ပြီး၊ အချို့အခန်းများမှာ ၁၆ပေ×၅၆ပေခန့် ထိရှိသည်။ အခန်းတိုင်းတွင် ရေ၊ မီး၊ အိမ်သာရှိပါပြီး လူအတော် များများကို ချုပ်ထားနိုင်သော အခန်းတွေပါသည်။ ဆယ့်ခြောက်ပေ× ပေသုံးဆယ်ခန့် အခန်းများမှာ လူငါးဆယ်ကျော်ကျော်ထိ ကျပ်တည်း ပွတ်သိပ်ချုပ်ထားတာလည်းရှိသည်။ ကဂျန်းထိန်းသိမ်းရေးစခန်းသည် ထောင်လောက်တော့မကြမ်းတမ်းတော့ဘဲ ထောင်တွင်းအလုပ် လုပ်လိုကလုပ်နိုင်သည်။ လုပ်ရသော အလုပ်ကတော့ ငရုတ်သီးအညှာ ခြွေ၊ ကြက်သွန်၊ အကြီး၊ အသေး၊ အပုပ်ရွေး၊ အာလူးအကောင်း၊ အပုပ်ရွေးရသော အလုပ်များနှင့် မီးခြစ်လုပ်သော အလုပ်တွေပါ

www.foreverspace.com.mm

လုပ်ရသည်။ လုပ်ခငွေကိုတော့မပေးဘဲ မီကီခေါက်ဆွဲ၊ ရေနွေးထဲ ထည့်၍ အသင့်စားနိုင်သော ခေါက်ဆွဲထုပ်များကိုသာ လုပ်အားခ အဖြစ်ပေးသည်။ ကြိုးစားလုပ်နိုင်ပါက တစ်နေ့လျှင်ခေါက်ဆွဲထုပ် ခုနစ်ထုပ်အထိ ရနိုင်ပါသည်။ ခေါက်ဆွဲထုပ်ရလျှင်ထမင်း သက်သက်ကိုသာမက ခေါက်ဆွဲကိုပါစားသုံးနိုင်တဲ့အတွက် ဝဝ လင်လင်အရသာရှိရှိ စားရရုံသာမက ခေါက်ဆွဲထုပ် တစ်ထုပ်ပေးလျှင် ထောင်ထဲ၌တစ်နာရီခန့် အနှိပ်ခံလို့ရသည်။ ခေါက်ဆွဲထုပ်ကို ဟင်းနှင့် လဲစား၍ရသောကြောင့် အဆင်ပြေပါသည်။

မလေးရှားအချုပ်နှင့်ထောင်တွေမှာ အများစုက အင်ဒိုနီရှား နိုင်ငံသားနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတွေက အများဆုံးဆိုတော့ သူတို့ ဓလေ့နဲ့ သူတို့ထုံးစံအတိုင်း အုပ်စုလိုက် သီချင်းဆိုကြ၊ ကကြတာတွေ တွေ့ရတယ်၊ ပထမတော့ နားထောင်ကောင်းသလိုလို၊ ကြည့်ကောင်း သလိုလို ပါရှိသည်။ သို့သော် ကြာလာတော့ နားညီးစရာ စိတ်ရှုပ်စရာ သိပ်ဖြစ် လာသည်။

ညတိုင်းလိုလို နပန်းပွဲ၊ လက်ဝှေ့လောင်းလှဲပွဲ၊ တုတ်တန်း ကိုခြေကန်ဆွဲပွဲတွေကလုပ်ကြသည်။ ကြံကြံဖန်ဖန် ပြိုင်ပွဲတွေ လည်း လုပ်ကြသေးတယ်။ ပြောပြလို့မကောင်း၍ မပြောပြ တော့ပါ။ အုတ်နံရံမှာ ပန်းချီလက်စွမ်းပြ ရေးဆွဲသည့်သူတွေကမရှား။ ပေါက်တတ်ကရတွေ ရေးဆွဲတာရှိသလို ပန်းချီလက်ရာအတော် ကောင်းကောင်းတွေလည်း တွေ့ရသည်။ ခေါင်းရင်းဘက်အုတ်နံရံ တစ်ခုမှာ ရေးဆွဲထားသောဟိန္ဒူ နတ်ဘုရားလက်ရာဟာ အံ့သြ လောက်အောင်ကောင်းသည်။ ပန်းချီလက်ရာကောင်းတစ်ခု ဖြစ်သည်။

ကဂျန်းထိန်းသိမ်းရေးစခန်းမှာ မြန်မာလူမျိုးက လူနည်းစုမို့ လူစုမိဖို့ အတော်လေးအချိန်စောင့်ရသည် ဟုသိရသည်။ လွတ်မည့်

www.foreverspace.com.mm

သူများကိုစုပြီး ကားနှင့်သွားပို့ရခြင်းဖြစ်ရာ ကားတစ်စီးစာရမှ တစ်ခါ တည်းပို့ခြင်းဖြစ်သည်။ ထိုအချိန်ထိ ထိန်းသိမ်းရေးစခန်းတွင် မြန်မာ ၃၅ယောက်ပဲရှိသေး၍ လူနည်းလို့ထပ်စောင့်ရဦးမည်ဆိုသောကြောင့် ကျွန်တော်တို့မှာ ပြစ်ဒဏ် ၃ လကျခံပြီး ရက်စေ့နေသော်လည်း လွတ်မည့်ရက်အချိန်ကာလတိတိကျကျ မသိရသောကြောင့် ကျွန်တော်တို့အဖို့ရင်မောစရာဖြစ်ရပြန်ပါတယ်ဟု ကိုမြင့်ထွန်းမောင် ကဆိုသည်။

အဲဒီ ကဂျန်းထိန်းသိမ်းရေးစခန်းမှာ ကျွန်တော်တို့ အားလုံးကို နှစ်လနီးပါးထပ်မံချုပ် ထားသေးသည်။ ယိုးဒယားနယ်စပ် (ထိုင်း နယ်စပ်)ကိုပို့ဖို့ လူစုထားတာလို့ ပြောပါသည်။

ဒီလိုနဲ့နေခဲ့ရာက တစ်နေ့သောနံနက်မှာ ဘူးမား၊ ဘူးမား၊ ခွန်ထိုင်း၊ ခွန်ထိုင်း၊ ချပတ်မာလီး၊ ချပတ်မာလီးနဲ့ ခေါ်သံတွေ ကြားရသည်။ ကျွန်တော်တို့အားလုံးဝမ်းသာတကြီးနဲ့ထွက်ပြီး တန်းစီ ရတယ်၊ မြန်မာနဲ့ ယိုးဒယား(ထိုင်း) စုစုပေါင်း ၄၈-ယောက်ရှိသည်။ ထောင်ကပေးထားတဲ့ ရေခွက်၊ စောင်တို့ကိုပြန်အပ်ရသည်။ ပြီးတော့ ကျွန်တော်တို့ ပစ္စည်းတွေကို ပြန်ထုတ်ပေးသည်။ တန်းစီပြီး နေ့ တစ်ဝက် နီးပါးထိုင်ခိုင်းထားပြီးမှ အချုပ်ကားအကြီးကြီးတစ်စီး ရောက်လာပြီး ထိုကားကြီးဖြင့် ကျွန်တော်တို့အားလုံးကို လူဝင်မှုကြီး ကြပ်ရေးဌာနအချုပ်ကို ခေါ်သွားသည်။ အဲဒီ လူဝင်မှုကြီးကြပ်ရေး ဌာနအချုပ်မှာ နှစ်ညအိပ်ရသေး၏။ နှစ်ညအိပ်ပြီးနောက် ညကိုးနာရီ လောက်တွင် ကျွန်တော်တို့အားလုံးနှင့် ယိုးဒယား (ထိုင်း)လူမျိုး အချို့ကို အချုပ်ကားကြီး ပေါ်တင်ပြီး ဘယ်ဆီဘယ် ဝယ်မသိ မောင်း ထွက်ခဲ့ရပါသည်။ ကားကြီးဟာတစ်ညလုံး လမ်းကွေ့ လမ်းကောက် လမ်းဖြောင့်အမျိုးမျိုးကို အရှိန်ပြင်းပြင်းမောင်းနှင်ခဲ့ပြီး၊ တောလမ်း

www.foreverspace.com.mm

တောင်လမ်းအထပ်ထပ်ကို ကျော်လွှားပြီး မောင်းနှင် ခဲ့သည်။ ညအချိန်မို့ ကားအရှိန်ပြင်းလေ၊ လေအေးကစူးရှစွာအသား ထဲကို ထိုးစိုက်နေတော့ အအေးဒဏ်ကို သိမ့်သိမ့်တုန်အောင် ခံစားရင်းလိုက်ပါခဲ့ရသည်။ လမ်းခရီးတစ်ဝက်ကျော်ကျော် ခန့်မှာ လမ်းကွေ့တစ်ခုအရောက် ကျွန်တော်တို့ အတက်ကားနှင့် အဆင်းကား ရုတ်တရက် ရင်ဆိုင်တွေ့ရာက တိုက်တော့မလို လိုဖြစ်ပြီး ကားနှစ်စီး စလုံး ချောက်ထဲကျ တော့မလိုဖြစ်သွားရာ ကံကြီးလို့သာ မသာတွေ မဖြစ်ခဲ့ရခြင်း ဖြစ်သည်။ မလေးရှားနဲ့ယိုးဒယား (ထိုင်း)နယ်စပ် အကြား အဝေးပြေးလမ်းမကြီးဟာ အတော်ချောမောဖြောင့်ဖြူးတာကို တွေ့ရသည်။ လမ်းပန်းဆက်သွယ်ရေးအဆင့်အတန်း အတော် မြင့်သည်ဟုဆိုရမှာဖြစ်ပါသည်။

အချုပ်ကားကြီးသည် တစ်ညလုံးမရပ်မနားမောင်းနှင် လာပြီး၊ နံနက်ငါးနာရီခန့်မှာ ယိုးဒယား(ထိုင်း) နယ်စပ်မြို့ (ဂလုပ်မြို့) တစ်ဖက်ကမ်းမှာရှိသော လော်တာပန့်ညံမြို့ကို ရောက်လာသည် ဟုသိရသည်။ အဲဒီမှာ ကျွန်တော်တို့ကိုကား ပေါ်ကဆင်းခိုင်းသည်။ ကားပေါ်ကဆင်းပြီးတာနဲ့ မလေးရှား နှင့်ထိုင်းနိုင်ငံကို နယ်နိမိတ်ခြား ပေးထားတဲ့ ပေတစ်ရာခန့်ကျယ်တဲ့ ချောင်းကလေးကို တွေ့ရသည်။

အဲဒီချောင်းကို ပဲချိတ်နဲ့ဂလုပ်မြို့တစ်ဖက်ကမ်း ကိုကူးတော့ ကမ်းပေါ်တက်တက်ချင်းမှာပဲ၊ ထိုင်းရဲတပ်ဖွဲ့က ဆည်ဝကစောင့်နေတဲ့ ဗျိုင်းလိုပဲ ကျွန်တော်တို့ကို အလွယ် တကူထပ်ဖမ်းလိုက်ပါသည်။ ထိုင်းရဲကကျွန်တော်တို့ကို ထိုင်းစကားနဲ့ဟိန်းဟောက်ပြောဆို၏။ ကျွန်တော်တို့လည်း မျက်စိသူငယ်နဲ့ ဘာမှုနားမလည်တော့ ကြောင် အမ်းအမ်းနဲ့ ကြည့်နေကြရသည်။ ထိုအချိန်မှာ မြန်မာထောင်ကျ လူငယ်များကို လူပွဲစားလုပ်နေသောအိန္ဒိယအမျိုးသားချာလီ ဆိုတဲ့

www.foreverspace.com.mm

ငနဲ့က ကြားဝင်ပြီး ဘာသာပြန်ပေးသည်။ ကျွန်တော်တို့ကို မဖမ်းဖို့ တောင်းပန်ကြသည်။ မဖမ်းစေချင်ရင် ထိုင်းငွေဘတ်တစ်ထောင်စီပေးဟု ဖြောင်ပဲတောင်းသည်။ အိန္ဒိယအမျိုးသားချာလီက ပြဿနာမရှည်အောင် မြန်မြန်ပေးလိုက်ကြဆို၍ ပေးလိုက်ရသည်။ ပြီးတော့ လူပို့ပွဲစားချာလီက ကျွန်တော်တို့ကို ချောင်ကျကျမှာရှိတဲ့ တည်းခိုခန်းကိုခေါ် သွားသည်။ ကော့သောင်းမြို့တစ်ဖက်ကမ်း မှာရှိတဲ့ ရနောင်းမြို့ကိုသူက ပို့ပေးမယ်၊ ဘယ်လောက်ကုန်ကျမယ်စ သဖြင့် ကမ်းလှမ်းလာပါသည်။ ကျွန်တော်တို့ အဖွဲ့ကလည်း လှေနစ်ပင်လယ်ထဲမျောနေသလိုဖြစ်နေတော့ ပွဲစားချာလီရဲ့ ကမ်းလှမ်းချက်ကို လက်ခံလိုကရသည်။ ချာလီကတည်းခိုးခန်း အပြင်မထွက်ဖို့၊ ဟိုနားဒီနားမသွားဖို့နဲ့ ထမင်းစားချိန်မှာ ထမင်းထုပ်လာပို့မည်ဖြစ်ကြောင်း စသည်ဖြင့်မှာထားပြီး ရနောင်းသွားရန် ကားသွားစီစဉ်မည် ဖြစ်ကြောင်း ပြောပြီး ထွက်သွားသည်။

ကျွန်တော်တို့အားလုံး ၁၂ ယောက်ထဲက လေးယောက်ကတော့ ဂလုပ်တစ်ဖက်ကမ်းကိုအရောက်မှာ ကုလားဗလီထဲဝင်ပြေးကြလို့ လွတ်သွားကြတယ်၊ ကျန်ရှစ်ဦးကိုတော့ ချာလီကတာဝန်ယူတာကြောင့် ရနောင်းမြို့ကိုသွားဖို့ စောင့်နေကြသည်။

ညနေပိုင်းကျတော့ ကျွန်တော်တို့နေတဲ့အခန်းကို တံခါးလာခေါက်သံကြားရ၍ ချာလီထမင်းထုပ် လာပို့တယ်ထင်လို့ တံခါးထဖွင့်တော့ ထိုင်းရဲသုံးဦးကိုတွေ့ရသည်။ ရဲတွေကကျွန်တော်တို့ကို ရဲစခန်းကို ခေါ်သွားဖို့လက်ထိပ် တကိုင်ကိုင်နဲ့ဟန်ရေးပြနေကြပြန်သည်။ ကျွန်တော်တို့လည်း မြန်မာစကားနဲ့ပဲပြောပြီး တောင်းပန်ကြသည်။ တောင်းပန်နေ တဲ့ကြားက ထိုင်းရဲက ခြေနဲ့ကန်တာကိုလည်း

www.foreverspace.com.mm

ခံခဲ့ရပါသည်။ ဒီအချိန်မှာ ချာလီက ထမင်းထုပ်ဆွဲဝင်လာပြီး ရဲကို ထိုင်း ဘတ်ငွေငါးရာပေးလိုက်တော့မှ ကျွန်တော်တို့ကို မဖမ်းတော့ ဘဲပြုံးပြုံးရယ်ရယ်နဲ့ ထွက်သွားကြသည်။ တစ်နေ့တည်း နှစ်ခါအဖမ်း ခံလိုက်ရတော့ အတော်စိတ်ဆင်းရဲသွားရသည်။ ရှူးချင်စိတ်ပေါက်သွား တာပါပဲဟု ထောင်နန်းစံဘဝနှင့် ကိုယ့်နိုင်ငံအပြန်လမ်းအကြောင်းကို ကိုမြင့်ထွန်းမောင် ပြန်ပြောပြသည်ကို တင်ပြအပ်ပါသည်။

❒ ❒ ❒

www.foreverspace.com.mm

## အခန်း(၂၄)

## မလေးရှား၌ ထောင်နန်းစံရသူ၏အပြန်လမ်း(၃)

ကိုမြင့်ထွန်းမောင်သည် သူ၏အပြန်လမ်းခရီး အကြောင်းကို ဆွေးမြေ့ကြေကွဲစွာ ပြောပြပါသည်။ သူပြောပြသမျှကို ကျွန်တော်သည် ကက်ဆက်ဖြင့်ဖမ်းထားပြီး သူပြောသည့်အတိုင်းရေးသား တင်ပြခြင်း ဖြစ်ပါသည်။

"ဆရာရယ် ဆရာမေးလို့သာပြန်ပြောပြရတယ်၊ ကျွန်တော်မှာသရဲအချောက်ခံရသလိုပဲ၊ ပြန်ပြီးကြောက်တောင်ကြောက်လာတယ်"ဟုဆိုပါသည်။

"ကဲပါ...ခင်ဗျားအဖြစ်က တစ်ဆက်တည်းပြောမှ ဖြစ်မှာ ဒီလိုတစ်ပိုင်းတစ်စနဲ့တော့ မထားနဲ့ဗျာ၊ ဆက်ပြောပါဦး"ဟု ကျွန်တော်ကဆိုသည်။

"တစ်ပိုင်းတစ်စနဲ့တော့ မထားပါဘူး၊ ဆုံးအောင် တော့ပြောမှာပါ၊ ဒါပေမယ်ပြန်ပြောပြတော အတိတ်ကို သတိရလွန်းလို့ပါ" ဟု ကိုမြင့်ထွန်းမောင်ကဆိုပါသည်။

www.foreverspace.com.mm

ထိုအဖြစ်အပျက်များကို မသိစေလိုသောကြောင့် ဇနီး၊ မိဘနှင့် သားသမီးများကိုပင် ပြန်မပြောခဲ့ကြောင်း သူက ပြောပြပါသည်။

ဆက်လက်၍ ကိုမြင့်ထွန်းမောင်က

တစ်နေ့တည်းနှစ်ခါအဖမ်းခံရ၊ နှစ်ခါပိုက်ဆံပေးရလို့ ကြီးလန့်စာစားဖြစ်ပြီး ကြောက်ရွံ့နေလိုတံခါးကို ပိတ်ထားပြီး ထားတဲ့အချိန်မှာပဲ ဆရာရယ် တစ်ယောက်ယောက်ကတံခါးလာခေါက်ပြန်ပါတယ်။

တံခါးကို မဖွင့်ရဲ ဖွင့်ရဲနဲ့ ဖွင့်လိုက်တော့ ကျွန်တော်တို့နဲ့ အတူ မလေးရှားကပါလာတဲ့ ပေါက်တောက်တောက်ငနဲဘမြင့် ဖြစ်နေပါတယ်။ သူကကျယ်လောင်ကျယ်လောင်နဲ့ သူ့ကိုရဲလိုက်လို့ ပြေးရင်းလွှားရင်း ကျွန်တော်တို့ဒီမှာရှိမယ် အထင်နဲ့လာခဲ့တာတဲ့။ မနက်ဖြန် မလေးရှားပြန်ဆင်းဖို့ လိုက်ဦးမလားလို့ အဖော်လာစပ်နေပြန်သေးတယ်၊ မောင်မင်းကြီးသားပဲသွားတော့ ဒို့မလိုက်တော့ဘူးလို့ပြောပြီး သူ့ကိုခပ်မြန်မြန်ပြန်လွှတ် လိုက်ရပါတယ်ဆရာရယ်။

ဘမြင့်ထွက်သွားပြီး တစ်အောင့်ကြာတော့ ကြောက်နေပါတယ်လို့ဆိုမှ အခန်းပြင်ဘက်က ထိုးသံကြိတ်သံတွေ ကြားရပြန်ပါတယ်။ တံခါးဖွင့်ကြည့်တော့တဖက်ခန်းမှာရှိတဲ့ ကျွန်တော်တို့ အဖွဲ့ကကျော်နိုင်ကြီးနဲ့ ကျားကလေးတို့ကို ရဲနှစ်ယောက်ကဆွဲထိုးဆွဲကန်လုပ်ပြီး ပိုက်ဆံတောင်းနေတာ တွေ့ရပြန်ပါတယ်။ ကျွန်တော့်တို့ကိုမြင်တော့ထိုင်းရဲက ကျွန်တော်တို့ကို အကြောင်းမဲ့ခေါ်ပြီး နားရင်းကို နှစ်ချက်စီ အုပ်ပြန်တယ်။ ကျွန်တော် မျက်စိထဲက ကြယ်တွေလတွေ ထွက်သွားတာပဲ၊ ပြီးတော့လက်ထိပ်နဲ့လည်း ရိုက်မဲ့ပုံရှယ် လိုက်သေးတယ်။ အဲဒီအချိန်မှာလူပို့ပွဲစား ချာလီကဒါငါ့ လူတွေပါကွာလို့ပြောပြီး

www.foreverspace.com.mm

အိတ်ထဲက ဘတ်ငွေအချို့ပေးလိုက်မှ ပေစောင်းပေစောင်းနဲ့ ပြန်သွားကြပါတယ်။ ကျွန်တော်တို့ လည်းကြောက်လွန်းလို့ရှိုးပြီး တောင်းပန်နေရတာပါပဲ။ ထိုင်းရဲကလည်း မြန်မာတွေ ဒီလမ်းကပြန်နေကြမို့ အမဲပဲဆိုပြီး တစ်လှည့်စီလာတောင်းနေကြတာနဲ့ တူပါတယ်။

ဒီလိုနဲ့ပဲ တထိတ်ထိတ်နဲ့နေရာက ညသန်းခေါင် လောက်မှာ လူပို့ပွဲစားချာလီရောက်လာပြီး သူကကျွန်တော်တို့ ရဲ့ပတ်စပို့ Passport တွေကိုတောင်းတယ်။ ခင်ဗျားတို့ကို ယိုးဒယား(ထိုင်း) ရနောင်းမြို့ဘက်ပို့ရမှ ခင်ဗျားတို့မှာ ငွေ မရှိတော့တဲ့အတွက် ကျွန်တော့်ကိုပတ်စပို့ပဲ ပေးပါတဲ့။ Passport ကိုရောင်းစားလို့ရတော့ အဲဒီကရတဲ့ငွေနဲ့ ရနောင်းသွားတဲ့ ကားခပေးရမယ်လို့ ပြောပါတယ်။ ပိုတဲ့ငွေကိုလည်း ပြန်ပေးမယ်ပြောပါတယ်။ ဒါနဲ့ကျွန်တော်တို့က Passport တွေကို ပေးလိုက်ရပါတယ်။ တအောင့်ကြာတော့ ဟိုင်းလတ်စ်ကား တစ်စီးရောက်လာပါတယ်။ ကားပေါ်တက်ဆိုတာနဲ့ တက်လိုက်ရတာပေါ့။ ကားထွက်ခါနီးကျတော့ ပွဲစားချာလီက စိတ်ချ၊ အေးအေးဆေးဆေးရောက်သွားမှာပါလို့ နှုတ်ဆက်စကားပြောပါတယ်။ သူလိုက်ပို့မယ်ဆိုပြီး သူကိုယ်တိုင် မလိုက်ဘဲ ကားသမားနဲ့ကျွန်တော်တို့(၈)ယောက်ကိုထည့်လွှတ်လိုက် တာဖြစ်ပါတယ်။

ကားဆရာက ရနောင်းမြို့ဘက်ကို ဦးတည်ပြီးမောင်းပါတယ်။ မိုးကလည်း တအားရွာနေတယ်။ ကားဆရာက မိုးရွာတော့ ပိုကောင်းတယ် အစစ်အဆေးနည်းတယ်လို့ ပြောပါတယ်။ နံနက်အရုဏ်မတက်မီလောက်မှာ မိုးအားလည်းလျော့သွားပါတယ်။ အဲဒီအချိန်မှာ ရှေ့ဂိတ်တစ်ခုက လက်နှိပ် ဓာတ်မီးနဲ့ အချက်ပြပြီး ကားကိုအရပ်ခိုင်းနေပါတယ်။ ကားထိုးရပ်လိုက်တာနဲ့ စစ်ဆေးရေးဂိတ်က ကားပေါ်ရှိလူများ ကိုယိုးဒယား (ထိုင်း)စကား နဲ့ဘယ်သွားမှာ

www.foreverspace.com.mm

လဲလို့ မေးပါတယ်။ ကျွန်တော်တို့ကဘာမှ မဖြေနိုင်တော့ ကားပေါ်က ခေါ်ချတယ်။ ကားဆရာက တောင်းပန်စကားပြောပါသေးတယ်။ မရပါဘူး။ ကားသမားရော၊ ကားပါဖမ်းပြီး ကျွန်တော်တို့ကိုလည်းချုပ်ထားလိုက်ပါတယ်။

မနက်ကျတော့ ကားတစ်စီးရောက်လာပြီး ကျွန်တော် တို့ကို ရနောင်းအချုပ်ထောင်ကို ခေါ်ဆောင်လာပါတယ်။ ရနောင်းယာယီ အချုပ်ခန်းထဲရောက်လို့ တစ်နာရီကျော် လောက်မှာ သံခြေကျင်းခတ်ထားပြီး အင်္ကျီအညိုရောင်ဝတ်ထားပြီး ဆေးမင်ကြောင်ထိုးထားတဲ့ တရားခံငါးယောက်ထပ် ပြီးဝင်လာတယ်။ သူတို့မျက်နှာက လူမိုက်ပုံတွေ။ အချုပ်ခန်း ထဲမှာရှိတဲ့လူတွေကို မိုက်ကြည့်လိုက်ကြည့် နေကြပါတယ်။ သူတို့မျက်စိထဲကြည့် မရတဲ့သူကိုသုံးလေး ယောက်ညှပ်ထားပြီး နာရီဖြုတ်ယူ၊ ပိုက်ဆံနိုက်လုပ်ပြီး အနိုင်ကျင့်ပါတယ်။သူတို့ကိုယ်သူတို့ ထောင်နှစ်ကြီးသမား၊ ရုံးချိန်းထွက်လာတာ ခေါင်းထောင်ရင်ခေါင်းကွဲသွားမယ် စသည်ဖြင့်လည်းကြိမ်းဝါးပါသေးတယ်။

ညနေစောင်းတော့ ထိုင်းရဲတွေက အချုပ်ခန်းထဲက လူတွေ အားလုံးကို ယာယီထောင်ပို့မယ်ဆိုပြီး အချုပ်ကားကြီးနဲ့ ထောင်ကို ခေါ်သွားပြန်ပါတယ်။ ထောင်ဗူးဝရောက်တော့ အကုန်လုံးကို ဆောင့်ကြောင့်ထိုင်ခိုင်းပါတယ်။ ဒီအချိန်မှာ ပေါက်တူးရိုးလောက်ရှိတဲ့တုတ်ကြီးကိုင်ထားတဲ့ထောင်ပုလိပ် နှစ်ယောက် ဒေါ်နဲ့မောနဲ့ ရောက်လာပါတယ်။

“ပြီးတော့ သံခြေကျင်းခတ်ထားတဲ့သူတွေကို တစ်ယောက်ချင်းခေါ်ထုတ်ပြီး ကျွဲ၊ နွားကိုရိုက်တဲ့အတိုင်း ပဲ၊ တုတ်ကြီးနဲ့တအားလွှဲပြီး နှစ်ချက်စီရိုက်တာ မမြင်ရက်စရာပါဘဲ၊ တချို့ဆိုရင်သတိမေ့ပြီး ထတောင်မထနိုင်ဘူး။ ကျွန်တော်တို့လည်း ကိုယ့်အလှည့်ကျလာမှာစိုးလို့ ဆတ်ဆတ်တုန်အောင် ကြောက်နေတာပေါ့ ဆရာရယ်။

www.foreverspace.com.mm

ထိုင်းစကားနားလည်တဲ့လူ မေးကြည့်တော့ စောစောက အချုပ်ခန်းထဲမှာ အချုပ်သားအချင်းချင်း အနိုင်ကျင့်တာကို ထောင်ပုလိပ်ကသိသွားလို့ ရိုက်ကြောင်းသိရတယ်။ ပြီးတော့ အချုပ်ကိုပြန်ကြရပါတယ်။

ရနောင်းအချုပ်ထဲရောက်တော့ အချုပ်သားတွေက ပြည့်ကြပ်နေတာပါပဲ။ အများစုကတော့ "တာမောမူ"လို့ ခေါ်တဲ့ ထိုင်းနိုင်ငံထဲ တရားမဝင် ဝင်ရောက်မှုတွေများတယ်။ အခန်းထဲမှာ ပြွတ်သိပ်နေတာပါပဲ။ တာမောမူဆိုရင်အနည်းဆုံး အချုပ်ဒဏ်ဆယ့်ငါးရက်ကျခံရတယ်လို့ဆိုပါတယ်။ ကျွန်တော်တို့လည်း "တာမောမူ"ထဲမှာ အကျုံးဝင်နေတယ်လို့ ပြောတယ်။ ဆယ့်ငါးရက်ကျော်ရင် မြန်မာနိုင်ငံ ကော့သောင်းမြို့ဘက်ကို ပို့မယ်လို့လည်းပြောကြတယ်။ အချုပ်ထဲမှာ ရောက်စနေ့က ကျွန်တော်တို့ရေခပ်ရတယ်။ သုံးရက်ဆက်တိုက် ရေခပ်ပြီးမှ ပရိဘောဂအလုပ်ရုံမှာ သစ်သားကော်ပတ်စားတဲ့အလုပ် လုပ်စေတယ်။ ရနောင်းအချုပ်ထဲက ထမင်းမျိုးဟင်းမျိုးကတော့ ဘယ်တော့မှာ မေ့နိုင်စရာမရှိတဲ့ထမင်းမျိုးပါ။ ဘယ်လိုမှ စားမရအောင်ကို ဆိုးရွာတဲ့ ထမင်းပါ။ စားလို့မရအောင် ဘယ်လိုသုတေသနပြုပြီးချက်ထားတဲ့ ထမင်းများလဲလို့ ထင်ရလောက်အောင်ကို ဆိုးရှာပါတယ်။ အရင့်အရင်တွေ့ခဲ့တဲ့ ထောင်တွေ၊ အချုပ်တွေမှာ ဟင်းရွက်နဲ့ သားငါးကိုရောပြီး ကောင်းကောင်းမဆေးဘဲ ချက်ကျွေးတာ၊ ထမင်းထဲသဲပါတာတွေရှိခဲ့ပါတယ်။ အချုပ် အသီးသီးထဲမှာ ရနောင်းထောင်၊ ရနောင်းအချုပ်လောက် ဆိုးရွားတာတော့ရှိမယ် မထင်တော့ပါဘူး။ မထင်ရင်မထင် သလို ရဲတွေက ရိုက်သေးတယ်။ ခိုးမှု၊ တိုက်မှု၊ စွပ်စွဲခံရတဲ့သူ တွေဆိုရင်ပိုပြီး အရိုက်ခံရပါတယ်။

ထောင်ထဲမှာရဲနဲ့ထောင်ဝန်ထမ်းက ဆိုးတာမဟုတ်ဘူး။

www.foreverspace.com.mm

ထောင်ထဲရောက်ရင် ထိုင်းထောင်သား အချင်းချင်းကလည်း အနိုင်ကျင့်တာခံကြရပါသေးတယ်။ မြန်မာထောင် နှစ်ကြီးသမားဆိုတဲ့ အမှုကြီးသမားတွေက ထိုင်းစကား တတ်တော့ ထိုင်းထောင်သားတွေနဲ့ ပေါင်းပြီး မြန်မာအချင်းချင်းအပေါ် ဗိုလ်ကျမိုက်ကြေးခွဲတာလည်း ရှိပါသေးတယ်။

နာရီနဲ့ အဝတ်အစားကောင်းကောင်းတွေ့ရင် အတင်းလုယူတယ်။ ပြန်တောင်းရင် ပြဿနာတစ်ခုမဟုတ် တစ်ခုရှာပြီး ထိုးကြိတ်တယ်၊ ထိုင်းစကားလယ်လယ်ဝယ် ဝယ်မတတ်ရင်ပိုပြီး အနိုင်ကျင့်ခံရပါတယ်။ ကျွန်တော်တောင် ခရီးတစ်လျှောက်လုံး ကာကွယ်ပြီးပါအောင်ယူလာခဲ့တဲ့ ရေဗင်နေကာမျက်မှန်နဲ့နာရီကို ရနောင်းထောင်ထဲကျမှ အနိုင်ကျင့်အယူခံလိုက်ရပါတယ်။ "တာမောမူ" တရားမဝင် ထိုင်းနိုင်ငံထဲဝင်မှုနဲ့ ဆယ့်ငါးရက် အချုပ်ထောင်ကျပြီးတော့ လွတ်မယ့်နေ့မှာ ကိုခင်မောင်ညွန့်နဲ့ ကျွန်တော်တို့ နှစ်ယောက်လည်း ဘာမသိညာမသိနဲ့ ထပ်ပြီးလက်ထိပ်ခတ်ခံရတယ်။ ဒါနဲ့ ကျွန်တော်တို့လည်းတစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေမိတယ်။

တစ်အောင့်ကြာတော့ ထောင်ဘူးဝကထုတ်ခေါ်သွားပြီး တခြားအချုပ်ထဲချုပ်ထားပြန်တယ်။ ဒီအချုပ်ထဲ ဘာဖြစ်လို့ ဆက်ထည့်ထားလဲလို့မေးကြည့်တော့ ခင်ဗျားတို့ ကိုဘယ်မှာဖမ်းမိတာလဲလို့မေးတယ်။ ထိုင်းနိုင်ငံ၊ ပါဂျန်မြို့အဝင်မှာ ကားနဲ့ဖမ်းမိကြောင်း ပြောတော့ ဒါဆိုခင်ဗျားတို့ နှစ်ယောက် ကို ကားသက်သေအဖြစ်နဲ့ ဖမ်းထားတာ ဖြစ်မှာပေါ့တဲ့။ သက်သေဆိုရင် ဒီလိုဖမ်းချုပ်စရာ မလိုဘူးလို့ ပြောတော့ ခင်ဗျားတို့က ဒီနိုင်ငံမှာ နိုင်ငံခြားသားဖြစ်နေပြီ ဆိုတော့ သက်သေကို ဒီလိုပဲချုပ်ထားလေ့ရှိတယ်တဲ့၊ ဒီအချုပ်ခန်းထဲ

www.foreverspace.com.mm



မှာရှိတဲ့ သူအားလုံးဟာ ကားသက်သေ၊ လှေသက်သေ၊ ဆိုင်ကယ်သက်သေ၊ အိမ်သက်သေတွေချည်းပဲတဲ့။ အဲဒီကျမှ ကျွန်တော်တို့နှစ်ယောက်ကို သက်သေအမှုနဲ့ဆက်ပြီး ဖမ်းချုပ်မှန်းသိရတယ်။ သက်သေအဖြစ်ချုပ်ထားတာကတော့ အမှုမပြီးမချင်း ချုပ်ထားတတ်တာမျိုးဆိုပဲ။ တာမောမှုအချုပ်နဲ့ မတူဘူးတဲ့။ ကျွန်တော်တို့မှာ သေပါလေရောဗျာ။

ရနောင်းအချုပ်အခန်းမှာက အချုပ်နဲ့လူမှုတမှုမရှိလောက်အောင်ထားရှိတဲ့အတွက် ညအိပ်ချိန်မှာတိုးကြိတ် အိပ်ရတော့ ပိုစိတ်ဆင်းရဲစရာကောင်းပါတယ်။ ကျောတစ်ခင်း စာရ ဖို့တောင် မလွယ်ဘူး။ တချို့ဆိုရင်စောင်ကို ပုခက်လုပ်ပြီး သံတိုင်တွေအပေါ်တွဲလောင်းချိတ်ပြီး အိပ်ရတယ်။ မြင်ကွင်းကတော့ စာဘူးတောင်းအိမ်တွေလို လင်းဆွဲတွေလိုလိုတို့လိုတွဲ လောင်းအိပ်ကြတာပါ။ မကြာခဏ ထမင်းဟင်း အသိုးတွေ ပေးတာလည်းရှိပါသေးတယ်။ ဒီကြားထဲရေက မလာတစ်ချက်လာတစ်ချက်နဲ့မို့ ရေလုံလုံလောက်လောက်မရတော့ အိမ်သာစော်အနံ့၊ သေးအနံ့တွေက နံလိုက်သေး။ ရနောင်း အချုပ်ကတော့ ရွံ့စရာ၊ မုန်းစရာအကောင်းဆုံးပါပဲ။ အချုပ်ခန်းကို ဖွဲ့စည်းထားပုံက တိုက်ခန်းကျယ်ကြီးကို လူသွားလမ်း ၃ ပေ လောက်ချန်ပြီး သံတိုင်တွေနဲ့ခြားထားတယ်။ အခန်း ငါးခန်းဖွဲ့ထားတာဆိုတော့ အသံတွေက ဆူဆူညံညံပေါ့။ မိန်းကလေးအချုပ်ခန်းတွေနဲ့လည်း ဆက်နေတော့ လှမ်းမြင်နေရပါတယ်။

မိန်းမအချုပ်ခန်းထဲမှာ မိန်းမကောင်းရော၊ မိန်းမပျက် တွေပါရောနေတော့ စရိုက်ကခပ်ကြမ်းကြမ်းပါ။ ကျွန်တော် တို့ သက်သေအချုပ်ခန်းနဲ့ မိန်းကလေးတွေအချုပ်ခန်းအကြားမှာ အသက်ဆယ့်ရှစ်နှစ်အောက် လူငယ်အချုပ် ခန်းခြားနေပါတယ်။ အဲဒါကို ကျွန်တော်တို့

www.foreverspace.com.mm

သက်သေအချုပ်ခန်းဘက်က ကိုယ်တော်ချောတွေက လှမ်းပြီး လက်ဟန်ခြေဟန်နဲ့ တစ်ခန်းကျော်ကို ရည်းစားထားကြသေးတယ်။ မပီဝိုးတဝါး တစ်ယောက်မျက်နှာ တစ်ယောက်အဝေးကြီးကနေ သေသေချာချာ မမြင်ရဘဲ အချစ်ရွှေပေလွှာတွေက အချိန်းမရွေး ပျံ့ဝဲနေပါသေးတယ်။

လှမ်းပြီးလက်ဟန်ခြေဟန်နဲ့ ချစ်စကားကြိုက်စကား ပြောကြတာတွေလည်းရှိတယ်။ လူငယ်အချုပ်ခန်းက ကလေးတွေကို စာပို့လုလင် အောင်သွယ်လုပ်ကြနဲ့။ ကလေးတွေဆိုတော့ မုန့်စားရတာနဲ့ အောင်သွယ်လုပ်ရတာကို ပျော်နေပုံရပါတယ်။

ကျွန်တော်တော်တို့ သက်သေအခန်းထဲက မွန်အမျိုး သားလေး မွန်အောင်အောင်ဆိုရင် အချုပ်ထဲမှာ ရည်းစားသုံး လေးယောက်ကို တစ်ပြိုင်တည်းထားပါတယ်။ သူ့ကို ကြည့်လိုက်ရင် ရည်းစားစာတွေ အမြဲရေးနေရတာနဲ့ အလုပ်ရှုပ်နေတတ်တယ်။ တစ်နေ့ သူ့ရည်းစား ချစ်မမရဲ့ အသက်ကို သူကစာနဲ့ရေးမေးတယ်။ သူ့ချစ်မမက အသက်မမေးပါနဲ့ ငါ့မောင်ရယ်တဲ့ အသက်မေးတယ်ဆိုတာ ယဉ်ကျေးမှု မရှိတာပဲလို့ စာပြန်လိုက်တယ်။ အဲဒီလိုစာပြန်ကာမှ မွန်အောင်အောင်က သူ့ရည်းစားချစ်မမအသက်ကို အရမ်းသိချင်တဲ့ စိတ်တွေ တဖွားဖွားပေါ်ပြီး ထပ်တလဲလဲစာရေးမေးတယ်။ အသက်မ ပြောရင် မမကို မချစ်တော့ဘူးဗျာလို့ မွန်အောင်အောင်က ရေးလိုက်တယ်။ စာရေးပြီးသုံးရက်ကြာတော့ မွန်အောင်အောင်ရဲ့ ချစ်မမဆီက စာပြန်လာတယ်။ ဒီလောက်တောင်ဘာဖြစ်လို့ အသက်ကို သိချင်နေတာလဲတဲ့ မမအသက်က ၄၂ နှစ်ထဲ ရောက်နေပါပြီလို့ ရေးလိုက်ပေးလိုက်တယ်။ မွန်အောင်အောင် မျက်စိမျက်နှာပျက်ပြီး ကျွန်တော်ဆီ ပုတ်သိုးသိုးနဲ့ ရောက်လာပါတယ်။

www.foreverspace.com.mm

"ဦး. . .ဦးလေး. . . .ဦးလေး၊ ကျွန်တော်တော့ ငရဲကြီးတော့မှာပဲ" လို့ပြောတယ်။"

"ဘာဖြစ်လို့လဲ ငါ့တူရာ" လို့ဆိုတော့

"ဟိုဘက်ခန်းက ကျွန်တော့်ချစ်မမက ကျွန်တော့် အမေထက် သုံးနှစ်တောင်ကြီးနေတယ်။ ဒုက္ခပါပဲ" တဲ့။

"အချုပ်ကျနေတာတောင် မျက်နှာကိုသေချာချာ မမြင်ရဘဲ မင်းလို မိန်းမတွေ့တိုင်း ရည်းစားထားတဲ့ကောင် နည်းတောင် နည်းသေး တယ်လို့" ကျွန်တော်ပြန်ပြော လိုက်ရပါတယ်။

ကျွန်တော်တို့ သက်သေအချုပ်ခန်းမှာ ညနေခုနစ်နာရီ ထိုးတိုင်း ဘုရားရှိခိုးတဲ့ အလေ့အကျင့်ကို ကျွန်တော်တို့ အချုပ် ထဲမရောက်ခင် သုံးလလောက်ကစပြီး မွန်အဘိုးကြီး တစ်ယောက်က နေ့တိုင်းဘုရားရှိခိုးတိုင် ပေးခဲ့ရာကစခဲ့တာ အခုထိဘုရားမှန်မှန်ရှိခိုး ကြတယ်လို့ သိရပါတယ်။ ဘုရားရှိခိုး ပြီးတော့ အမျှပေးဝေခန်း နောက်ဆုံးအပိုဒ်မှာ ကြားနာရတာ တစ်မျိုးဘဲလို့ ကျွန်တော်လည်း ခံစားမိတယ်။ သေသေချာချာ နားထောင်ပြီး သတိပြုတော့မှ အောင်ဒါ ကြောင့်ကိုးလို့ ပြုံးမိပါတယ်။ ပြုံးမိတာက ဘာလဲဆိုတော့။ အမျှပေး ဝေရာ နောက်ဆုံးအပိုဒ်မှာ "ပြုပြုသမျှ ထိုကုသလ မြတ်ပုညကို အမျှရသည်ဖြစ်သောဝ် ဤမြေမြေပဏ္ဍာသီလာထုလည်း သက်သေ အမှုတည်စေသောဝ်" လို့ အမျှပေးဝေရမှာကို ဤမြေပဏ္ဍာ သက်သေ အမှုသည် မနေးမကြာ လွတ်စေသော်ဝ် လို့ ပြောင်းပြီးဆုတောင်းတာ ကို တွေ့ရပါတယ်။

"ဆိုလိုရင်းက လူသက်သေ၊ ကားသက်သေ၊ ဆိုင်ကယ် သက်သေ၊ အိမ်သက်သေစသောအမှုတွေနဲ့ အချုပ်ခံ နေရတဲ့ ကျွန်တော်တို့အခန်းကလူတွေအားလုံးဟာ ဒီသက်သေအမှုက

www.foreverspace.com.mm

လွတ်ချင်ဇောနဲ့ တည်စေသော်ဝ် အစားလွတ်စေသော်ဝ် လို့ဆိုကြတာပဲ ဖြစ်ပါတယ်။

"ဒီလိုလွတ်ချင်ကြလွန်းလို့ ပုတီးစိပ်တဲ့သူ၊ တရား ထိုင်တဲ့သူ၊ အဓိဋ္ဌာန်ကို ကိုယ်နည်းကိုယ့်ဟန်နဲ့ဝင်တဲ့သူတွေ လည်းရှိကြပါတယ်။ အမေမိဘကို သတိရလို့လွမ်းလို့ သီချင်း တညည်းညည်းနဲ့ သီဆိုသူရှိသလို ချစ်သူကိုတမ်းတပြီး မျက်ရည်လည်တဲ့ သူတွေလည်းရှိကြပါတယ်။

တစ်နေ့တော့ မြန်မာနိုင်ငံ၊ ကော့သောင်းမြို့ဘက်မှ ရေကားမောင်းနေတဲ့ကျွန်တော်တူတော်သူ မောင်မောင်ချိုက ကျွန်တော့်ကို အချုပ်မှာ လာတွေ့တယ်။ အချုပ်ကလွတ်သွားတဲ့ ကော့သောင်းသားကိုကျော်ဟိန်းက ပြောလို့သိတာနဲ့ချက်ချင်း လာတွေ့တာလို့ပြောတာပဲ။ မောင်မောင်ချိုက ငါးပိကြော်၊ ငါးခြောက်ထောင်းကြော်၊ ကြက်သားကြော်၊ သရက်သီးသနပ်နဲ့အချိုရည်တွေကို ကျွန်တော် စားဖို့ယူလာတယ်။ အချုပ်ထဲမှာ နီကြောင်ကြောင် ထမင်းကြမ်းနဲ့ အရသာမဲ့လွန်းတဲ့ ယိုးဒယား (ထိုင်း) ဟင်းပူစပ်စပ်ကို မစားချင်စားချင်နဲ့ စားနေရတဲ့ဘဝမှာ အခုလိုလာပို့တဲ့ဟင်းလျာတွေကို စားရတော့ နတ်သုဒ္ဓါကို စားရသလိုထင်မိတယ်။ တူတော်သူ မောင်မောင်ချိုကိုလည်း ကျေးဇူးတင်ရပါသေးတယ်။ ဘယ်လိုမှ မမျှော်လင့်ထားဘဲ ရောက်လာလို့ ဝမ်းလည်းသာရပါတယ်။ မောင်မောင်ချိုက တစ်ချိန်တုန်းက ထိုင်းနိုင်ငံဘက်မှာ ပန်းရံအလုပ်၊ ပုစွန်ကန်အလုပ်၊ ငါးဖမ်းလှေအလုပ်တွေကို လုပ်ခဲ့ဖူးသူပါ။ အခုတော့ မြန်မာနိုင်ငံ ကော့သောင်းမြို့မှာ ရေရောင်းတဲ့ ရေတင်ကားမောင်းစားလိုက်၊ မော်တော်ကား ဆေးမှုတ်လိုက်နဲ့ အလျဉ်းသင့်သလို့လုပ်စားပြီးနေတယ်လို့သိရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ထိုင်းနိုင်ငံဘက်က အလုပ်ရှင်

www.foreverspace.com.mm

သူဌေးတွေက အလုပ်ကိုတော့မအားမလပ်အောင် ခိုင်းတတ်ပြီး၊ လခပေး ချိန်ကျတော့ ဟိုရှောင်ဒီရှောင်လွှဲနဲ့လခမ ပေးချင်ကြတာကို စိတ်နာလို့ ကိုယ့်တိုင်းပြည်ရေမြေပေါ်မှာပဲ ဝင်ငွေနည်းရင်နည်းပါစေ စိတ်ချမ်းသာတယ်ဆိုပြီး အလျဉ်းသင့်သလို လုပ်စားနေတာလို့ဆိုပါတယ်။

အချုပ်ခန်းထဲမှ မွန်အမျိုးသား နိုင်ပန်းလှဆိုရင်သူ သူဌေးက သူ့ကို လခပုံမှန်မပေးလို့ စကားများရာက ရော်ဘာခြံထဲမှာ ကော်ခြစ်နေတုန်းသူဌေးက လှမိုက်ငှားပြီး သေနတ်နဲ့လာပစ်လို့ အသက်လုပြီး မနည်းပြေးခဲ့ရတယ်လို့ ဆိုပါတယ်။ ဒါနဲ့ နိုင်ပန်းလှဟာ ထိုင်းနိုင်ငံ မဟာချိုင်မြို့ကို ထွက်ပြေးသွားရာကတွေ့တဲ့ ပုစွန်ကန်မှာ အလုပ်ဝင်လုပ်တယ်။ ပုစွန်ကန် သူဌေးကတော့ စင်ကာပူက လာလုပ်တဲ့သူဌေးဆိုလားပဲ။ ဆက်ဆံရေးတော့ သိပ်ကောင်းတာပဲလို့ ပြောတယ်။ လခနည်းပေမယ့် လက်မခက်တဲ့သူဌေးမို့ သူအဲဒီမှာ လေးနှစ်တောင်ကြာသွားတယ်လို့ သိရတယ်။ ရွှေငွေလည်း ထိုက်ထိုက် တန်တန် စုမိတာနဲ့ သားရှင်ပြုဖို့ မြန်မာပြည်ကိုပြန်မလို့စီစဉ် နေတုန်းမှာ အတူအလုပ်လုပ်နေတဲ့ ထိုင်းနိုင်ငံသား ရှမ်းတစ်ယောက်က သူနှစ်ရှည်လများစုထားတဲ့ ရွှေငွေတွေကို ခိုးယူပြီး ထွက်ပြေးသွားတာ ကိုခံလိုက်ရတယ်လို့ဆိုပါတယ်။ အဲဒီနောက်နိုင်ပန်း လှဟာစိတ်ပျက် လက်ပျက်နဲ့ အရက်သမားဘဝရောက်ခဲ့တယ်။ ဒါပေမယ့် နောက်ပိုင်း အရက်ဖြတ်ပြီး ထိုင်းနိုင်ငံ၊ ချုံဖုံမြို့မှာရောက်နေတဲ့ မိတ်ဆွေတစ်ယာက်က ဟိုမှာအလုပ်ကောင်းတယ်ဆိုလို့ အသွားလမ်းမှာ ဖမ်းမိပြီး အခုလို အချုပ်ထဲ ရောက်လာတာပါပဲဗျာလို့ ဝမ်းနည်းစွာ ပြောပြရှာပါတယ်။

ဒီလိုနဲ့ပဲ ကျွန်တော်နဲ့ကိုခင်မောင်ညွန့်ဟာ ထိုင်းနိုင်ငံ ရနောင်းအချုပ်မှာ ကားသက်သေအဖြစ်နဲ့ ရှစ်လကြာခဲ့ရတယ်။

www.foreverspace.com.mm

မလေးရှားမှာကျခံခဲ့ရတဲ့ ထောင်ဒဏ်နဲ့ ပေါင်းရင် တစ်နှစ်ခွဲနီးပါး ကြာသွားပါတယ်။ အာဟာရ ချို့တဲ့တဲ့အပြင် ဆေးဝါးကုသမှုမရှိတော့ အချုပ်ထဲမှာ ဖျားနာပြီးသေတဲ့လူတွေလည်း မနည်းပါဘူး။ ကျွန်တော်လည်း ငါးကျည်းခြောက်ကျပ် တိုက်ခံထားရတဲ့ပုံမျိုး မည်းမည်းကြုတ်ကြုတ်ဖြစ်ပြီး ခွန်အားမရှိတော့တဲ့အတွက် ဒယိမ်းဒိုင်ယိုင်နဲ့ အချုပ်ကလွတ်ခဲ့ပါတယ်။ အချုပ်ကလွတ်တော့ ကျွန်တော်တို့ကို မြန်မာပိုင်နက် ကော့သောင်းမြို့ဘက်ကို ပဲ့ချိတ်နဲ့ တင်လွှတ်လိုက်ပါတယ်။

ကော့သောင်းမြို့ရောက်ပြီး ကော့သောင်းမြို့ရဲ့ မြေကြီး မြေသားတွေကို နင်းရ၊ ကော့သောင်းမြို့ရဲ့လေပြည် လေအေးကိုအားပါး တရရှူရတော့။ ကျွန်တော်ဟာ အလိုလို အာဟာရပြည့်ဝပြီး ခွန်အားတွေ ချက်ချင်းတိုးလာပါတယ်။ ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်လေ ဆိုတာဘယ်လောက် တန်ဖိုးကြီးသလဲဆိုတာ သိလိုက်ရတယ်။ ကိုယ့်တိုင်းကိုယ့်ပြည်မှာ ကိုယ်နေတာဟာ အာမခံချက်အရှိဆုံးလို့ လည်း ခံစားမိတယ်။ အဲဒီညနေခင်းမှာပဲ တူတော်သူ မောင်မောင်ချို၊ ကိုကျော်သိန်းတို့နဲ့အတူ ကော့သောင်းမြို့လယ်တောင်ပေါ်က ပြည်တော်အေးစေတီဘုရားသွားဖူးခဲ့ပါတယ်။ ဘုရားတောင်ပေါ်မှ မြန်မာ့အလှရှုခင်းများမှာ ရှုမငြီးစရာပါပဲ။ ဘုရားဝတ်ပြုပြီး ပြည်တော်အေးစေတီကုန်းတော်ပေါ်ရှိရပ် တော်မူရုပ်ပွားတော် ကိုသွားရောက် ကြည်ညိုပြီး မြတ်စွာဘုရားထံပါး ရှေ့တော်မှောက်မှာ ခေတ္တမျှ တရားထိုင်မိပါတယ်။ မိနစ်သုံးဆယ်ခန့် တရားထိုင်ပြီးနောက် မျက်စိအစုံကိုဖွင့်ပြီး ရပ်တော်မူရုပ်ပွားတော်မြတ်ကြီးကို ကြည်ညို ဖူးမြော်မိပါတယ်။ ရုပ်ပွားတော် ကြီး၏မျက်နှာတော်တွင် ကျွန်တော်ရဲ့

www.foreverspace.com.mm

ဒုက္ခအဖုံဖုံခံစားခဲ့ရသည် ကိုသိရှိပြီး စာနာခံစားနေသည့်အလား မဟာကရုဏာရှင်တို့၏ မေတ္တာမျက်ဝန်းဖြင့် ကျွန်တော်ကို ကရုဏာ ပွားအားပေးနေတာလားဆိုပြီး ကျွန်တော့်ရင်ထဲ ခံစားမိပါတယ်ဟု ကိုမြင့်ထွန်းမောင်က သူ့ရဲ့ထောင်နန်းစံခဲ့ရသော အပြန်ခရီး ကိုပြောပြ ပြီး ကော့သောင်းမြို့ပြန်အရောက်မှာတော့ သူ့ပြောပြ ချက်ကို နိဂုံးချုပ်လိုက်ပါသည်။

တစ်ခါသေဖူးသော်လည်း ပျဉ်ဖိုးနားမလည်နိုင်ရှာဘဲ ယခု မလေးရှားကို နောက်တစ်ခေါက် ပြန်လာတာကတော့ မကျေပွဲလာ ဆင်နွှဲတာဟု ကိုမြင့်ထွန်းမောင်က ပြောခဲ့ပါလေသည်။

❒ ❒ ❒


www.foreverspace.com.mm
ချစ်စံဝင်း
အေးဂျင့်ရယ် ပွဲစားရယ်
မလေးရှားရယ်